သင်၏
အခွင့်အရေးများကို
သိရှိပါ

အိမ်ရှင် နှင့် အိမ်ငှား လမ်းညွှန်

Lancaster Housing
Opportunity Partnership

မျှတသော အိမ်ရာ ... ယင်းက သင့်အခွင့်အရေးဖြစ်သည်။

Community Basics, Inc.

Building Brighter Tomorrows

ကွန်မြူနတီ ဘေ့စစ် (Community Basics) က စရိတ်သင့်တင့်သော အိမ်ရာ အစီအစဉ်ကို စင်ထရယ် ပီအေ (Central PA) မှတဆင့် ဖြစ်မြောက်အောင် ပြုလုပ်ပေးရသည့်အတွက် ဂုဏ်ယူပါသည်။ မြူနီစပါယ်ဌာနများ၊ ကန်ထရိုက်တာများ၊ ရံပုံငွေထောက်ပံ့သူများ နှင့် ဝန်ဆောင်မှုပံ့ပိုးသူများ နှင့်အတူလက်တွဲပြီး အဆိုပါ အသိုင်းအဝိုင်းများအတွက် ကျွန်ုပ်တို့သည် ယခုအခါ အိမ်ခန်းပေါင်း ၅၀၀ ကျော် ဖော်ထုတ်ကာ စီမံခန့်ခွဲနေပါသည်။

- Brunswick Farms Apts., Lancaster
- Cloister Heights Apts., Ephrata
- Country Club Apts., Lancaster
- Fordney House, Lancaster
- Golden Triangle Apts., Lancaster
- Lincoln House, Lancaster
- Marietta Senior Apts., Marietta
- New Holland Apts., New Holland
- Nissly Chocolate Factory Apts., Mount Joy
- Old Market Apts., Ephrata
- Park Avenue Apts., Lancaster
- Three Center Square Apts., Maytown
- Walnut Street Apts., Lititz

ကွန်မြူနတီ ဘေ့စစ်၊ အင်င့် (Community Basics, Inc.)

717.735.9590 www.communitybasics.com

Contactenos hoy, estaremos listos para ayudarle!

800-919-9280

-Solicitud de Ciudadanía
-Ajuste de Estatus para personas elegibles
-Solicitud de tarjeta verde o Residencia permanente
-Defensa de deportación
-Cancelación de la deportación
-Audiencias de fianza
-Asilo político
-Visa de estudiante y trabajo
-Acción Diferida para Jovenes

Oscar J. Barbosa, Esq
Immigration Attorney & Counselor
Licenciado en NJ #1868-2010

DIASPORA LAW
U.S. IMMIGRATION FIRM

717-431-3771

The Latino Connection
112 Market Street | Suite 430 Harrisburg, PA 17101

The Liberty Place
313 W. Liberty Street | Suite 250 Lancaster, PA 17603

Los Abogados de la Comunidad-HGSK
138 N. 5th St. Reading, PA 19601

La opción inteligente para proteger el futuro de su familia | www.diasporalaw.com

PA၊ Citizens Bank၊ Patricia Kind မိသားစု ဖောင်ဒေးရှင်း (the Patricia Kind Family Foundation) ၏အိမ်ရာ တန်းတူညီတူရရှိရေးစင်တာ နှင့် Widener University School of Law ၏ ကျန်းမာရေး၊ ပညာရေး နှင့် ဥပဒေရေးရာ အထောက်အပံ့စီမံကိန်းတို့အား ယခုလက်စွဲစာအုပ် ဖြစ်မြောက်ရေးတွင် ထောက်ပံ့ကူညီခြင်းအတွက် ကျေးဇူးအထူးတင်ရှိပါသည်။

Lancaster Housing Opportunity Partnership

၂၀၁၉ ခုနှစ် နိုဝင်ဘာလ

ထပ်ဆောင်းအချက်အလက်များ သို့မဟုတ် အကြောင်းအရာ ပြင်ဆင်ချက်များ ရရှိလိုပါက ယခုလက်စွဲစာအုပ်ကို www.lhop.orgတွင် ကြည့်ရှုပါ သို့မဟုတ် ဖုန်းနံပါတ် 717.291.9945 လိုင်းခွဲ 110 တွင် ဆက်သွယ်ပါ။

တန်းတူညီတူရရှိရေး နှင့် သာတူညီမျှဖြစ်ရေး တို့သည် မတူညီပါ။

လန်ကက်စတာ နှင့် ယော့ခ်ရှိုင်းယား မြို့သူမြို့သားများ ရင်ဆိုင်နေရသည့် အိမ်ရာ အတားအဆီးများကို ကိုင်တွယ်ရန် အချက်အလက် နှင့် အထောက်အကူ ရင်းမြစ်များပေးအပ်ရန် LHOP ရှိ အိမ်ရာ တန်းတူညီတူရရှိရေး နှင့် သာတူညီမျှဖြစ်ရေး အဖွဲ့အစည်းက လူထု အဖွဲ့အစည်းများ နှင့် အစိုးရ အရာရှိများဖြင့် အတူ အလုပ်လုပ်ပါသည်။

တန်းတူညီတူရရှိရေး နှင့် သာတူညီမျှဖြစ်ရေးတို့က မတူညီဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။ ရင်းမြစ်များကို တန်းတူညီတူ ဖြန့်ဝေသောအခါ လူတိုင်းအနေဖြင့် ညီတူညီမျှ အကျိုးအမြတ်မရနိုင်ပါ။ လူများ မျှတ၊ ဘေးအန္တရာယ်ကင်းရှင်းပြီး တန်ဖိုးသင့်သည့် အိမ်ရာများရရှိရန်အတွက် အတားအဆီးမြောက်များစွာ ရင်ဆိုင်ရသည့်အခါ၌ ၎င်းတို့အနေဖြင့် အတားအဆီးမရှိသူများထက် အထောက်အပံ့ ပိုလိုအပ်နိုင်ပါသည်။ တန်းတူညီတူ အလှမ်းမီရရှိခြင်းသည် ကျွန်ုပ်တို့၏ အသိုင်းအဝိုင်းအတွက် ကျွန်ုပ်တို့၏ မျှော်မှန်းချက်အမြင်ဖြစ်ပြီး သာတူညီမျှဖြစ်ရေးသည် အဆိုပါမျှော်မှန်းချက်သို့ လှမ်းချီရာတွင် ကျွန်ုပ်တို့၏ လမ်းကြောင်းဖြစ်သည်။

LHOP တွင်အိမ်ရာ တန်းတူညီတူရရှိရေး နှင့် သာတူညီမျှဖြစ်ရေးအဖွဲ့အစည်း နှင့် ပန်ဆိုင်လ်ဗေးနီးယားရှိ အိမ်ရာ တန်းတူညီတူရရှိရေး စင်တာတို့က အိမ်ငှားများ နှင့် အိမ်ရှင်များအတွက် လူထုဝန်ဆောင်မှုတစ်ခုအနေဖြင့် ဤလက်စွဲစာအုပ်ကို ပြင်ဆင်ခဲ့ပါသည်။ အဖွဲ့အစည်းအတော်များများက အိမ်ရာ ပံ့ပိုးသူများသာအတွက်သာ သို့မဟုတ် အိမ်ငှားများ အတွက်သာ ဖြစ်သည့် အထူးအချက်အလက်များကို ပေးအပ်ရန် ရပ်တည်ကြသည်။ အချက်အလက် တန်းတူညီတူ အလှမ်းမီရရှိရန် ပေးအပ်ခြင်းဖြင့် လူတိုင်းလူတိုင်း ပိုပြီး သတင်းရရှိကာ သင့်တင့်လျော်ကန်သည့် အိမ်ရှင်-အိမ်ငှား ဆက်ဆံရေးတစ်ခုအတွင်းသို့ ဝင်ရောက်ရန် အရည်အချင်းပြည့်ဝပါမည်။

ဤလက်စွဲစာအုပ်ကို သင့်လျော်သည့် တရားရေးရာအကြံဉာဏ်အတွက် အစားထိုးတစ်ခုဖြစ်စေရန် မရည်ရွယ်ထားပါ။

လန်ကက်စတာ အိမ်ရာ အခွင့်အလန်း အပေါင်းအပါက ယခု လက်စွဲစာအုပ်ကို ပြန်လည်သုံးသပ်ရာတွင် ပါဝင်ခဲ့သော အောက်ပါ အေဂျင်စီများ နှင့် လူပုဂ္ဂိုလ်များ - Ray D'Agostino၊ အမှုဆောင်အရာရှိချုပ်၊ LHOP။ Ronald M. Friedman၊ ပန်ဆိုင်လ်ဗေးနီးယား အိမ်ရှင် နှင့် အိမ်ငှား ဥပဒေ နှင့် ထုံးတမ်းများရေးသားသူ၊ Memory D'Agostino; Adrian Garcia၊ LHOP ရှိ အိမ်ရာ တန်းတူညီတူ ရရှိရေး နှင့် သာတူညီမျှဖြစ်ရေး အင်စတီကျူ၊ Brittany Mellinger၊ သင့်တင့်သော အိမ်ရာ ကွင်းဆင်းရှာဖွေရေး မန်နေဂျာ၊ Todd Burgard၊ Burgard ဒီဇိုင်း၊ Carolyn Capistrano၊ ကွင်းဆင်းရှာဖွေရေး နှင့် ဆက်သွယ်ပြောဆိုရေး ညှိနှိုင်းဆောင်ရွက်သူ၊ ပန်ဆိုင်လဗေးနီးယား၏ အိမ်ရာ တန်းတူညီတူ ရရှိရေးစင်တာ၊ Widener တက္ကသိုလ် ဥပဒေကျောင်း (Widener University School of Law) ၏ ကျန်းမာရေး၊ ပညာရေး နှင့် ဥပဒေရေးရာ အကူအညီ စီမံကိန်း တို့အား ကျေးဇူးတင်ရှိလိုပါသည်။

HOUSING EQUALITY & EQUITY INSTITUTE
Civil Rights Empowerment & Advocacy in Housing

Adrian Garcia
ဒါရိုက်တာ၊ အိမ်ရာ တန်းတူညီတူ ရရှိရေး နှင့် သာတူညီမျှဖြစ်ရေး အင်စတီကျူ

လန်ကက်စတာ အိမ်ရာ အခွင့်အလန်း အပေါင်းအပါ

Ray D'Agostino
အမှုဆောင် ဒါရိုက်တာ

ရုံပုံငွေ ထောက်ပံ့သူ
ကောင်တီ ကော်မစ်ရှင်နာများ

Dennis Stuckey
ဥက္ကဌ

Joshua Parsons
ဒု-ဥက္ကဌ

Craig Lehman

လန်ကက်စတာ မြို့တော်ဝန်

Danene Sorace

လန်ကက်စတာ အိမ်ရာ နှင့် ပြန်လည် ဖွံ့ဖြိုးတိုးတက်ရေး အာဏာပိုင်များ

Matthew Sternberg
အမှုဆောင် ဒါရိုက်တာ

သင်၏ အခွင့်အရေးများကို သိရှိပါ အိမ်ရှင် နှင့် အိမ်ငှားလမ်းညွှန်ကို အောက်ပါသူတို့နှင့် ပူးပေါင်း ထုတ်လုပ်ထားပါသည် -

HOUSING EQUALITY CENTER of Pennsylvania
EQUAL HOUSING OPPORTUNITY
CITY OF LANCASTER A City Authentic
LANCASTER COUNTY Redevelopment Authority

မာတိကာ

မိတ်ဆက် ၄

မျှတသော အိမ်ရာ ၈

မျှတသော အိမ်ရာ ဥပဒေများ ၈

မျှတသောအိမ်ရာ အက်ဥပဒေမှ ကာကွယ်ပေးထားသော အိမ်ရာအမျိုးအစား ၈

မျှတသော အိမ်ရာ ဥပဒေများမှ ကင်းလွတ်သော အိမ်ရာ ၉

ခွဲခြားဆက်ဆံသည့် ဖော်ပြချက် နှင့် ခွဲခြားဆက်ဆံသည့် ကြေငြာချက် ၉

မိသားစုများ နှင့် ကလေးများ ၉

အိမ်တွင်း အကြမ်းဖက်မှုများ၏ သားကောင်များ ၁၀

လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှု ၁၀

လိင်တူဆက်ဆံသည့် (LGBT) လူပုဂ္ဂိုလ်များအား ကာကွယ်ရေးများ ၁၀

ဇာတိနိုင်ငံ၊ လူဝင်မှုကြီးကြပ်ရေး အဆင့်အတန်း နှင့် အင်္ဂလိပ်ဘာသာစကား အကန့်အသတ်ဖြင့် ကျွမ်းကျင်ပိုင်နိုင်မှု ၁၁

မသန်စွမ်းမှု ရှိသူများ ၁၁

မသန်စွမ်းမှုရှိသူများအတွက် ကျိုးကြောင်းလျော်ညီသည့် နေရာထိုင်ခင်းများ နှင့်
မွမ်းမံ ပြင်ဆင်မှုများ ၁၂

ကျိုးကြောင်းလျော်ညီသည့် နေရာထိုင်ခင်း သို့မဟုတ်
မွမ်းမံပြင်ဆင်မှု တောင်းဆိုသည့်စာများ ရေးသားရန်အတွက် အကြံဉာဏ်များ ၁၄

နမူနာ စာသား - ကျိုးကြောင်းလျော်ညီသည့် နေရာထိုင်ခင်း တောင်းဆိုခြင်း ၁၅

နမူနာ စာသား - ကျိုးကြောင်းလျော်ညီသည့် မွမ်းမံပြင်ဆင်မှု တောင်းဆိုခြင်း ၁၆

မသန်မစွမ်းမှု နှင့် လိုအပ်ချက် အတည်ပြုခြင်း ၁၇

အထောက်အကူပေးသည့် တိရိစ္ဆာန်များ ၁၇

အလှမ်းမှီရရှိနိုင်မှု နှင့် ဆောက်လုပ်ရေး အသစ်များ ၁၈

အကယ်၍ သင်သည် အိမ်ရာဆိုင်ရာ ခွဲခြားဆက်ဆံမှု
တွေ့ကြုံခံစားခဲ့ရသည်ဟုထင်ပါက ပြုလုပ်သင့်သည့်အရာ ၁၈

အိမ်ရာ ပံ့ပိုးသူများ သိထားသင့်သည့်အရာ ၂၀

အိမ်ရာ ပံ့ပိုးသူများ လုပ်လေ့လုပ်ထရှိသည့် မျှတသောအိမ်ရာဆိုင်ရာ အမှားအယွင်းများ
နှင့် ယင်းတို့အား တားဆီးကာကွယ်ပုံ ၂၀

မျှတသော အိမ်ရာ အက်ဥပဒေဆိုင်ရာ ထပ်ဆောင်းအချက်အလက်များ ၂၂

အိမ်မငှားမီ ထည့်သွင်းစဉ်းစားသင့်သော အရာများ ၂၄

အိမ်ငှားရန် လျှောက်ထားခြင်း ၂၆

အလားအလာရှိသည့် အိမ်ငှားမည့်သူတစ်ဦးအား အိမ်ရှင်တစ်ဦးမှ မေးမြန်းနိုင်သည့် မေးခွန်းများ ၂၆

ငွေရေးကြေးရေး အရည်အချင်းပြည့်မှီမှုဆိုင်ရာ အဆင့်အတန်းများ ၂၆

အိမ်ငှားရန် လျှောက်ထားခြင်း ၂၆

လျှောက်ထားသူတစ်ဦးကို ငြင်းပယ်ခြင်း ၂၇

ရာဇဝတ်မှုဆိုင်ရာ နောက်ကြောင်းများ ၂၇

အိမ်ရာဆိုင်ရာ ဖောက်ချာသို့မဟုတ် လူမှုဖူလုံရေး သို့မဟုတ် မသန်မစွမ်းမှုဆိုင်ရာ ဝင်ငွေ တစ်ခုကို
အိမ်ရှင်တစ်ဦးမှ လက်မခံပဲ ငြင်းပယ်ပါက ဘာဖြစ်ပါမလဲ။ ၂၈

အငှားစာချုပ် ၂၉

အငှားစာချုပ်ပါ ပြဋ္ဌာန်းချက်များကို နားလည်သဘောပေါက်ခြင်း ၂၉

ငှားရမ်းကာလ ပြည့်သည့်နေ့စွဲ ၃၀

အငှားစာချုပ်အပေါ် ပြောင်းလဲခြင်းများ ၃၀

သာမန် အငှားစာချုပ်ပါ ပြဋ္ဌာန်းချက်များ ၃၀

တင်းကျပ်၍မရနိုင်သည့် အငှားစာချုပ်ပါ စည်းကမ်းများ ၃၀

လိမ်လည် အိမ်ငှားမှုတစ်ခုအတွင်း ကျရောက်ခြင်းမှ ရှောင်ရှားခြင်း ၃၁

သင် ပြောင်းရွှေ့မဝင်ရောက်မီ ၃၂

သင် ပြောင်းရွှေ့မဝင်ရောက်မီ ရှိနေပြီးသော အပျက်အစီးများကို မှတ်တမ်းတင်ထားပါ ၃၂

ဒေသန္တရ အိမ်ရာ ကြည့်ရှုစစ်ဆေးသူဖြင့် စစ်ဆေးပါ ၃၂

ခဲပါသည့် အိမ်သုတ်ဆေး ၃၂

မီးခိုး ဖမ်းစက်များ/ကာဘွန် မိုနောက်ဆိုက် ဖမ်းစက်များ ၃၃

ငှားရမ်းသည့်အခန်းအား ကြည့်ရှုစစ်ဆေးရန်အတွက်စာရင်း ၃၄

အိမ်ငှားများ၏ အခွင့်အရေးများ နှင့် တာဝန်ဝတ္တရားများ ၃၈

အိမ်ငှားတစ်ဦးအနေဖြင့် သင်၏ တာဝန်ဝတ္တရားများ ၃၈

အိမ်ငှားသူများ အာမခံ ၃၉

အိမ်အနီးဝန်းကျင် ဆက်ဆံရေးများ ၃၉

အခြားအိမ်ငှားများဖြင့် ပြဿနာများ ၄၀

ဧည့်သည်များ ၄၀

အခြားသူများ အတူပြောင်းရွှေ့ဝင်ရောက်ရန် ခွင့်ပြုခြင်း ၄၀

အိမ်ငှားများ၏ သီးသန့်ဖြစ်ပိုင်ခွင့် ၄၁

၁၉၅၁ ခုနှစ် အိမ်ရှင် နှင့် အိမ်ငှား အက်ဥပဒေ ၄၂

အိမ်ပြင်ဆင်မှုများ နှင့် လူနေထိုင်ရန် သင့်တော်သည်ဟု အစိုပ္ပါယ်သက်ရောက်သည့် အာမခံ ၄၆

နေထိုင်ရန် တင့်တယ်လျောက်ပတ်သော နေရာတစ်ခု ရရှိပိုင်ခွင့် ၄၆

လုံလောက်သော အပူပေးမှု ဆိုသည်မှာ ဘာပါလဲ။ ၄၆

အကယ်၍ သင်၏အခန်းက လူနေထိုင်ရန် မသင့်တော်ပါက သင် ဘာလုပ်ပါမလဲ။ ၄၇

လူနေထိုင်ရန် သင့်တော်သည့်ဟု အစိုပ္ပါယ်သက်ရောက်သည့် အာမခံကို ချိုးဖောက်မှုတစ်ခုအတွက် အိမ်ငှားဖက်မှ ကုစားမှုများ ၄၈

အဆုံးသတ်ရာတွင် မည်သူက တာဝန်ရှိပါသလဲ။ ၅၀

လူနေထိုင်ရန် သင့်တော်သည်ဟု အစိုပ္ပါယ် သက်ရောက်သည့် အာမခံအောက်တွင် ကာကွယ်မထားသည့် ပြင်ဆင်မှုများ ၅၁

နမူနာ စာသား - လူနေထိုင်ရန် သင့်တော်မှုအပေါ် သက်ရောက်သည့် ကြီးလေးသော ပြဿနာများ ၅၂

နမူနာ စာသား - လိုအပ်သော ပြင်ဆင်မှုများကို အတည်ပြုခြင်း ၅၃

နမူနာ စာသား - ပြင်ဆင်ခြင်း နှင့် ဖြတ်နှုတ်ခြင်း ၅၄

နမူနာ စာသား - အိမ်ငှားခ အပြည့်/တစ်စိတ်တစ်ဒေသ မပေးပဲထားခြင်း ၅၅

နမူနာ စာသား - လူနေထိုင်ရန် သင့်တော်မတော် အကြောင်းပြချက်များဖြင့်
အိမ်ငှားရမ်းခြင်းကို အဆုံးသတ်ခြင်း - ပထမ စာသား ၅၆

နမူနာ စာသား - လူနေထိုင်ရန် သင့်တော်မတော် အကြောင်းပြချက်များဖြင့်
အိမ်ငှားရမ်းခြင်းကို အဆုံးသတ်ခြင်း - ဒုတိယ စာသား ၅၇

စရန်ငွေ ၅၈

စရန်ငွေအတွက် ပမာဏအကန့်အသတ်များ ၅၈

စရန်ငွေအပေါ် အတိုး ၅၉

သင်၏ စရန်ငွေကို ပြန်ပေးခြင်း ၅၉

သင်၏ စရန်ငွေအပေါ် မှ ကောက်ယူသည့် ပျက်စီးဆုံးရှုံးမှုများကို ငြင်းဆိုခြင်း ၅၉

သဘာဝတရားအရ ယိုယွင်းပျက်စီးမှု ဆိုသည်မှာ ဘာပါလဲ။ ၆၀

စရန်ငွေကို မည်သည့်အတွက် အသုံးပြုနိုင်ပါသလဲ။ ၆၀

သင် ပြောင်းသည့်အချိန်တွင် စရန်ငွေကို ပြန်ရယူရန် အဆင့်များ ၆၀

သင်၏ အိမ်ရှင်က သင့်စရန်ငွေကို ပြန်မပေးခဲ့ပါက ဘာလုပ်ပါမလဲ။ ၆၁

နမူနာ စာသား - ပြောင်းပေးရန် အသိပေးစာ/
စရန်ငွေ ပြန်ပေးရန်အတွက် ရှေ့ဆက်ပို့ရန်လိပ်စာ ၆၃

အိမ်ငှားခ မြင့်တက်ခြင်းများ ၆၄

ရေမီး ဖြတ်တောက်ခြင်းများ ၆၆

ရေမီး ဖြတ်တောက်ခြင်းကို ရှောင်ကြဉ်ရန် အဆင့်များ ၆၇

အကယ်၍ ကျွန်ုပ်၏အိမ်ရှင်က ရေမီးအသုံးစရိတ် တောင်းခံလွှာများကို ပေးချေရန် တာဝန်ရှိပါက ဘာဖြစ်ပါမလဲ။ ၆၈

ရေမီး ဝန်ဆောင်မှုများ ပြန်လည်ရယူခြင်း ၆၈

မည်သူက ရေမီး အသုံးစရိတ်တောင်းခံလွှာများကို ပေးချေရန် တာဝန်ရှိပါသလဲ။ ၆၈

နေအိမ်ခန်းတစ်ခုစီတိုင်းအတွက် သီးသန့်မီတာ တစ်ခုရှိရန် လိုအပ်ပါသလား။ ၆၈

အတင်းအကျပ်တောင်းဆိုမှုအတွက် ကျွန်ုပ်၏အိမ်ရှင်မှ ကျွန်ုပ်အားဆန့်ကျင် လက်စားချေနိုင်ပါသလား
ရေမီး ဝန်ဆောင်မှုများနှင့် ပတ်သက်သည့် ကျွန်ုပ်၏အခွင့်အရေးများ ၆၉

ကျွန်ုပ် အိမ်ငှားခပေးရန် နောက်ကျနေခြင်းကြောင့် အိမ်ရှင်မှ ကျွန်ုပ်၏ရေမီးများကို ဖြတ်တောက်နိုင်ပါသလား။ ၆၉

ရေမီး အသုံးစရိတ်တောင်းခံလွှာများကို ပေးချေရာတွင် ပြဿနာရှိခြင်း ၆၉

အိမ်ငှားခပေးရန် နောက်ကျခြင်း ၇၁

အိမ်မှ နှင်ချခြင်း ၇၂

အိမ်မှ နှင်ချသည့်အမိန့်ဆိုင်ရာ တရားရေးဆောင်ရွက်ချက်များ ၇၂

အိမ်မှဆင်းရန် အသိပေးစာ ၇၂

တရားရုံးကြားနာမှု ၇၃

တရားစီရင်ချက် ၇၄

ပိုင်ဆိုင်မှု ပြန်လည်ရရှိရန်အမိန့် ၇၅

အယူခံဝင်သည့် လုပ်ငန်းစဉ် ၇၆

အိမ်မှနှင်ချသည့် အသိပေးစာ အချိန်ဇယားများ ၇၈

အမေး အဖြေ - နှင်ချခြင်း ၇၉

အမေး အဖြေ - ခရိုင် တရားရုံး ၈၁

ကျွန်ုပ် ငှားရမ်းနေထိုင်သည့် အိမ်ကို ပိတ်သိမ်းခံရပါ သို့မဟုတ်
ရဲဌာနမှမှ ရောင်းချမှုတွင်းရောင်းချခဲ့ပါက ကျွန်ုပ် ဘာလုပ်သင့်ပါသလဲ။ ၈၄

ရင်းမြစ်များ ၈၆

မိတ်ဆက်

ပြည်နယ် နှင့် ပြည်ထောင်စုဆိုင်ရာ မျှတသောအိမ်ရာ ဥပဒေများ နှင့် ပန်ဆိုင်လ်ဗေးနီးယား အိမ်ရှင် အိမ်ငှားဥပဒေများက ပုဂ္ဂလိက လူနေအိမ်ခြံမြေ ငှားရမ်းမှုနှင့် သက်ဆိုင်သည့်အတွက် ယင်းနှင့်စပ်လျဉ်းပြီး ဤလက်စွဲစာအုပ်က သင့်အား အထွေထွေအချက်အလက် နှင့် မိမိကိုယ်မိမိ ကူညီနိုင်သည့်ရင်းမြစ်များ ပေးအပ်ခြင်းဖြင့် အောင်မြင်သည့် ငှားရမ်းမှုဆိုင်ရာ အတွေ့အကြုံတစ်ခု မှတဆင့် လမ်းပြပေးရန် ကူညီမည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။

ဤလက်စွဲစာအုပ်က ပန်ဆိုင်လ်ဗေးနီးယားရှိ အိမ်ငှားအခွင့်အရေးများကို ကာကွယ်ပေးသည့် ပင်မစည်းမျဉ်း နှစ်မျိုးကို ခြုံငုံပေးပါသည်။ ပထမအမျိုးအစား၊ ပြည်ထောင်စု နှင့် ပြည်နယ်ဆိုင်ရာ မျှတသောအိမ်ရာ ဥပဒေများက အိမ်ငှားများအနေဖြင့် ဤဥပဒေများအောက်တွင် ကာကွယ်ပေးထားသည့် အုပ်စုတစ်ခုအတွင်း အဖွဲ့ဝင်ဖြစ်နေသောကြောင့် ခွဲခြားဆက်ဆံခံရခြင်း သို့မဟုတ် မမျှတသည့် သို့မဟုတ် မုန်းတီးသည့် နည်းလမ်းတစ်ခုဖြင့် ဆက်ဆံခံရခြင်းမှ ကာကွယ်ပေးပါသည်။ အိမ်ရှင်တစ်ဦးက လူတစ်ဦးဦးအား ၄င်းတို့၏ လူမျိုး သို့မဟုတ် တိုင်းရင်းသား ဖြစ်တည်မှုကြောင့် ငှားရမ်းရန် ငြင်းဆန်ခြင်းသည် မျှတသည့် အိမ်ရာဥပဒေများအောက်တွင် တရားမဝင်စေသည့် အိမ်ရာဆိုင်ရာခွဲခြားဆက်ဆံမှု၏ ဥပမာတစ်ခု ဖြစ်ပါသည်။ အိမ်ငှားအတွက် ဒုတိယ အကာအကွယ်ပေးမှု အမျိုးအစားမှာ အိမ်ရှင် အိမ်ငှားဥပဒေအောက်တွင် ခြုံငုံထားသည့် အရာများဖြစ်သည်။ ပန်ဆိုင်လ်ဗေးနီးယား အိမ်ရှင် အိမ်ငှားဥပဒေက လူနေအိမ်ခြံမြေ ငှားရမ်းမှုအတွက် အခြေခံ စည်းမျဉ်းများ တည်ထောင်ပေးခြင်းဖြင့် အိမ်ငှား နှင့် အိမ်ရှင် နှစ်ဦးစလုံးကို ကာကွယ်ပေးပါသည်။ ပြုပြင်ရေးများ နှင့် ထိန်းသိမ်းရေး ကဲ့သို့သော အိမ်ငှားရမ်းမှုဆိုင်ရာ ပြဿနာများ နှင့် အိမ်မှနှင်ချသည့် လုပ်ထုံးလုပ်နည်းများကို အိမ်ရှင် အိမ်ငှား ဥပဒေက အစိုးရပါသည်။

ပြည်သူပိုင် အိမ်ရာ၊ စရိတ်မျှပေး အိမ်ရာ၊ အခန်းငှားရမ်းသည့် အိမ်များ၊ ရွှေ့လျားအိမ်များ၊ နှင့် စီးပွားဖြစ် အိမ်ခြံမြေ များတွင် မတူညီသည့် ဥပဒေများ နှင့် လိုအပ်ချက်များရှိနိုင်ပြီး ဤလက်စွဲစာအုပ်ပါ အတိုင်းအတာများအတွင်း ဆွေးနွေးထားခြင်း မရှိပါ။

ဤလက်စွဲစာအုပ်ကို သင့်လျော်သည့် တရားရေးရာအကြံဉာဏ်အတွက် အစားထိုးတစ်ခုဖြစ်စေရန် မရည်ရွယ်ထားပါ။

လန်ကက်စတာ အိမ်ရာ အခွင့်အလန်း အပေါင်းအပါ နှင့် အိမ်ရာ တန်းတူညီတူ ရရှိရေးစင်တာအား အမှားအယွင်းများ၊ ချန်လှပ်ထားမှုများ၊ သို့မဟုတ် ဥပဒေအရ စွဲဆိုခံရမှုများအတွက် တာဝန်ရှိသည်ဟု စွဲကိုင်မထားနိုင်ပါ။

မျှတသော အိမ်ရာ

မျှတသော အိမ်ရာ ဥပဒေများ

၁၉၆၈ ခုနှစ် အရပ်သားအခွင့်အရေး အက်ဥပဒေ၏ ခေါင်းစီး VIII သည် ပြင်ဆင်ထားသည့်အတိုင်း **မျှတသည့် အိမ်ရာ အက်ဥပဒေ** ဟု သိကြပါသည်။ **မျှတသော အိမ်ရာ အက်ဥပဒေ** သည် ကာကွယ်ပေးထားသည့် အတန်းအစား ခုနှစ်ခုအပေါ် အခြေပြုပြီး အိမ်ရာဆိုင်ရာ ငွေပေးငွေယူ ကိစ္စရပ်တစ်ခုခုတွင် ခွဲခြားဆက်ဆံမှုကို တရားမဝင်ဖြစ်စေသည့် ပြည်ထောင်စု ဥပဒေတစ်ရပ်ဖြစ်သည်။

- လူမျိုး
- အသားအရောင်
- ဇာတိ နိုင်ငံ
- ဘာသာ
- လိင်
- မသန်းမစွမ်းရှိမှု
- မိသားစု အဆင့်အတန်း (သို့မဟုတ် အိမ်ထောင်စုတွင်း အရွယ်မရောက်သေးသည့် ကလေးငယ်များ၊ ကိုယ်ဝန်ဆောင် အမျိုးသမီးများ၊ သို့မဟုတ် ကလေးတစ်ဦး၏ တရားဝင် အုပ်ထိန်းခွင့် ရရှိရေး လုပ်ငန်းစဉ်တွင်းရှိနေသူတစ်ဦးဦး ပါရှိမှု)

ပန်ဆိုင်လ်ဗေးနီးယား လူသားရေးရာ ဆက်ဆံရေး အက်ဥပဒေ ဆိုသည်မှာ အိမ်ရာဆိုင်ရာ ခွဲခြားဆက်ဆံမှု ကို ဆန့်ကျင်ပြီး သုံးစွဲသူများကို အကာအကွယ်ပေးသည့် ပြည်နယ် ဥပဒေဖြစ်ပြီး အကာအကွယ်ပေးထားသည့် ထပ်ဆောင်း အတန်းအစားနှစ်ရပ်ကို ထည့်သွင်းထားပါသည်။

- အသက် (၄၀ အထက်)
- မသန်စွမ်းမှုများ ရှိသူများအတွက် အထောက်အကူပေးသည့် တိရစ္ဆာန်များကို အသုံးပြုသူများ၊ ကိုင်တွယ်သူများ သို့မဟုတ် လေ့ကျင့်သင်ကြားပေးသူများ

မျှတသော အိမ်ရာ ဥပဒေများက အကာအကွယ်ပေးထားသည့် အတန်းအစားတစ်ခုအပေါ် အခြေပြုပြီး တစ်ဦးဦးအားဆန့်ကျင်ပြီး ခွဲခြားဆက်ဆံခြင်းကို အောက်ပါနည်းလမ်းများမှ တစ်ခုခုဖြင့် တရားမဝင်အောင် ပြုလုပ်ပါသည် -

- အိမ်ရာ ငှားရမ်းရန် သို့မဟုတ် ရောင်းချရန် ငြင်းဆန်ခြင်း
- အိမ်ရာ ရောင်းချရန် သို့မဟုတ် ငှားရမ်းရန်အတွက် ညှိနှိုင်းရန် ငြင်းဆန်ခြင်း
- အိမ်ရာကို အလှမ်းမမှီနိုင်အောင် ပြုလုပ်ခြင်း သို့မဟုတ် အိမ်လွတ်နေပါလျက် မလွတ်ဟု ငြင်းဆန်ခြင်း
- အိမ်ရာ ရောင်းချ သို့မဟုတ် ငှားရမ်းရန်အတွက်၊ အပေါင်ခံချေးငွေ၊ အိမ်ရှင် သို့မဟုတ် အိမ်ငှား၏ အာမခံ၊ သို့မဟုတ် အခြား အိမ်ရာဆိုင်ရာ ငွေပေးငွေယူ ကိစ္စရပ်တစ်ခုခုအတွက် မတူညီသည့် စည်းကမ်းများ၊ အခြေအနေများ၊ သို့မဟုတ် အခွင့်အရေးများ သတ်မှတ်ခြင်း
- ခွဲခြားဆက်ဆံသည့် နည်းလမ်းတစ်ခုဖြင့် ကြော်ငြာခြင်း
- မျှတသော အိမ်ရာ အခွင့်အရေးတစ်ခုကို လေ့ကျင့်လုပ်ကိုင်သူတစ်ဦးဦး သို့မဟုတ် ၎င်းတို့၏ မျှတသောအိမ်ရာ အခွင့်အရေးများကို လေ့ကျင့်လုပ်ကိုင်ရာတွင် တစ်စုံတစ်ဦးအား အားပေးကူညီသူ တစ်ဦးဦးအား ခြိမ်းခြောက်ခြင်း သို့မဟုတ် ကြောက်အောင်ခြောက်လှန့်ခြင်း

မျှတသောအိမ်ရာ အက်ဥပဒေမှ ကာကွယ်ပေးထားသော အိမ်ရာအမျိုးအစား

မျှတသော အိမ်ရာ အက်ဥပဒေ နှင့် ပန်ဆိုင်လ်ဗေးနီးယား လူသားရေးရာ ဆက်ဆံရေး အက်ဥပဒေတို့က အောက်ပါတို့အပါအဝင် အိမ်ရာ အမျိုးအစားအားလုံးကို ခြုံငုံထားပါသည် -

- လူနေအိမ်ခန်းများ
- ရွှေ့လျားအိမ် ရပ်နားစခန်းများ
- ကွန်ဒိုမီနီယမ်များ
- မိသားစု တစ်စုသာ နေထိုင်သည့် အိမ်များ
- ပုဂ္ဂလိက အိမ်ရာ
- လူအိုရုံများ
- အဆောင်များ
- မသန်စွမ်းမှုရှိသူများအတွက် အုပ်စုလိုက်နေအိမ်များ

မျှတသော အိမ်ရာ ဥပဒေများမှ ကင်းလွတ်သော အိမ်ရာ

အောက်ပါ အိမ်ရာအမျိုးအစားများအနေဖြင့် မျှတသော အိမ်ရာ ဥပဒေများ၏ အချို့အပိုင်းများကို လိုက်နာရန်မလိုအပ်ပါ။

အိမ်ခန်းတစ်ခန်းတွင် အိမ်ရှင်နေထိုင်ပြီး အိမ်ခန်းနှစ်ခုပါသော အဆောက်အဦးများအနေဖြင့် ပန်ဆိုင်လ်ဗေးနီးယား လူသားရေးရာ ဆက်ဆံရေးများ အက်ဥပဒေမှ **ကင်းလွတ်ခွင့်ရပြီး အိမ်ခန်းတစ်ခန်းတွင် အိမ်ရှင်နေထိုင်ပြီး အိမ်ခန်းလေးခုပါသည့် အဆောက်အဦးများအနေဖြင့်** မျှတသော အိမ်ရာအက်ဥပဒေမှ **ကင်းလွတ်ခွင့်ရပါသည်။**

ဘာသာရေးအဖွဲ့အစည်းများမှ လည်ပတ်သည့် အိမ်ရာများအနေဖြင့် လူမျိုးအပေါ်အခြေပြုပြီး ခွဲခြားဆက်ဆံမှုမပြုသ၍ အသင်းဝင်များ နေထိုင်ခွင့်ကို ကန့်သတ်နိုင်ပါသည်။

အချို့သော လိုအပ်ချက်များ ပြည့်မီသည့် **အသက်အရွယ် ကြီးသူများအတွက် အိမ်ရာ** (အသက် ၅၅ နှစ် သို့မဟုတ် ၆၂ နှစ် အထက် လူများအတွက်) များအနေဖြင့် ကလေးငယ်များပါသည့် မိသားစုများကို ငှားရမ်းခြင်းမပြုရန် ငြင်းဆန်နိုင်ပါသည်။

ခွဲခြားဆက်ဆံသည့် ဖော်ပြချက်များ သို့မဟုတ် ခွဲခြားဆက်ဆံသည့် ကြော်ငြာများအတွက် ကင်းလွတ်ခွင့်တစ်ခု **မည်သည့်အခါမှ** မရှိပါ။

ခွဲခြားဆက်ဆံသည့် ဖော်ပြချက် နှင့် ခွဲခြားဆက်ဆံသည့် ကြော်ငြာချက်

အကာအကွယ်ပေးထားသည့် အတန်းအစားတစ်ခုအပေါ် အခြေပြုပြီး ဦးစားပေး သို့မဟုတ် ကန့်သတ်ချက်တစ်ခုကို ဖော်ပြသည့် ဖော်ပြချက် သို့မဟုတ် ကြော်ငြာချက်တစ်ခုခု ပြုလုပ်ပါက သို့မဟုတ် ထုတ်ပြန်ပါက ယင်းကို မျှတသော အိမ်ရာ အက်ဥပဒေက တရားမဝင်ဖြစ်စေပါသည်။ အောက်ပါတို့သည် တရားမဝင် ကြော်ငြာချက်များအတွက် နမူနာများဖြစ်ကြသည် -

- " ကလေးများ လက်မခံပါ"
- "တစ်ဦးတည်း သို့မဟုတ် မောင်နှံအတွက် အကောင်းဆုံးဖြစ်သည်"
- "ခရစ်ယာန် သီးသန့် အိမ်"
- "မသန်စွမ်းမှုရှိသူများအတွက် မသင့်တော်သည့်အိမ်ခန်း"
- "အီတလီလူမျိုးများသည့် ပတ်ဝန်းကျင်"

ယေဘုယျအားဖြင့် အိမ်ရာ ကြော်ငြာချက်တစ်ခုအနေဖြင့် အိမ်ခြံမြေတစ်ခုကို ငှားရမ်းရန် ဖော်ပြချက် ဖြစ်သင့်ပြီး ဦးစားပေးဆန္ဒပြုလိုသည့် အိမ်ငှားအတွက် ဖော်ပြချက် မဖြစ်သင့်ပါ။

မိသားစုများ နှင့် ကလေးများ

မိသားစုဆိုင်ရာ အဆင့်အတန်းသည် မျှတသောအိမ်ရာ အက်ဥပဒေအောက်တွင် အကာအကွယ်ပေးထားသည့် အတန်းအစားဖြစ်ပါသည်။ အိမ်ထောင်စုတွင်း အရွယ်မရောက်သေးသည့် ကလေးငယ်များ၊ ကိုယ်ဝန်ဆောင် အမျိုးသမီးများ၊ သို့မဟုတ် ကလေးတစ်ဦးအား တရားဝင်အုပ်ထိန်းခွင့် ရအောင်လုပ်နေသည့် လူတစ်ဦးဦးပါသည့် လူပုဂ္ဂိုလ်များ နှင့် မိသားစုများအား ဆန့်ကျင် ခွဲခြားဆက်ဆံ ခြင်းသည် တရားမဝင်ပါ။ ကလေးငယ်များပါသည့် မိသားစုများကို တရားမဝင် ခွဲခြားဆက်ဆံသည့် ဥပမာများတွင် အောက်ပါတို့ ပါဝင်ပါသည် -

- "ကလေးများ မပါရ" သည့် ပေါ်လစီများ
- ကလေးများ၏ အသက်အရွယ်များကြောင့် မိသားစုများအား ငြင်းဆန်ခြင်း (ဥပမာ၊ အသက် ၇ နှစ်အောက် ကလေးများ လက်မခံခြင်း)
- ခဲ အခြေပြုသည့် အိမ်သုတ်ဆေးများရှိမှုအပေါ် အခြေခံပြီး မိသားစုများကို ငြင်းဆန်ခြင်း
- ကလေးများအား အချို့သော အထပ်များ သို့မဟုတ် အချို့သော အဆောက်အဦးများအတွင်းသာ ခွဲခြားခွင့်ပြုသည့် အိမ်ရာခွဲခြားမှု
- "ဘေးအန္တရာယ် မကင်းသည့်အခြေအနေများ" သို့မဟုတ် နေအိမ်ခန်းသည် " ကလေးများအတွက် မသင့်တော်" ဆိုသည်တို့ကြောင့် ကလေးငယ်များပါသည့် မိသားစုတစ်ခုကို ငှားရမ်းရန် ငြင်းဆန်ခြင်း

- မိဘများ နှင့် ကလေးများ သို့မဟုတ် ယောကျာ်းလေးများ နှင့် မိန်းကလေးများအနေဖြင့် အိပ်ခန်းတစ်ခန်းတွင်း အတူတူမနေရဟု ဖော်ပြခြင်း - ယင်းသို့သော ဆုံးဖြတ်ချက်အမျိုးအစားများ သည် မိဘများပြုလုပ်ရမည့် ရွေးချယ်မှုများဖြစ်သည်
- ကိုယ်ဝန်ရှိမှု သို့မဟုတ် ကလေးတစ်ဦး မွေးဖွား၊ မွေးစား သို့မဟုတ် တရားဝင် အုပ်ထိန်းမှုမှတဆင့် မိသားစုတွင်းပါဝင်လာမှုကြောင့် မိသားစုတစ်ခု သို့မဟုတ် လူတစ်ဦးကို အိမ်မှ နှင်ချခြင်း
- အလွန်အမင်း တင်းကျပ်သည့် နေထိုင်မှု ပေါ်လစီများ နှင့် နေထိုင်သူ ထပ်တိုးတစ်ဦးစီအတွက် လူတစ်ဦးကျစီ ကောက်ခံခြင်းတို့က မျှတသော အိမ်ရာ အက်ဥပဒေကို အချို့သောအခြေအနေများတွင် ချိုးဖောက်နိုင်ပါသည်။

အိမ်တွင်း အကြမ်းဖက်မှုများ၏ သားကောင်များ

- အိမ်တွင်းအကြမ်းဖက်မှု တွေ့ကြုံခဲ့ဖူးသည့် သမိုင်းကြောင်းရှိခဲ့သဖြင့် လူတစ်ဦးအားဆန့်ကျင် ခွဲခြားဆက်ဆံခြင်းက တရားမဝင်ပါ။
- အိမ်တွင်းအကြမ်းဖက်မှု၏ သားကောင်တစ်ဦးဖြစ်ခဲ့သောကြောင့် လူတစ်ဦးအား အိမ်ငှားရန် ငြင်းဆန်ခြင်းသည် မျှတသောအိမ်ရာ အက်ဥပဒေကို ချိုးဖောက်ပါသည်။
- အိမ်တွင်း အကြမ်းဖက်မှုများ၏ **သားကောင်များ**အပေါ် ကျရောက်စေခဲ့သည့် ရာဇဝတ်မှုအတွက် လုံးဝဥဿုံ သည်းညည်းမခံသည့် ပေါ်လစီများက မျှတသော အိမ်ရာအက်ဥပဒေကို ချိုးဖောက်ပါသည်။ (ဥပမာ - အိမ်ရှင်တစ်ဦးက ၄င်း၏အိမ်ခြံမြေပေါ်တွင် ရာဇဝတ်မှုကျူးလွန်ခြင်းကို လုံးဝဥဿုံ သည်းသည်းခံမှုမရှိခြင်း။ အိမ်ငှားတစ်ယောက်သည် အိမ်တွင်း အကြမ်းဖက်မှု၏ သားကောင်တစ်ဦးဖြစ်ပြီး သူမအား အလွဲသုံးစား လုပ်သူက အလွဲသုံးစားမှုမှ ကာကွယ်ပေးသည့်အမိန့်ကို ချိုးဖောက်ပြီး သူမ၏အိမ်ခန်းရှေ့ရောက်လာချိန်တွင် သူမက ရဲကို ခေါ်လိုက်သည်။ အလွဲသုံးစား လုပ်သူအား ရဲက ဖမ်းခေါ်သွားသည်။ လုံးဝဥဿုံ သည်းညည်းမခံသည့် ပေါ်လစီကြောင့် အိမ်ငှားကို အိမ်မှနှင်ချသော အိမ်ရှင်အတွက် မျှတသောအိမ်ရာ အက်ဥပဒေကို ချိုးဖောက်မှု ဖြစ်စေနိုင်ပါသည်။)

လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှု

လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုက မျှတသော အိမ်ရာ အက်ဥပဒေအောက်တွင် တရားမဝင်ပါ။ အိမ်ရာ ပံ့ပိုးသူတစ်ဦးက အိမ်ရာ ပေးရသည့်အတွက် သို့မဟုတ် အိမ်ပြင်ပေးရသည့်အတွက် အလဲအလှယ်အနေဖြင့် လိင်ပိုင်းဆိုင်ရာ မျက်နှာသာပေးမှု တောင်းဆိုခြင်းသည် တရားမဝင်ပါ။ "ငါနဲ့အတူ အပြင်သွားရင် အိမ်လခ လျှော့ပေးမယ်" သို့မဟုတ် "ငါနဲ့အတူ အပြင်သွားရင် မင်းရဲ့ခေါင်မိုးကို ပြင်ပေးမယ်" ဆိုသည့် ပြောဆိုဖော်ထုတ်မှုများက မျှတသောအိမ်ရာ အက်ဥပဒေအောက်တွင် တရားမဝင်သည့် လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုအဖြစ် သက်ရောက်ပါသည်။ အိမ်ရာ ပံ့ပိုးသူတစ်ဦးအနေဖြင့် ရိုင်းပြသော ပတ်ဝန်းကျင်တစ်ခုဖြစ်အောင် ဖန်တီးခြင်း သို့မဟုတ် ခွင့်ပြုခြင်းကလည်း တရားမဝင်ပါ။ မလိုလားဖွယ် ထိုးစစ် သို့မဟုတ် လိင်ပိုင်းဆိုင်ရာ ဆောင်ရွက်ချက်၊ လိင်ပိုင်းဆိုင်ရာ သဘောသဘာဝပါသည့် မှတ်ချက်များ၊ သို့မဟုတ် အိမ်ရှင်မှ သို့မဟုတ် အိမ်ရှင်၏ ဝန်ထမ်းတစ်ဦးမှ မလိုလားဖွယ် ထိတွေ့မှုတို့က ရိုင်းပြသည့် ပတ်ဝန်းကျင်တစ်ခုအဖြစ် သက်ရောက်စေပြီး တရားမဝင်ပါ။

လိင်တူဆက်ဆံသည့် (LGBT) လူပုဂ္ဂိုလ်များအား ကာကွယ်ရေးများ

မျှတသောအိမ်ရာ အက်ဥပဒေ သို့မဟုတ် ပန်ဆိုင်လ်ဗေးနီးယား လူသားရေးရာ ဆက်ဆံရေးများ အက်ဥပဒေ မည်သည့်တစ်ခုတွင်မှ မည်သည့်လိင်အပေါ် အသားပေးမှု၊ ယောကျာ်းမိန်းမ ဖော်ပြချက်၊ ယောကျာ်းမိန်းမ ခွဲခြားဖော်ပြမှုကို အကာအကွယ်ပေးထားသည့် အတန်းအစားများအဖြစ် ထည့်သွင်းမထားပါ။ သို့သော်လည်း အချို့သော မြူနီစပယ်မြို့များက မည်သည့်လိင်အပေါ် အသားပေးမှု၊ ယောကျာ်းမိန်းမ ဖော်ပြချက်၊ သို့မဟုတ် ယောကျာ်းမိန်းမ ခွဲခြားဖော်ပြမှုအပေါ် အခြေပြုပြီး ခွဲခြားဆက်ဆံမှုကို တားမြစ်သည့် အမိန့်ပြဌာန်းချက်များကို ထုတ်ပြန်ထားပါသည်။ ထပ်ဆောင်းအချက်အလက်များရရှိရန် သင်၏ဒေသန္တရ အစိုးရဖြင့် စစ်ဆေးပါ။

ထပ်ဆောင်းပြီးလည်း နိုင်ငံတော် အိမ်ခြံမြေအကျိုးဆောင်များ® အစည်းအရုံး ကျင့်ဝတ်စည်းမျဉ်း ကုဒ် ကလည်း မည်သည့်လိင်အပေါ် အသားပေးသည်ဆိုသည့်အပေါ် အခြေပြုပြီး ခွဲခြားဆက်ဆံခြင်းမပြုရန် အိမ်ခြံမြေအကျိုးဆောင်များ® အား တားမြစ်ထားပါသည်။ HUD ၏ တန်းတူညီတူ အလုပ်အကိုင်ရရှိရေး စည်းမျဉ်းက HUD မှ ရံပုံငွေထောက်ပံ့သည့် အိမ်ရာစီမံကိန်းများကို မည်သည့်လိင်အပေါ် အသားပေးမှု၊ ယောကျာ်းမိန်းမ ဖော်ပြချက်၊ သို့မဟုတ် ယောကျာ်းမိန်းမ ခွဲခြားဖော်ပြမှုအပေါ် အခြေပြုပြီး ခွဲခြားဆက်ဆံမှုမပြုရန် တားမြစ်ထားပါသည်။

ဇာတိနိုင်ငံ၊ လူဝင်မှုကြီးကြပ်ရေး အဆင့်အတန်း နှင့် အင်္ဂလိပ်ဘာသာစကား အကန့်အသတ်ဖြင့် ကျွမ်းကျင်ပိုင်နိုင်မှု

အမေရိကန်ပြည်ထောင်စုတွင်းရှိ လူတိုင်းအား မျှတသောအိမ်ရာ အက်ဥပဒေမှ အကာအကွယ်ပေးထားပါသည်။ လူတစ်ဦး၏ လူဝင်မှုကြီးကြပ်ရေး အဆင့်အတန်းက သူ သို့မဟုတ် သူမ၏ မျှတသောအိမ်ရာ ရပိုင်ခွင့်အပေါ် မသက်ရောက်ပါ။ တစ်စုံတစ်ဦးအား သူ သို့မဟုတ် သူမကိုယ်ပိုင် သို့မဟုတ် ဘိုးဘွား ဇာတိဇစ်မြစ်နေရာ သို့မဟုတ် ၎င်းတို့၏ ယဉ်ကျေးမှု သို့မဟုတ် တိုင်းရင်းသား နောက်ခံ သို့မဟုတ် ဘာသာစကားကြောင့် ခွဲခြားဆက်ဆံခြင်းသည် တရားမဝင်ပါ။ အချို့သော တိုင်းရင်းသား နောက်ခံတစ်ခု ရှိနေပုံပေါ်သော တစ်စုံတစ်ဦးအား ဆန့်ကျင်ပြီး အဆိုပါသူထံတွင် ယင်းနောက်ခံရှိမနေလျှင်တောင်မှ ခွဲခြားဆက်ဆံမှုသည် တရားမဝင်ပါ။

အိမ်ရှင်များအား လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စာရွက်စာတမ်းများ တောင်းဆိုခြင်း နှင့် အလားအလာရှိသော အိမ်ငှားတစ်ဦးသည့် အိမ်ငှားရမ်းရန် ဝိသေသ လက္ခဏာများနှင့် ပြည့်မှီမမှုီ ဆုံးဖြတ်ရန် မေးမြန်းစုံစမ်းမှုများ ပြုလုပ်ခြင်းကို အလားအလာရှိသော အိမ်ငှား**အားလုံး**အပေါ် တူညီသော လုပ်ငန်းစဉ် သက်ရောက်မှသာ ခွင့်ပြုပါသည်။ အချို့သော လူပုဂ္ဂိုလ်များကို ၎င်းတို့၏ ဇာတိနိုင်ငံကြောင့် ၎င်းတို့၏ လူဝင်မှုကြီးကြပ်ရေး အဆင့်အတန်းကို သက်သေပြရန် သီးသန့်ခွဲထုတ်ခြင်းက မျှတသောအိမ်ရာ အက်ဥပဒေကို ချိုးဖောက်မှုတစ်ခုဖြစ်သည် (ဥပမာ - မက္ကဆီကန် သို့မဟုတ် လက်တင်လူမျိုး ရွှေ့ပြောင်းဝင်ရောက်သူများအား လူဝင်မှုကြီးကြပ်ရေး အဆင့်အတန်း သက်သေပြရန် တောင်းဆိုပြီး အခြားလျှောက်ထားသူများထံမှ မတောင်းဆိုခြင်း)။

ထပ်ဆောင်းပြီး အင်္ဂလိပ်စကား အကန့်အသတ်ဖြင့်သာကျွမ်းကျင်မှုတစ်ခုကြောင့် တစ်စုံတစ်ဦးအား ဆန့်ကျင်ပြီး ခွဲခြားဆက်ဆံမှုသည် တရားမဝင်ပါ။ "အိမ်ငှားအားလုံး အင်္ဂလိပ်စကားပြောရမည်" ဆိုသည့် ဖော်ပြချက်များ သို့မဟုတ် အိမ်ငှားများအား ၎င်းတို့သည် အင်္ဂလိပ်စကား မကျွမ်းကျင်သဖြင့် ကွဲပြားခြားနားစွာ ဆက်ဆံခြင်းတို့က ဥပဒေကို ချိုးဖောက်ပါသည်။ ပြည်ထောင်စု ထောက်ပံ့ငွေလက်ခံသည့် အစီအစဉ်များအနေဖြင့် အင်္ဂလိပ်ဘာသာစကား မကျွမ်းကျင်သူများအတွက် စကားပြန်များ နှင့် ဘာသာပြန်များ ပံ့ပိုးပေးရန် ထပ်ဆောင်းတာဝန်တစ်ခု ရှိပါသည်။

မသန်စွမ်းမှု ရှိသူများ

မသန်မစွမ်းမှုတစ်ခုဆိုသည်မှာ လူတစ်ဦး၏ "အဓိက ရှင်သန် လှုပ်ရှားမှုများ"မှ တစ်ခု သို့မဟုတ် ပိုသည့်လှုပ်ရှားမှုများကို သိသိသာသာ ကန့်သတ်သည့် ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုတစ်ခုအဖြစ် မျှတသောအိမ်ရာ အက်ဥပဒေအတွင်း အဓိပ္ပါယ် သတ်မှတ်ထားပါသည်။ အဓိက ရှင်သန်လှုပ်ရှားမှုများတွင် တစ်ဦးဦးအနေဖြင့် မိမိဖာသာစောင့်ရှောက်ခြင်း၊ လမ်းလျှောက်ခြင်း၊ မြင်နိုင်ခြင်း၊ ကြားနိုင်ခြင်း၊ စကားပြောခြင်း၊ အသက်ရှုခြင်း၊ လေ့လာသင်ယူခြင်း နှင့် အလုပ်လုပ်ခြင်း တို့ ပါဝင်နိုင်ပါသည်။ မျှတသောအိမ်ရာ အက်ဥပဒေအောက်တွင် ပါဝင်သော မသန်စွမ်းမှုဆိုင်ရာ အဓိပ္ပါယ်သတ်မှတ်ချက်တွင် ချွတ်ယွင်းသည့် ရာဇဝင်တစ်ခုရှိခဲ့သူများ နှင့် ချွတ်ယွင်းချက်ရှိသည်ဟု လက်ခံထားသည့်သူများ (၎င်းတို့က အမှန်တကယ် မသန်မစွမ်းဖြစ်မနေသည့်တိုင်) လည်း ပါဝင်ပါသည်။

မသန်မစွမ်းမှုများတွင် စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် ခံစားမှုပိုင်ဆိုင်ရာ နာမကျန်းမှု၊ အသက်အရွယ်ကြီးခြင်းနှင့် ဆက်စပ်သည့် အခက်အခဲများ၊ HIV/AIDS၊ နှင့် အရက်စွဲခြင်း သို့မဟုတ် ဆေးစွဲခြင်းတို့မှ ပြန်လည်နာလန်ထူလာသူများ (လက်ရှိတွင် တရားမဝင် ဆေးသုံးစွဲနေသူများကို **မကာကွယ်ပေးထားပါ**) ပါဝင်နိုင်ပါသည်။

မသန်စွမ်းမှုရှိသူများအတွက် ကျိုးကြောင်းလျော်ညီသည့် နေရာထိုင်ခင်းများ နှင့် မွမ်းမံပြင်ဆင်မှုများ

ကျိုးကြောင်းလျော်ညီသည့် နေရာထိုင်ခင်းတစ်ခု ဆိုသည်မှာ မသန်စွမ်းမှုရှိသူတစ်ဦးအား နေထိုင်ရာနေရာတစ်ခုကို အသုံးပြုရန် နှင့် နှစ်သက်ခံစားရန် တန်းတူအခွင့်အရေးတစ်ခု ရရှိစေသည့် စည်းမျဉ်းများ၊ ပေါ်လစီများ၊ အလေ့အထများ သို့မဟုတ် ဝန်ဆောင်မှုများတွင်း အပြောင်းအလဲတစ်ခု ဖြစ်ပါသည်။ မသန်စွမ်းမှုရှိသူတစ်ဦးအနေဖြင့် ကျိုးကြောင်းလျော်ညီသည့် နေရာထိုင်ခင်းတစ်ခု လိုအပ်ပါက အိမ်ရာပံ့ပိုးသူအား အသိပေးသင့်ပြီး အိမ်ရာပံ့ပိုးသူအနေဖြင့် ယင်းက ကျိုးကြောင်းလျော်ညီပါက တောင်းဆိုချက်ကို ပေးအပ်သင့်ပါသည်။ မသန်မစွမ်းရှိမှု နှင့် နေရာထိုင်ခင်းအတွက် လိုအပ်ချက်အကြားတွင် ဆက်စပ်ချက်တစ်ခု ရှိရမည်။ ပုံမှန်အားဖြင့် နေရာထိုင်ခင်းများသည် အိမ်ရာပံ့ပိုးသူ နှင့် မသန်စွမ်းမှုရှိသူ နှစ်ဦးစလုံးအား အကောင်းဆုံးဝန်ဆောင်ပေးမည့် ညှိနှိုင်းမှု မည်သို့ပြုလုပ်မည့်အပေါ် မူတည်ပါလိမ့်မည်။

ကျိုးကြောင်းလျော်ညီသည့် နေရာထိုင်ခင်းများတွင် ပါဝင်သော ဥပမာများမှာ -

- အိမ်ငှားအတွက် ကားရပ်နားရန်နေရာသည် ယေဘုယျအားဖြင့် အရင်ရောက်သူ အရင်ရပ် စနစ်ဖြစ်သော်လည်း မသန်စွမ်းမှု ရှိသူတစ်ဦးအတွက် ၎င်း၏အခန်းအနီးတွင် ကြိုတင်သတ်မှတ်ထားသည့် ကားရပ်နားရန်နေရာတစ်ခု နေရာချပေးခြင်း
- "အိမ်မွေးတိရိစ္ဆာန်မမွေးရ" ပေါ်လစီတစ်ခုရှိသော်လည်း အထောက်အကူပေးသည့် တိရိစ္ဆာန်တစ်ကောင် ထားရှိရန် မသန်စွမ်းမှုရှိသူတစ်ဦးအား ခွင့်ပြုခြင်း
- လစဉ် ၅ ရက်မြောက်နေ့မှ မသန်စွမ်းမှုဆိုင်ရာ ချက်လက်မှတ်များ ရရှိသည့် မသန်စွမ်းမှုရှိသည့် အိမ်ငှားအား နောက်ကျကြေးမပါပဲ လ၏ ပထမရက်ကျော်ပြီးမှ အိမ်ငှားခပေးရန် ခွင့်ပြုခြင်း

ကျိုးကြောင်းလျော်ညီသည့် နေရာထိုင်ခင်းတစ်ခု ဆိုသည်မှာ မသန်စွမ်းမှုရှိသူတစ်ဦးအား နေထိုင်ရာနေရာတစ်ခုကို အသုံးပြုရန် နှင့် နှစ်သက်ခံစားရန် တန်းတူအခွင့်အရေးတစ်ခု ရရှိစေသည့် နေထိုင်ရာနေရာကို ရုပ်ပိုင်းဆိုင်ရာ တည်ဆောက်မှု ပြောင်းလဲပေးခြင်းဖြစ်သည်။ ကိစ္စရပ်အများစုတွင် နေထိုင်ရာနေရာတစ်ခုကို တစ်ဦးတစ်ယောက်အတွက် သီးသန့်ပုံစံ မွမ်းမံပြင်ဆင်ပေးခြင်းများက မသန်စွမ်းမှုရှိသူများအနေဖြင့် ၎င်းတို့ အခြားအခြေအနေတွင် လူကိုယ်တိုင်နေရန် မဖြစ်နိုင်စေမည့် နေရာတစ်ခုအတွင်း နေထိုင်နိုင်စွမ်းရှိစေပါသည်။
ယင်းအတွင်း အများပိုင် နှင့် အများသုံးဧရိယာများ အပါအဝင် အဆောက်အဦးတစ်ခု သို့မဟုတ် အိမ်ခန်းတစ်ခု၏ အတွင်းပိုင်း သို့မဟုတ် အပြင်ပိုင်း ပါဝင်ပါသည်။

ကျိုးကြောင်းလျော်ညီသည့် မွမ်းမံပြင်ဆင်မှုများတွင်း ပါဝင်သော ဥပမာများမှာ -

- ဘီးတပ်ကုလားထိုင် အသုံးပြုသည့် အိမ်ငှားတစ်ဦးအား နေထိုင်ရာနေရာ၏ အဝသို့ ဝင်ရောက်ရန် ချဉ်းကပ်လမ်းတစ်ခု တပ်ဆင်ရန်ခွင့်ပြုခြင်း
- အိမ်ငှားတစ်ဦးအား ရေချိုးခန်းအတွင်း လက်ကိုင်ဘားများ တပ်ဆင်ရန် ခွင့်ပြုခြင်း
- အိမ်ငှားတစ်ဦးအား အမြင် သို့မဟုတ် အထိအတွေ့ဖြင့် နှိုးဆော်ပေးသည့် ကိရိယာ တပ်ဆင်ရန် ခွင့်ပြုခြင်း

အိမ်ရာသည် (ပြည်သူ့အိမ်ရာ အာဏာပိုင်ကဲ့သို့) ပြည်ထောင်စုမှ စရိတ်မျှပေးခြင်းမဟုတ်လျှင် သာမန်အားဖြင့် ကျိုးကြောင်းလျော်ညီသည့် မွမ်းမံပြင်ဆင်များအတွက် ကုန်ကျစရိတ်သည် အိမ်ငှား၏တာဝန်ဖြစ်ပါသည်။ ပြည်ထောင်စု မှ ငွေကြေးထောက်ပံ့သည့် အိမ်ရာစီမံကိန်းများအနေဖြင့် မသန်စွမ်းမှုရှိသည့် အိမ်ငှားတစ်ဦးမှ တောင်းဆိုသော ကျိုးကြောင်းလျော်ညီသည့် မွမ်းမံပြင်ဆင်မှုများအတွက် ငွေပေးချေရန် တောင်းဆိုခံရနိုင်ပါသည်။

ပုဂ္ဂလိက အိမ်ရာပံ့ပိုးသူများ အနေဖြင့် ပြင်ဆင်မှုလုပ်ရန် အိမ်ငှားမှ လက်မှတ်ရ ကန်ထရိုက်တာတစ်ဦးအသုံးပြုရန် လိုအပ်စေနိုင်ပြီး အကယ်၍ မွမ်းမံပြင်ဆင်မှုက နောက်လာမည့် အိမ်ငှား၏ အသုံးပြုမှု နှင့် ပရဝုဏ်များကို ကြည်နူးခံစားရန်အတွက် အနှောင့်အယှက်ဖြစ်မည်ဆိုပါက

အိမ်မှပြောင်းသည်နှင့် အိမ်ငှားက နေထိုင်ရာနေရာကို မူလအခြေအနေသို့ ပြန်လည်အသွင်ပြောင်းပေးရန် လိုအပ်စေနိုင်ပါသည်။ ဥပမာ - အိမ်ခန်းပေါင်းများစွာပါသည့် စုပေါင်းအိမ်ရာတစ်ခု အတွင်း အိမ်ငှားတစ်ဦးက အဝတ်လျှော်သည့်အခန်းသို့ ချဉ်းကပ်လမ်းတစ်ခု တည်ဆောက်ခဲ့ပါက ယင်းသည် အများသုံးဧရိယာတစ်ခုအတွင်း တည်ရှိနေပြီး နောက်လာမည့် အိမ်ငှားများအတွက် အကျိုးအမြတ်ရှိနိုင်သောကြောင့် ယင်းချဉ်းကပ်လမ်းကို ဖယ်ရှားရန်မလိုအပ်ပါ။ သို့သော်လည်း အိမ်ငှား၏ မီးဖိုခန်းတစ်ခုအတွင်းရှိ ဗီရိုများကို ဘီးတပ်ကုလားထိုင်သုံးစွဲသူတစ်ဦးအတွက် ပိုမိုလှုပ်ရှားနိုင်မှု ပေးအပ်ရန် အောက်သို့ နှိမ့်ချထားပါက ယင်းဗီရိုများကို ၄င်းတို့၏ မူလအမြင့်သို့ ပြန်ရောက်အောင် ထားပေးရပါမည်။

အိမ်ငှားတစ်ဦး ပြောင်းသွားချိန်တွင် နေထိုင်ရာနေရာကို ပြန်လည်မွမ်းမံမှုများ မဖြစ်မနေပြုလုပ်ရမည်ဖြစ်ပါက အတိုးထည့်ပေးသည့် အာမခံငွေစာရင်းတစ်ခုအတွင်းသို့ အိမ်ငှားမှ ငွေချေပေးရန် အိမ်ရာပံ့ပိုးပေးသူမှ တောင်းဆိုနိုင်ပါသည်။ ယင်းသို့သော ငွေပေးချေမှုကို ကျိုးကြောင်းလျော်ညီသည့် ကာလတစ်ခုအတောအတွင်း ပြုလုပ်နိုင်ပြီး ပမာဏသည် ကျိုးကြောင်းလျော်ညီပြီး ပြန်လည်ပြင်ဆင်မှုများအတွက် ကုန်ကျစရိတ်ထက် မပိုနိုင်ပါ။ ယင်းငွေစာရင်းမှ အတိုးက အိမ်ငှား၏အကျိုးအမြတ်အတွက် တိုးပွားစေပါသည်။ ငှားရမ်းသည့် အခန်းတစ်ခုအတွက် ကြီးကြီးမားမား မွမ်းမံပြင်ဆင်မှုပြုလုပ်ရန် လိုအပ်သည့် အိမ်ငှားအနေဖြင့် အိမ်ရှင်နှင့် ရေရှည်ငှားရမ်းမှုတစ်ခု ညှိနှိုင်းရန် စဉ်းစားသင့်ပါသည်။

အိမ်ရာပံ့ပိုးသူတစ်ဦးက မည်သည့်အချိန်တွင် ကျိုးကြောင်းလျော်ညီသည့် နေရာထိုင်ခင်း သို့မဟုတ် မွမ်းမံပြင်ဆင်မှုတစ်ခု ခွင့်ပေးရပါမလဲ။ အောက်ပါတို့ရှိပါက

အိမ်ရာ ပံ့ပိုးသူအနေဖြင့် ကျိုးကြောင်းလျော်ညီသည့် နေရာထိုင်ခင်း သို့မဟုတ် ကျိုးကြောင်းလျော်ညီသည့် မွမ်းမံပြင်ဆင်မှုတစ်ခုအတွက် တောင်းဆိုချက်တစ်ခုလုပ်ရန် ခွင့်ပေးရမည် -

- တောင်းဆိုမှုလုပ်နေသူသည် မသန်စွမ်းမှုရှိသူတစ်ဦးအတွက် အဓိပ္ပါယ်သတ်မှတ်ချက်ဖြင့် ကိုက်ညီပါက၊
- ၄င်း၏မသန်စွမ်းမှုကြောင့် အဆိုပါသူသည့် ၄င်း၏ တောင်းဆိုချက်ကို လိုအပ်ပါက၊ နှင့်
- တောင်းဆိုချက်က "ကျိုးကြောင်းလျော်ညီပါက"။

အိမ်ရာပံ့ပိုးသူအနေဖြင့် ကျိုးကြောင်းလျော်ညီသည့် နေရာထိုင်ခင်း သို့မဟုတ် မွမ်းမံပြင်ဆင်မှုအတွက် တောင်းဆိုချက်တစ်ခုကို တုံ့ပြန်ရာတွင် ကြန့်ကြာခြင်း သို့မဟုတ် နှောင့်နှေးခြင်း မဖြစ်စေနိုင်ပါ။

ကျိုးကြောင်းလျော်ညီမှု ဆိုသည်မှာ ဘာပါလဲ။

နေရာထိုင်ခင်း သို့မဟုတ် မွမ်းမံပြင်ဆင်မှုအတွက် တောင်းဆိုချက်တစ်ခုက အောက်ပါတို့ရှိပါက ကျိုးကြောင်းလျော်ညီသည်ဟု သတ်မှတ်ပါသည် -

- အိမ်ရာပံ့ပိုးသူအား ငွေရေးကြေးရေး နှင့် အုပ်ချုပ်ရေးပိုင်းတွင် ဝန်ထုပ်ဝန်ပိုး မဖြစ်စေပါက၊
- ရှိနေသည့် အိမ်ရာစီမံကိန်း၏ သဘောသဘာဝအတွင်း အခြေခံပြောင်းလဲချက်တစ်ခု မဖြစ်စေပါက၊
- အခြားသူများအား မနစ်နာ သို့မဟုတ် မထိခိုက်စေပါက၊
- နည်းပညာပိုင်းအရ ဖြစ်နိုင်ပါက။

ဥပမာ ၁ - အကယ်၍ မသန်စွမ်းမှုရှိသူက ၄င်းတို့၏အိမ်ရှင်အနေဖြင့် ၄င်းတို့အား အစားအသောက်ဖြင့် အကူအညီပေးရန် တောင်းဆိုပါက အိမ်ရာပံ့ပိုးသူသည် အစားအသောက် ထောက်ပံ့မှုပေးအပ်သည့် စီးပွားရေးလုပ်ငန်း (အထောက်အပံ့ဖြင့်နေရသည့် နေထိုင်မှုဆိုင်ရာ ဌာနတစ်ခုကဲ့သို့) ရောက်ရှိနေပြီးသားမဟုတ်လျှင် ကျိုးကြောင်းမလျော်ညီနိုင်ပါ၊

ဥပမာ ၂ - လူတစ်ဦးသည် မသန်မစွမ်းဖြစ်လာပြီး ဓာတ်လှေကားမပါသည့် အဆောက်အဦးအတွင်း ၃ လွှာ ရှိ အိမ်ခန်းသို့ ဆက်မတက်နိုင်တော့ပါက အိမ်ငှားက ဓာတ်လှေကားတစ်ခု တပ်ဆင်ဖို့ခွင့်ပြုရန် အိမ်ရှင်ထံ တောင်းဆိုခြင်းက

ကျိုးကြောင်းမလျော်ညီနိုင်ပါ (ထို့အပြင် ဗိသုကာပညာပိုင်းအရ ဖြစ်နိုင်ချေ မရှိနိုင်ပါ)။ ပိုပြီး ကျိုးကြောင်းလျော်ညီသော တောင်းဆိုမှုတစ်ခုမှာ ပထမထပ်ရှိ အိမ်ခန်းသို့ ပြောင်းပေးရန် တောင်းဆိုမှု ဖြစ်နိုင်ပါသည်။ အကယ်၍ ယင်းက မဖြစ်နိုင်ပါက အိမ်ငှားအနေဖြင့် အငှားစာချုပ်မှ စောစီးစွာ အဆုံးသတ်ခွင့်ပေးရန် အိမ်ရှင်နှင့် ညှိနှိုင်းနိုင်ပါသည်။

အကယ်၍ အိမ်ငှားမှ တင်ပြသော နေရာထိုင်ခင်း သို့မဟုတ် မွမ်းမံပြင်ဆင်မှုက ကျိုးကြောင်းမလျော်ညီပါက အိမ်ရာပံ့ပိုးသူအနေဖြင့် အိမ်ငှား၏လိုအပ်ချက်များကို ပြည့်မီစေမည့် အခြားဖြေရှင်းချက်တစ်ခု ရှိမရှိ ဆုံးဖြတ်ရန် အပြန်အလှန် စကားပြောဆိုဆွေးနွေးမှုတစ်ခု စေ့စပ်လုပ်ဆောင်ရမည်။

ကျိုးကြောင်းလျော်ညီသည့် နေရာထိုင်ခင်း သို့မဟုတ် မွမ်းမံပြင်ဆင်မှုအတွက် စာများရေးသားပုံဆိုင်ရာ အကြံဉာဏ်များ

နေရာထိုင်ခင်း သို့မဟုတ် မွမ်းမံပြင်ဆင်မှုတစ်ခု တောင်းဆိုရန်မှာ အိမ်ငှား (သို့မဟုတ် အိမ်ငှား၏ကိုယ်စားလှယ်) ၏ တာဝန်ဖြစ်သည်။ လူပုဂ္ဂိုလ်တစ်ဦး၏ လိုအပ်ချက်များကို အိမ်ရှင်တစ်ဦးမှ ကြိုတင်ခန့်မှန်း သို့မဟုတ် ကြိုတင်သိမြင်ထားရမည်ဟု မမျှော်မှန်းထားနိုင်ပါ။ မျှတသော အိမ်ရာ အက်ဥပဒေအရ မလိုအပ်သော်လည်း ကျိုးကြောင်းလျော်ညီသည့် နေရာထိုင်ခင်းများ သို့မဟုတ် မွမ်းမံပြင်ဆင်မှုများအတွက် တောင်းဆိုချက်များကို သင့်တော်သည့် မှတ်တမ်းတင်မှုဖြစ်ရန်အတွက် စာဖြင့်ရေးသားပြုလုပ်ရန် နှင့် အိမ်ငှားထံတွင် အကာအကွယ်ပေးသည့် မသန်စွမ်းမှုတစ်ခုရှိကြောင်းနှင့် နေရာထိုင်ခင်း သို့မဟုတ် မွမ်းမံပြင်ဆင်မှုတစ်ခုအတွက် လိုအပ်ချက်ရှိကြောင်း သက်သေထည့်သွင်းရန် တိုက်တွန်းအကြံပြုပါသည်။

သင့်စာတွင် အောက်ပါတို့ ပါရှိသင့်ပါသည် -

1. သင်နေထိုင်သည့် နေရာ နှင့် အဆောက်အဦးအတွက် တာဝန်ရှိသူကို ဖော်ပြပါ၊
2. မျှတသော အိမ်ရာ အက်ဥပဒေမှ အဓိပ္ပါယ်သတ်မှတ်ထားသည့်အတိုင်း သင်သည် မသန်စွမ်းမှုရှိသူတစ်ဦးအဖြစ် အရည်အချင်းပြည့်မီကြောင်း ပြသပါ (သင်၏မသန်စွမ်းမှု၏ သဘောသဘာဝ သို့မဟုတ် ပြင်းထန်မှုကို ထုတ်ဖော်ပြသရန် မလိုအပ်ပါ)၊
3. သင့်အား ပြဿနာဖြစ်စေသည့် ပေါ်လစီ၊ စည်းမျဉ်း သို့မဟုတ် ဗိသုကာပိုင်းဆိုင်ရာ အတားအဆီးများကို ဖော်ပြပါ၊
4. ယင်း ပေါ်လစီ သို့မဟုတ် အတားအဆီးက သင်၏လိုအပ်ချက်များ၊ ရပိုင်ခွင့်များ သို့မဟုတ် သင်၏အိမ်ကို နှစ်သက်ခံစားမှုကို မည်သို့ နှောင့်ယှက်နေပုံကို ဖော်ပြပါ၊
5. ပြတ်သားပြီး တိကျသည့် ဘာသာစကားဖြင့် ပေါ်လစီ၊ စည်းမျဉ်း သို့မဟုတ် အတားအဆီးအတွက် သင်ရှာဖွေနေသည့် နေရာထိုင်ခင်းအကြောင်း ဖော်ပြပါ၊
6. သင်၏ရပိုင်ခွင့်များကို အကာအကွယ်ပေးသည့် သက်ရောက် ဥပဒေများကို ရွတ်ပြပါ၊
7. နေရာထိုင်ခင်း အတွက် - မျှတသော အိမ်ရာအက်ဥပဒေ ပြင်ဆင်ချက်များ Sec. 804 (42 U.S.C. 3604)(f)(3)(B) ကို အသုံးပြုပါ၊
8. မွမ်းမံပြင်ဆင်မှုအတွက် မျှတသောအိမ်ရာ အက်ဥပဒေ ပြင်ဆင်ချက်များ Sec. 804 (42 U.S.C. 3604) (f)(3)(A) ကို အသုံးပြုပါ၊
9. သင့်တင့်သောအချိန်အပိုင်းအခြားအတွင်း စာဖြင့်ရေးသားတုံ့ပြန်ချက်တစ်ခု တောင်းပါ၊
10. သင်၏တောင်းဆိုချက်ကို ဖိုင်သိမ်းရန်အတွက် မိတ္တူတစ်စောင်ထားရန် သတိရပြီး လက်မှတ်ရေးထိုးကာ တောင်းဆိုသည့်နေ့စွဲကို ထည့်သွင်းပါ။

ကျိုးကြောင်းလျော်ညီသည့် နေရာထိုင်ခင်းများ အတွက် *နမူနာ စာသားများ* နှင့် *ကျိုးကြောင်းလျော်ညီသည့် မွမ်းမံပြင်ဆင်မှု တောင်းဆိုချက်များအတွက် နမူနာ စာသားများ* ကို ကြည့်ပါ၊

နမူနာ စာသား

ကျိုးကြောင်းလျော်ညီသည့် နေရာထိုင်ခင်း တောင်းဆိုချက်

သင်၏ အမည် သင်၏ လိပ်စာ

နေ့စွဲ

အိမ်ရှင်၏ အမည် နှင့် အိမ်ရှင်၏
လိပ်စာ

လေးစားရပါသော {*အိမ်ရှင်၏အမည်ကို ထည့်သွင်းပါ*}-

ကျွန်ုပ်သည် {*လိပ်စာ ထည့်သွင်းပါ*} တွင်နေထိုင်ပါသည်။ ကျွန်ုပ် (*သို့မဟုတ် ကျွန်ုပ်၏ အိမ်ထောင်စုဝင်တစ်ဦး*) သည် မျှတသော အိမ်ရာ အက်ဥပဒေဖြင့် အဓိပ္ပါယ်သတ်မှတ်ထားသည့်အတိုင်း မသန်စွမ်းမှုတစ်ခုရှိသူ တစ်ဦးဖြစ်ပါသည်။ ကျွန်ုပ်သည် မျှတသော အိမ်ရာဆိုင်ရာ ပြည်ထောင်စု အက်ဥပဒေအောက်တွင် ကျိုးကြောင်းလျော်ညီသည့် နေရာထိုင်ခင်းတစ်ခု တောင်းဆိုရန် စာရေးရခြင်းဖြစ်ပါသည်။

ဖြစ်နိုင်ချေရှိသည့် တောင်းဆိုချက် ၁ -
နေ့စဉ် ရှင်သန်နေထိုင်မှုအတွက် ထောက်ကူပေးရန် အထောက်အကူပေးသည့် တိရိစ္ဆာန်တစ်ကောင် ခွင့်ပြုပေးရန် တောင်းဆိုပါသည်။ ကျွန်ုပ်တို့၏ အဆောက်အဦးစည်းမျဉ်းများက အိမ်မွေးတိရိစ္ဆာန်မမွေးရဟု ပြဌာန်းထားသည်ကို ကျွန်ုပ်နားလည်ပါသည်။ သို့သော်လည်း ကျွန်ုပ်၏နေအိမ်ခန်းအတွင်း အထောက်အကူပေးသည့် တိရိစ္ဆာန်တစ်ကောင် ခွင့်ပြုပေးရန် အဆောက်အဦး၏စည်းမျဉ်းများအတွင်း ကျိုးကြောင်းလျော်ညီသည့် နေရာထိုင်ခင်းတစ်ခု သင့်အနေဖြင့် ပြုလုပ်ပေးရန် ကျွန်ုပ်တောင်းဆိုပါသည်။

ဖြစ်နိုင်ချေရှိသည့် တောင်းဆိုချက် ၂ -
ကျွန်ုပ်၏ အခန်းနှင့် အနီးဆုံးဖြစ်သည့် ကားရပ်နားရန်နေရာတစ်ခု ကြိုတင်သတ်မှတ်ပေးရန် ကျွန်ုပ် တောင်းဆိုပါသည်။ ကားရပ်နားခြင်းက အရင်ရောက်သူ အရင်ရပ်စနစ်တစ်ခုဖြစ်ကြောင်း ကျွန်ုပ်နားလည်ပါသော်လည်း ကျွန်ုပ်၏ အကန့်အသတ်တစ်ခုအတွင်း ရွေ့လျားနိုင်မှုကြောင့် ကျွန်ုပ်၏အခန်းနှင့် အနီးဆုံးရှိ ကားရပ်နားရန်နေရာတစ်ခု ကြိုတင်သတ်မှတ်ပေးရန် ကျွန်ုပ် တောင်းဆိုပါသည်။

ဖြစ်နိုင်ချေရှိသည့် တောင်းဆိုချက် ၃ -
ကျွန်ုပ်၏ အိမ်ငှားခကို လစဉ် ၆ ရက်နေ့တွင် နောက်ကျကြေး မပေးရပဲ ပေးချေရန် ကျွန်ုပ်တောင်းဆိုပါသည်။ ကျွန်ုပ်၏ မသန်စွမ်းမှုဆိုင်ရာ ချက်လက်မှတ်ကို လစဉ် ၅ ရက်နေ့တွင် ကျွန်ုပ်ရရှိပါသည်။

မျှတသော အိမ်ရာ အက်ဥပဒေ ပြင်ဆင်ချက်များ Sec. 804 (42 U.S.C. 3604) (f)(3)(B), *အရ (3) ဤ အခန်းခွဲ၏ ရည်ရွယ်ချက်အတွက် ခွဲခြားဆက်ဆံမှုတွင် - (B) ယင်းသို့သော လူတစ်ဦးအား နေထိုင်ရာနေရာကို အသုံးပြုရန် နှင့် ကြည်နူးခံစားရန် တန်းတူအခွင့်အရေးရရှိစေရန် ယင်းသို့သော နေရာထိုင်ခင်းများ လိုအပ်ချိန်တွင် စည်းမျဉ်းများ၊ ပေါ်လစီများ၊ အလေ့အထများ၊ သို့မဟုတ် ဝန်ဆောင်မှုများအတွင်း ကျိုးကြောင်းလျော်ညီသည့် နေရာထိုင်ခင်းပြုလုပ်ပေးရန် ငြင်းဆန်မှု ပါဝင်ပါသည်။ မသန်စွမ်းမှုရှိသူတစ်ဦးအတွက် ကျိုးကြောင်းလျော်ညီသော နေရာထိုင်ခင်း တောင်းဆိုမှုတစ်ခုကို ငြင်းဆန်ခြင်းသည် မျှတသော အိမ်ရာ အက်ဥပဒေကို ချိုးဖောက်မှုတစ်ခုဖြစ်သည်။*

မသန်စွမ်းမှုရှိသူများအတွက် ကျိုးကြောင်းလျော်ညီသည့် နေရာထိုင်ခင်းများ ပြုလုပ်ပေးရန် မျှတသောအိမ်ရာ အက်ဥပဒေအောက်တွင် အိမ်ရာပံ့ပိုးသူများ၏ တာဝန်ဝတ္တရားများကို အသေးစိတ်ဖော်ပြသည့် အမေရိကန်ပြည်ထောင်စု အိမ်ရာနှင့်မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေး ဌာန နှင့် တရားရေးဌာနတို့၏ ပူးတွဲကြေငြာချက်ကို သင် ကိုးကားနိုင်ပါသည်။ ယင်း ပူးတွဲကြေငြာစာတမ်းကို equalhousing.org သို့ဝင်ရောက်ကာ အိမ်ရှင် ရင်းမြစ်စင်တာပေါ်တွင် နှိပ်ခြင်းဖြင့် သင်အလှမ်းမီရရှိနိုင်ပါသည်။

ကျေးဇူးပြု၍ ကျွန်ုပ်၏တောင်းဆိုချက်ကို ဤစာပါ နေ့စွဲမှ ဆယ်ရက်အတွင်း စာဖြင့်ရေးသား၍ အကြောင်းပြန်ပေးပါ။ သင်၏ အကြောင်းပြန်စာကို ကျွန်ုပ်စောင့်မျှော်နေပြီး ဤအရေးကြီးသည့် ကိစ္စရပ်အပေါ် သင်၏အာရုံစိုက်မှုအတွက် အသိအမှတ်ပြုပါသည်။

ရိုးသားစွာဖြင့်

သင့်လက်မှတ်
သင်အမည်ကို စာလုံးကြီးဖြင့်ရေးပါ

နမူနာ စာသား

ကျိုးကြောင်းလျော်ညီသည့် မွမ်းမံပြင်ဆင်မှု တောင်းဆိုခြင်း

သင်၏ အမည် သင်၏
လိပ်စာ

နေ့စွဲ

အိမ်ရှင်၏ အမည် နှင့် အိမ်ရှင်၏ လိပ်စာ

လေးစားရပါသော {*အိမ်ရှင်၏အမည်ကို ထည့်သွင်းပါ*}-

ကျွန်ုပ်သည် {*လိပ်စာ ထည့်သွင်းပါ*} တွင်နေထိုင်ပါသည်။ ကျွန်ုပ် (*သို့မဟုတ် ကျွန်ုပ်၏ အိမ်ထောင်စုဝင်တစ်ဦး*) သည် မျှတသော အိမ်ရာ အက်ဥပဒေဖြင့် အဓိပ္ပါယ်သတ်မှတ်ထားသည့်အတိုင်း မသန်စွမ်းမှုတစ်ခုရှိသူ တစ်ဦး ဖြစ်ပါသည်။ ကျွန်ုပ်သည် မျှတသော အိမ်ရာဆိုင်ရာ ပြည်ထောင်စု အက်ဥပဒေအောက်တွင် ကျိုးကြောင်းလျော်ညီသည့် မွမ်းမံပြင်ဆင်မှုတစ်ခုပြုလုပ်ရန် ခွင့်ပြုချက်တောင်းဆိုရန် စာရေးရခြင်းဖြစ်ပါသည်။

ဖြစ်နိုင်ချေရှိသည့် တောင်းဆိုချက် ၁ -
ကျွန်ုပ်၏ နေအိမ်ခန်း အဝင်ဝတွင် ချဉ်းကပ်လမ်းတစ်ခု တပ်ဆင်ရန် ခွင့်ပြုချက် ကျွန်ုပ် တောင်းခံပါသည်။

ဖြစ်နိုင်ချေရှိသည့် တောင်းဆိုချက် ၂ -
ရေချိုးခန်းတွင်း လက်ကိုင်ဘားများ တပ်ဆင်ရန် ခွင့်ပြုချက် ကျွန်ုပ် တောင်းခံပါသည်။

ဖြစ်နိုင်ချေရှိသည့် တောင်းဆိုချက် ၃ -
ကျွန်ုပ်၏ နေအိမ်ခန်းအတွင်း မြင်နိုင်သည့် မီးခိုးဖမ်းစက် တပ်ဆင်ရန်ခွင့်ပြုချက် ကျွန်ုပ် တောင်းခံပါသည်။

မျှတသော အိမ်ရာ အက်ဥပဒေ ပြင်ဆင်ချက်များ (42 U.S.C. 3604) (f)(3)(A) နှင့် ပန်ဆိုင်လ်ဗေးနီးယားပြည်နယ် မျှတသော အိမ်ရာဥပဒေ အရ အိမ်ရာပံ့ပိုးသူများအနေဖြင့် အိမ်ငှားများအား မသန်စွမ်းမှုရှိသူတစ်ဦးအနေဖြင့် ပရဝုဏ်များအတွင်း အပြည့်အဝ ကြည်နူးခံစားရန် ကျိုးကြောင်းလျော်ညီသည့် မွမ်းမံပြင်ဆင်မှုများ ပြုလုပ်ရန် ခွင့်ပြုပေးရမည်။ မသန်စွမ်းမှုရှိသူတစ်ဦးအတွက် ကျိုးကြောင်းလျော်ညီသော မွမ်းမံပြင်ဆင်မှု တောင်းဆိုချက်တစ်ခုကို ငြင်းဆန်ခြင်းသည် မျှတသော အိမ်ရာ အက်ဥပဒေကို ချိုးဖောက်မှုတစ်ခုဖြစ်သည်။

မသန်စွမ်းမှုရှိသူများအတွက် ကျိုးကြောင်းလျော်ညီသည့် နေရာထိုင်ခင်းများ ပြုလုပ်ပေးရန် မျှတသောအိမ်ရာ အက်ဥပဒေအောက်တွင် အိမ်ရာပံ့ပိုးသူများ၏ တာဝန်ဝတ္တရားများကို အသေးစိတ်ဖော်ပြသည့် အမေရိကန်ပြည်ထောင်စု အိမ်ရာနှင့်မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေး ဌာန နှင့် တရားရေးဌာနတို့၏ ပူးတွဲကြေငြာချက်ကို သင် ကိုးကားနိုင်ပါသည်။ ယင်း ပူးတွဲကြေငြာစာတမ်းကို equalhousing.org သို့ဝင်ရောက်ကာ အိမ်ရှင် ရင်းမြစ်စင်တာပေါ်တွင် နှိပ်ခြင်းဖြင့် သင်အလှမ်းမီရရှိနိုင်ပါသည်။

ကျေးဇူးပြု၍ ကျွန်ုပ်၏တောင်းဆိုချက်ကို ဤစာပါ နေ့စွဲမှ ဆယ်ရက်အတွင်း စာဖြင့်ရေးသား၍ အကြောင်းပြန်ပေးပါ။ သင်၏ အကြောင်းပြန်စာကို ကျွန်ုပ်စောင့်မျှော်နေပြီး ဤအရေးကြီးသည့် ကိစ္စရပ်အပေါ် သင်၏အာရုံစိုက်မှုအတွက် အသိအမှတ်ပြုပါသည်။

ရိုးသားစွာဖြင့်

သင့်လက်မှတ်
သင်အမည်ကို စာလုံးကြီးဖြင့်ရေးပါ

မသန်မစွမ်းမှု နှင့် လိုအပ်ချက် အတည်ပြုခြင်း

အိမ်ရာပံ့ပိုးသူတစ်ဦးသည် မည်သည့်အချိန်တွင် မသန်စွမ်းမှု နှင့် ကျိုးကြောင်းလျော်ညီသော နေရာထိုင်ခင်းတစ်ခု သို့မဟုတ် မွမ်းမံပြင်ဆင်မှုတစ်ခုအတွက် အတည်ပြုချက် တောင်းဆိုနိုင်ပါသလဲ။

အကယ်၍ မသန်စွမ်းမှုသည် သိသာထင်ရှားပြီး ကျိုးကြောင်းလျော်ညီသည့် နေရာထိုင်ခင်း သို့မဟုတ် မွမ်းမံပြင်ဆင်မှုအတွက် လိုအပ်ချက်ကလည်း သိသာထင်ရှားပါက အိမ်ရာပံ့ပိုးသူအနေဖြင့် ထပ်ဆောင်း စာရွက်စာတမ်းများ**မတောင်းဆိုနိုင်ပါ** (ဥပမာ - လမ်းပြခွေးတစ်ကောင် အသုံးပြုနေရသည့် အမြင်အာရုံ ချွတ်ယွင်းနေသူတစ်ဦး)။

အကယ်၍ မသန်စွမ်းမှုက သိသာထင်ရှားပါသော်လည်း ကျိုးကြောင်းလျော်ညီသည့် နေရာထိုင်ခင်း သို့မဟုတ် မွမ်းမံပြင်ဆင်မှုအတွက် လိုအပ်ချက်က ပြတ်ပြတ်သားသားမရှိပါက အိမ်ရာ ပံ့ပိုးသူအနေဖြင့် မသန်စွမ်းမှုနှင့် ဆက်စပ်သည့် လိုအပ်ချက်ကို ဆန်းစစ်သုံးသပ်ရန် အချက်အလက် တောင်းခံရန်သာ ခွင့်ပြုပါသည် (ဥပမာ - စိတ်ပိုင်းဆိုင်ရာ အထောက်အကူပေးသည့် ကြောင်တစ်ကောင်ရှိသည့် အမြင်အာရုံ ချွတ်ယွင်းသူတစ်ဦး)။

အကယ်၍ မသန်စွမ်းမှု နှင့် လိုအပ်ချက် နှစ်ခုစလုံးက ပြတ်ပြတ်သားသားမရှိပါက အိမ်ရာ ပံ့ပိုးသူအနေဖြင့် မသန်စွမ်းမှုရှိပြီး ကျိုးကြောင်းလျော်ညီသည့် နေရာထိုင်ခင်း သို့မဟုတ် မွမ်းမံပြင်ဆင်မှုအတွက် မသန်စွမ်းမှုနှင့် ဆက်စပ်သည့်လိုအပ်ချက်တစ်ခုရှိသည့် အိမ်ငှားသူဆိုင်ရာ စာရွက်စာတမ်းများ တောင်းဆိုနိုင်ပါသည် (ဥပမာ - စိတ်ပိုင်းဆိုင်ရာ အထောက်အကူပေးသည့် တိရိစ္ဆာန်တစ်ကောင်ရှိသည့် စိတ် ကျန်းမာရေးဆိုင်ရာ ရောဂါအမည်တပ်မှုတစ်ခု သို့မဟုတ် စိတ်ထိခိုက်ဖိစီးမှု လွန်ကဲသည့်ရောဂါရှိသူတစ်ဦး)။

အိမ်ရာပံ့ပိုးသူတစ်ဦးအနေဖြင့် **အောက်ပါတို့ကို မမေးနိုင်ပါ**-

- မသန်စွမ်းမှု၏ သဘောသဘာဝ နှင့် ပြင်းထန်မှု
- သင်၏ ဆေးဖက်ဆိုင်ရာ အခြေအနေ သို့မဟုတ် သမိုင်းကြောင်း နှင့်ဆက်စပ်သည့် လျှို့ဝှက်သိုသိပ်မှုဆိုင်ရာ သင်၏ရပိုင်ခွင့်ကို လက်လွှတ်မှု လိုအပ်စေနိုင်သည့် မေးခွန်းများ
- သင်၏ ဆေးဖက်ဆိုင်ရာ မှတ်တမ်းများကို ကြည့်ရှုရန်

အထောက်အကူပေးသည့် တိရိစ္ဆာန်များ

မသန်စွမ်းမှုရှိသူများအတွက် အထောက်အကူပေးသည့် တိရိစ္ဆာန်များသည် အိမ်မွေးတိရိစ္ဆာန်များ မဟုတ်ပါ။ အထောက်အကူပေးသည့် တိရိစ္ဆာန်များမှာ မသန်စွမ်းမှုသူများအတွက် အလုပ်လုပ်ပြီး အထောက်အကူပေးအပ်သည့် သို့မဟုတ် တာဝန်များ ထမ်းဆောင်ပေးသည့် တိရိစ္ဆာန်များဖြစ်ကြသည် - စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ခံစားမှုပိုင်းဆိုင်ရာ မသန်စွမ်းမှုများအတွက် အထောက်အကူပေးခြင်း အပါအဝင်။ စိတ်ခံစားမှုပိုင်းဆိုင်ရာ အထောက်အကူပေးသည့် တိရိစ္ဆာန်များသည် လူတစ်ဦး၏မသန်စွမ်းမှုမှ အတည်ပြုထားသည့် ရောဂါသွင်ပြင်လက္ခဏာများ သို့မဟုတ် သက်ရောက်မှုများကို တစ်ခု သို့မဟုတ် တစ်ခုထက်ပိုပြီးကို လျှော့ချပေးပါသည်။ အထောက်အကူပေးသည် တိရိစ္ဆာန်တစ်ကောင် လိုအပ်သည့်အတွက်ကြောင့် မသန်စွမ်းမှုရှိသူတစ်ဦးအား အိမ်ရာ ပံ့ပိုးသူတစ်ဦးအနေဖြင့် နေထိုင်ရန် မငြင်းဆိုနိုင်ပါ သို့မဟုတ် အိမ်မှ နှင်မချနိုင်ပါ။

မျှတသောအိမ်ရာ အက်ဥပဒေအောက်တွင် အထောက်အကူပေးသည့် တိရိစ္ဆာန်တစ်ကောင်တွင် တရားဝင် လေ့ကျင့်သင်ကြားမှု သို့မဟုတ် လက်မှတ် ရှိရန် မလိုအပ်ပဲ အိမ်ရာ ပံ့ပိုးသူအနေဖြင့် အဆိုပါ တိရိစ္ဆာန်ထံတွင် လက်မှတ်၊ လေ့ကျင့် သင်ကြားပြီးကြောင်း သို့မဟုတ်

ဝန်ဆောင်မှုပေးသည့် တိရိစ္ဆာန်တစ်ကောင်အနေဖြင့် လိုင်စင်ရှိမရှိ သက်သေပြမှု လိုအပ်စေရန် ခွင့်မပြုပါ။ အိမ်မွေးတိရိစ္ဆာန်များအတွက် အရွယ်အစား၊ အလေးချိန် သို့မဟုတ် အမျိုးအစားကို ကန့်သတ်သည့် ပေါ်လစီများက အထောက်အကူပေးသည့် တိရိစ္ဆာန်များအတွက် အကျုံးမဝင်ပါ။ အိမ်မွေးတိရိစ္ဆာန် အခကြေး နှင့်/သို့မဟုတ် အိမ်မွေးတိရိစ္ဆာန်အတွက် စရန်ငွေများကို အထောက်အကူပေးသည့် တိရိစ္ဆာန်များအတွက် ကင်းလွတ်ရမည်။

အလှမ်းမှီရရှိနိုင်မှု နှင့် ဆောက်လုပ်ရေး အသစ်များ

အကယ်၍ အဆောက်အဦးအတွင်း အခန်း လေးခန်း သို့မဟုတ် ပိုပြီးပါပါက နှင့် အခန်းများက ပထမထပ်တွင်ရှိသည်ဖြစ်စေ ဓာတ်လှေကားတစ်ခု ဝန်ဆောင်ပေးသည်ဖြစ်စေ မျှတသောအိမ်ရာ အက်ဥပဒေအောက်တွင် ၁၉၉၁ ခုနှစ် မတ်လ ၁၃ ရက်နေ့ နောက်ပိုင်း အရင်ဆုံး နေထိုင်ရန်အတွက်ဆောက်လုပ်ထားခဲ့သော မိသားစုအများအပြားအတွက် အိမ်ရာသစ်တွင်းရှိ တစ်ထပ်အိမ်ခန်းများကို အလှမ်းမှီရရှိရမည်။ မျှတသောအိမ်ရာ အက်ဥပဒေပါ အလှမ်းမှီရရှိရန် လိုအပ်ချက်များအတိုင်း လိုက်နာသည့်အနေဖြင့် အိမ်ရာတွင် အောက်ပါသွင်ပြင်များ ပါရှိရမည် -

- အလှမ်းမှီရရှိနိုင်သည့် လမ်းကြောင်းတစ်ခုပါသည့် အလှမ်းမှီရရှိနိုင်သည့် အဆောက်အဦး ဝင်ပေါက်တစ်ခု
- အလှမ်းမှီရရှိနိုင်သည့် ပြည်သူပိုင် နှင့် အများသုံး ဧရိယာများ
- ဘီးတပ်ကုလားထိုင်တစ်ခုသုံးသူတစ်ဦး ဖြတ်ဝင်ရန် ခွင့်ပြုသည့် တံခါးများ
- နေထိုင်ရာ နေရာအခန်းအတွင်းသို့ နှင့် ဖြတ်ပြီး သွားလာနိုင်သည့် အလှမ်းမှီရရှိနိုင်သော လမ်းကြောင်း
- မီးခလုတ်များ၊ လျှပ်စစ်မီးပေါက်များ၊ သာမိုစတက် နှင့် အခြား ပတ်ဝန်းကျင်ရှိ ထိန်းချုပ်မှုများ အလှမ်းမှီရရှိနိုင်သည့် နေရာများတွင်းရှိခြင်း
- နောက်ပိုင်းတွင် လက်ကိုင်ဘားများ တပ်ဆင်ရန် ရေချိုးခန်းနံရံများတွင် အားဖြည့်အထောက်အကူများပါရှိခြင်း
- အတွင်း၌ ဘီးတပ်ကုလားထိုင် အသုံးပြုသူတစ်ဦးအား ရှေ့တိုးနောက်ဆုတ် လုပ်ရန်ခွင့်ပြုနိုင်သည့် မီးဖိုခန်းများ နှင့် ရေချိုးခန်းများရှိခြင်း

အကယ်၍ သင်သည် အိမ်ရာဆိုင်ရာ ခွဲခြားဆက်ဆံမှုတွေ့ကြုံရသည်ဟု ထင်မြင်ပါက ဘာလုပ်ပါမလဲ။

အကယ်၍ သင်သည် အိမ်ရာဆိုင်ရာ ခွဲခြားဆက်ဆံမှု တွေ့ကြုံရသည်ဟု ယုံကြည်ပါက သင်၏အမှုကိစ္စအတွက် သက်သေပြရာတွင် ကူညီရန် အဖြစ်အပျက်နှင့် ဆက်စပ်သည့် အမည်များ၊ နေ့စွဲများ နှင့် အသေးစိတ်အချက်များပါသည့် မှတ်တမ်းများ နှင့် စာရွက်စာတမ်းများကို ထိန်းသိမ်းထားရန် အရေးကြီးပါသည်။ အိမ်ရှင်တစ်ဦးအား ဆန့်ကျင်ပြီး အိမ်ရာဆိုင်ရာ ခွဲခြားဆက်ဆံမှု တိုင်ကြားချက်တစ်ခု လိုက်လံရှာဖွေရန် ရွေးချယ်စရာအများအပြားရှိပါသည်။

မျှတသောအိမ်ရာဆိုင်ရာ တိုင်ကြားချက်များကို အဖြစ်အပျက် ဖြစ်ပျက်ခဲ့သည်မှ တစ်နှစ်အထိ အမေရိကန်ပြည်ထောင်စု အိမ်ရာ နှင့် မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေးဌာန တွင် သို့မဟုတ် ပန်ဆိုင်လ်ဗေးနီးယား လူသားရေးရာ ဆက်ဆံမှုများ ကော်မစ်ရှင်ထံတွင် အဖြစ်အပျက် ဖြစ်ပျက်သည်မှ ရက်ပေါင်း ၁၈၀ အထိ ဖိုင်တင်သွင်းနိုင်ပါသည်။ ထပ်ဆောင်းပြီး တရားစွဲဆိုမှုတစ်ခုကို ပြည်ထောင်စုတရားရုံးတွင် နှစ်နှစ်အထိ ဖိုင်တင်သွင်းနိုင်ပါသည်။ အကယ်၍ အိမ်ရှင်တစ်ဦးအနေဖြင့် ခွဲခြားဆက်ဆံခဲ့သည်ဟု တွေ့ရှိပါက အဆိုပါ အိမ်ရာခွဲခြားဆက်ဆံမှုမှ သားကောင်များသည် အခြားရွေးချယ်စရာ အိမ်ရာရယူနေစဉ် ကုန်ကျခဲ့သော အိတ်စိုက် ကုန်ကျစရိတ်များ နှင့် ယင်းအိမ်ရာနှင့် ဆက်စပ်သည့် ထပ်ဆောင်းကုန်ကျစရိတ်တစ်ခုခုကို ပြန်လည်ပေးအပ်ချီးမြှင့်ခြင်း ခံရနိုင်ပါသည်။
အရှက်ရခြင်း၊ စိတ်သောကရောက်ခြင်း သို့မဟုတ် အခြား စိတ်ပိုင်းဆိုင်ရာ ဒါဏ်ရာများအတွက် စီးပွားရေးအရမဟုတ်သည့် ထိခိုက်မှုများကိုလည်း ပြန်လည်ရရှိနိုင်ပါသည်။

အိမ်ရှင် သို့မဟုတ် အိမ်ငှားအတွက် မျှတသောအိမ်ရာဆိုင်ရာ အခမဲ့ အတိုင်ပင်ခံတစ်ဦးရရှိရန်အတွက် သို့မဟုတ် မျှတသောအိမ်ရာဆိုင်ရာ တိုင်ကြားချက်တစ်ခုကို လန်ကက်စတာ နှင့် ယော့ခ် ကောင်တီများအတွင်း ဖိုင်တင်သွင်းရန် နည်းပညာပိုင်းဆိုင်ရာ အထောက်အကူရရှိရန်အတွက် LHOP မျှတသောအိမ်ရာ ဖုန်းလိုင်းကို ဖုန်းနံပါတ် 717-299-7840 တွင် ခေါ်ဆိုပါ သို့မဟုတ် ကျွန်ုပ်တို့၏ www.lhop.org.**ဝက်ဘ်ဆိုက်သို့ ဝင်ရောက်ကြည့်ရှုပါ။**

ပန်ဆိုင်လ်ဗေးနီးယား လူသားရေးရာ ဆက်ဆံရေးများ ကော်မစ်ရှင် ထံတွင် တိုင်ကြားချက်တစ်ခု ဖိုင်တင်သွင်းရန်အတွက် ဖုန်းနံပါတ် 215-560-2496 ကို ခေါ်ဆိုပါ သို့မဟုတ် www.phrc.pa.gov.သို့ ဝင်ရောက်ကြည့်ရှုပါ။

အကယ်၍ သင်သည် ဖီလာဒဲလ်ဖီးယားမြို့တော် သို့မဟုတ် ပန်ဆိုင်လ်ဗေးနီးယားရှိ ဘတ်ခ်၊ ချက်စ်တာ၊ ဒယ်လာဝဲရ်၊ လဟိုင်း၊ မောင်ဂိုမာရီ၊ သို့မဟုတ် နော်သမ်တမ် ကောင်တီများတွင် နေထိုင်ပါက အတိုင်ပင်ခံခြင်း၊ စုံစမ်းစစ်ဆေးခြင်း နှင့် သင်၏အမှုကိစ္စဆိုင်ရာ အခြေအနေအရပ်ရပ်ပေါ် အခြေခံပြီး တင်းကျပ်ရန်အတွက် ရွေးချယ်စရာများ ရရှိရန် အိမ်ရာ သာတူညီမျှ ဖြစ်ရေးစင်တာကို ဖုန်းခေါ်ဆိုနိုင်ပါသည်။ ကျွန်ုပ်တို့အား ဖုန်းနံပါတ် 267-419-8918 သို့မဟုတ် 866-540-FAIR (3247) တွင် ခေါ်ဆိုပါ သို့မဟုတ် info@equalhousing.org တွင် အီးမေးလ် ပို့ပါ သို့မဟုတ် equalhousing.org သို့ ဝင်ရောက်ကြည့်ရှုပါ။

အမေရိကန်ပြည်ထောင်စု အိမ်ရာ နှင့် မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေးဌာနတွင် တိုင်ကြားချက် ဖိုင်တင်သွင်းလိုပါက HUD ၏ အိမ်ရာ ခွဲခြားဆက်ဆံမှု ဟော့တ်လိုင်းအား ဖုန်းနံပါတ် 1-800-669-9777 တွင် ခေါ်ဆိုပါ သို့မဟုတ် www.hud.govသို့ ဝင်ရောက်ကြည့်ရှုပါ။

အိမ်ရာပံ့ပိုးသူမှ ပြုလုပ်သည့် မျှတသော အိမ်ရာဆိုင်ရာ ဖြစ်လေ့ဖြစ်ထရှိသော အမှားများ နှင့် ယင်းတို့ကို မည်သို့ တားဆီးကာကွယ်နိုင်ပုံ

1. **မှတ်တမ်းများ သိမ်းဆည်းထားရန် ပျက်ကွက်ခြင်း**
   မျှတသောအိမ်ရာ ဖြစ်စေမည်ဟု ကတိကဝတ်ရှိသည့် အိမ်ရှင်များပင်လျှင် ၎င်းတို့ကိုယ်တိုင် မျှတသောအိမ်ရာဆိုင်ရာ တိုင်ကြားချက်တစ်ခု - သို့မဟုတ် တရားစွဲဆိုမှုတစ်ခုပင် ရင်ဆိုင်နေရသည်ကို တွေ့ရှိနိုင်ကြသည်။ အိမ်ရာဆိုင်ရာ ခွဲခြားဆက်ဆံမှု တိုင်ကြားချက်တစ်ခုအတွင်း အကောင်းဆုံးခုခံမှုမှာ အိမ်ငှား နှင့် အလားအလာရှိသည့်အိမ်ငှား တို့နှင့် ဘက်ပေါင်းစုံမှအပြန်အလှန်ပြောဆိုမှုများအားလုံးတွင် မျှတသော အိမ်ရာ ဖြစ်စေရန် လေ့ကျင့်လုပ်ဆောင်ခြင်းဖြစ်သည်။

2. **စည်းကမ်း နှင့် သတ်မှတ်ချက်များကို အသုံးချရာတွင် တသမတ်တည်း မဖြစ်ခြင်း**
   စည်းကမ်း နှင့် သတ်မှတ်ချက်များကို တန်းတူညီတူ နှင့် တသမတ်တည်း အသုံးချသင့်ပါသည်။ အကယ်၍ မန်နေဂျာ သို့မဟုတ် အိမ်ရှင်က လက်ရှိ သို့မဟုတ် အနာဂတ် အိမ်ငှားများအတွက် စည်းမျဉ်းများကို ပိုပြီးတင်းတင်းကျပ်ကျပ် အသုံးချခဲ့ပါက ခွဲခြားဆက်ဆံမှုဆိုင်ရာ တိုင်ကြားချက်များကို ဆန့်ကျင်ခုခံရန် ခက်ခဲနိုင်ပါသည်။

3. **တုံ့ပြန် လက်စားချေခြင်း**
   ဥပဒေအရ အကာအကွယ်ပေးထားသည့် သူ သို့မဟုတ် သူမ၏ အခွင့်အရေးများကို လေ့ကျင့်လုပ်ဆောင်သူ တစ်ဦးဦးအား အတင်းတိုက်တွန်းခြင်း၊ ခြောက်လှန့်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ သို့မဟုတ် စွက်ဖက်နှောင့်ယှက်ခြင်းကို မျှတသောအိမ်ရာ အက်ဥပဒေက တရားမဝင်ဖြစ်စေပါသည်။
   ထို့အတွက်ကြောင့် အိမ်ငှားတစ်ဦးက မည်သည့် ပြည်နယ်၊ ဒေသန္တရ သို့မဟုတ် ပြည်ထောင်စု အေဂျင်စီမဆိုဖြင့် တိုင်ကြားချက်တစ်ခု တင်သွင်းပါက အိမ်ရာပံ့ပိုးသူအနေဖြင့် အိမ်ငှားအား ယင်းအခွင့်အရေးကို လေ့ကျင့်လုပ်ဆောင်ခွင့် ပြုရမည်။

4. **အားလုံး အရွယ်ရောက်ပြီးသူ သို့မဟုတ် အရွယ်ရောက်ပြီးသူ စုပေါင်းအိမ်ရာ**
   မိသားစု အဆင့်အတန်း (အသက် ၁၈ နှစ်အောက် ကလေးများ ရှိနေခြင်း) အပေါ် အခြေပြုသည့် ခွဲခြားဆက်ဆံမှုကို တားမြစ်ရန် ၁၉၈၈ ခုနှစ် ညီလာခံက မျှတသော အိမ်ရာ ပြည်ထောင်စု အက်ဥပဒေကို ပြင်ဆင်ခဲ့သည်။ အိမ်ရာကို အသက်အရွယ်ကြီးသူများအတွက်သာဟု အဆင့်အတန်းမသတ်မှတ်ထားပဲနှင့် ကလေးများပါသည့် မိသားစုများကို အိမ်ရာရရှိမှုမှ ဖယ်ထုတ်ခြင်းသည် တရားမဝင်ဖြစ်သည်။

   ပေါ်လစီများ နှင့် လုပ်ထုံးလုပ်နည်းများအနေဖြင့် အသက် ၅၅ နှစ် သို့မဟုတ် အထက်ရှိသူများအတွက် အိမ်ရာ၊ အသက် ၆၂ နှစ် သို့မဟုတ် အထက်ရှိသူများ နေထိုင်သည့်အိမ်ရာ၊ သို့မဟုတ် အသက် ၅၅ နှင့် သို့မဟုတ် အထက်ရှိသူ တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုပြီး နေထိုင်သည့် အခန်း အနည်းဆုံး ၈၀ % ပံ့ပိုးပေးရန် ရည်ရွယ်ချက်တစ်ခု ဖော်ထုတ်ပြသရမည်။

5. **ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် စိုးရိမ်ပူပန်စရာများကြောင့် မိသားစု အဆင့်အတန်းဆိုင်ရာ ဥပဒေများကို ချိုးဖောက်ခြင်း**

   ကလေးများပါသည့် မိသားစုများအား ဆန့်ကျင်ပြီး ခွဲခြားဆက်ဆံမှုကို တားမြစ်သည့် ဥပဒေများဖြင့် ပဋိပက္ခဖြစ်မှုကို ရှောင်ရှားရန် ဘေးအန္တရာယ်ကင်းရှင်းရေး စည်းမျဉ်းများကို ဂရုတစိုက် ထုတ်ဖော်ရပါမည်။ မန်နေဂျာ သို့မဟုတ် အိမ်ရှင်တစ်ဦးအနေဖြင့် ဘေးအန္တရာယ်ကင်းရှင်းရေး စည်းမျဉ်းများကို အကောင်အထည်ဖော်ရန် ကြိုးစားစဉ်တွင် ဥပဒေကို မသိလိုက်ပဲ ချိုးဖောက်မိနိုင်ပါသည်။ တရားမဝင်သည့် အလေ့အထများတွင် ရေကူးကန် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စိုးရိမ်ပူပန်စရာကြောင့် ကလေးငယ်များပါသည့် မိသားစုများကို အိမ်ငှားရန် ငြင်းဆန်ခြင်း၊ အပန်းဖြေအနားယူသည့် ဧရိယာများကို ကလေးများအသုံးပြုခြင်းကို တားမြစ်ခြင်း၊ နှင့် ဝရန်တာပါသည့် အထပ်မြင့်များကို ကလေးများပါသည့် မိသားစုများအား ငှားရမ်းရန် ငြင်းဆန်ခြင်း တို့ ပါဝင်ပါသည်။

6. **မသန်စွမ်းမှုတစ်ခုရှိသူများအား ကျိုးကြောင်းလျော်ညီစွာ နေရာထိုင်ခင်းပေးရန် ပျက်ကွက်ခြင်း**
   ယင်းသည် ဒေသန္တရ၊ ပြည်နယ် နှင့် ပြည်ထောင်စု မျှတသောအိမ်ရာ အက်ဥပဒေကို ချိုးဖောက်မှုတစ်ခုဖြစ်ပါသည် -

   - မသန်စွမ်းမှုရှိသူတစ်ဦးအား အိမ်ငှားရန် ငြင်းဆန်ခြင်း၊
   - အိမ်ငှားသူအနေဖြင့် နေထိုင်ရာ နေရာကို အသုံးပြုပြီး ကြည်နူးခံစားနိုင်စွမ်းရှိစေရန်အတွက် မရှိမဖြစ်လိုအပ်နိုင်သည့် မွမ်းမံပြင်ဆင်မှုမျိုး လိုအပ်ချိန်တွင် ကျိုးကြောင်းလျော်ညီသည့် မွမ်းမံပြင်ဆင်မှုပေးရန် ငြင်းဆန်ခြင်း၊

- အိမ်ငှားသူအနေဖြင့် နေထိုင်ရာ နေရာကို အသုံးပြုပြီး ကြည်နူးခံစားနိုင်စွမ်းရှိစေရန်အတွက် ခွင့်ပြုမည့် နေရာထိုင်ခင်းမျိုး လိုအပ်ချိန်တွင် ပေါ်လစီများ၊ အလေ့အထများ၊ လုပ်ထုံးလုပ်နည်းများ၊ သို့မဟုတ် ဝန်ဆောင်မှုများ ကင်းလွတ်ခွင့်ပေးရန် သို့မဟုတ် မွမ်းမံပြင်ဆင်ရန် ငြင်းဆန်ခြင်း။

မသန်စွမ်းမှုရှိသည့် အိမ်ငှားများထံမှ နေရာထိုင်ခင်းပေးရန် နှင့် မွမ်းမံပြင်ဆင်ပေးရန် တောင်းဆိုချက်သည် ကျိုးကြောင်းလျော်ညီရမည်၊ သို့ပါသော်လည်း သင်၏ အိမ်ခြံမြေကို ပြည်ထောင်စု ထောက်ပံ့ငွေ (အခန်း ၈၊
အိမ်ခြံမြေ အခွန်ကြွေး၊ အိမ်ရာ အာဏာပိုင်၊ စသဖြင့်) လက်ခံပါက သင့်အနေဖြင့် နေရာထိုင်ခင်း သို့မဟုတ် မွမ်းမံပြင်ဆင်မှုအတွက် ငွေပေးချေရန် လိုအပ်နိုင်ပါသည်။ ဆေးဖက်ဆိုင်ရာ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာကုထုံး အပိုင်းတွင်းရှိသူတစ်ဦးထံမှ မသန်စွမ်းမှုဆိုင်ရာ စာရွက်စာတမ်း တောင်းဆိုရန်အခွင့်အရေး စီမံခန့်ခွဲရေးတွင် ရှိပါသည်။ နေရာထိုင်ခင်းလုပ်ပေးရန် တောင်းဆိုချက်က မလိုလားအပ်သည့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ သို့မဟုတ် ငွေကြေးအရ ဝန်ထုတ်ဝန်ပိုးတစ်ခု မဖြစ်သင့်ပါ၊ သို့ဖြစ်ပါ၍ မွမ်းမံပြင်ဆင်မှုကို အနာဂတ် အိမ်ငှားများအသုံးမပြုနိုင်ပါ အိမ်ခြံမြေကို ၄င်း၏ မူလအခြေအနေအတိုင်းပြန်အပ်ရန် အိမ်ငှားအနေဖြင့် အာမခံငွေထားသင့်ပြီး သူ သို့မဟုတ် သူမအနေဖြင့် လက်မှတ်ရ ကန်ထရိုက်တာတစ်ဦးဖြင့် ပြောင်းလဲမှုများပြုလုပ်ရန် တောင်းဆိုနိုင်ပါသည်။

မှတ်ချက် - လန်ကက်စတာ ကောင်တီ၊ ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းမှုရှိသူများအတွက် အိမ်ရာ ရှားပါးနေပါသဖြင့် သင့်ထံတွင် မွမ်းမံပြင်ဆင်ထားသော အခန်းတစ်ခု ရှိပါက လျှင်လျှင်မြန်မြန် ငှားရမ်းရန် ဖြစ်နိုင်သည့် ဈေးကွက်ဝင် အိမ်ခြံမြေတစ်ခု ဖြစ်ပါသည်။

ဥပမာ - အိမ်ငှားက ကျိုးကြောင်းလျော်ညီသော နေရာထိုင်ခင်းတစ်ခု တောင်းဆိုပါက ကားရပ်နားရန် နေရာများကို ပုံမှန်အားဖြင့် အိမ်ငှားများအတွက် မသတ်မှတ်ပေးသည့်တိုင် အိမ်ရှင်တစ်ဦးအနေဖြင့် လှုပ်ရှားသွားလာရာတွင် ချွတ်ယွင်းချက်ရှိသော အိမ်ငှားတစ်ဦး အတွက် ကားရပ်နားရန်နေရာတစ်ခု သတ်မှတ်ပေးရန် လိုအပ်နိုင်ပါသည်။ ယင်းနေရာသည် အလွယ်တကူအလှမ်းမီသည့် လမ်းကြောင်းနှင့် အနီးဆုံးဖြစ်သင့်ပါသည်။

7. မှျတသောအိမ်ရာဆိုင်ရာ သင်၏ ကတိကဝတ်ကို မန်နေဂျာများ နှင့် သင့်ကုမ္ပဏီ၏ အေးဂျင့်များအားလုံးသို့ ရှင်းရှင်းလင်းလင်း လက်ဆင့်ကမ်းပေးရန် ပျက်ကွက်ခြင်း

မှျတသောအိမ်ရာဆိုင်ရာ တိုင်ကြားချက် အတော်များများက အငှားချထားသည့် အေးဂျင့်၊ မန်နေဂျာ သို့မဟုတ် အလုပ်ကို အဆုံးသတ်ပြီး အစစအရာရာကို အိမ်ရှင်၏တာဝန်အဖြစ် ချန်ထားရစ်ခဲ့သော ပြုပြင်ထိန်းသိမ်းရေး ဝန်ထမ်းတစ်ဦးပြုလုပ်ခဲ့သည့် မေးခွန်းမေးစရာရှိသည့် တစ်ခုတည်းသော အိမ်ငှားချထားရေးဆုံးဖြတ်ချက် မှပေါ်ထွန်းလာပါသည်။ အိမ်ငှားများ နှင့် ဝန်ထမ်းတို့အား မှျတသောအိမ်ရာအပေါ် ထားရှိသည့် သင်၏ ကတိကဝတ်အကြောင်း သတိပေးပါ။ ထင်ရှားသည့် နေရာများတွင် မှျတသောအိမ်ရာအကြောင်း ပိုစတာများ ပြသထားပါ။
မှျတသော အိမ်ရာအပေါ် ထားရှိသည့် သင်၏ ကတိကဝတ်ဆိုင်ရာ ကြေငြာချက်ကို အိမ်ငှားများ နှင့် ဝန်ထမ်းတို့ထံ လူထုသတင်းစာများ သို့မဟုတ် စာစောင်အတွင်း ကာလအလိုက် ဖြန့်ဖြူးပေးပါ။

8. ဝန်ထမ်းအားလုံးအား လေ့ကျင့်သင်ကြားပေးရန် ပျက်ကွက်မှု

ဥပဒေများ ပြောင်းလဲမှု။ ညီလာခံက ဥပဒေသစ်များ နှင့် ပြင်ဆင်ချက်သစ်များကို အတည်ပြုလိုက်သည်။ တရားရုံး ဆုံးဖြတ်ချက်များက ရှိလက်စဥပဒေများအပေါ် အဓိပ္ပါယ်သစ်များ ထပ်ဆောင်းထည့်ပေးသည်။ မန်နေဂျာ၊ အငှားချထားရေးမှ အေးဂျင့်၊ သို့မဟုတ် ပြုပြင်ထိန်းသိမ်းရေးဝန်ထမ်းတို့က ဥပဒေပြောင်းလဲသွားခဲ့သည်ကို သတိမမူမိပဲ ဥပဒေကို အမှတ်မထင် ချိုးဖောက်လိုက်နိုင်သည်။
သင်၏ဝန်ထမ်းတစ်ဖွဲ့လုံးအား မှျတသောအိမ်ရာ ဆိုင်ရာ လေ့ကျင့်သင်ကြားရေး ဆွေးနွေးပွဲတစ်ခုတွင် တစ်နှစ်လျှင် တစ်ကြိမ် တက်ရောက်စေပါ။ အကယ်၍ သင်၏စီးပွားရေးသည် လန်ကက်စတာ နှင့် ယော့ခ်ကောင်တီများတွင်း ရှိပါက လေ့ကျင့်သင်ကြားမှုကို LHOP ရှိ အိမ်ရာ တန်းတူညီတူ ရရှိရေးနှင့် သာတူညီမျှဖြစ်ရေး အင်စတီကျုတို့မှ ပံ့ပိုးပေးပါသည်။ ဖုန်းနံပါတ် (717) 291-9945 လိုင်းခွဲ 109 ကိုခေါ်ဆိုပါ။

9. ကျိုးကြောင်းမလျော်ညီသည့် နေထိုင်ပုံ စံချိန်စံညွှန်းများ

ဒေသန္တရ နေထိုင်ပုံ စံချိန်စံညွှန်းများ သီးသန့်မရှိသည့်နေရာတွင် လူနှစ်ယောက်လျှင် အိပ်ခန်းတစ်ခန်း နေထိုင်ရေး ကန့်သတ်ချက်က ကျိုးကြောင်းလျော်ညီသည်ဟု ယူဆသည်ဟု အိမ်ရာ နှင့် မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေး ဌာနက ထုတ်ပြန်ပါသည်။ သို့သော် အခြေအနေရပ်များအပေါ် မူတည်ပြီး ယင်းသို့သော ကန့်သတ်ချက်တစ်ခုက

စိန်ခေါ်မှုဖြစ်စေနိုင်ပြီး အိပ်ခန်းတစ်ခန်းလျှင် လူနှစ်ဦးထက်နည်းသည့် မည်သည့်အရာမဆိုက ကလေးများရှိသည့် မိသားစုများအား ဆန့်ကျင်ပြီး ဆိုးကျိုးသက်ရောက်မှုတစ်ခု ဖြစ်စေခြင်းဖြင့် မျှတသောအိမ်ရာ ဥပဒေများကို ချိုးဖောက်နိုင်ပါသည်။ ထို့အပြင် ရှိလက်စ မည်သည့် နေထိုင်ပုံ စံချိန်စံညွှန်းများမဆိုကိုလည်း တသမတ်တည်း ကျင့်ကြံရမည်။

10. **သင်၏ အိမ်ငှားများနှင့် ဆက်သွယ်ပြောဆိုရန် ပျက်ကွက်မှု**

"ထိရောက်သည့် ဆက်သွယ်ပြောဆိုပုံဆိုင်ရာ ကျွမ်းကျင်မှုများ" က အသုံးအလွန်အကျွံများသည့် စကားစုတစ်ခုဖြစ်နိုင်ပါသော်လည်း အိမ်ရှင်-အိမ်ငှား ဆက်ဆံရေးများတွင်မူ တန်ဖိုးမဖြတ်နိုင်သည့် စကားစုတစ်ခုဖြစ်သည်။ ၄င်းတို့၏ အိမ်ရာအနေအထားအပေါ် အဆိုးဖက်မှသက်ရောက်မှုတစ်ခုရှိနိုင်သည့် သင်ပြုလုပ်သော မည်သည့်ဆုံးဖြတ်ချက်မဆို သို့မဟုတ် လုပ်ဆောင်ချက်မဆိုကို သင်၏အိမ်ငှားများအား ရှင်းရှင်းလင်းလင်း လက်ဆင့်ကမ်းပြီး စိတ်ရှည်လက်ရှည် ရှင်းပြပါ။ ဥပမာ - ချိုးဖောက်မှု 'မလုပ်ရန် သတိပေးချက်' တစ်ခုတွင်းရှိ ခွန်အားကြီးသော စကားရပ်က အိမ်ငှားများသည် ၄င်းတို့အနေဖြင့် အိမ်မှနှင်ချခံရသည်ဟု မကြာခဏ အရိပ်အမြွက် ပြလေ့ရှိသည်။ သတိပေးချက်၏ ရည်ရွယ်ချက်မှာ အတည်ပြုခဲ့သည့် ချိုးဖောက်မှုကို ပြင်ဆင်ရန်ဖြစ်ကြောင်း အိမ်ငှားအား ရှင်းပြပါ။ ယင်းက မျှတသောအိမ်ရာဆိုင်ရာ အေဂျင်စီသို့ ဖုန်းခေါ်ဆိုရမှုမှ ကာကွယ်ပေးနိုင်ပါသည်။

မျှတသော အိမ်ရာ အက်ဥပဒေဆိုင်ရာ ထပ်ဆောင်းအချက်အလက်များ

မျှတသောအိမ်ရာ အက်ဥပဒေမှ ကာကွယ်ပေးထားသော အိမ်ရာ

မျှတသော အိမ်ရာဆိုင်ရာ ပြည်ထောင်စု အက်ဥပဒေ နှင့် ပန်ဆိုင်လ်ဗေးနီးယား လူသားရေးရာ ဆက်ဆံရေးများ အက်ဥပဒေအရ အောက်ပါအိမ်ရာများကို ယင်းအက်ဥပဒေများအောက်တွင် ကာကွယ်ပေးထားပါသည် -

- ငှားရမ်း သို့မဟုတ် အငှားချထားသည့် လူနေအိမ်ခန်းများ
- ရွေ့လျားအိမ် ရပ်နားစခန်းများ
- ငွေကြေးအထောက်အပံ့ရယူထားသော၊ ရောင်းချပြီးသော သို့မဟုတ် ငှားရမ်းထားသော အိမ်ရာ
- ကွန်ဒိုမီနီယမ်များ
- ငွေကြေးအထောက်အပံ့ရယူထားသော၊ ရောင်းချပြီးသော သို့မဟုတ် ငှားရမ်းထားသော မြေ

အိမ်ရာဆိုင်ရာ ခွဲခြားဆက်ဆံမှုက တန်ဖိုးကြီးနိုင်ပါသည်

- မျှတသောအိမ်ရာ ဥပဒေများအောက်တွင် အမှန်တကယ် နှင့် ပြစ်ဒဏ်ချမှတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှု သာမက ပြန်လည်ရရှိသော တရားရုံးကုန်ကျစရိတ်များ နှင့် ဥပဒေရေးရာ အခကြေးငွေများကို နစ်နာသူများအား ချီးမြှင့်ပေးနိုင်ပါသည်။ ထပ်ဆောင်းပြီး အရပ်သားပြစ်ဒဏ်များကိုလည်း ချမှတ်နိုင်ပါသည်။
- အခြား သာတူညီမျှရှိသည့် သက်သာစေရေးတွင် တိုင်ကြားချက်တွင်းပါဝင်သော နေထိုင်ရာ အခန်း သို့မဟုတ် အလားတူအခန်းတစ်ခုကို အလှမ်းမီရရှိနိုင်ရေး နှင့် အဆိုပါ နေထိုင်ရာနေရာနှင့် ဆက်စပ်သည့် ဝန်ဆောင်မှုများ သို့မဟုတ် အဆောက်အအုံများ ပြဌာန်းပေးခြင်းတို့ ပါဝင်သော်လည်း ယင်းတို့သာဟု ကန့်သတ်မထားပါ။
- ခွဲခြားဆက်ဆံမှုရှိသော အိမ်ရာဆိုင်ရာ အလေ့အကျင့်များနှင့် သင့်လျော်သည့် တရားရုံးမှသက်သာခွင့်ရစေရေးသည်လည်း ပြဿနာတစ်ရပ်ဖြစ်လာနိုင်ပါသည်။

သင့်ကိုယ်သင် ကာကွယ်ပါ

- တိုင်ကြားချက်များအားလုံးကို အလေးအနက်သဘောထားပါ။
- မေးခွန်းများမေးရန် မကြောက်ပါနှင့် သို့မဟုတ် တိုင်ကြားချက်ကို စုံစမ်းစစ်ဆေးနေသည့် အေဂျင်စီထံမှ ဖြေရှင်းချက်တစ်ခု ရယူပါ။
- အချိန်ကြိုတင်ပြီး ပေါ်လစီများ၊ လုပ်ထုံးလုပ်နည်းများ၊ နှင့် လမ်းညွှန်ချက်များ စာဖြင့်ရေးသားဖော်ထုတ်ထားပြီး ကိစ္စရပ်တိုင်းတွင် ယင်းတို့အတိုင်း လိုက်နာပါ။
- လုပ်ဆောင်မှုများ၊ ပေါ်လစီများ နှင့် လုပ်ထုံးလုပ်နည်းများအားလုံးကို တရားဝင်ပြီး၊ ခွဲခြားဆက်ဆံမှုမပြုသည့် စီးပွားရေး အချက်အလက်များအပေါ် အခြေပြုကြောင်း သေချာအောင်လုပ်ပါ။
- အဆိုပါ ပေါ်လစီများ၊ လုပ်ထုံးလုပ်နည်းများ၊ နှင့် လမ်းညွှန်ချက်များကို အလားတူ အမှုကိစ္စရပ်များတွင် လိုက်နာခဲ့ကြောင်း ဖော်ထုတ်ပြသရန် တိကျပြီး၊ ပြည့်စုံသော မှတ်တမ်းမှတ်ရာများ အဆင်သင့်ရှိပါစေ။

Rental Advantage Course

Promoting stable tenancy through renter education

Lancaster Housing Opportunity Partnership

သင့်ရဲ့
တောက်ပသောအနာဂတ်
ဆီသို့ ဂိတ်ပေါက်

အောက်ပါအကြောင်းအရာများအပေါ် သင်၏နားလည်သဘောပေါက်မှုကို မြှင့်တင်ပေးရန်
ဖော်ထုတ်ထားသည့် ၈ နာရီကြာ လက်မှတ်ရ အိမ်ငှားရမ်းမှု ပညာပေးသင်တန်း -

အကြွေးအခြေခံ - ထိရောက်သည့် အိမ်ရှင်/အိမ်ငှား ပြောဆိုဆက်သွယ်မှု

သင်၏ ကိုယ်ပိုင်သမိုင်းကြောင်း ပိုင်ဆိုင်ရေး နှင့် ဆွေးနွေးရေး - အိမ်ငှားရမ်းမှုဆိုင်ရာ အခြေခံများ

နှင့် လုပ်ငန်းတွင်းရှိ ကျွမ်းကျင်သူများထံမှ ထပ်ဆောင်းအချက်များ

ယနေ့ပဲ စာရင်းသွင်းလိုက်ပါ
www.lhop.org သို့မဟုတ် 717-291-9945 လိုင်းခွဲ 100 ကို ခေါ်ဆိုပါ

သင်တန်းကြေး ၂၅ ဒေါ်လာ ပေါ့ပေါ့ပါးပါး နံနက်စာ နှင့် နေ့လည်စာ ပါဝင်သည်။
ကျွန်ုပ်တို့၏ ပညာသင်ဆု အခွင့်အလမ်းများအကြောင်း မေးမြန်းပါ။

ရံပုံငွေ ရရှိအောင် ပြုလုပ်ပေးသူများ -

LANCASTER COUNTY Redevelopment Authority

CITY OF LANCASTER *A City Authentic*

သင်ရိုးညွှန်းတမ်း ပူးပေါင်းလုပ်ဆောင်သူများ -

PHFA

SDHP

JR

ထည့်သွင်းစဉ်းစားရန် အချက်များ
အိမ်မငှားမီ

အိမ်ခန်းတစ်ခန်းရှာသောအခါတွင် ထည့်သွင်းစဉ်းစားရန် အချက်များစွာရှိပါသည်။ အောက်ပါတို့သည် ထည့်သွင်းစဉ်းစားရန် အရေးအကြီးဆုံးအချက်များမှ အချို့ဖြစ်ပြီး သင်၏ အိမ်ရှာဖွေမှု နှင့် လွတ်နေသောအခန်းများကို ကြည့်ရှုမှု စတင်သည်နှင့် စိတ်တွင်းထည့်ထားရမည့် အရာများဖြစ်သည်။

ကုန်ကျစရိတ်

အိမ်ခန်းအတွက် စရိတ်တတ်နိုင်ပါရဲ့လား။ သင်၏ အိမ်ငှားခနှင့် ရေမီးအသုံးစရိတ်များက သင်၏လစဉ်ဝင်ငွေ၏ ၄၀%သာ တက်သင့်သည်။ လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း အိမ်ငှားစရိတ်များ တက်လာခဲ့ပါသလား။ ဘယ်လောက်တက်ခဲ့ပါသလဲ။ အိမ်ငှားခထဲတွင် ဘာတွေပါပါသလဲ။ အနွေးဓာတ်၊ ဂက်စ်၊ လျှပ်စစ်မီး၊ ရေနွေး၊ ရေ/မိလ္လာ၊ စွန့်ပစ်ပစ္စည်း ပြန်လည်ပတ်ရေး နှင့် အမှိုက်စွန့်ပစ်ရေးအတွက် ငွေပေးရန် မည်သူ့ထံတွင် တာဝန်ရှိကြောင်း ရှာဖွေပါ။ လစဉ် ရေမီးကုန်ကျစရိတ်များအတွက် ရာဇဝင်တစ်ခုကိုမေးပါ သို့မှသာ ဘာကိုမျှော်မှန်းထားရမည်ကို သင်သိနိုင်ပါသည်။

တည်နေရာ

နေအိမ်က သင်၏အလုပ်၊ ကျောင်း၊ နေ့ကလေးထိန်း၊ အများသုံး သယ်ယူပို့ဆောင်ရေး၊ ဈေးဝယ်၊ နှင့် ဆေးဖက်ဆိုင်ရာ စောင့်ရှောက်မှုသို့ သွားရန် အဆင်တပြေရှိပါသလား။

လုံခြုံရေး

အိမ်ခြံမြေ နှင့် ပတ်ဝန်းကျင်ဧရိယာများကို ကောင်းကောင်းမွန်မွန်ထိန်းသိမ်းထားပြီး ဘေးအန္တရာယ် ကင်းပါရဲ့လား။ တံခါးများ၊ ပြတင်းပေါက်များ နှင့် အဆောက်အဦးအဝင်ဝများတွင် ဘေးကင်းစွာအလုပ်လုပ်သည့် သော့များရှိပြီး အရေးပေါ်တစ်ခုရှိသည့် ဖြစ်ရပ်တွင် အပြင်ထွက်ရန်အတွက် အားလုံးကို အသုံးပြုနိုင်ပါရဲ့လား။

ကျန်းမာရေး

ကြွက်များ သို့မဟုတ် အင်းဆက်များရှိသည့် သက်သေသာဓက ရှိပါသလား။ အကယ်၍ ယင်းသို့သော ပြဿနာတစ်ခုပေါ်ထွန်းလာပါက အိမ်ရှင်က ယင်းတို့ကို အမြိုးဖြုတ်ရန်အတွက် ငွေပေးပါမည်လား။ ဆေးများ အချပ်လိုက် ကွာကျနေပါသလား။ အထူးသဖြင့် သင့်ထံတွင်ကလေးများရှိပါက ခဲပါသည့် သုတ်ဆေးကြောင့် ခဲဆိပ်သင့်မှုကို သတိပြုပါ။

မီး ဘေးအန္တရာယ်/ မီးခိုး ဖမ်းစက်

မီးဘေးမှလွတ်မြောက်ရေး လမ်းကြောင်းများကို ရောက်ရှိရန် လွယ်ကူပါရဲ့လား။ မီးသတ်ဆေးဘူးတစ်ခု အလွယ်တကူ အလှမ်းမှီရရှိနိုင်ပါသလား။ မီးခိုးဖမ်းစက်များ ရှိပါသလား။ မီးခိုးဖမ်းစက်များက အလုပ်လုပ်ပါရဲ့လား။ ယင်းတို့အား ပြုပြင်ထိန်းသိမ်းရန်အတွက် မည်သူ့ထံတွင် တာဝန်ရှိပါသလဲ။ ပန်ဆိုင်လ်ဗေးနီးယား ဥပဒေအရ အိမ်ရှင်အနေဖြင့် အခန်းတိုင်းတွင် အလုပ်လုပ်သည့် မီးခိုး သတိပေးခေါင်းလောင်းများ တပ်ပေးထားရန် လိုအပ်စေသည်။

အိမ်နီးနားချင်းများ

အိမ်ခန်းက တိတ်ဆိတ်ပါရဲ့လား။ သင်၏ ဘေးဖက်၊ အပေါ်ဖက် သို့မဟုတ် အောက်ဖက်ရှိ အိမ်နီးချင်းများ၏ အသံကို သင်ကြားနိုင်ပါသလား။
စုပေါင်းအိမ်ခန်းအဆောက်အဦးတွင်းရှိ အခြားသူများအား ယင်းနေရာတွင် နေထိုင်ရာ၌ အပြုသဘောဆောင်သည့် အချက်များ နှင့် အဆိုးသဘောဆောင်သည့် အချက်များအကြောင်းကို မေးမြန်းပါ။

တည်ဆောက်မှုပိုင်းဆိုင်ရာ

လှေကားများက ဘေးအန္တရာယ်ကင်းပြီး မီးကောင်းကောင်း လင်းပါရဲ့လား။ ပြတင်းများက ပြန်းစားနေပါသလား။ သစ်သားက အက်ကွဲ၊ ပုပ်ပွပြီး ရေထိ၍ ပျက်စီးမှုများ၊

သို့မဟုတ် ခြစားထားခြင်း ရှိပါသလား။ အိမ်ရှင်က မုန်တိုင်းဒဏ်ခံနိုင်သည့် ပြတင်းများ၊ ကန့်လန့်ကာများ နှင့် နေကာများ တပ်ပေးထားပါသလား။ ကြမ်းခင်းများက တောင့်တင်းပြီး အပေါက်များ၊ အက်ရာများ သို့မဟုတ် သစ်စသစ်နထွက်နေခြင်းများ မရှိပါဘူးလား။ ကျောက်ပြား သို့မဟုတ် ကြမ်းခင်းဘုတ်ပြားများ တစ်ခုခုလွတ်မနေကြောင်း သေချာအောင်လုပ်ပါ။ နံရံများအတွင်း အက်ရာများ သို့မဟုတ် အပေါက်များတစ်ခုခုရှိပါသလား။ ပလာစတာများ လျော့တိလျော့ရဲဖြစ်ခြင်း သို့မဟုတ် ပြုတ်ကျနေခြင်းမရှိကြောင်း သေချာအောင်လုပ်ပါ။ နံရံများ နှင့် မျက်နှာကြက်များကို ဆေးသုတ်ထားပါသလား သို့မဟုတ် နံရံကပ်စက္ကူများကပ်ထားပြီး အက်ရာများ မရှိပါဘူးလား။

ရေမီး

အပူဓာတ် - မီးလင်းဖို သို့မဟုတ် အခြား အပူဓာတ်ပေးသော ရင်းမြစ်များကို စစ်ဆေးပါ။ အပူပေးသည့်ရင်းမြစ်သည် အလွယ်တကူ လက်လှမ်းမှီပြီး ထိထိရောက်ရောက် အလုပ်လုပ်ကြောင်း သေချာအောင်လုပ်ပါ။ ပြတင်းပေါက်များ နှင့် တံခါးများကြားမှ လေဝင်မှုရှိမရှိ စစ်ဆေးပါ။

ရေ - ရေပူ နှင့် ရေအေး အဆက်မပြတ် စီးဆင်းမှု ရှိသင့်သည်။ ရေဖိအား ပြင်းမပြင်းသိရှိရန် စစ်ဆေးပါ။ ပိတ်သည့် အဆို့ရှင်များကို နေရာကြည့်ထားပါ။

မိလ္လာ - အိမ်သားများက သေသေချာချာ ရေဆွဲချ၍ ရပါသလား။ လက်ဆေးကန်များနှင့် ရေပိုက်ခေါင်းများတွင် ရေစီးရေလာ ပြဿနာတစ်ခုခုရှိမရှိ စစ်ဆေးပါ။ ရေပိုက်ခေါင်းများ နှင့် အိမ်သာများ ပတ်လည်ရှိ ကြမ်းခင်းက မြဲမြံပြီး တောင့်တင်းမှု ရှိပါရဲ့လား။

လျှပ်စစ် - လျှပ်စစ်မီးထိုးပေါက်များ အလုံအလောက် ရှိပါရဲ့လား။ ဝိုင်ယာကြိုးက အခန်းသို့ သင်ယူလာချင်နိုင်သော အသုံးအဆောင်တစ်ခုခုကို ဓာတ်အားပေးရန် လုံလောက်ပါရဲ့လား။ ပြတ်တောက်နေသော သို့မဟုတ် ဖွာလန်ထွက်နေသော ဝိုင်ယာကြိုး သို့မဟုတ် ဝိုင်ယာကြိုးမှ တွဲလောင်းကျနေသည့် မီးလုံးတပ်ဆင်သည့်နေရာများ သည် ဘေးရန်များနိုင်သောကြောင့် ယင်းတို့ရှိမရှိ ရှာဖွေကြည့်ရှုပါ။ ဖြူးစ် ပုံးများ နှင့် ဘရိတ်ကာများရှိသည့်နေရာကို ရှာပါ။

အမှိုက်စွန့်ပစ်မှု - အမှိုက်စွန့်ပစ်ရေး ပေါ်လစီက ဘာပါလဲ။ အမှိုက်ထည့်သည့် ပုံးများ သို့မဟုတ် အမှိုက်ပုံးကြီးများရှိပါသလား။ ၄င်းတို့က ကြွက်ရန်မှ လုံခြုံပါရဲ့လား။

အပူပေးခြင်း၊ လေဝင်လေထွက် နှင့် အဲကွန်ဒီရှင်း

အဲကွန်း နှင့် အပူပေးမှုအတွက် ထိန်းချုပ်မှုများကို သင် အလှမ်းမှီပါသလား။ သင့်အနေဖြင့် အပူချိန်ကို ထိန်းချုပ်နိုင်ပါသလား၊ သို့မဟုတ် အိမ်ရှင်က အပူချိန်ကို ထိန်းချုပ်ပါမည်လား။ ယေဘုယျအားဖြင့် အပူပေးခြင်းက အိမ်ငှားခတွင်းပါဝင်ပါက အိမ်ရှင်က အပူချိန်ကို ထိန်းချုပ်ပါသည်။

စတိုခန်း

ငှားထားသည့် အခန်း အတွင်း/အပြင်တွင် စတိုခန်းနေရာတစ်ခု ရှိပါသလား။

ပရိဘောဂ နှင့် အသုံးအဆောင်များ

အိမ်ခန်းထဲတွင် ဘာတွေပါပါသလဲ။ ရေခဲသေတ္တာ၊ အဝတ်လျှော်စက် နှင့် အဝတ်ခြောက်စက်၊ အဝတ်လှမ်းသည့်အရာများ၊ နေကာများ၊ ကောဇော၊ သို့မဟုတ် အခြား ပရိဘောဂများ ငှားထားသည့်အခန်းတွင်း ပါဝင်ပါသလား။ ယင်းပစ္စည်းများ ပြုပြင်ရန် လိုအပ်ပါက ငွေပေးရန် မည်သူ့ထံတွင် တာဝန်ရှိပါသလဲ။

အဝတ်လျှော်ခန်း

ယင်းက ဘေးအန္တရာယ်ကင်းပြီး လုံခြုံပါရဲ့လား။ ယင်းက သန့်ရှင်းပြီး မီးကောင်းကောင်း လင်းပါရဲ့လား။ ယင်းကို ၂၄ နာရီ ဖွင့်ပါသလား သို့မဟုတ် အချို့သော အချိန်နာရီများတွင် ဝင်ရောက်မှုကို ကန့်သတ်ထားပါသလား။ ယင်းကို နေထိုင်သူများ အသုံးပြုရန်အတွက်သာ ကန့်သတ်ထားပါသလား။

အိမ်ငှားရန် လျှောက်ထားခြင်း

အလားအလာရှိသည့် အိမ်ငှားမည့်သူတစ်ဦးအား အိမ်ရှင်တစ်ဦးမှ မေးမြန်းနိုင်သည့် မေးခွန်းများ

အိမ်ရာ ပံ့ပိုးသူက လျှောက်ထားသူ၏ အိမ်ငှားအတွက် လိုအပ်ချက်များ ပြည့်မီနိုင်စွမ်းရှိမရှိ မေးမြန်းစုံစမ်းနိုင်ပါသည်။ သင့်အနေဖြင့် အိမ်ငှားခ ပေးနိုင်ရန် ဝင်ငွေအလုံအလောက် ရှိမရှိ၊ သင်သည် အဆောက်အဦး၏ စည်းမျဉ်းများအတိုင်း လိုက်နာရန် ဆန္ဒ ရှိမရှိ၊ နှင့် ငှားရမ်းမှုနှင့် တိုက်ရိုက် ဆက်စပ်သည့် အခြားမေးခွန်းများကို အိမ်ရှင်က မေးမြန်းနိုင်ပါသည်။ အိမ်ရာ ပံ့ပိုးသူတစ်ဦးအနေဖြင့် အကြွေးများရှိမရှိ သို့မဟုတ် ရာဇဝတ်မှုနောက်ကြောင်းရှိမရှိ စစ်ဆေးမှုများကဲ့သို့သော အလားအလာရှိသည့်အိမ်ငှားအား အကြွေးပေးရန်ဖြစ်မဖြစ် ဆန်းစစ်သုံးသပ်ရန် ဒီဇိုင်းထုတ်ထားသည့် တသမတ်တည်းဖြစ်၊ ရည်ရွယ်ချက်ရှိပြီး ခွဲခြားဆက်ဆံမှုမပြုသည့် စံချိန်စံညွှန်းများကိုလည်း မွေးစားယူကာ အသုံးချနိုင်ပါသည်။ အိမ်ရာ ပံ့ပိုးသူတစ်ဦးမှ မေးမြန်းသော မည်သည့်မေးခွန်းမဆိုကို လူမျိုး၊ အသားအရောင်၊ ဘာသာ၊ ဇာတိနိုင်ငံ၊ ယောက်ျား မိန်းမ ဖြစ်တည်မှု၊ မိသားစု အဆင့်အတန်း သို့မဟုတ် မသန်စွမ်းမှုအပေါ် မူမတည်ပဲ တန်းတူအခွင့်အလမ်းတစ်ခုအပေါ် အခြေခံပြီး လျှောက်ထားသူအားလုံးသို့ မေးမြန်းရမည်။ မျှတသောအိမ်ရာ ဥပဒေပါ တရားမဝင်သည့် အိမ်ရာဆိုင်ရာ ခွဲခြားဆက်ဆံမှုကို ရှင်းပြသည့် အခန်းကို ကျေးဇူးပြု၍ ကိုးကားပါ။ သင်၏ လူမျိုး၊ အသားအရောင်၊ ဘာသာ၊ ဇာတိနိုင်ငံ၊ လိင်၊ မသန်စွမ်းမှု တို့ကြောင့်၊ သင့်ထံတွင် ကလေးများရှိနေသောကြောင့်၊ သို့မဟုတ် သင်သည် အသက် ၄၀ နှစ် အထက်ဖြစ်သောကြောင့် နေအိမ်ခန်းတစ်ခုရရှိရန်အတွက် သင့်အား ပယ်ရှားခြင်း မပြုနိုင်ပါ။

ငွေရေးကြေးရေး အရည်အချင်းပြည့်မီမှုဆိုင်ရာ အဆင့်အတန်းများ

အိမ်ရှင်တစ်ဦးစီအနေဖြင့် သူ သို့မဟုတ် သူမကိုယ်ပိုင် ငွေရေးကြေးရေးဆိုင်ရာ အရည်အချင်းပြည့်မီမှု စံချိန်စံညွှန်းများ ရှိနိုင်ပါသည်။ အိမ်ငှားတစ်ဦး အရည်အချင်းပြည့်မီမမီ ကြည့်ရှုရန် အိမ်ရှင်အမြောက်အများ အသုံးပြုသည့် ဖော်မြူလာတစ်ခုမှာ -

လစဉ် အသားတင်ဝင်ငွေ x ၄၀% = အိမ်ငှားတစ်ဦးမှ အိမ်ငှားခ နှင့် ရေမီး စုပေါင်းကုန်ကျစရိတ်အတွက် ပေးရန်တတ်နိုင်သည့်ပမာဏ

ဥပမာ - တစ်လ ဒေါ်လာ ၁၅၀၀ x ၀.၄၀ = အိမ်ငှားခ နှင့် ရေမီး စုပေါင်းကုန်ကျစရိတ်အတွက် ဒေါ်လာ ၆၀၀

အခြားအိမ်ရှင်များက အိမ်ခန်းတစ်ခန်းအတွက် အရည်အချင်း ပြည့်မီရန်အလို့ငှာ အိမ်ထောင်စုများအနေဖြင့် လစဉ်အိမ်ငှားခ၏ သုံးဆ သို့မဟုတ် လေးဆ ဝင်ငွေရှိရန် လိုအပ်နိုင်ပါသည်။ အကယ်၍ အလားအလာရှိသည့် အိမ်ငှားက နေအိမ်ခန်းတစ်ခုအတွက် လျှောက်ထားပြီး ဝင်ငွေ အရည်အချင်းသတ်မှတ်ချက်များကို မပြည့်မီပါက အဆိုပါသူသည် အိမ်ငှားခပေးရာတွင် အခက်အခဲရှိနိုင်ချေ ပိုများပါသည်၊ အဘယ်ကြောင့်ဆိုသော် ကားဖိုး ပေးချေငွေများ၊ ကလေးစောင့်ရှောက်မှု၊ ဆေးဝါး ကုန်ကျစရိတ်များ၊ အစားအသောက်၊ အဝတ်အစား၊ စသည်တို့ကဲ့သို့သော အခြားကုန်ကျစရိတ်များကို ပေးရမည်ဖြစ်သောကြောင့်ဖြစ်သည်။

အိမ်ငှားရန် လျှောက်ထားခြင်း

အိမ်ခြံမြေ မန်နေဂျာ သို့မဟုတ် အိမ်ရှင်က အလားအလာရှိသည့် အိမ်ငှားတစ်ဦးအား အိမ်ငှားလျှောက်လွှာကို ဖြည့်ခိုင်းနိုင်ပါသည်။ ယင်းလျှောက်လွှာက အောက်ပါတို့ကို တောင်းဆိုနိုင်ပါသည် -

- အကြွေးပေးနိုင်မပေးနိုင် ကိုးကားမှုများ နှင့် အခြား အကြွေးဆိုင်ရာ နောက်ကြောင်းအချက်အလက်
- ယခင် အိမ်ရှင်များ၏ တယ်လီဖုန်းနံပါတ်များ နှင့် လိပ်စာများပါဝင်သော စာရင်းတစ်ခု
- လစာဆိုင်ရာ အချက်အလက်အပါအဝင် အလုပ်အကိုင် ရာဇဝင်တစ်ခု
- ပြန်မအမ်း နိုင်မည့် လျှောက်လွှာကြေးတစ်ခု
- ပထမလ အိမ်ငှားခ ၊ နှင့် စရန်ငွေ

အလားအလာရှိသော အိမ်ငှားများအနေဖြင့် လျှောက်လွှာကို ဂရုတစိုက် အစဉ်ဖတ်ရှုသင့်သည်၊ သို့မှသာ ငှားရမ်းသည့်အခန်းကို ၄င်းတို့ မယူရန် ဆုံးဖြတ်ပါက ဖြစ်နိုင်ချေရှိသည့် နောက်ဆက်တွဲအကျိုးဆက်များကို ၄င်းတို့သိရှိနိုင်ပါသည်။

အကယ်၍ အိမ်ရှင်က လျှော်က်လွှာတင်ချိန်တွင် စရန်ငွေတစ်ခု လိုအပ်ပါက ယင်းစရန်ငွေကို ပြန်အမ်းမအမ်း မေးမြန်းပါ။ ပေးချေခဲ့သည့် ငွေအားလုံးအတွက် လက်ခံဖြတ်ပိုင်းတစ်ခု ရရှိကြောင်း သေချာအောင်လုပ်ပါ။

သင့်အနေဖြင့် စည်းကမ်းချက်များကို ညှိနှိုင်းခြင်းမပြုထားသည့် အငှားစာချုပ်ဖြင့်နှောင်တွယ်နိုင်သဖြင့် အိမ်ငှားလျှောက်လွှာကို လက်မှတ်မထိုးမီ အဆိုပြုသည့် အငှားစာချုပ်ကို ဖတ်ရှုရန် တောင်းဆိုပါ။

လျှောက်ထားသူတစ်ဦးကို ငြင်းပယ်ခြင်း

အလားအလာရှိသည့် အိမ်ငှားလျှောက်ထားသူတစ်ဦးကို ငြင်းဆန်ရန် အိမ်ရှင်တွင် ဥပဒေနှင့် လျော်ညီသည့် အကြောင်းရင်း အမြောက်အများရှိပါသည်။ ငွေရေးကြေးရေးအရ အရည်အချင်းပြည့်မီရေး စံချိန်စံညွှန်းများ မပြည့်မီရုံအပြင် အကြွေးနှင့်ပတ်သက်သည့် ရမှတ် နည်းပါးခြင်း၊ အိမ်ရှင် ကိုးကားချက်များမကောင်းခြင်း၊ နှင့်/သို့မဟုတ် တရားရုံးမှ အိမ်ငှားရန် လျှောက်ထားသူအားဆန့်ကျင်ပြီး ကြိုတင်အမိန့်ချမှုများ ဝင်ရောက်လာခဲ့ပါက ယင်းတို့အားလုံးက သင်၏လျှောက်လွှာကို ပယ်ချမှုသို့ ဦးတည်သွားစေနိုင်ပါသည်။ အိမ်ငှား သို့မဟုတ် အလားအလာရှိသည့် အိမ်ငှားတစ်ဦးက အိမ်ငှားအားလုံးအပေါ် သက်ရောက်သည့် စည်းမျဉ်းများအတိုင်း လိုက်နာရန် ငြင်းဆန်ပါက သို့မဟုတ် မလိုက်နာနိုင်ပါက၊ သို့မဟုတ် လူတစ်ဦးက အခြားသူများ၏ ကျန်းမာရေး သို့မဟုတ် ဘေးအန္တရာယ်ကင်းရှင်းရေးတွင် ကိုယ်ထိလက်ရောက် တိုက်ရိုက်ခြိမ်းခြောက်မှု ပြုနိုင်ပါက အိမ်ရာပံ့ပိုးသူအနေဖြင့် လျှောက်ထားသူအား ငြင်းဆန်နိုင်ပါသည်။

ရာဇဝတ်မှုဆိုင်ရာ နောက်ကြောင်းများ

အိမ်ရှင်တစ်ဦးက ရာဇဝတ်မှု နောက်ကြောင်းရှိသူတစ်ဦးအား အိမ်ငှားခြင်းမှ ငြင်းဆန်နိုင်ပါသလား။

ငြင်းဆန်နိုင်ပါသည် - သို့သော် ယင်းက အခြေအနေရပ်များအပေါ် မူတည်ပါသည်။ ရာဇဝတ်မှုဆိုင်ရာ တရားရေးစနစ်အတွင်း လူမျိုးရေး မညီမျှမှု၊ ခြုံငုံပိတ်ဆို့မှုများ (သို့မဟုတ် အခြေအနေရပ်များကို မထည့်သွင်းပဲ မည်သည့်ရာဇဝတ်မှု ရာဇဝင်မျိုးမဆိုကြောင့် တစ်ဦးဦးအား အိမ်ငှားရန် ငြင်းဆန်မှု) က လူမဲ သို့မဟုတ် လက်တီးနိုး လျှောက်ထားသူများအပေါ် ကြီးကြီးမားမားသက်ရောက်မှုတစ်ခုရှိနိုင်ချေ အများဆုံးဖြစ်နိုင်သောကြောင့် အမေရိကန် အိမ်ရာ နှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး ဌာန (HUD)က ယင်းတို့သည် မျှတသော အိမ်ရာ အက်ဥပဒေကို ချိုးဖောက်နိုင်သည်ဟု ကြေငြာသည့် လမ်းညွှန်တစ်ခု ထုတ်ပြန်ခဲ့ပါသည်။

HUD ၏ လမ်းညွှန်က အိမ်ရာ ပံ့ပိုးသူများအနေဖြင့် အဆိုပါသူသည် အခြားနေထိုင်သူများ၏ ကျန်းမာရေး နှင့် ဘေးအန္တရာယ် ကင်းရှင်းရေးအပေါ် တိုက်ရိုက်ခြိမ်းခြောက်မှုပြုနိုင် မပြုနိုင် ဆုံးဖြတ်ရန် ရာဇဝတ်မှု၏ *သဘော သဘာဝ* နှင့် *ပြင်းထန်မှု* နှင့် ဖြတ်သန်းခဲ့ပြီးသော *အချိန်ပမာဏ*ကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။ HUDမှ ထုတ်ပြန်ခဲ့သော လမ်းညွှန်က ဖမ်းချုပ်ရုံ ဖမ်းချုပ်မှုက အပြစ်ရှိသည်ဟု မပြပဲ အပြစ်ဒဏ်ပေးချက်တစ်ခု မရှိသည့် ဖမ်းချုပ်မှုတစ်ခုအပေါ် အခြေပြုပြီး အိမ်ငှားရန် မငြင်းဆန်သင့်ကြောင်း ဖော်ပြထားသည်။ ထပ်ဆောင်းပြီး အိမ်ရာ ပံ့ပိုးသူများအနေဖြင့် စံချိန်စံညွှန်းများကို အကာအကွယ်ပေးသည့် အတန်းအစားအပေါ် မူမတည်ပဲ လျှောက်ထားသူ နှင့် အိမ်ငှား**အားလုံး**တို့အပေါ် တန်းတူညီမျှ အသုံးချရပါမည်။ အကာအကွယ်ပေးထားသည့် အတန်းအစားတစ်ခုအပေါ် အခြေပြုပြီး ခွဲခြားဆက်ဆံရန်အတွက် အကြောင်းပြချက်တစ်ခုအဖြစ် ရာဇဝတ်မှု နောက်ကြောင်းကို အသုံးပြုခြင်းက တရားမဝင်ပါ။

ရာဇဝတ်မှု နောက်ကြောင်းများနှင့် ပတ်သက်ပြီး HUD လမ်းညွှန်တွင်း ခြွင်းချက်တစ်ခုရှိပါသည်။ အကယ်၍ လူတစ်ဦးသည် **တရားမဝင်သည့် ထိန်းချုပ်ဆေးဝါးများကို ထုတ်လုပ် နှင့်/သို့မဟုတ် ဖြန့်ဖြူးမှုအတွက် ပြစ်ဒဏ်တစ်ခု ရရှိဖူးပါက** ၎င်းတို့အား အိမ်ရာငှားရမ်းခြင်းမှ တရားဝင် ငြင်းဆန်နိုင်ပြီး အိမ်ရှင်အနေဖြင့် မျှတသောအိမ်ရာ အက်ဥပဒေကို မချိုးဖောက်ပါ။ မှတ်ချက် - ယင်းခြွင်းချက်တွင် ပြစ်ဒဏ်ချမှတ်ခြင်းသို့ ဦးတည်မသွားသည့် အခြား ဆေးဝါးဆိုင်ရာ ပြစ်ဒဏ်များအတွက် ဖမ်းချုပ်ခံရခြင်း သို့မဟုတ် လက်ဝယ် ပိုင်ဆိုင်မှုအတွက် ပြစ်ဒဏ်ချမှတ်ခံရခြင်းတို့ မပါဝင်ပါ။

အကယ်၍ အိမ်ရှင်တစ်ဦးက အိမ်ရာဆိုင်ရာ ဗောက်ချာ သို့မဟုတ် လူမှုဖူလုံရေး သို့မဟုတ် မသန်စွမ်းသူ ဝင်ငွေတစ်ခုကို လက်မခံပါက ဘာဖြစ်ပါမလဲ။

ပန်ဆိုင်လ်ဗေးနီးယား တွင် ဝင်ငွေရင်းမြစ်သည် အကာအကွယ်ပေးထားသော အတန်းအစားတစ်ခုမဟုတ်ပါ၊ ဆိုလိုသည်မှာ အိမ်ရှင်တစ်ဦးအနေဖြင့် အိမ်ရာ အာဏာပိုင်များထံမှ အိမ်ရာရွေးချယ်မှုဆိုင်ရာ ဗောက်ချာတစ်ခု ကိုင်ဆောင်ထားသူ လူပုဂ္ဂိုလ်များအား အိမ်ငှားရန် ငြင်းဆန်နိုင်သည်ဟု ဆိုလိုပါသည်။ ပန်ဆိုင်လ်ဗေးနီးယားတွင်းရှိ ဒေသန္တရခွဲအတော်များများက ဝင်ငွေရင်းမြစ်ကို အကာအကွယ်ပေးထားသည့် အတန်းအစားအဖြစ် ထည့်ထားပြီးဖြစ်သည်။ ဝင်ငွေရင်းမြစ်သည် အကာအကွယ်ပေးထားသည့် အတန်းအစား ဟုတ်မဟုတ် သိရှိရန် နှင့် သင်၏ဝင်ငွေရင်းမြစ်အပေါ် အခြေပြုပြီး အိမ်ရာ ငြင်းဆိုခံခဲ့ရပါက သင်၏အသိုင်းအဝိုင်းမှ မည်သည့်အကူအညီ ကမ်းလှမ်းကြောင်း သိရှိရန် သင်၏ ဒေသဆိုင်ရာ အစိုးရ သို့မဟုတ် မြူနီစပါယ်ဌာနကို ဆက်သွယ်ပါ။

လူမှုဖူလုံရေး သို့မဟုတ် မသန်စွမ်းသူ လူမှုဖူလုံရေး ဝင်ငွေသည် အကာအကွယ်ပေးထားသည့် အတန်းအစားတစ်ခု (အသက် ၄၀ နှစ်အထက် နှင့်/သို့မဟုတ် မသန်စွမ်းမှု) ၏ အဖွဲ့ဝင်တစ်ဦးဖြစ်မှုနှင့် တိုက်ရိုက်ဆက်စပ်သော အတည်ပြုထားသည့် ဝင်ငွေဖြစ်ပါသည်။ အလားအလာရှိသည့် အိမ်ငှားတစ်ဦးသည် အလုပ်မရှိသောကြောင့် လျှောက်လွှာတစ်ခုကို ခွင့်ပြုရန် ငြင်းဆန်ခြင်းက အလားအလာရှိသည့် အိမ်ငှားတွင် ၎င်းတို့အား အိမ်ငှားရန် ငွေရေးကြေးရေးအရ အရည်အချင်းပြည့်မီစေနိုင်သည့် လူမှုဖူလုံရေး သို့မဟုတ် မသန်စွမ်းမှု ကဲ့သို့သော အခြား အတည်ပြုနိုင်သည့် ဝင်ငွေရှိပါက တရားမဝင်သည့် ခွဲခြားဆက်ဆံမှု ဖြစ်စေနိုင်ပါသည်။

အငှားစာချုပ်

အငှားစာချုပ်ပါ ပြဋ္ဌာန်းချက်များကို နားလည်သဘောပေါက်ခြင်း

အငှားစာချုပ်တစ်ခု ဆိုသည်မှာ စာဖြင့်ရေးသား၍ဖြစ်စေ နှုတ်ဖြင့် ဖြစ်စေ အိမ်ငှားတစ်ဦးအား သီးသန့်အချိန်ကာလတစ်ခုအတွက် ငှားရမ်းသည့် အိမ်ခြံမြေကို ပိုင်ဆိုင်ပြီး အသုံးပြုမှု လွှဲပြောင်းပေးအပ်သည့် စာချုပ်တစ်ခုဖြစ်ပါသည်။

အငှားစာချုပ်က အိမ်ရှင် နှင့် အိမ်ငှား၏ ရပိုင်ခွင့်များ နှင့် တာဝန်ဝတ္တရားအသီးသီးကို ခွဲခြားအဓိပ္ပါယ်သတ်မှတ်ပေးသင့်သည်။ ရိုးရှင်းသော ဘာသာစကားဖြင့် သုံးစွဲသူစာချုပ် အက်ဥပဒေအရ လူနေအိမ်အငှားစာချုပ်များအားလုံးကို အလွယ်တကူ ဖတ်ရှုရန် နှင့် နားလည်သဘောပေါက်ရန် ရေးသား၊ စုစည်းပြီး ဒီဇိုင်းထုတ်ထားရန် လိုအပ်စေပါသည်။ အကယ်၍ အိမ်ငှားတစ်ဦးသည် အငှားစာချုပ်တစ်ခုကို နားလည်သဘောပေါက်ရန် ခက်ခဲနေပါက သူ သို့မဟုတ် သူမအနေဖြင့် အိမ်ငှားတစ်ဦးအား အကူအညီပေးနိုင်သော ဒေသဆိုင်ရာ အေဂျင်စီတစ်ခုထံ အကူအညီတောင်းခံ သို့မဟုတ် ဆက်သွယ်သင့်ပါသည်။

- အငှားစာချုပ်ဆိုသည်မှာ **တရားဥပဒေအရ ချည်နှောင်သည့် စာချုပ်တစ်ခု**ဖြစ်သည်ကို သတိရပါ။ သင်လက်မှတ်ထိုးခဲ့သည့် အငှားစာချုပ်တစ်ခုပါ ပြဋ္ဌာန်းချက်များအားလုံးအတွက် သင်သည် တရားဥပဒေအရ တာဝန်ရှိပါသည်။
- အငှားစာချုပ်တစ်ခုကို **သင် လက်မှတ်မထိုးမီ** ယင်းအား နားလည်ကြောင်း သေချာအောင်လုပ်ပါ။ ယင်းအား လက်မှတ်ထိုးခြင်းဖြင့် အငှားစာချုပ်တွင်း သဘောတူထားသည့် ကာလအတွက် ယင်းအတွင်းပါ စည်းကမ်းများ နှင့် အခေါ်အဝေါ်များကို သင်သဘောတူပါသည်။
- သင်ဘာကိုမှ လက်မှတ်မထိုးမီ ကွက်လပ်အားလုံးကို ခြစ်ပြီး သို့မဟုတ် ဖြည့်ပြီးကြောင်း သေချာအောင်လုပ်ပါ။
- **အငှားစာချုပ် တစ်ခုလုံး၏ မိတ္တူတစ်စောင်** သင်ရရှိကြောင်း သေချာအောင်လုပ်ပါ။ အိမ်ရှင်က သင့်အတွက် မိတ္တူတစ်စောင်ကို နောက်မှ သူ/သူမ ပေးမည်ဆိုခြင်းကို လက်မခံပါနှင့်။

သင်၏အငှားစာချုပ်အတွင်း အောက်ပါတို့ပါဝင်ကြောင်း နှင့် အခေါ်အဝေါ်များကို သင်နားလည်သဘောပေါက်ကြောင်း သေချာအောင် သင်လုပ်လိုပါလိမ့်မည် -

- အိမ်ရှင်၏ လမ်းလိပ်စာ နှင့် အရေးပေါ်အခြေအနေများအတွက် တယ်လီဖုန်းနံပါတ်၊
- သင်၏အမည် နှင့် အခန်းတွင်း နေထိုင်ရန် ခွင့်ပြုချက်ရရှိသော အခြားသူများ၏ အမည်၊
- ငှားရမ်းသည့် အိမ်ခြံမြေ၏ လိပ်စာ။
- လစဉ်အိမ်ငှားခ ပမာဏ - အိမ်ငှားခကို မည်သို့၊ မည်သည့်နေရာ၊ မည်သည့်အချိန်တွင် မည်သူ့ထံ ပေးချေရမည်ကို သင်သိရှိကြောင်း သေချာအောင်လုပ်ပါ
- ငှားရမ်းကာလ ပြည့်သည့်နေ့စွဲ
- နောက်ကျကြေး - ယင်းတို့က ကျိုးကြောင်းလျော်ညီပါရဲ့လား။
- အငှားစာချုပ် စတင်သောနေ့နှင့် ပြီးဆုံးသောနေ့ - ယင်းက တစ်နှစ် အငှားစာချုပ်လား သို့မဟုတ် တစ်လပြီးတစ်လ အငှားစာချုပ်လား။ အိမ်ငှားကာလတစ်ခုလုံးအတွက် ငှားရမ်းခပေးချေရန် သင် ကတိပြုနိုင်ကြောင်း သေချာအောင်လုပ်ပါ။
- အငှားစာချုပ်များ သက်တမ်းတိုး/အဆုံးသတ်ရန် အသိပေးချက်များအတွက် လိုအပ်ချက်များ - အိမ်မှပြောင်းပေးရန် အိမ်ရှင်မှ သင့်အား မည်မျှကြိုတင်အသိပေးမလဲ နှင့် သင်အိမ်ပြောင်းလိုပါက အိမ်ရှင်အား သင်က မည်မျှကြိုတင်အသိပေးမလဲ။ (ပန်ဆိုင်လ်ဗေးနီးယားတွင် အငှားစာချုပ်များအရ အိမ်မှ နှင်ချခြင်း မပြုမီ အသိပေးချက်ကာလ လိုအပ်ချက်ကို ကင်းလွတ်နိုင်ပါသည် သို့မဟုတ် တိုတောင်းစေနိုင်ပါသည်။)
- အငှားစာချုပ်က နှစ်စဉ်အခြေခံတစ်ခုဖြင့် သက်တမ်းတိုးပါသလား သို့မဟုတ် ပထမနှစ်အပြီးတွင် ယင်းက တစ်လပြီးတစ်လ အငှားစာချုပ်တစ်ခုအဖြစ် ပြန်ပြောင်းလဲပါသလား။

- စရန်ငွေ - ငှားထားသည့်အခန်းမှ သင်ပြောင်းသောအခါ သင်ထံမှ ဘာလိုအပ်ပါမည်လဲ ဆိုသည်ကို သဘောပေါက်နားလည်ကြောင်း သေချာအောင်လုပ်ပါ၊ သို့မှသာ သင်၏စရန်ငွေကို သင် ပြန်လည်ရရှိနိုင်ပါသည်
- ရေမီး အသုံးစရိတ်များ - ရေမီး အသုံးစရိတ်တစ်ခုစီအတွက် ငွေပေးရန် မည်သူက တာဝန်ရှိပါသလဲ။
- ပြုပြင်ထိန်းသိမ်းမှု - ပြုပြင်ထိန်းသိမ်းမှုအတွက် အိမ်ငှား၏တာဝန်ဝတ္တရာများက ဘာတွေပါလဲ နှင့် ပြုပြင်မှုများ လိုအပ်သောအခါ မည်သူ့ကို သင်ဆက်သွယ်ရမလဲ။
- အငှားစာချုပ်အတွင်း မည်သည့် အသုံးအဆောင်ပစ္စည်းများ ပါဝင်ပါသလဲ။
- အိမ်မွေးတိရိစ္ဆာန်ဆိုင်ရာ သဘောတူညီချက် နှင့် အိမ်မွေးတိရိစ္ဆာန်ဆိုင်ရာ အခြားစရန်ငွေ (အထောက်အကူပေးသည့် တိရိစ္ဆာန်များအတွက် စရန်ငွေများ နှင့် အိမ်မွေးတိရစ္ဆာန်ကြေးများ မကောက်ခံနိုင်ကြောင်း သတိရပါ)

ငှားရမ်းကာလ ပြည့်သည့်နေ့စွဲ

အငှားစာချုပ်အများစုက အိမ်ငှားခကို လတစ်လ၏ ပထမနေ့တွင် ပေးစေပါသည်။ အငှားစာချုပ်တွင်း အတည်ပြုထားသည့် ပေးရမည့်နေ့တွင် သင်၏အိမ်ငှားခကို ပေးအပ်ကြောင်း သေချာအောင်လုပ်ရန် ဝတ္တရားတစ်ခု သင့်ထံတွင်ရှိပါသည်။ သင်က ရက်အနည်းငယ်နောက်ကျပါက အိုကေပါသည်ဟု အိမ်ရှင်က ပြောသည့်တိုင် သင့်အနေဖြင့် နောက်ကျကြေး နှင့် အခြား ဒဏ်ကြေးများနှင့် ပတ်သက်ပြီး အငှားစာချုပ်ပါ အခေါ်အဝေါ်များနှင့် နှောင်တွယ်နေပါသေးသည်။

အငှားစာချုပ်အပေါ် ပြောင်းလဲခြင်းများ

အငှားစာချုပ်ကာလ အဆုံးမသတ်မီ အဆိုပြုသည့် အပြောင်းအလဲတစ်ခုအပေါ် နှစ်ဦးနှစ်ဖက်စလုံးမှ သဘောတူသည်မှလွဲပြီး သင် နှင့် သင်၏အိမ်ရှင်တို့က အငှားစာချုပ်ကို သက်တမ်းတိုးချိန်ဖြစ်သည့် အိမ်ငှားကာလအသစ်တစ်ခု စတင်သည်အထိ အငှားစာချုပ်အပေါ် ပြောင်းလဲမှုတစ်ခုခု မလုပ်သင့်ပါ။ အငှားစာချုပ်က အပြောင်းအလဲများကို မည်သို့ပြုလုပ်မည်ဟု ခွဲခြားဖော်ပြထားသည်မှ လွဲပြီး အိမ်ရှင်အနေဖြင့် ပြောင်းလဲမှုများ မလုပ်မီ အိမ်ငှားကာလ အပြည့်အဝပေးရန် လိုအပ်ပါလိမ့်မည်။

သာမန် အငှားစာချုပ်ပါ ပြဋ္ဌာန်းချက်များ

- အိမ်ငှားများအနေဖြင့် နေထိုင်ရာနေရာကို သန့်ရှင်းအောင် ထားရမည်
- အိမ်ငှားများအနေဖြင့် အိမ်ရှင်၏ သဘောတူခွင့်ပြုချက်မပါပဲ နေထိုင်ရာနေရာကို ထပ်မံငှားရမ်းခြင်းအား တားမြစ်နိုင်ပါသည်
- အိမ်ငှားများအနေဖြင့် သင့်တော်သည့် သတိပေးချက်မပေးပဲ ရွှေ့ပြောင်းခြင်း သို့မဟုတ် အငှားစာချုပ် ချိုးဖောက်ခြင်းကို တားမြစ်နိုင်ပါသည်။
- အိမ်ရှင်များအား ကျိုးကြောင်းလျော်ညီသည့်အချိန်များအတွင်း ကြည့်ရှုစစ်ဆေးရန်၊ ပြုပြင်ရန် သို့မဟုတ် လက်ရှိအိမ်ငှားအား ကြိုတင်သတိပေးချက် ပေးထားသည်ဟု ယူဆပါက အလားအလာရှိသည့် အိမ်ငှားကို အိမ်ပြသရန် အိမ်ခြံမြေသို့ ဝင်ရောက်ခွင့်ပြုပါသည်။
- ပြုပြင်ထိန်းသိမ်းရေး နှင့် ပြင်ဆင်ရေးများအတွက် ဆက်သွယ်ရမည့်သူ၏ အမည်နှင့် အဆိုပါပုဂ္ဂိုလ်အား မည်သို့ ဆက်သွယ်ရမည် ဆိုသည်တို့ ပါဝင်သင့်ပါသည်
- အိမ်ငှားအနေဖြင့် လိုက်နာရန် မျှော်မှန်းထားသည့် စည်းမျဉ်းစည်းကမ်းများစာရင်းတစ်ခုကို အငှားစာချုပ်တွင်း ထည့်သွင်းထားရမည်

တင်းကျပ်၍မရနိုင်သည့် အငှားစာချုပ်ပါ ပြဋ္ဌာန်းချက်များ

အိမ်ငှားများအား ၎င်းတို့ ဆိုင်းထိုးထားသည့် အငှားစာချုပ်ပါ စည်းကမ်းများ နှင့် အခေါ်အဝေါ်များဖြင့် အစဉ်ချည်နှောင်ထားပါသည်၊ သို့သော် အချို့သော အခေါ်အဝေါ်များ နှင့် အခြေအနေများကို ဥပဒေအရ တရားရုံးတွင် တင်းကျပ်၍မရနိုင်ပါ။

တင်းကျပ်၍မရနိုင်သည့် အငှားစာချုပ်ပါ စည်းကမ်းများ နှင့် အခေါ်အဝေါ်များမှ ဥပမာများတွင် အောက်ပါတို့ ပါဝင်ပါသည် -

- နေအိမ်ခန်းတစ်ခုအတွင်း ပျက်စီးမှုများအတွက် အိမ်ငှားများတွင် တာဝန်ရှိသည်ဟု ကိုင်စွဲထားစဉ်တွင် ပုံမှန် ပြုပြင်ထိန်းသိမ်းမှုများ နှင့် ပြင်ဆင်မှုများအားလုံး သို့မဟုတ် သီးသန့်ဒေါ်လာပမာဏတစ်ခုအောက်ရှိ ပြင်ဆင်မှုများအားလုံး အတွက် ၎င်းတို့အား တာဝန်မယူခိုင်းနိုင်ပါ။
- အိမ်ငှားအနေဖြင့် အိမ် သို့မဟုတ် အိမ်ခန်းကို "အမြင်အတိုင်း" လက်ခံရန် မပြုလုပ်နိုင်ပါ။ လူနေထိုင်ရန် သင့်တော်မှုအတွက် သက်ရောက်သည့် ဂရန်တီအောက်တွင် အငှားချထားသည့် ပရဝုဏ်များတွင်း ပေးအပ်ထားသော အဆောက်အအုံများ နှင့် ဝန်ဆောင်မှုများက အခန်းအား နေထိုင်ရန်အခန်းတစ်ခုအဖြစ် ၎င်း၏ ကျိုးကြောင်းလျော်ညီသော ရည်ရွယ်ချက်အတွက် နေထိုင်ရန် ခွင့်ပြုနိုင်ရမည်။ (ကျေးဇူးပြု၍ ပြင်ဆင်ရေးများ နှင့် *လူနေထိုင်ရန် သင့်တော်မှုအတွက် သက်ရောက်သည့် ဂရန်တီ* အခန်းကို ကျေးဇူးပြု၍ ကိုးကားပါ။)
- အိမ်ငှားအနေဖြင့် ဥပဒေ တရားရုံးတစ်ခုအတွင်း သူ/သူမကိုယ်တိုင် ကိုယ်စားပြုပိုင်ခွင့်ကို လက်မလွှတ်နိုင်ပါ။
- အိမ်ငှားအနေဖြင့် သူ/သူမအနေဖြင့် အငှားစာချုပ်တွင်းရှိ ကတိတစ်ခုခုကို ချိုးဖောက်ပါက အိမ်ရှင်အနေဖြင့် နေအိမ်ခန်းတွင်း ဖောက်ထွင်းဝင်ရောက်ပိုင်ခွင့်၊ သော့များပြောင်းလဲခွင့် နှင့် အိမ်ငှား၏ ပိုင်ဆိုင်မှုများကို သိမ်းဆည်းခြင်းလုပ်ပိုင်ခွင့် ရှိသည်ဟု အိမ်ငှားမှ သဘောတူအောင် မပြုလုပ်နိုင်ပါ။
- အိမ်ငှားအနေဖြင့် ကြားနာမှုတစ်ခု သို့မဟုတ် စီရင်ချက်အပေါ် ဝန်ခံမှုတစ်ခုအတွက် သူ/သူမ၏ လုပ်ပိုင်ခွင့်များကို လက်လွှတ်ရန် သဘောတူအောင် အိမ်ရှင်မှ မပြုလုပ်နိုင်ပါ။

သတိရပါ - အငှားစာချုပ်ကို လက်မှတ်မထိုးမီ ဂရုတစိုက် ဖတ်ရှုပါ။ **အရာရာကို စာဖြင့်ရေးသားချက် ရယူပါ။**

လိမ်လည် အိမ်ငှားမှုတစ်ခုအတွင်း မကျရောက်အောင် ရှောင်ရှားခြင်း

အချို့သော အိမ်ငှားကြော်ငြာများက တရားဝင် ဖြစ်ချင်မှ ဖြစ်နိုင်ပါသည်။ လိမ်လည်သူများက အမှန်တကယ်မရှိသည့်၊ ၎င်းတို့ မပိုင်ဆိုင်သည့် သို့မဟုတ် လွတ်မနေသည့် အငှားအိမ်များကို ပုံမှန်ကြော်ငြာကြသည်။ ၎င်းတို့က အမှန်တကယ် အငှားအိမ် စာရင်းသွင်းချက်များကိုလည်း ကော်ပီယူပြီး ဆက်သွယ်ရန် နှင့် အီးမေးလ် အချက်အလက်များကို ပြောင်းလဲကာ ငွေရရန်အတွက် လူများနိုင်သလောက်များများအား လှည့်စားရန် ပြောင်းလွဲထားသည့် ကြော်ငြာများကို သတင်းစာများ နှင့် ဝက်ဘ်ဆိုက်များတွင်း ထည့်သွင်းကြသည်။

အောက်ပါအကြံပြုချက်များကို သတိရခြင်းဖြင့် အငှားအိမ်စာရင်းသွင်း လိမ်လည်မှုများအတွင်း ကျရောက်ခြင်းမှ သင် ရှောင်ရှားနိုင်ပါသည် -

- သင်ဘယ်တုန်းကမှ မမြင်ဖူးသည့် နေအိမ်ခန်းတစ်ခုအတွက် သင် ဘယ်တုန်းကမှ မတွေ့ဖူးသူတစ်ယောက်ယောက်ထံ ငွေကို ဘဏ်မှလွှဲခြင်း သို့မဟုတ် ချက်လက်မှတ်တစ်စောင်ပို့ခြင်း ဘယ်တော့မှမလုပ်ပါနှင့်။ အကယ်၍ အိမ်ရှင်က နိုင်ငံပြင်ပတွင် နေထိုင်နေပါက သို့မဟုတ် နိုင်ငံပြင်ပသို့ ခရီးသွားနေသဖြင့် လူကိုယ်တိုင် သင်မတွေ့နိုင်ပါက၊ သို့မဟုတ် လျှောက်လွှာကြေး၊ စရန်ငွေတစ်ခု မပေးချေမီ သို့မဟုတ် အငှားစာချုပ်လက်မှတ်မထိုးမီ အမှန်တကယ် နေအိမ်ခန်းကို သင်မျက်မြင်မတွေ့နိုင်ပါက ဆက်လက်ရှာဖွေပါ။ ငွေကို ဘဏ်မှလွှဲခြင်းသည် ငွေသားပေးပို့ခြင်းနှင့် အတူတူဖြစ်ပါသည် - သင် ငွေပို့လိုက်သည်နှင့် ယင်းကို ပြန်လည်မရနိုင်ပါ။
- ဆုံးဖြတ်ချက်တစ်ခုကို အလောတကြီးမလုပ်ပါနှင့်။ အငှားအိမ်တစ်ခုအတွက် ချက်ချင်းလက်ငင်းဆုံးဖြတ်ချက်တစ်ခု ပြုလုပ်ရန် တိုက်တွန်းသည့် အီးမေးလ်တစ်ခု သင်ရရှိပါက ယင်းသည် အလံနီပြရမည့် အရာတစ်ခု ဖြစ်နိုင်သည်။ ယင်းအား လျစ်လျူရှုပြီး လုပ်စရာရှိတာ ဆက်လုပ်ပါ။
- ပရီမီယမ် စာရင်းသွင်းရန်အတွက် ဈေးနှုန်းနည်းလေလေ လိမ်လည်မှုတစ်ခုဖြစ်နိုင်ချေ များလေလေဖြစ်သည်။ ဒေါ်လာတစ်သန်းတန် ရှုခင်းဖြင့် နေရာကောင်းတစ်ခုတွင်တည်ရှိသော အံ့မခန်းဖွယ်အိမ်ခန်းတစ်ခန်းကို အောက်ဈေးဖြင့် ငှားလိုပါသလား။ လိမ်လည်သူများက မှန်ကန်ဖို့ရာ ကောင်းလွန်းနေသော ကတိများပြုလုပ်ခြင်းဖြင့် လူများစိတ်ဝင်စားအောင် ဆွဲဆောင်ဖို့ နှစ်သက်ကြသည်။

သင် ပြောင်းရွှေ့ဝင်ရောက်မီ

သင် ပြောင်းရွှေ့ဝင်ရောက်မီ ရှိနေပြီးသော အပျက်အစီးများကို မှတ်တမ်းတင်ထားပါ

သင် ပြောင်းရွှေ့ဝင်ရောက်ခြင်း**မပြုမီ** မည်သည့် ချွတ်ယွင်းချက်များမဆိုအတွက် (အိမ်ရှင် နှင့် သို့မဟုတ် အိမ်ခြံမြေ မန်နေဂျာရှိချိန်တွင်) မှတ်ချက်ယူပါက ပညာရှိပါသည်။ အိမ်ပြောင်းရန် အချိန်ကျရောက်လာသောအခါ မူလက မှတ်ချက်ပြုလုပ်ထားသော ပျက်စီးမှုများသည် သင် ပြောင်းရွှေ့ဝင်ရောက်ခြင်းမပြုမီကတည်းက ဖြစ်ပေါ်ထားသဖြင့် ယင်းတို့အတွက် သင်၏ စရန်ငွေထဲမှ ကောက်ခံမှုမပြုသင့်ပါ။ စာဖြင့်ရေးသား မှတ်ချက်များ နှင့် ဓာတ်ပုံများက အလွန်အကူအညီရပါသည်၊ သို့မှသာ နောင်တစ်ချိန်တွင် ယင်းတို့က စိတ်ရှုပ်ထွေးစရာ မဖြစ်ပါ။ နေအိမ်ခန်း၏ အခြေအနေများ နှင့် ရှိလက်စ အပျက်အစီးများကို မှတ်တမ်းတင်ရန် ဓာတ်ပုံရိုက်ပါ။ နေထိုင်ရာနေရာ၏ အခြေအနေများကို စာဖြင့်ရေးသားထားရန်သည် အိမ်ငှား၏ အခွင့်အရေးဖြစ်ပါသည်။

အကယ်၍ ပြောင်းရွှေ့ဝင်ရောက်ရန် သင်ဆုံးဖြတ်ပါက နေအိမ်ခန်းတွင်းရှိ အပျက်အစီးတစ်ခုခုကို မှတ်တမ်းတင်ရန် *ငှားရမ်းမည့်အခန်းအား ကြည့်ရှုစစ်ဆေးရန်စာရင်းတစ်ခု*ကို သင်အသုံးပြုနိုင်ပါသည်။ ယင်းစာရင်းက အနာဂတ် ပြင်ဆင်မှုများအတွက် ပြဿနာများ ပေါ်ထွန်းလာသည့် ဖြစ်ရပ်အတွင်း သင့်ကို ကူညီနိုင်ပါသည်။ သင်၏စာရင်းကို လက်မှတ်ထိုးရန် အိမ်ရှင်ထံတွင် ဝတ္တရားမရှိသော်လည်း သင့်အနေဖြင့် သူ သို့မဟုတ် သူမ၏ လက်မှတ်ကို တောင်းဆိုနိုင်ပြီး အိမ်ရှင်အား သင်၏စာရင်း မိတ္တူတစ်စောင် ပေးအပ်ပါ။ သင်၏မှတ်ချက်များအတွက် နေ့စွဲတပ်ကြောင်း သေချာအောင်လုပ်ပါ။

အကယ်၍ ငှားရမ်းသည့်အခန်းသည် ပြင်ဆင်ရန် လိုအပ်နေပါက ပြင်ဆင်မှုများ **ပြီးစီးအောင်လုပ်ရမည့် အချိန် နှင့် နေ့စွဲကို စာဖြင့်ရေးသားပြီး မှတ်ထားခြင်း**က သင့်အတွက် အကောင်းဆုံးအကျိုး ဖြစ်ထွန်းစေပါမည်။ အကယ်၍ ပြင်ဆင်များစရာက များပြားလွန်းပြီး သိသာလွန်းပါက အိမ်ခန်းကို လက်မခံပါနှင့်။

ဒေသန္တရ အိမ်ရာ ကြည့်ရှုစစ်ဆေးသူဖြင့် စစ်ဆေးပါ

ယင်းက အလွန်အရေးကြီးပါသည်။ စွန့်ပစ်ထားသော အိမ်တစ်လုံး သို့မဟုတ် တည်ဆောက်ပုံ၊ လျှပ်စစ်ပိုင်းဆိုင်ရာ သို့မဟုတ် ပိုက်ဆက်သွယ်ရေး ပြဿနာများရှိခဲ့သည့် ရာဇဝင်တစ်ခုရှိသော အိမ်တစ်လုံးကို ငှားရမ်းရန် သင်လုပ်ဆောင်နေနိုင်ပါသည်။ ငှားရမ်းသည့်အခန်းအတွင်း လက်ရှိ အိမ်ရာဆိုင်ရာ ဥပဒေချိုးဖောက်မှုတစ်ခုခုရှိမရှိ မြင်တွေ့ရန် ရွှေ့ပြောင်းဝင်ရောက်ခြင်း မပြုမီ သင်၏ ဒေသန္တရ အိမ်ရာကြည့်ရှုစစ်ဆေးသူဖြင့် စစ်ဆေးပါ။ မလုပ်မဖြစ် ပြင်ဆင်မှုများပြုလုပ်ရန် ပျက်ကွက်ခြင်းအတွက် ယခင်အိမ်ငှားက သင်၏ အနာဂတ်အိမ်ရှင်အားဆန့်ကျင် တိုင်ကြားမှုတစ်ခုခု ရှိခဲ့မရှိခဲ့ဆိုသည်ကို အိမ်ရာ ကြည့်ရှုစစ်ဆေးသူအား မေးမြန်းပါ။ အချို့သော မြူနီစပါယ်ဌာနများက ငှားရမ်းရန်အခန်းများကို လိုင်စင်ယူရန် လိုအပ်စေပါသည်။ ငှားရမ်းသည့်အခန်းတွင် လိုင်စင်ရှိမရှိ စုံစမ်းပါ။

ခဲပါသည့် အိမ်သုတ်ဆေး

၁၉၇၈ ခုနှစ်မတိုင်မီ ဆောက်လုပ်ထားသော အိမ်များတွင် ခဲပါသည့် သုတ်ဆေးများ သုတ်ထားနိုင်ပြီး ၁၉၅၀ ခုနှစ်မတိုင်မီ ဆောက်လုပ်ထားသော အိမ်များတွင် ယင်းသို့သော သုတ်ဆေးရှိနိုင်ဖို့ ပိုများပါသည်။ ခဲအခြေခံသည့် သုတ်ဆေးရှိမရှိ သေချာသိနိုင်ရန် တစ်ခုတည်းသောနည်းလမ်းမှာ လက်မှတ်ရ အင်စပက်တာတစ်ဦးဖြင့် ခဲ ပါမပါ စစ်ဆေးစေရန်ဖြစ်သည်။ သုတ်ဆေးအဟောင်းက အက်ရာများ နှင့် ကွာကျမှုများဖြစ်ပေါ်သောအခါ ၎င်းတို့က ခဲမှုန်များ ထွက်လာစေသည်။ ၎င်းတို့၏ လက်များ နှင့် အရုပ်များပေါ်မှ အိမ်သုတ်ဆေး အချပ်လေးများ သို့မဟုတ် သုတ်ဆေးမှုန့်များကို ကလေးများ မြို့ချမိရာမှ ခဲဆိပ်သင့်နိုင်ပါသည်။ ကလေးများအနေဖြင့် ခဲအမှုန့်များကိုလည်း ရှူမိနိုင်ပါသည်။ သေးငယ်သော ခဲ ပမာဏက ဦးနှောက် နှင့် အာရုံကြောစနစ်၏ အခြားအစိတ်အပိုင်းများအတွက် အလွန်ဆိုးရွားပြင်းထန်သည့် အန္တရာယ်ဖြစ်စေနိုင်ပါသည်။ ကလေးတစ်ဦး၏ ကိုယ်ခန္ဓာတွင်းရှိ ခဲ က ကြီးထွားမှု နှင့် ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေပါသည်၊ အကြားအာရုံ နှင့် စကားပြောခြင်းကို ပျက်စီးစေပါသည်၊ ထို့အပြင် အပြုအမူပိုင်းဆိုင်ရာ ပြဿနာများ နှင့် လေ့လာသင်ယူမှုဆိုင်ရာ မသန်စွမ်းမှုများ ဖြစ်စေနိုင်ပါသည် အိမ်ဟောင်းများရှိ ရေပိုက်များတွင်း သို့မဟုတ် အိမ်ပတ်လည်ရှိ မြေကြီးများအတွင်း အခြား ခဲ ရှိသည့် ရင်းမြစ်များလည်း ရှိနိုင်ပါသည်။ အိမ်ရှင်အနေဖြင့် ၎င်းတို့ငှားရမ်းသည့် အိမ်ခြံမြေတစ်ခုခုတွင် ခဲ အခြေပြု သုတ်ဆေးရှိမရှိအကြောင်း အချက်အလက်ကို အိမ်ငှားများသို့ ပေးအပ်ရန် လိုအပ်ပါသည်။ သင့်လျော်သည့် အချက်အလက်ပေးရန် ပျက်ကွက်သော ပိုင်ရှင် သို့မဟုတ် အိမ်ရှင်အား ပျက်စီးဆုံးရှုံးမှုပမာဏ၏ သုံးဆရရှိရန် တရားစွဲဆိုနိုင်ပါသည်။ အိမ်ရှင်သည် အရပ်သား နှင့် ရာဇဝတ်မှု ပြစ်ဒဏ်များလည်း ကျခံရနိုင်ပါသည်။ သင်၏ရေိယာတွင် ခဲပါသည့် အိမ်သုတ်ဆေးအကြောင်း ဖွင့်ဟဖော်ထုတ်မှု နှင့် ယင်းအား ပြုပြင်ကုစားရေးအကြောင်းနှင့်စပ်လျဉ်းပြီး သီးခြားလိုအပ်ချက်များရှိမရှိ သိရှိရန် သင်၏ မြူနီစပါယ်ဌာန သို့မဟုတ် မြို့တော်အား ဆက်သွယ်ပါ။

မီးခိုး ဖမ်းစက်များ/ကာဘွန် မိုနောက်ဆိုက် ဖမ်းစက်များ

ပန်ဆိုင်လ်ဗေးနီးယား ဥပဒေအရ အိမ်ရှင်အနေဖြင့် အခန်းတိုင်းတွင် အလုပ်လုပ်သည့် မီးခိုး ဖမ်းစက်များ တပ်ပေးထားရန် လိုအပ်စေသည်။ အိမ်ငှားအနေဖြင့် အဆိုပါ လိုအပ်ချက်ကို လက်မလွှတ်နိုင်ပါ သို့မဟုတ် မီးခိုးဖမ်းစက်များကို မဖြုတ်နိုင်ပါ။

အငှားစာချုပ်က မီးခိုးဖမ်းစက်များကို စစ်ဆေးခြင်း နှင့် ဘက်ထရီလဲလှယ်ခြင်းကို မည်သူလုပ်ရန် လိုအပ်သနည်း ဆိုသည်ကို ဖော်ပြသင့်ပါသည်။

ကာဘွန်မိုနောက်ဆိုက် အချက်ပေးခေါင်းလောင်း စံချိန်စံညွှန်းများ အက်ဥပဒေအရ အိမ်ခြံမြေ ပိုင်ရှင်များအနေဖြင့် ကာဘွန်မိုနောက်ဆိုက် ဖမ်းစက်များကို သဘာဝစွမ်းအား လောင်ကျွမ်းမှုဖြင့် အပူပေးစက်များ၊ အသုံးအဆောင်များ၊ မီးလင်းဖိုများ နှင့်/သို့မဟုတ် တွဲလျက် ကားဂိုဒေါင်များပါရှိသော ငှားရမ်းသည့်အခန်းများအားလုံးတွင် တပ်ဆင်ရန် လိုအပ်ပါသည်။ အိမ်ငှားများ/နေထိုင်သူများအနေဖြင့် ဘက်ထရီများကို လိုအပ်သလိုအစားထိုးရန် နှင့် အခိုးခံရသော၊ ဖြုတ်ထားသော၊ ပျောက်နေသော သို့မဟုတ် နေထိုင်စဉ်ကာလအတွင်း အသုံးမပြုနိုင်တော့သည့် ကိရိယာများကို အစားထိုးပေးရန် နှင့် ကာဘွန်မိုနောက်ဆိုက် ဖမ်းစက်များတွင်း ဆက်လက်ရှိနေသည့် ချွတ်ယွင်းချက်တစ်ခုခုအကြောင်းကို စာဖြင့်ရေးသားပြီး အငှားအိမ်ခြံမြေ ပိုင်ရှင် သို့မဟုတ် အေးဂျင့်အား အသိပေးရန်လည်း လိုအပ်ပါသည်။

ငှားရမ်းသည့်အခန်းအား ကြည့်ရှုစစ်ဆေးရန်အတွက်စာရင်း

ကြည့်ရှုစစ်ဆေးသည့် နေ့စွဲ -______________________________

နေအိမ်ခန်း လိပ်စာ -______________________________

အိမ်ရှင်၏ အမည် -______________________________

အိမ်ရှင်၏ လိပ်စာ -______________________________

တယ်လီဖုန်း နံပါတ် -______________________________

အသုံးအဆောင်များ နှင့် တပ်ဆင်ထားသောကိရိယာများအားလုံး အလုပ်လုပ်သည့်အနေအထားတွင်ရှိကြောင်း သေချာအောင်လုပ်ပါ။ ရှိနေသည့် ပရိဘောဂ၊ ကောဇော၊ နှင့် ကိရိယာများ နှင့် ငှားရမ်းသည့် အိမ်ခြံမြေတွင်းရှိ အရာအားလုံး၏ အခြေအနေများကိုလည်း မှတ်သားထားပါ။ အမှတ်ရာများ၊ မီးလောင်ရာများ၊ သို့မဟုတ် အခြားအပျက်အစီးများ၏ တည်နေရာ နှင့် အရေအတွက်ကို ရေးချထားပါ။ သင် ပြောင်းရွှေ့ဝင်ရောက်မီ အိမ်ခြံမြေ၏ အခြေအနေကို မှတ်တမ်းတင်ရန် ဓာတ်ပုံများ ရိုက်ထားပါ။ ပစ္စည်းတစ်ခုက ကောင်းကောင်းမွန်မွန်အလုပ်လုပ်သည့် အခြေအနေရှိမှ သို့မဟုတ် ချွတ်ယွင်းချက် ကင်းရှင်းကြောင်း သေချာမှသာ 'ကောင်းပါသည်' ကို ခြစ်ပါ။ အကယ်၍ သင် မသေချာပါက 'မသေချာ' ကို ခြစ်ပါ။

အဆောက်အဦး အပြင်ဖက် -

စစ်ဆေးရမည့် အရာများ	**ကောင်းပါသည်**	**မကောင်းပါ**	**မသေချာပါ**	**မှတ်ချက်များ**
အုတ်မြစ် နှင့် အပြင်ဖက်နံရံများက အခြေအနေကောင်းပြီး ဘေးအန္တရာယ်များမှ ကင်းပါရဲ့လား။				
အပြင်ဖက် လှေကားများ၊ လက်ရန်းများ နှင့် ဝင်ပေါက်နေရာများအားလုံးက အခြေအနေကောင်းမွန်ပြီး ဘေးအန္တရာယ် ကင်းပါရဲ့လား။				
ခေါင်မိုး၊ မြောင်းများ နှင့် ရေတံလျှောက်ပေါက်များက အခြေအနေကောင်းမွန်ပြီး ဘေးအန္တရာယ် ကင်းပါရဲ့လား။				
မီးခိုးခေါင်းတိုင်က အခြေအနေကောင်းမွန်ပြီး ဘေးအန္တရာယ် ကင်းပါရဲ့လား။				
အပြင်ဖက်မျက်နှာပြင်များအားလုံး ဆေးကွာကျမှု နှင့် ဆေးအချပ်လိုက်ကွာမှု ကင်းပါရဲ့လား။				
အကယ်၍ အခန်းသည် ရွှေ့လျားအိမ်တစ်လုံးဖြစ်ပါက ယင်းကို သေချာနေရာချထားပြီး တုတ်ချည်ထားပါရဲ့လား။				

အခန်းများအားလုံး -

စစ်ဆေးရမည့် အရာများ	ကောင်းပါသည်	မကောင်းပါ	မသေချာပါ	မှတ်ချက်များ
အနည်းဆုံး အလုပ်လုပ်သည့် မီးထိုးပေါက် နှစ်ပေါက် သို့မဟုတ် အလုပ်လုပ်သည့် မီးထိုးပေါက် တစ်ပေါက် နှင့် မီးသီးတပ်ရန်နေရာတစ်ခု ရှိပါရဲ့လား။				
အခန်းက လျှပ်စစ်ဘေးအန္တရာယ်များမှ ကင်းလွတ်ပါရဲ့လား။				
အပြင်ဖက်မှ အလုမ်းမှီနိုင်သော ပြတင်းပေါက်များ နှင့် တံခါးများအားလုံးကို သော့ခတ်နိုင်ပါရဲ့လား။				
အနည်းဆုံး ဖွင့်နိုင်သော ပြတင်းတစ်ပေါက် ရှိပြီး ပြတင်းပေါက်များအားလုံးတွင် ပျောက်နေသော သို့မဟုတ် ကျိုးပျက်နေသောအပိုင်းများမရှိပဲ ကောင်းမွန်သောအနေအထားတွင် ရှိပါရဲ့လား။				
မျက်နှာကြက်များ၊ နံရံများ နှင့် ကြမ်းပြင်များက အခြေအနေ ကောင်းမွန်ပြီး ကြီးမားသော အက်ရာများ၊ အပေါက်များ သို့မဟုတ် ဘေးအန္တရာယ်ရှိသည့် ချွတ်ယွင်းမှုများမှ ကင်းရှင်းပါရဲ့လား။				
အတွင်းပိုင်းမျက်နှာပြင်များအားလုံး ဆေးကွာကျမှု နှင့် ဆေးအချပ်လိုက်ကွာမှု ကင်းပါရဲ့လား။				
မိခိုး အချက်ပေးခေါင်းလောင်း သို့မဟုတ် မီးခိုးဖမ်းစက်များ အလုပ်လုပ်ပါရဲ့လား။				

ရေချိုးခန်း -

စစ်ဆေးရမည့် အရာများ	ကောင်းပါသည်	မကောင်းပါ	မသေချာပါ	မှတ်ချက်များ
အိမ်ငှားတစ်ဦးတည်းသာ သီးသန့်အသုံးပြုရန်အတွက် အလုပ်လုပ်သည့် အိမ်သာတစ်လုံး အခန်းတွင်း၌ ပါပါသလား။				
ရေပူ နှင့် ရေအေး အဆက်မပြတ်ရသည့် အလုပ်လုပ်သည့် ရေချိုးကန် သို့မဟုတ် ရေပန်းတစ်ခု ရှိပါသလား။				
ဖွင့်ပိတ်နိုင်သည့် ပြတင်းပေါက်များ သို့မဟုတ် အလုပ်လုပ်သည့် လေဝင်လေထွက်စနစ် ရှိပါသလား။				

မီးဖိုခန်း -

စစ်ဆေးရမည့် အရာများ	ကောင်းပါသည်	မကောင်းပါ	မသေချာပါ	မှတ်ချက်များ
အလုပ်လုပ်သည့် အိုဗင်မီးဖိုတစ်ခုရှိပါသလား၊ ထို့အပြင် အလုပ်လုပ်သည့် အနေအထားရှိသည့် အပေါ်တွင် အိုးတည်သည့် မီးဖို (သို့မဟုတ် အလားတူ) တစ်ခု ရှိပါသလား။				
အလုပ်လုပ်သည့် ရေခဲသေတ္တာတစ်လုံးရှိပြီး အစားအသောက်များ မပျက်အောင်ထားရန် လုံလောက်သည့် အအေးကို ထိန်းထားနိုင်ပါရဲ့လား။				
ရေပူ နှင့် ရေအေး အဆက်မပြတ်ရသော အလုပ်လုပ်သည့် မီးဖိုလက်ဆေးကန်တစ်ခု ရှိပါသလား။				

အပူချိန်၊ ရေပိုက်စနစ် နှင့် လျှပ်စစ်ပိုင်ဆိုင်ရာ -

စစ်ဆေးရမည့် အရာများ	ကောင်းပါသည်	မကောင်းပါ	မသေချာပါ	မှတ်ချက်များ
အပူပေးသည့် ကိရိယာများက နေထိုင်ရန် အသုံးပြုသည့် အခန်းများအားလုံးကို လုံလုံလောက်လောက် အပူပေးနိုင်စွမ်းရှိပါရဲ့လား။				
အခန်းတွင်း လောင်စာဆီ ကျွမ်းလောင်သည့် နေရာကွက် အပူပေးစက် သို့မဟုတ် အပူပေးရာတွင် ဘေးအန္တရာယ်မကင်းသည့် အခြေအနေများရှိသော အခြားအပူပေးစက် အမျိုးအစားများမှ ကင်းပါရဲ့လား။				
အခန်းတွင် လေဝင်လေထွက် အလုံအလောက်ရှိပါရဲ့လား။				
ရေပူဖြင့် အပူပေးစက်ကို ဘေးအန္တရာယ် ကင်းသည့် နေရာတွင် ကိရိယာ အစုံအလင် ဖြင့် တပ်ဆင်ထားပါရဲ့လား။				
ဘေးအန္တရာယ်ကင်းပြီး သန့်ရှင်းသည့် အများသုံး သို့မဟုတ် ကိုယ်ပိုင် ရေထောက်ပံ့စနစ်တစ်ခု ရှိပါသလား။				
ရေပိုက်များက ယိုစိမ့်မှု ကင်းပါသလား။				
ရေပိုက်များကို အတည်ပြုထားသည့် အများသုံး သို့မဟုတ် ကိုယ်ပိုင် ရေဆိုးစွန့်စနစ်တစ်ခုဖြင့် ဆက်သွယ်ထားပါသလား၊ ထို့အပြင် ရေဆိုး ပြန်တက်ခြင်းမှ ကင်းဝေးပါရဲ့လား။				
လျှပ်စစ်စနစ်က ဘေးအန္တရာယ်များမှ ကင်းဝေးပါရဲ့လား (ဥပမာ - မသင့်လျော်သည့် ဝိုင်ယာတပ်ဆင်မှု၊ အမှန်တကယ် မလုံလောက်သည့် ဝန်ဆောင်မှု၊ စသဖြင့်)။				

အထွေထွေ ကျန်းမာရေး နှင့် ဘေးအန္တရာယ် ကင်းရှင်းရေး -

စစ်ဆေးရမည့် အရာများ	**ကောင်းပါသည်**	**မကောင်းပါ**	**မသေချာပါ**	**မှတ်ချက်များ**
အခန်းတွင်း လူနေသည့်အထပ်တိုင်း၌ အလုပ်လုပ်သည့် အနေအထားရှိသော မီးခိုးဖမ်းစက် သို့မဟုတ် အချက်ပေးခေါင်းလောင်း အနည်းဆုံးတစ်ခု ရှိပါသလား။				
အခြားအခန်းတစ်ခုအတွင်းမှ ဖြတ်သွားစရာမလိုပဲ အခန်းကို ဝင်ရောက်နိုင်ပါသလား။				
လက်ခံနိုင်သည့် အနေအထားရှိသော မီးဘေးထွက်ပေါက် တစ်ခု ရှိပါသလား။ ယင်းကို အလွယ်တကူ အလုံမ်းမှီနိုင်ပါသလား။				
အခန်းတွင် အိမ်ကြွက်များ၊ ကြွက်များ၊ ပိုးဟပ်များ၊ စသဖြင့်တို့ ကင်းရှင်းပါရဲ့လား။				
အခန်းက အမှိုက် သို့မဟုတ် စွန့်ပစ်ပစ္စည်းများမှ ကင်းပါရဲ့လား။				
လှေကားများ နှင့် အများသုံး ခန်းမများတွင် လျော့တိလျော့ရဲ လှေကားထစ်များရှိခြင်း၊ လက်ရန်းများမရှိခြင်း၊ မီးအလင်းရောင် မကောင်းခြင်း သို့မဟုတ် အခြားဘေးအန္တရာယ်များကြောင့်ဖြစ်သော ဘေးအန္တရာယ်များမှ ကင်းပါရဲ့လား။				
ဘေးဖက် နှင့် ကပ်လျက် အိမ်နီးချင်းများက အန္တရာယ်ရှိသည့် အခြေအနေများမှ ကင်းပါရဲ့လား။				

အိမ်ငှား၏ လက်မှတ် - ______________________ နေ့စွဲ - ______________________

အိမ်ရှင်၏လက်မှတ် - ______________________ နေ့စွဲ - ______________________

မှတ်ချက် - အိမ်ရှင်များအနေဖြင့် ဤစစ်ဆေးရန် စာရင်းကို လက်မှတ်ထိုးရန် မလိုအပ်ပါ။

အိမ်ငှား၏ အခွင့်အရေးများ နှင့် တာဝန်ဝတ္တရားများ

အိမ်ငှားတစ်ဦးအနေဖြင့် သင်၏ တာဝန်ဝတ္တရားများ

အိမ်ငှားတစ်ဦးဖြစ်သည်နှင့်အညီ သင်သည် အခြားသူတစ်ဦး၏ အိမ်ခြံမြေကို ငှားရမ်းနေထိုင်ပါသည်။ တာဝန်သိတတ်သည့် အိမ်ငှားတစ်ဦးဖြစ်စေရန် သင်၏ အငှားစာချုပ်ကို အောက်ပါ တာဝန်များစာရင်းနှင့် တွဲပြီး လိုက်နာသင့်ပါသည် -

1. **ကျရောက်ချိန်တွင် အိမ်ငှားခ ပေးပါ**၊ နောက်တစ်ရက်မှ သို့မဟုတ် နောက် ၅ ရက် ကြာပြီးမှ မပေးပါနှင့်။ အကယ်၍ အိမ်ငှားခကို လတစ်လ၏ ပထမနေ့တွင် ပေးရန်ဖြစ်ပါက ယင်းကို လတစ်လ၏ ပထမနေ့တွင် ပေးပါ။ အိမ်ငှားတစ်ဦးအနေဖြင့် သင်၏အငှားစာချုပ်ပါ သဘောတူညီချက်အရ အိမ်ငှားခအပြည့်ကို အချိန်မှီပေးရန် ဥပဒေအရ တာဝန်ဝတ္တရားရှိပါသည်။ အကယ်၍ သင်၏အိမ်ငှားခကို အချိန်မှီမပေးပါက သင်၏အိမ်ရှင်က သင့်အားဆန့်ကျင်ပြီး အိမ်မှနှင်ချအရေးယူမှုတစ်ခုပြုရန် ဖိုင်တင်သွင်းနိုင်ပါသည်။ သင်သည် မသန်စွမ်းမှုရှိသည်ဖြစ်စေ အလုပ်မှ ပြုတ်ထားသည်ဖြစ်စေ၊ မကျန်းမာသော မိသားစုဝင်ရှိသည်ဖြစ်စေ၊ ကလေးများရှိသည်ဖြစ်စေ၊ ဆောင်းရာသီလများ အတောအတွင်းဖြစ်စေ သင့်အား အိမ်မှနှင်ချနိုင်ပါသေးသည်။ အကယ်၍ သင်၏အိမ်ငှားခကို အချိန်မှီ အပြည့် မပေးနိုင်ဟု သင်ယုံကြည်ပါက သင်၏အိမ်ရှင်ကို တတ်နိုင်သလောက် အမြန် ပြောသင့်သည်။ အိမ်ငှားခပေးရန် အချိန်ရောက်သည်အထိ သို့မဟုတ် ပေးရမည်အချိန်လွန်သွားသည်အထိ မစောင့်ပါနှင့်။ သင်၏အိမ်ရှင်က သင့်ထံမှ အိမ်ငှားခချက်လက်မှတ်မရပါက အဆိုးဆုံးကို မှတ်ထင်ယူဆပါလိမ့်မည်။ ဘာကြောင့် သင် မပေးနိုင်သလဲဆိုသည်ကို ရှင်းပြပြီး ငွေပေးရန် အစီအစဉ်တစ်ခု ပြုလုပ်ရန် တောင်းဆိုပါ။ အကယ်၍ သင်၏အိမ်ရှင်က ငွေပေးရန်သဘောတူညီချက်တစ်ခု လုပ်ရန် သဘောတူပါက ယင်းအားစာဖြင့်ရေးသားပြီး မိတ္တူတစ်စောင် သိမ်းထားပါ။ အကယ်၍ အဆိုပါသဘောတူညီချက်အတိုင်း သင်မလိုက်နာပါက အိမ်ရှင်မှ သင့်အား အိမ်မှနှင်ချနိုင်စွမ်း ရှိပါလိမ့်မည်။

2. **လက်ခံဖြတ်ပိုင်းတစ်ခု ရယူပါ။ သင်၏အိမ်ရှင်ထံပေးအပ်သော ငွေပေးချေမှုအားလုံးအတွက် လက်ခံဖြတ်ပိုင်းများကို သိမ်းထားပါ။** သင်၏ ပယ်ဖျက်ချက်လက်မှတ်များက အိမ်ငှားခကို သင်ပေးချေပြီးကြောင်း မှတ်တမ်းတစ်ခုပေးသောကြောင့် သင်၏ အိမ်ငှားခကို ဖြစ်နိုင်ပါက ချက်လက်မှတ်ဖြင့်ပေးပါ။ သင်၏အိမ်ရှင်က ကိုယ်ပိုင်ချက်လက်မှတ်များကို လက်မခံပါက နှင့် သင်က အိမ်ငှားခကို ငွေသား သို့မဟုတ် ငွေပေးမိန့်ဖြင့် ပေးချေပါက သင်၏ငွေချေမှုအတွက် မှတ်တမ်းတစ်ခု ရယူပါ။ သင်ပြုလုပ်သော အိမ်ငှားခ ပေးချေမှုတစ်ခုစီတိုင်းအတွက် လက်ခံဖြတ်ပိုင်းတစ်ခု ပေးရန် သင်၏အိမ်ရှင်ကို တိုက်တွန်းပြီး လက်ခံဖြတ်ပိုင်းများအားလုံးကို သိမ်းထားပါ။

3. အကယ်၍ သင်သည် ရေမီး အသုံးစရိတ်တစ်ခုခုအတွက် ပေးချေရန်တာဝန်ရှိပါက ယင်းတို့ကို အချိန်မှီပေးချေရပါမည်။ မပေးပါက သင့်အား အိမ်မှနှင်ချနိုင်ပါသည်။

4. အငှားစာချုပ်ပါ စည်းကမ်းများ နှင့် အခေါ်အဝေါ်များ အားလုံးအတိုင်း လိုက်နာပါ။

5. အငှားစာချုပ် သို့မဟုတ် သီးခြားလက်မှတ်ထိုးထားသည့် နောက်ဆက်တွဲ(များ) ပါ စည်းမျဉ်းများ နှင့် စည်းကမ်းချက်များအတိုင်း လိုက်နာပါ။

6. ပန်ဆိုင်လ်ဗေးနီးယား ဥပဒေ၊ ဒေသန္တရ အမိန့်များ နှင့် အိမ်ရာကျင့်ဝတ်များမှ လိုအပ်ချက်များအတိုင်း လိုက်နာပါ။

7. အခြား အိမ်ငှားများ နှင့် အိမ်နီးချင်းများ၏ ငြိမ်းချမ်းရေးကို အနှောင့်အယှက်မဖြစ်စေရန် ရှောင်ကြဉ်ပါ။

8. ပရဝုဏ်များကို ပျက်စီးခြင်းမဖြစ်စေရန် ရှောင်ကြဉ်ပါ။ ပျက်စီးမှုများအတွက် ငွေရေးကြေးရေးအရ သင့်ထံတွင် တာဝန်ရှိနိုင်သည့်အတွက် သင်နှင့်အတူနေသူ သို့မဟုတ် သင့်ထံအလည်လာသူက အိမ်ခြံမြေကိုမဖျက်စီးကြောင်း သေချာအောင်လုပ်ပါ။

9. အဆောက်အဦးအား ယိုယွင်းပျက်စီးစေနိုင်သည့် နေထိုင်ရာနေရာတွင်းရှိ ကြီးကြီးမားမားချွတ်ယွင်းချက်တစ်ခုခု (သို့မဟုတ် ပြုပြင်မှုလိုအပ်သည့်အရာများ) ကို အိမ်ရှင်အား အသိပေးပါ။ သင်၏ အငှားစာချုပ်တွင်း ထင်ထင်ရှားရှားဖော်ပြထားသည့် သတိပေးမှုဆိုင်ရာ ပြဌာန်းချက်များကို လိုက်နာကြောင်း သေချာပါစေ။ အကယ်၍ သင်၏အငှားစာချုပ်က သတိပေးမှုဆိုင်ရာ သီးခြားညွှန်ကြားချက်များ မပေးထားပါက ပြုပြင်မှုများအတွက် သင်၏တောင်းဆိုချက်ကို စာဖြင့်ရေးသားပြီး သင်၏မှတ်တမ်းများအတွင်း မိတ္တူတစ်စောင် သိမ်းထားကြောင်း သေချာအောင်လုပ်ပါ။

10. သင် သို့မဟုတ် သင်၏မိသားစု၏ လုပ်ဆောင်မှုများ သို့မဟုတ် ပေါ့ဆမှုမှ ရလဒ်ဖြစ်စေခဲ့သော ပျက်စီးမှုတစ်ခုခု (သဘာဝအရ ယိုယွင်းပျက်စီးမှုများမှလွဲပြီး) အတွက် ငွေရေးကြေးရေးအရ တာဝန်ယူပါ။

11. နေထိုင်ရာနေရာ၏ ဥပစာများကို သန့်ရှင်းအောင်ထားပါ။

12. အိမ်ရှင်၊ အိမ်ရှင်၏ ကိုယ်စားလှယ်များ၊ သို့မဟုတ် ဒေသန္တရ အစိုးရ အင်စပက်တာတို့အား ကြည့်ရှုစစ်ဆေးရန် နှင့် ပြုပြင်မှုများအတွက် ကျိုးကြောင်းလျော်ညီစွာ အလှမ်းမှီဝင်ရောက်နိုင်ရန် ခွင့်ပြုပေးပါ။

13. အငှားစာချုပ်အတွင်း မပါသူများကို ငှားရမ်းထားသည့် အခန်းတွင်းနေထိုင်ရန် ခွင့်မပြုပါနှင့်။

14. တရားမဝင် ဆေးဝါးများအပါအဝင် ရာဇဝတ်မှုဆိုင်ရာ လုပ်ရှားမှုတွင်း ပါဝင်လုပ်ဆောင်ရန် တစ်ဦးဦး နှင့် စေ့စပ်ဆောင်ရွက်မှုမပြုပါနှင့် သို့မဟုတ် ခွင့်မပြုပါနှင့် သို့မဟုတ် ပရဝုဏ်များပေါ်တွင် အသက်မပြည့်သေးသူများ သောက်စားခြင်းကို ခွင့်မပြုပါနှင့်။ ယင်းတို့ထဲမှ အကြောင်းအရာတစ်ခုခုက အိမ်မှနှင်ထုတ်ခံရခြင်း ရလဒ်ဖြစ်စေနိုင်ပါသည်။

15. အကယ်၍ သင်၏ သော့ခလောက်များကို ပြောင်းလဲခဲ့ပါက သင်၏အိမ်ရှင်ထံမှ အရင်ဆုံး ခွင့်ပြုချက်ရယူပြီး သူ/သူမအား သော့မိတ္တူတူများပေးအပ်ကြောင်း သေချာအောင်လုပ်ပါ။ အိမ်ရှင်အနေဖြင့် သင်တပ်ဆင်ခဲ့သော မည်သည့်သော့ခလောက်များမဆိုအတွက် သော့အပြည့်တစ်စုံ ရရှိရန် တရားဝင်ခွင့်ပြုထားပါသည်။

အိမ်ငှားသူများ အာမခံ

အိမ်ရှင်အများစုထံတွင် အိမ်ခြံမြေပျက်စီးမှုကို ကာကွယ်ပေးသည့် အိမ်ခြံမြေ အာမခံ ကိုင်ဆောင်ထားသော်လည်း ယင်းက သင့်၏ပိုင်ဆိုင်မှုများကို မကာကွယ်ပေးပါ။ အိမ်ငှားသူများ အာမခံ (ယင်းကို ရွေးလိုကရွေးနိုင်ပါသော်လည်း အချို့အိမ်ရှင်များက လိုအပ်ပါသည်) ကို သင်၏ ပရိဘောဂ နှင့် အခြားကိုယ်ပိုင် ပိုင်ဆိုင်မှုများကို ကာကွယ်ရန် ဝယ်ယူနိုင်ပါသည်။ အိမ်ငှားသူများ အာမခံက တစ်နှစ်လျှင် ဒေါ်လာ ၁၇၅-၂၀၀ ခန့် အကြမ်းဖျဉ်းရှိပြီး ယင်းက တစ်နေ့လျှင် ဒေါ်လာပြား ၅၀ ခန့် ပျမ်းမျှရှိပါသည်။ အိမ်ငှားသူများ အာမခံကို အိမ်ရှင်အာမခံရောင်းချသည့် အာမခံကုမ္ပဏီတစ်ခုခုမှ ယေဘုယျအားဖြင့် ရယူနိုင်ပါသည်။

အိမ်အနီးဝန်းကျင် ဆက်ဆံရေးများ

သင်၏အိမ်နီးချင်းထံ သင့်ကိုယ်သင် မိတ်ဆက်ပြီး အိမ်အနီးဝန်းကျင် ရပ်ကွက်၏ တစ်စိတ်တစ်ပိုင်း ဖြစ်လာပါ။ ၎င်းတို့နှင့် ချစ်ခင်ရင်းနှီးသည့် ဆက်ဆံရေး ထိန်းသိမ်းထားပါ။ တရားမဝင်သည့် လှုပ်ရှားမှုများကို စောင့်ကြည့်ခြင်းကဲ့သို့ အိမ်နီးချင်းများက နည်းလမ်းပေါင်းများစွာဖြင့် တစ်ဦးနှင့်တစ်ဦး ကူညီနိုင်ပါသည်။

မကောင်းသည့် အိမ်အနီးဝန်းကျင် ဆက်ဆံရေးများဖြင့် အဆုံးသတ်ရန် တစ်ခုတည်းသောနည်းလမ်းမှာ သင်၏ အိမ်နီးချင်းများကို အသံကျယ်ကျယ်ဖြင့် နှောင့်ယှက်ခြင်းဖြစ်သည်။ အကယ်၍ ပါတီတစ်ခုလုပ်ရန် သင် စီစဉ်ပါက ယင်းအား ထိန်းထိန်းသိမ်းသိမ်းလုပ်ပြီး ပါတီကို သိပ်မိုးမချုပ်ခင် အဆုံးသတ်ပါ။ ယင်းသို့သော စုဝေးမှုတစ်ခု သင်စီစဉ်သောအခါတွင် သင်၏ အိမ်နီးချင်းများကို အသိပေးခြင်း နှင့် သင်၏အိမ်နီးချင်းတွင် နာမကျန်းမှုတစ်ခုရှိချိန်ကဲ့သို့သော အထူးအခြေအနေရပ်များအတောအတွင်း ၎င်းတို့နှင့် ပူးပေါင်းဆောင်ရွက်ရန် ကြိုးစားခြင်းသည်လည်း အကြံကောင်းတစ်ခု ဖြစ်ပါသည်။ ၎င်းတို့၏ အထူးတောင်းဆိုချက်အတိုင်း ပြည့်မှီနိုင်စေရန် သင့်အနေဖြင့် သင်၏ အစီအစဉ်များကို မွမ်းမံ သို့မဟုတ် ပြောင်းလဲလိုနိုင်ပါသည်။ သင်က ၎င်းတို့နှင့် ပူးပေါင်းဆောင်ရွက်ပါက ၎င်းတို့ကလည်း သင်နှင့် ပူးပေါင်းဆောင်ရွက်ဖို့ ပိုများနိုင်ပါသည်။

အိမ်နီးချင်းကောင်းဆိုသည်မှာ အဆောက်အဦး၏ပြင်ပကို ကောင်းကောင်းမွန်မွန်ရှိအောင်ထားပြီး ပြုပြင်ထိန်းသိမ်းမှုဟုလည်း အဓိပ္ပါယ်ရပါသည်။ ဆိုလိုသည်မှာ မြက်ခင်း နှင့် ခြံဖုတ်များကို ကောင်းမွန်စွာ ပြုပြင်ထိန်းသိမ်းထားသင့်ပြီး အမှိုက်များကို အိမ်ပြင်တွင် ချန်မထားခဲ့သင့်ပါ။ နေအိမ်တိုက်ခန်းများအတွင်း အများသုံးဧရိယာများအားလုံး - စင်္ကြံန်များ၊ လှေကားများ သို့မဟုတ် မြေပြင်များ ကို လေးစားရန် အရေးကြီးပါသည်။ ယင်းသို့သောနေရာများတွင် အမှိုက်များ မချန်ထားပါနှင့် သို့မဟုတ် အဆောက်အဦးအဝင်ဝကို ပိတ်မထားပါနှင့်။ ဘေးအန္တရာယ်ကင်းရှင်းရေးအကြောင်းများသာမက သင်၏အိမ်နီးချင်းများအတွက်လည်း ထည့်တွက်ပြီး အများပိုင် စင်္ကြံန်များ နှင့် လှေကားများအတွင်း လွန်လွန်ကျူးကျူးဆူညံသံများ မဖွင့်ခြင်း သို့မဟုတ် မဖန်တီးခြင်းကလည်း အကြံကောင်းတစ်ခု ဖြစ်နိုင်ပါသည်။

အိမ်နီးချင်းကောင်းတစ်ယောက်ဖြစ်ရန် သင်၏ဧည့်သည်များက သင့်အိမ်နီးချင်းများကို အနှောင့်အယှက်မပေးကြောင်းလည်း ကြည့်နေရန် ကြိုးစားရမည်။ သင်၏ဧည့်သည့်များ လုပ်သမျှကို ထိန်းချုပ်ရန် အစဉ်မဖြစ်နိုင်ပါသော်လည်း အခြားသူများကို ဆန့်ကျင်နိုင်မည့် နည်းလမ်းတစ်ခုနှင့် ၎င်းတို့မပြုမူကြောင်း မျှော်မှန်းထားရန် သင့်ထံတွင် အခွင့်အရေးရှိပါသည်။

အိမ်ငှားတစ်ဦး သို့မဟုတ် အိမ်ငှားတစ်ဦး၏ဧည့်သည်များက အဆောက်အဦးတွင်းရှိ သို့မဟုတ် အနီးအနားဝန်းကျင်ရှိ အခြားသူများကို နှောင့်ယှက်ခြင်း သို့မဟုတ် အန္တရာယ်ပြုရန် ခြိမ်းခြောက်ခြင်းပြုပါက အိမ်ရှင်အနေဖြင့် မျှတသောအိမ်ရာ ဥပဒေများ သို့မဟုတ် မြူနီစပါယ် ထုံးစံများအောက်တွင် အိမ်နီးချင်းများ နှင့်/သို့မဟုတ် အခြားအိမ်ငှားများ၏ ဘေးအန္တရာယ်ကင်းရှင်းရေးကို ကာကွယ်ရန်အလို့ငှာ ယင်းအိမ်ငှားအား နှင်ထုတ်ရန် တာဝန်တစ်ခု ရှိနိုင်ပါသည်။

အခြားအိမ်ငှားများဖြင့် ပြဿနာများ

အခြားအိမ်ငှားများနှင့် ပြဿနာများ သင်ရင်ဆိုင်နေရပါက ယင်းပြဿနာများကို အိမ်ရှင်ထံ အစီရင်ခံပါ။ မျှတသော အိမ်ရာ အက်ဥပဒေအောက်တွင် အိမ်ငှားတစ်ဦးက လူမျိုး၊ ဇာတိနိုင်ငံ၊ မသန်စွမ်းမှု၊ သို့မဟုတ် အခြား အကာအကွယ်ပေးထားသည့် အတန်းအစားပေါ် အခြေပြုပြီး အခြားအိမ်ငှားတစ်ဦးအား နှောင့်ယှက်ပါက အိမ်ရှင်တစ်ဦးအနေဖြင့် ပြဿနာကို ကိုင်တွယ်ရန် နှင့် ယင်းသို့သော နှောင့်ယှက်မှုများ ဆက်လက်မဖြစ်ပွားအောင် ကာကွယ်ရန် တရားဥပဒေအရ လိုအပ်ပါသည်။ အကယ်၍ သင်သည် အခြားလူတစ်ဦးမှ ခြိမ်းခြောက်သည်ဟု ခံစားရပါက ရဲကို ဖုန်းခေါ်ပါ။ သင်၏အိမ်ရှင်ထံ စာဖြင့်ရေးသားထားသည့် အစီရင်ခံစာဖြင့် နောက်ဆက်တွဲလိုက်ပါ။ သင့်အတွက် မိတ္တူတစ်စောင် သိမ်းထားပါ။ ပြဿနာကို ရှင်းပြပြီး အိမ်ရှင်အား ပြဿနာကို ကိုင်တွယ်ပေးရန် တောင်းဆိုပါ။ စာကို ရှင်းရှင်းလင်းလင်းနှင့် ပြတ်ပြတ်သားသားဖြစ်အောင် နှင့် အချက်မှန်များအတိုင်း တသွေမတိမ်း အစဉ်လိုက်စီခြင်းက အကောင်းဆုံးဖြစ်ပါသည်။ ပြဿနာ ဆက်လက်ရှိနေပါက နောက်ဆက်တွဲလိုက်ပါ။ စာပေးစာယူများအားလုံး၏ မိတ္တူများကို သိမ်းထားပါ။

သင်သည် အငှားစာချုပ်ပါ အခေါ်အဝေါ်များနှင့် နှောင်တွယ်နေပါသည်၊ သို့ဖြစ်ပါ၍ သင်၏အငှားစာချုပ်ကို သင် ဖောက်ဖျက်ပါက နှင့် အိမ်မှပြောင်းပါက ကျန်ရှိနေသေးသော အငှားစာချုပ်ပါကာလအတွက် အိမ်ငှားခပေးရန် သင်တာဝန်ရှိသည်ဟု ကိုင်စွဲထားနိုင်ပါသေးသည်။ အကယ်၍ အိမ်ရှင်က တရားရုံးတွင် သင့်အားဆန့်ကျင် အရေးယူပါက သင့်အနေဖြင့် အိမ်ခြံမြေကို ငြိမ်းငြိမ်းအေးအေး ကြည်နူးခံစားရန် သင်၏အခွင့်အရေးကို တင်းကျပ်ရန် ပျက်ကွက်မှု သို့မဟုတ် ခွဲခြားဆက်ဆံသည့် နှောင့်ယှက်မှုမှ ကာကွယ်မပေးပဲ လျစ်လျူရှုမှုဖြင့် အငှားစာချုပ်ပါ အခေါ်အဝေါ်များကို အိမ်ရှင်မှ ချိုးဖောက်ခဲ့ကြောင်း ဖော်ထုတ်ပြသရန် လိုအပ်ပါလိမ့်မည်။ ပြဿနာနှင့်ပတ်သက်ပြီး အိမ်ရှင်ထံ အသိပေးရန် သင်တတ်နိုင်သည့်အရာအားလုံးကို သင်လုပ်ခဲ့ကြောင်း နှင့် သင်အိမ်မှ မပြောင်းမီ ပြဿနာကို ဖြေရှင်းပေးရန် သူ/သူမထံတောင်းဆိုခဲ့ကြောင်း သက်သေပြနိုင်စွမ်း ရှိလိုပါလိမ့်မည်။

ဧည့်သည်များ

အိမ်ရှင်ထံမှ စွက်ဖက်မှုမရှိပဲ ကျိုးကြောင်းလျော်ညီသော ကာလတစ်ခုအတွက် လူမှုရေးအရ ဧည့်သည်များကို ဖိတ်ခေါ်ရန် နှင့် သင်၏ ငှားရမ်းထားသောအခန်းတွင်း စီးပွားရေးအရ ဧည့်သည်များလက်ခံရန် သင့်ထံတွင် အခွင့်အရေးရှိပြီး ဧည့်သည်များအနေဖြင့် အိမ်ငှားများအပေါ် သက်ရောက်သည့် အများသုံးဧရိယာများနှင့် စပ်လျဉ်းသည့် စည်းမျဉ်းများအားလုံးကိုလည်း လိုက်နာရမည်။

အခြားသူများ အတူပြောင်းရွှေ့ဝင်ရောက်ရန် ခွင့်ပြုခြင်း

သင်၏အငှားစာချုပ်က ငှားရမ်းထားသော အိမ်ခြံမြေတွင် သင်နှင့်အတူ မည်သူနေနိုင်သလဲဆိုသည်ကို ခွဲခြားဖော်ပြပါလိမ့်မည်။ အကယ်၍ သင်နှင့်အတူ တစ်စုံတစ်ဦး ပြောင်းရွှေ့ဝင်ရောက်နေထိုင်စေလိုပါက သို့မဟုတ် အချိန်ကာလ ရှည်ရှည်ကြာကြာ နေစေလိုပါက အိမ်ရှင်၏ခွင့်ပြုချက်တောင်းခံရန် လိုအပ်ပါလိမ့်မည်။ အိမ်ရှင်အနေဖြင့် အိမ်ငှားအသစ်၏ နောက်ကြောင်းရာဇဝင်စစ်ဆေးခြင်း၊ အိမ်ငှားခ မြှင့်တင်ခြင်း ပြုလုပ်လိုကောင်း ပြုလုပ်လိုနိုင်ပါသည် သို့မဟုတ် အဆိုပါပုဂ္ဂိုလ်အား အငှားစာချုပ်တွင်း ထည့်သွင်းရန် လိုအပ်စေနိုင်ပါသည်။

သင်နှင့်အတူ အခြားသူတစ်ဦးအား ပြောင်းရွှေ့ဝင်ရောက်ခြင်းအား ခွင့်ပြုသည့်သဘောတူချက်တစ်ခုခုကို စာဖြင့်ရေးသားထားကြောင်း သေချာအောင်လုပ်ပါ။

အိမ်ငှားများ၏ သီးသန့်ဖြစ်ပိုင်ခွင့်

ပန်ဆိုင်လ်ဗေးနီးယား ဥပဒေက အငှားစာချုပ်တိုင်း (စာဖြင့်ဖြစ်စေ နှုတ်ဖြင့်ဖြစ်စေ) အတွင်း အိမ်ရှင်က အငှားချထားသည့် ပရဝုဏ်များကို အိမ်ငှားပိုင်ဆိုင်ရန်အခွင့်အရေးအား ကျိုးကြောင်းလျော်ညီမှုမရှိပဲ စွက်ဖက်မည်မဟုတ်ဟု ကတိတစ်ခု ပါရှိပါသည်။ သီးသန့်ဖြစ်ပိုင်ခွင့်အတွင်း **တိတ်ဆိတ်ငြိမ်သက်စွာ ကြည်နူးခံစားခွင့်ဆိုင်ရာ သဘောတူညီချက်** လည်း ပါဝင်ပါသည်။ ပေးချေခဲ့သည့် အိမ်ငှားခက သင့်ခေါင်းပေါ်တွင် အမိုးတစ်ခု ပေးရုံသာမကပဲ အိမ်ရှင်ထံမှ ကျိုးကြောင်းလျော်ညီပြီး အလွန်အကျူး ကျူးကျော်ဝင်ရောက်မှုများမရှိပဲ ပရဝုဏ်များကို ကြည်နူးခံစားပိုင်ခွင့် သေချာစေရန်လည်း ပါဝင်ပါသည်။

အိမ်ရှင်တွင် အငှားချထားသည့် ပရဝုဏ်တွင်းသို့ ကျိုးကြောင်းလျော်ညီစွာ အလှမ်းမှီဝင်ရောက်ပိုင်ခွင့်သာ ရှိပါသည်။ အကယ်၍ အိမ်ရှင်က ငှားရမ်းထားသည့်အခန်းသို့ အကြောင်းမရှိပဲဝင်ရောက်ပါက သို့မဟုတ် ညအချိန်မတော် နှောင့်ယှက်ဝင်ရောက်ပါက သူ သို့မဟုတ် သူမအနေဖြင့် အငှားစာချုပ်ကို ဖောက်ဖျက်နိုင်ပါသည်။ အိမ်ရှင်သည် ကြည့်ရှုစစ်ဆေးရန် နှင့် ပြုပြင်ထိန်းသိမ်းရေးနှင့်ပြင်ဆင်ရေးအပါအဝင် ကျိုးကြောင်းလျော်ညီသောရည်ရွယ်ချက်အတွက် သို့မဟုတ် အလားအလာရှိသည့် အိမ်ဝယ်သူများ သို့မဟုတ် အိမ်ငှားများကို အိမ်ခြံမြေကိုပြသရန် ရည်ရွယ်ချက်အတွက် အခါအခွင့်သင့်သလို အငှားချထားသည့် ပရဝုဏ်တွင်း ဝင်ရောက်ပိုင်ခွင့်ရှိပါသည်။ ကျိုးကြောင်းလျော်ညီသောဆိုသည်မှာ အိမ်ရှင်အနေဖြင့် ကျိုးကြောင်းလျော်ညီသည့်အချိန်တွင် အိမ်ငှားအား အရင်ဆုံး ကြိုတင်အသိပေးပြီး လာသင့်သည်ဟု ဆိုလိုပြီး အရေးပေါ်အခြေအနေတစ်ရပ် မဟုတ်ပါက တံခါးအရင်ခေါက်သင့်ပါသည်။ ရေပိုက်များပေါက်ခြင်း သို့မဟုတ် မီးခိုးဖမ်းစက် နှိုးမိသွားခြင်း ကဲ့သို့သော အရေးပေါ်အခြေအနေတစ်ရပ်တွင် အိမ်ရှင်အနေဖြင့် ကြိုတင် အသိပေးချက်မရှိပဲ ချက်ချင်းဝင်ရောက်ပိုင်ခွင့်ရှိပါသည်။

အကယ်၍ အငှားစာချုပ်က အိမ်ရှင်အနေဖြင့် ကျိုးကြောင်းလျော်ညီသော အချိန်နာရီများအတွင်း သတိပေးချက်မရှိပဲ ဝင်ရောက်နိုင်သည်ဟု ဖော်ပြထားပါက အိမ်ငှားအနေဖြင့် ကြိုတင်အသိပေးချက် လိုအပ်သည့်ရပိုင်ခွင့် ရှိချင်မှရှိနိုင်ပါသည်။ သို့ပါသော်လည်း အိမ်ရှင် သို့မဟုတ် အိမ်ရှင်၏ဝန်ထမ်းများက အသိမပေးပဲ အကြိမ်ကြိမ်အဖန်ဖန်ဝင်ရောက်ပါက အိမ်ငှားအနေဖြင့် အိမ်ရှင်ထံသို့ အရေးပေါ်မဟုတ်သည့် အခြေအနေတွင် အနည်းဆုံး ၂၄ နာရီ ကြိုတင်အသိပေးချက်ဖြင့် ဝင်ရောက်ရန်တောင်းဆိုသည့် စာတစ်စောင်ပို့သင့်သည်၊ စာ၏ မိတ္တူတစ်စောင်ကို သိမ်းထားပြီး မူရင်းကို "လက်ခံဖြတ်ပိုင်း ပြန်ပို့ပေးရန် တောင်းဆိုပါသည်" ဟုမှတ်ပုံတင်ပြီး စာတိုက်မှပို့သင့်ပါသည်။ အိမ်ရှင်အနေဖြင့် ကြိုတင်အသိပေးရန် တောင်းဆိုချက်ကို လိုက်နာရန် တာဝန်မရှိသော်လည်း ထုံးတမ်းစဉ်လာ ယဉ်ကျေးမှုအရ အိမ်ရှင်အား အငှားချထားသည့်အခန်းသို့ မဝင်ရောက်မီ အိမ်ငှားထံ အသိပေးချက် ပေးပို့ရန် အားပေးနိုင်ပါသည်။ အကယ်၍ အိမ်ရှင်က အထက်တွင်အထင်အရှားပြထားသည့် အထွေထွေစံနှုန်းများအတိုင်း ကပ်ငြိလိုက်နာခြင်းမရှိပဲ အငှားချထားသည့်အခန်းသို့ အသိပေးချက်မရှိပဲ အကြိမ်ကြိမ်အဖန်ဖန် ဝင်ရောက်ပါက အိမ်ရှင်အား ပိုင်နက်ကျူးကျော်မှုဖြင့် စွဲဆိုနိုင်ပါသည်။ ထပ်ဆောင်းအချက်အလက်များရရှိရန် ဒေသန္တရ ရဲဌာနသို့ ဖုန်းခေါ်ဆိုပါ။

၁၉၅၁ ခုနှစ် အိမ်ရှင် နှင့် အိမ်ငှား အက်ဥပဒေ

စွန့်ပစ်ထားသည့် ကိုယ်ပိုင်ပစ္စည်းများကို စွန့်ထုတ်ခြင်း

P.L. 2620, No. 167၊၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက် အက်ဥပဒေ Cl. 68

၂၀၁၄ ခုနှစ် အခန်း

No. 2014-167

HB 1714

အက်ဥပဒေ

၁၉၅၁ ခုနှစ် ဧပြီလ ၆ ရက် အက်ဥပဒေပြင်ဆင်ချက် (P.L.69, No.20)၊ "အိမ်ရှင် နှင့် အိမ်ငှားနှင့် ၄င်းတို့နှင့်ဆက်ဆံသူများ၏ အခွင့်အရေးများ၊ တာဝန်နှင့် ဝတ္တရားများ နှင့် ဆက်စပ်သည့် အက်ဥပဒေ နှင့်
၄င်းမှတဆင့် ဆက်စပ်သည့် ဥပဒေကို မွမ်းမံခြင်း၊ ပြင်ဆင်သုံးသပ်ခြင်း နှင့် ပေါင်းစည်းခြင်း" ဟုခေါင်းစဉ်ရသည့် ပြင်ဆင်ချက်က စွန့်ပစ်ထားသည့် ကိုယ်ပိုင်ပစ္စည်းများကို စွန့်ပစ်နိုင်မှု ထပ်ဆောင်း ပေးအပ်ထားပါသည်။

ပန်ဆိုင်လ်ဗေးနီးယား ဓနသဟာယ အထွေထွေညီလာခံက ဤနေရာတွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည် -

အခန်း ၁။ ၁၉၅၁ အိမ်ရှင် နှင့် အိမ်ငှား အက်ဥပဒေ ဟု သိကြသည့် ၁၉၅၁ ခုနှစ် ဧပြီလ ၆ ရက် အက်ဥပဒေ၊ အခန်း 505.1 (P.L.69, No.20) က ၂၀၁၂ ခုနှစ် ဇူလိုင်လ ၅ ရက်နေ့တွင် (P.L.1091, No.129) ကို ထည့်သွင်းခဲ့ပြီး အောက်ပါအတိုင်း ဖတ်ရှုရန် ပြင်ဆင်ခဲ့ပါသည် -

အခန်း 505.1. စွန့်ပစ်ထားသော ကိုယ်ပိုင်ပစ္စည်းများကို စွန့်ပစ်ခြင်း - (က) [အိမ်ငှားမှ ငှားယူထားသည့် အိမ်ခြံမြေကို ပိုင်ဆိုင်မှု လက်လွှတ်ချိန်၌ အိမ်ငှားအနေဖြင့် ၄င်းပိုင်ဆိုင်သည့်ကိုယ်ပိုင်ပစ္စည်း အမျိုးအစားအားလုံးကို ပရဝုဏ်တွင်းမှ ဖယ်ရှားသင့်ပါသည်။ ယင်းအခန်း၏ ရည်ရွယ်ချက်အရ အောက်ပါတို့မှ တစ်ခုခုရှိပါက အိမ်ငှားတစ်ဦးသည် အိမ်ခြံမြေ ပိုင်ဆိုင်အား လက်လွှတ်သည်ဟု မှတ်ယူပါမည် -

1. အိမ်ရှင်၏အလိုကို ဦးစားပေးသည့် ပိုင်ဆိုင်မှုအမိန့်ကို ကျင့်ကြံခြင်း။
2. အကယ်၍ အိမ်ငှားသည် ပရဝုဏ်တွင်းမှ ကိုယ်ထိလက်ရောက် ထွက်ခွာပြီးပါက ကိုယ်ပိုင်ပစ္စည်းအားလုံးကို များများစားစားဖယ်ရှားပြီး ရှေ့ဆက်ပို့ရမည့်လိပ်စာပေးအပ်ပါ သို့မဟုတ် အိမ်ငှားသည် ပရဝုဏ်တွင်းမှ ထွက်ခွာပြီဟု ဖော်ပြသည့် စာဖြင့်ရေးသားထားသည့် အသိပေးချက်ပေးအပ်ပါ။

(b) အပိုဒ်ခွဲ (က) အောက်တွင် ပရဝုဏ်များကို လက်လွှတ်ပြီးသည်နှင့် အိမ်ရှင်မှ အမှန်တကယ်အိမ်ခြံမြေ ပိုင်ဆိုင်မှုကို လက်ခံလိုက်သည်နှင့် အိမ်ငှားအနေဖြင့် ပရဝုဏ်များပေါ်တွင် ကျန်ရှိနေခဲ့သော ကိုယ်ပိုင်ပစ္စည်းတစ်ခုခုကို ဖယ်ရှားရန် အိမ်ငှား၏ရည်ရွယ်ချက်နှင့် စပ်လျဉ်းပြီး အိမ်ရှင်အား ဆက်သွယ်ရန် ဆယ်ရက်အချိန်ရှိပါမည်။ အကယ်၍ ရည်ရွယ်ချက်ကို အိမ်ရှင်ထံသို့ ပို့ပေးခဲ့ပါက ကိုယ်ပိုင်ပစ္စည်းများကို
အိမ်ရှင်မှ ၄င်းရွေးချယ်သည့် နေရာတစ်ခုတွင် ရက် သုံးဆယ် သိမ်းထားပေးပါမည်။ အကယ်၍ ဆယ်ရက်အတွင်း အိမ်ရှင်ထံ ဆက်သွယ်ပြောဆိုမှု မလုပ်ပါက ပိုင်ဆိုင်မှုကို ဆယ်ရက်အကုန်တွင် အိမ်ရှင်၏ဆုံးဖြတ်ချက်ဖြင့် စွန့်ပစ်နိုင်ပါသည်။

(c) အိမ်ငှားမှ ပရဝုဏ်များကို လက်လွှတ်လိုက်ပြီးနောက် အကယ်၍ ကိုယ်ပိုင်ပစ္စည်းက ပရဝုဏ်များပေါ်တွင် ဆက်လက်ရှိနေပါက အောက်ပါတို့ သက်ရောက်ပါမည် -

1. အကယ်၍ အိမ်ရှင်က အမှန်တကယ် အိမ်ခြံမြေကို အပိုဒ်ခွဲ (က)(၁) အောက်တွင် လက်ခံခဲ့ပါက နှင့် ပိုင်ဆိုင်ခွင့်အမိန့် သို့မဟုတ် အရေးအသားတွင် အပိုဒ်ခွဲ (ခ) အောက်ရှိ ပြဋ္ဌာန်းချက်အတွက် အသိပေးမှုပါရှိပါက အိမ်ရှင်အနေဖြင့် အိမ်ငှားအား ထပ်ဆောင်းအသိပေးချက် ပေးအပ်ရန် လိုအပ်ပါမည်။

2. အကယ်၍ အိမ်ရှင်က အိမ်ခြံမြေကို အပိုဒ်ခွဲ (က)(၂) အောက်တွင် လက်ခံခဲ့ပါက နှင့် အငှားစာချုပ် သို့မဟုတ် အငှားစာချုပ်နောက်ဆက်တွဲ ပြဋ္ဌာန်းချက်တွင် အပိုဒ်ခွဲ (ခ) အောက်ရှိ အသိပေးမှု ပြဋ္ဌာန်းချက်များ ပါရှိပါက အိမ်ရှင်အနေဖြင့် ပရဝုဏ်များပေါ်တွင် ကိုယ်ပိုင်ပစ္စည်း ကျန်ရှိနေကြောင်း နှင့် အိမ်ငှားမှ ဖယ်ရှားပေးရမည်ဖြစ်ကြောင်း စာဖြင့်အသိပေးချက်ကို အိမ်ငှားအား ပေးအပ်ရန် လိုအပ်ပါမည်။ ဤစာပိုဒ်အောက်ရှိ အသိပေးချက်က အိမ်ငှားသည် ကိုယ်ပိုင်ပစ္စည်းများကို ဖယ်ရှားပေးပါမည့်အကြောင်း အိမ်ရှင်အား အသိပေးရန်အတွက် အိမ်ငှားအား အသိပေးစာပေါ်ရှိ စာတိုက်တံဆိပ်ပါနေ့စွဲမှ ဆယ်ရက် အချိန်ပေးသင့်ပါသည်။ အကယ်၍ ရည်ရွယ်ချက်ကို အိမ်ရှင်ထံ အကြောင်းကြားပါက ယင်းကိုယ်ပိုင်ပစ္စည်းကို အိမ်ရှင်ရွေးချယ်သည့်နေရာတစ်ခုတွင် အသိပေးစာပေါ်ရှိ စာတိုက်တံဆိပ် နေ့စွဲမှ ရက်ပေါင်း သုံးဆယ် အိမ်ရှင်မှ သိမ်းထားပေးပါမည်။ အကယ်၍ ဆယ်ရက်အတွင်း အိမ်ရှင်ထံ ဆက်သွယ်ပြောဆိုမှု မလုပ်ပါက ပိုင်ဆိုင်မှုကို ဆယ်ရက်အကုန်တွင် အိမ်ရှင်၏ဆုံးဖြတ်ချက်ဖြင့် စွန့်ပစ်နိုင်ပါသည်။ အသိပေးစာပေါ်တွင် အိမ်ရှင်အား ဆက်သွယ်နိုင်သည့် တယ်လီဖုန်းနံပါတ်တစ်ခု နှင့် လိပ်စာတစ်ခုလည်း ပါသင့်ပြီး ယင်းပိုင်ဆိုင်မှုကို မည်သည့်နေရာတွင် ပြန်လည်ရယူနိုင်ကြောင်း ခွဲခြားဖော်ပြထားသင့်သည်။ အသိပေးစာကို -

(i) ပေးထားပါက အိမ်ငှား၏ နောက်ဆက်ပို့ရမည့် လိပ်စာသို့ ပုံမှန် စာပို့ဖြင့် ပို့ရမည်၊ သို့မဟုတ် နောက်ဆက်ပို့ရမည့် လိပ်စာ မပေးထားပါက ယခင်ငှားရမ်းခဲ့သည့် ပရဝုဏ်များသို့ ပို့ရမည်၊ သို့မဟုတ်

(ii) အိမ်ငှားထံ လူကိုယ်တိုင် သွားရောက်ပေးပို့ရမည်။

3. အငှားစာချုပ် သို့မဟုတ် အငှားစာချုပ်နောက်ဆက်တွဲတွင် အပိုဒ်ခွဲ (ခ) အောက်ပါ အသိပေးမှုဆိုင်ရာ ပြဋ္ဌာန်းချက်များ မပါရှိပါက အိမ်ရှင်အနေဖြင့် အပိုဒ် (၂) ပါ လိုအပ်ချက်များအတိုင်း လိုက်နာသည့်အပြင် အငှားစာချုပ် သဘောတူညီချက်တစ်ခုတွင် အိမ်ငှားမှ ပေးထားခဲ့နိုင်သော အရေးပေါ် ဆက်သွယ်ရန်လိပ်စာတစ်ခုခု သို့ ပို့သင့်ပါသည်။

4. အပိုဒ်ခွဲအောက်၌ လိုအပ်သည့် အသိပေးချက်တစ်ခုခုတွင် အပိုဒ်ခွဲ (စ) အောက်ပါ ဆယ်ရက်ကြာပြီးနောက် အိမ်ငှားမှ ပြန်လည်ရယူခဲ့သည့် ပစ္စည်းအား ဖယ်ရှားခြင်း သို့မဟုတ် သိုလှောင်ခြင်းနှင့် ဆက်စပ်သည့် ကုန်ကျစရိတ်များကို အိမ်ငှားမှ ပေးရန် လိုအပ်သင့်ပါသည်။

(d) အိမ်ရှင်မှ ပရဝုဏ်များကို လက်ခံချိန်နှင့် ဆယ်ရက် သို့မဟုတ် ရက် သုံးဆယ် ကာလကုန်ဆုံးချိန် အကြား အချိန်တိုင်းတွင် အိမ်ရှင်အနေဖြင့် ယခင်အိမ်ငှားမှ အိမ်ခြံမြေအတွင်း သို့မဟုတ် အပေါ်တွင် ချန်ထားခဲ့သော ကိုယ်ပိုင်ပစ္စည်းတစ်ခုခု နှင့်စပ်လျဉ်းပြီး ပုံမှန်စောင့်ရှောက်မှု ကျင့်ကြံလုပ်ဆောင်သင့်ပါသည်။

(e) အပိုဒ်ခွဲ(ဃ) အောက်ပါ သင့်တော်သည့် အချိန်ကာလ ကုန်ဆုံးသွားပြီးနောက် အိမ်ရှင်ထံတွင် ယခင်အိမ်ငှား၏ ကိုယ်ပိုင်ပစ္စည်းနှင့်စပ်လျဉ်းပြီး ထပ်ဆောင်း တာဝန်ဝတ္တရား မရှိတော့ပဲ အိမ်ရှင်၏ ဆုံးဖြတ်ချက်ဖြင့် ယင်းပိုင်ဆိုင်မှုကို စွန့်ပစ်ကောင်း စွန့်ပစ်နိုင်ပါသည်။ အကယ်၍ ကိုယ်ပိုင် ပစ္စည်းကို ရောင်းချပြီး ရရှိသည့်ငွေများက အိမ်ရှင်ထံအကြွေးကျန်နေသည့် ပေးရန်ကျန်ရှိသော ငွေကြေးတာဝန်များထက်ကျော်လွန်ပါက ယင်းရရှိငွေကို အိမ်ငှားထံသို့ မှတ်ပုံတင်ပြီး စာတိုက်မှ ပို့ပေးရမည်။ အကယ်၍ ယခင်အိမ်ငှားက ရှေ့ဆက်ပို့ရမည့် လိပ်စာကို အိမ်ရှင်ထံမပေးထားပါက အိမ်ရှင်အနေဖြင့် ယင်းငွေကို ရက်သုံးဆယ် လက်ကိုင်ထားပြီး လာရောက်မတောင်းပါက ယင်းငွေများကို ဆက်လက်ထိန်းသိမ်းထားနိုင်ပါသည်။

(f) အကယ်၍ အိမ်ရှင်က အိမ်ငှားအား အပိုဒ်ခွဲ (ဂ) အောက်တွင် အသိပေးစာ ထုတ်ပြန်ပေးခဲ့ပါက အိမ်ရှင်အနေဖြင့် အိမ်ငှား၏ ကိုယ်ပိုင်ပစ္စည်းကို ငှားရမ်းခဲ့သည့် ပရဝုဏ်များမှ ကျိုးကြောင်းလျော်ညီသည့်အကွာအဝေးအတွင်းရှိ အခြားနေရာတစ်ခုတွင် သိုလှောင်ထားရန် ရွေးချယ်နိုင်ပါသည်။ အကယ်၍ အိမ်ရှင်က ပိုင်ဆိုင်မှုကို အခြားတစ်နေရာတွင် သိုလှောင်ရန် ရွေးချယ်ပါက အိမ်ရှင်အနေဖြင့် ဤအခန်းအောက်တွင်ဖော်ပြထားသည့်အတိုင်း လိုအပ်သည့်အချိန်ကာလအတွက် ပိုင်ဆိုင်မှုကို လုံခြုံစွာထိန်းသိမ်းထားရန်

ပရဝုဏ်များတွင်းမှ ကျိုးကြောင်းလျော်ညီစွာ တွက်ချက်ထားသည့် မည်သည့်နည်းလမ်းမဆိုဖြင့် ယင်းကို ဖယ်ရှားနိုင်ပါသည်။ ယခင်အိမ်ငှားက ကိုယ်ပိုင်ပစ္စည်းကို အသိပေးစာပို့သည့် စာတိုက်တံဆိပ်ပါ နေ့စွဲမှ ဆယ်ရက်အတွင်း ပြန်ယူပါက အိမ်ရှင်မှ ယင်းကိုယ်ပိုင်ပစ္စည်းအား ဖယ်ရှား သို့မဟုတ် သိုလှောင်မှုနှင့် ဆက်စပ်သည့် မည်သည့်ကုန်ကျစရိတ်များမဆိုကို အိမ်ငှားအနေဖြင့် ပေးရန်မလိုအပ်သင့်ပါ။ အကယ်၍ ယခင်အိမ်ငှားက ကိုယ်ပိုင်ပစ္စည်းကို အသိပေးစာပို့သည့် စာတိုက်တံဆိပ်ပါ နေ့စွဲမှ ဆယ်ရက်ကျော်ပြီးသော်လည်း ရက် သုံးဆယ်မတိုင်မီ ပြန်ယူပါက အိမ်ငှားအနေဖြင့် အဆိုပါအချိန်ကာလအတွက် အိမ်ရှင်မှ ကိုယ်ပိုင်ပစ္စည်းကို ဖယ်ရှားမှု သို့မဟုတ် သိုလှောင်မှုနှင့် စပ်လျဉ်းသည့် ကျိုးကြောင်းလျော်ညီပြီး အမှန်တကယ်ကုန်ကျစရိတ်တစ်ခုခုကို ပေးရန်လိုအပ်သင့်ပါသည်။] အငှားစာချုပ်တစ်ခုကို အဆုံးသတ်လိုက်သည်နှင့် သို့မဟုတ် အိမ်ခြံမြေပိုင်ဆိုင်မှုကို လက်လွှတ်လိုက်သည်နှင့် အိမ်ငှားတစ်ဦးအနေဖြင့် ကိုယ်ပိုင်ပစ္စည်းများအားလုံးကို ငှားရမ်းထားသည့် သို့မဟုတ် ယခင်က ငှားရမ်းခဲ့သည့် ပရဝုဏ်မှ ဖယ်ရှားပေးသင့်ပါသည်။ ပရဝုဏ်များပေါ် ကျန်ရှိနေသော စွန့်ပစ်ထားသည့် ကိုယ်ပိုင်ပစ္စည်းများကို ဤအခန်းပါ ပြဋ္ဌာန်းချက်များအရ အိမ်ရှင်၏ဆုံးဖြတ်ချက်ဖြင့် စွန့်ပစ်နိုင်ပါသည်။

(b) ပရဝုဏ်များပေါ်တွင် ကျန်ရှိနေသော ကိုယ်ပိုင်ပစ္စည်းများကို အောက်ပါအခြေအနေများ သက်ရောက်ပါက စွန့်ပစ်ဟု မှတ်ယူနိုင်ပါသည် -

1. စာဖြင့်ရေးသားထားသော အငှားစာချုပ်တစ်ခုကို အဆုံးသတ်ပြီး အိမ်ငှားက အခန်းမှ ထွက်ခွာခဲ့ပါက။
2. အိမ်မှနှင်ချသည့်အမိန့် သို့မဟုတ် အိမ်ရှင်ကို ဦးစားပေးသည့် ပိုင်ဆိုင်ခွင့်အမိန့် ဝင်ရောက်ပြီး အိမ်ငှားက အခန်းမှ ထွက်ခွာခဲ့ကာ ကိုယ်ပိုင်ပစ္စည်းအားလုံးမှ ပမာဏများများစားစားကို ဖယ်ရှားခဲ့ပါက။
3. အိမ်မှနှင်ချသည့်အမိန့် သို့မဟုတ် အိမ်ရှင်အား ဦးစားပေးသည့် ပိုင်ဆိုင်ခွင့်အမိန့်ကို ကျင့်ကြံခဲ့ပါက။
4. အိမ်ငှားက အိမ်ရှင်အား ဆက်လက်ပေးပို့ရန်လိပ်စာတစ်ခုကို စာဖြင့်ရေးသားအသိပေးချက်ဖြင့် ပေးအပ်ခဲ့ပါက နှင့် အခန်းမှ ထွက်ခွာခဲ့ပြီး ကိုယ်ပိုင်ပစ္စည်းအားလုံးမှ ပမာဏများများစားစားကို ဖယ်ရှားခဲ့ပါက။
5. အိမ်ငှားက ပြန်လာရန် ရည်ရွယ်ချက်တစ်ခုရှိကြောင်း ဆက်သွယ်ပြောဆိုမှုမရှိပဲ အခန်းမှ ထွက်ခွာပြီး၊ အိမ်ငှားခ ပေးရမည့်အချိန်ထက် ဆယ့်ငါးရက်ကျော်သွားပြီး ယင်းဖြစ်ရပ်များနှင့် နောက်ဆက်တွဲအနေဖြင့် အိမ်ရှင်က အိမ်ခြံမြေနှင့် စပ်လျဉ်းသည့် အိမ်ငှား၏အခွင့်အရေးဆိုင်ရာ အသိပေးစာကို ပို့ခဲ့ပါက။

(c) အိမ်ငှား သေဆုံးပြီး ကိုယ်ပိုင်ပစ္စည်းများကို ကျန်နေခဲ့သည့် ပရဝုဏ်အတွင်း ချန်ထားခဲ့ပါက ယင်းအက်ဥပဒေ ပြဋ္ဌာန်းချက် အကျုံးမဝင်သင့်ပါ။ သေဆုံးမှုတစ်ခုကြောင့် ကိုယ်ပိုင်ပစ္စည်းများကို စွန့်ပစ်ခြင်းအား 20 Pa.C.S. §§ 711(1) (ယေဘုယျအားဖြင့် ပိုင်ရှင်မရှိမှုဆိုင်ရာ တရားရုံးခွဲမှတဆင့် မဖြစ်မနေကျင့်ကြံရမည့် တရားစီရင်မှုနှင့် ဆက်စပ်သည်) ပါ ပြဋ္ဌာန်းချက်များ နှင့် 3392 (ငွေပေးချေမှုဆိုင်ရာ အတန်းအစားများ နှင့် အစီအစဉ်များနှင့် ဆက်စပ်သည်) နှင့် 20 Pa.C.S. ပါ အခြား သင့်လျော်သည့် ပြဋ္ဌာန်းချက်များ (သေဆုံးသူများ၊ အိမ်ခြံမြေများ နှင့် ကြီးကြပ်အုပ်ချုပ်သူများ) ဖြင့် အုပ်စိုးသင့်ပါသည်။

(d) စွန့်ပစ်ထားသည့် ပိုင်ဆိုင်မှုများကို မဖယ်ရှားမီ သို့မဟုတ် မစွန့်ပစ်မီ အိမ်ရှင်အနေဖြင့် ပိုင်ဆိုင်ပစ္စည်းနှင့် ဆက်စပ်ပြီး အိမ်ငှား၏ အခွင့်အရေးများကို စာဖြင့်ရေးသားအသိပေးစာ ပေးအပ်ရမည်။ ပိုင်ဆိုင်မှုကို ပြန်ယူရန် အိမ်ငှားထံတွင် အသိပေးစာပို့သည့် စာတိုက်တံဆိပ်ပါ နေ့စွဲမှ ဆယ်ရက်အချိန်ရသင့်ပါသည် သို့မဟုတ် ပိုင်ဆိုင်မှုကို အသိပေးစာနေ့စွဲမှ ရက်ပေါင်း သုံးဆယ်ထက်မကျော်သည့် ထပ်ဆောင်းကာလတစ်ခုအတွက် သိုလှောင်ထားပေးရန် တောင်းဆိုနိုင်ပါသည်။ အကယ်၍ အိမ်ငှားမှ တောင်းဆိုပါက အိမ်ရှင်အနေဖြင့် ပိုင်ဆိုင်မှုကို အသိပေးစာပါနေ့စွဲမှ ရက်ပေါင်း သုံးဆယ်အထိ သိမ်းထား သို့မဟုတ် သိုလှောင်ထားရပါမည်။ အိမ်ရှင်ရွေးချယ်သည့်နေရာတစ်ခုတွင် သိုလှောင်ထားရမည်ဖြစ်ပြီး အိမ်ငှားအနေဖြင့် ကုန်ကျစရိတ်များပေးရန် တာဝန်ရှိပါသည်။ အချိန်တိုင်းတွင် အိမ်ရှင်အနေဖြင့် အိမ်ငှား၏ပိုင်ဆိုင်မှုကို ကိုင်တွယ်ရန် နှင့် လုံခြုံစေရန်ပြုရာတွင် ပုံမှန် ဂရုစိုက်စောင့်ရှောက်သင့်ပြီး ပြန်လာယူနိုင်ရန် ရည်ရွယ်ချက်အတွက် ပိုင်ဆိုင်မှုကို ကျိုးကြောင်းလျော်ညီစွာ အလုပ်မီအောင် လုပ်ထားသင့်ပါသည်။

(e) အိမ်ငှားထံသို့ အသိပေးစာကို ပထမတန်းစား စာပို့မှုတဆင့် အငှားချထားသည့် ပရဝုဏ်လိပ်စာ နှင့် အရေးပေါ်ရည်ရွယ်ချက်အတွက် ပေးထားသော လိပ်စာတစ်ခုခု အပါအဝင် အိမ်ငှားမှပေးထားသော ရှေ့ဆက်ပို့ရန်လိပ်စာတစ်ခုခုသို့ ပို့ပေးရမည်။ အသိပေးစာသည့် အောက်ပါပုံစံမျိုးဖြင့် သိသိသာသာဖြစ်သင့်သည် -

(လိပ်စာ) ရှိ ကိုယ်ပိုင်ပစ္စည်းကို ယခုအခါတွင် စွန့်ပစ်ပစ္စည်းအဖြစ် သတ်မှတ်ပါသည်။ ယခုအသိပေးစာပို့သည့် စာတိုက်တံဆိပ်ပါ နေ့စွဲမှ ဆယ်ရက်အတွင်း သင် သိမ်းထားရန် ဆန္ဒရှိသည့် မည်သည့်ပစ္စည်းမဆိုကို သင် လာယူရမည်၊ သို့မဟုတ် ပိုင်ဆိုင်မှုကို သိမ်းထားပေး သို့မဟုတ် သိုလှောင်ပေးဖို့ တောင်းဆိုရန် သင်၏အိမ်ရှင်ကို (တယ်လီဖုန်းနံပါတ် နှင့် လိပ်စာ) တွင် ဆက်သွယ်ပါ။ အကယ်၍ တောင်းဆိုပါက သိုလှောင်မှုကို ယခုအသိပေးစာပေးပို့သည့် စာတိုက်တံဆိပ်ပါ နေ့စွဲမှ ရက်ပေါင်း သုံးဆယ်အထိ အိမ်ရှင်ရွေးချယ်သည့် နေရာတစ်ခုတွင် သိုလှောင်ပေးထားမည်ဖြစ်ပြီး ကုန်ကျစရိတ်များပေးရန်အတွက် သင် တာဝန်ရှိပါလိမ့်မည်။

(f) မည်သည့်အခြေအနေမျိုးတွင်မဆို အိမ်ငှား၏ခွင့်ပြုချက်မဖော်ပြပဲ လူနေထိုင်နေသည့် ပရဝုဏ်များပေါ်တွင် ကျန်ရှိနေသော ကိုယ်ပိုင်ပစ္စည်းများကို အိမ်ရှင်တစ်ဦးမှ စွန့်ပစ်ခြင်း သို့မဟုတ် တစ်နည်းအားဖြင့် ထိန်းချုပ်မှုရယူခြင်း မလုပ်သင့်ပါ။ စွန့်ပစ်သည်ဟု ယူဆထားသော ကိုယ်ပိုင်ပစ္စည်းမရှိတော့သည့် အခြေအနေအောက်တွင် အိမ်ရှင်အနေဖြင့် ယင်းပိုင်ဆိုင်မှုကို စွန့်ပစ်ရန် သို့မဟုတ် တစ်နည်းအားဖြင့် ထိန်းချုပ်မှုရယူရန် အခွင့်အရေး မရှိသင့်ပါ။

(g) အခန်းခွဲ (ဗ) တွင်းရှိ ပြဋ္ဌာန်းချက်များအရမှ လွဲပြီး ဤအခန်းပါ ပြဋ္ဌာန်းချက်များ နှင့် စာဖြင့်ရေးသားထားသော အငှားစာချုပ်ပါ အခေါ်အဝေါ်များအကြား ပဋိပက္ခရှိသည့်အခါ အငှားစာချုပ်ပါ အခေါ်အဝေါ်များက ထိန်းချုပ်လွှမ်းမိုးသင့်ပါသည်။

(h) ဤအခန်းပါ မည်သည့်ပြဋ္ဌာန်းချက်မဆိုအတိုင်း မတည်ပဲ ဆန့်ကျင်၍ အိမ်ရှင်တစ်ဦးမှ အပိုဒ်ခွဲ (ခ)(၃) ပါ ပြဋ္ဌာန်းချက်များအောက်တွင် အမှန်တကယ် သိရှိ၍ဖြစ်စေ အိမ်ငှား သို့မဟုတ် အိမ်ငှား၏ အနီးစပ်ဆုံးမိသားစုဝင်တစ်ဦးအား ကာကွယ်ရန်အတွက် အလွဲသုံးစားပြုမှုမှ ကာကွယ်တားဆီးရေးအမိန့် ဝင်ရောက်ကြောင်း အသိပေးခံရပါက အိမ်ရှင်အနေဖြင့် အသိပေးစာနေ့စွဲမှ ရက်ပေါင်း သုံးဆယ်အတွင်း အိမ်ငှား၏ ကိုယ်ပိုင်ပစ္စည်းကို စွန့်ပစ်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ထိန်းချုပ်မှုရယူခြင်း ကျင့်ကြံခြင်းမပြုပဲ နောက်ဆုတ်သင့်ပါသည်။ အကယ်၍ တောင်းဆိုပါက သိုလှောင်မှုကို တောင်းဆိုသည့်နေ့စွဲမှ ရက်ပေါင် သုံးဆယ်အထိ ပေးအပ်သင့်ပါသည်။

(i) ဤအခန်းပါ ပြဋ္ဌာန်းချက်များကို ချိုးဖောက်သည့် အိမ်ရှင်တစ်ဦးသည် ပျက်စီးမှု၏သုံးဆ၊ ကျိုးကြောင်းလျော်ညီသည့် ရှေ့နေခ နှင့် တရားရုံး ကုန်ကျစရိတ်များ ကျခံသင့်ပါသည်။

အခန်း ၂။ ဤအက်ဥပဒေက ရက် ၆၀ အတွင်း သက်ရောက်သင့်ပါသည်။

ခွင့်ပြုသည့်နေ့စွဲ - အေဒီ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်။

TOM CORBETT

ပြင်ဆင်မှုများ နှင့် အခိပ္ပါယ် သက်ရောက်မှု လူနေထိုင်နိုင်ကြောင်း ဂရန်တီ

နေထိုင်ရန် တင့်တယ်လျောက်ပတ်သော နေရာတစ်ခု ရရှိပိုင်ခွင့်

ပန်ဆိုင်လ်ဗေးနီးယား အထက်တရားရုံးက အိမ်ငှားများတွင် နေထိုင်ရန် တင့်တယ်လျောက်ပတ်သည့်နေရာ ရပိုင်ခွင့်ရှိကြောင်း သေချာစေပါသည်။ တင့်တယ်လျောက်ပတ်သည့် အငှားအိမ်ရာရရှိရန် အဆိုပါ ဂရန်တီကို **လူနေထိုင်နိုင်သည်ဟု အဓိပ္ပါယ်သက်ရောက်သည့် ဂရန်တီ**ဟု ခေါ်ပါသည်။

ဂရန်တီဆိုသည်မှာ ပန်ဆိုင်လ်ဗေးနီးယားရှိ လူနေအိမ်အငှားစာချုပ်တိုင်း (နှုတ်ဖြင့်ဖြစ်စေ စာဖြင့်ဖြစ်စေ) တွင် အိမ်ရှင်တစ်ဦးက ဘေးအန္တရာယ်ကင်းရှင်း၊ သန့်ရှင်းပြီး ကျန်းမာရေးနှင့်ပြည့်စုံသော နေအိမ်တစ်ခု ပံ့ပိုးပေးပါမည်ဟူသော ကတိ (ဂရန်တီ) တစ်ခု ပါရှိသည်ဟု ဆိုလိုပါသည်။ အငှားနေအိမ်တစ်ခုသည် လူနေထိုင်ရန်ပြည့်မှီရမည်ဖြစ်ပြီး အိမ်ရှင်အနေဖြင့် မရှိမဖြစ်လိုအပ်သည့် ပြင်ဆင်မှုများ ပြုလုပ်ခြင်းဖြင့် ငှားရမ်းသည့် ကာလတစ်လျှောက်လုံး ယင်းနည်းလမ်းအတိုင်း ထိန်းသိမ်းထားရပါမည်။ ငှားရမ်းသူက နေထိုင်ရာ နေရာအား "အမြင်အတိုင်း" ယူပါသည်ဟု အငှားစာချုပ်တစ်ခုတွင် လက်မှတ်ထိုးသည့်တိုင် ဂရန်တီက အဆိုပါ ပုဂ္ဂိုလ်အား ကာကွယ်ပေးပါသည်။
နေထိုင်နိုင်သည့် အိမ်တစ်လုံးရပိုင်ခွင့်ကို အငှားစာချုပ်အတွင်း ကင်းလွတ်ခွင့် မပေးနိုင်ပါ။ အငှားစာချုပ်က ဂရန်တီပါသည်ဟု ပြောသည်ဖြစ်စေ မပြောသည်ဖြစ်စေ အငှာစာချုပ်တွင်း ဂရန်တီပါရှိသည်ကို သတိရပါ။ အဆိုပါ ဂရန်တီမှ ကင်းလွတ်ရန် ကြိုးပမ်းသည့် အငှားစာချုပ်ပါအပိုဒ်တစ်ခုကို မတင်းကျပ်နိုင်ပါ။

ဂရန်တီက အိမ်ရှင်အား အပေါ်ယံမျက်နှာစာပြင်ဆင်မှုများ ပြုလုပ်ရန် မလိုအပ်စေပါ။ ဥပမာ အိမ်ရှင်အနေဖြင့် ပျက်ပြယ်နေသည့်သုတ်ဆေးကို ပြင်ဆင်ရန်၊ ကောဇောအသစ်များ တပ်ဆင်ရန်၊ သို့မဟုတ် အခြားအပေါ်ယံမျက်နှာစာ အဆင့်မြှင့်တင်မှု သို့မဟုတ် တိုးတက်မှု ပြုလုပ်ရန် မလိုအပ်ပါ။ **သို့ပါသော်လည်း အိမ်ရှင်အနေဖြင့် ငှားရမ်းသည့်အခန်းအတွင်း ဘေးအန္တရာယ်ကင်းရှင်းရေး သို့မဟုတ် နေထိုင်နိုင်စွမ်းကို ထိခိုက်စေမည့် ဆိုးဆိုးရွားရွားချွတ်ယွင်းချက်များကို ပြုပြင်ပေးရပါမည်။**

အောက်ပါတို့သည့် လူနေထိုင်နိုင်သည်ဟု အဓိပ္ပါယ်သက်ရောက်သည့် ဂရန်တီဖြင့် ကာကွယ်ပေးထားသည့် ချွတ်ယွင်းချက်များအတွက် ဥပမာများဖြစ်သည် -

- ရေပူ နှင့်/သို့မဟုတ် ရေအေး အဆက်မပြတ် မရရှိခြင်း
- အသုံးမဝင်သည့် မိလ္လာရေဆိုးစနစ်
- အငှားချထားသည့် ပရဝုဏ်များကို သော့ခလောက်များဖြင့် (တံခါးများ၊ ပြတင်းပေါက်များ) လုံခြုံအောင်လုပ်နိုင်စွမ်းမရှိခြင်း
- ဆောင်းရာသီတွင် လုံလောက်သည့် အပူပေးမှု မရှိခြင်း
- အင်းဆက်များ သို့မဟုတ် ကြွက်များပေါများခြင်း
- ခေါင်းမိုး ယိုပေါက်နေခြင်း
- ဘေးအန္တရာယ်မကင်းသည့် ကြမ်းခင်းများ၊ လှေကားများ၊ အဝင်ဝများ နှင့် လက်ရန်းများ
- လျှပ်စစ်ဝိုင်ယာတပ်ဆင်မှု မလုံလောက်ခြင်း (မီးဘေးအန္တရာယ်ရှိသည်) သို့မဟုတ် လျှပ်စစ်မီးမရရှိခြင်း
- ရေခဲသေတ္တာ ပျက်နေသောကြောင့် အစားအသောက်များကို ဘေးအန္တရာယ် ကင်းရှင်းစွာ မသိုလှောင်နိုင်ခြင်း (အိမ်ရှင်က ရေခဲသေတ္တာကို ပြုပြင်ထိန်းသိမ်းရန် နှင့် ပြင်ဆင်ရန်အတွက် တာဝန်ရှိသောအခါ)
- ပရဝုဏ်အတွင်း နေထိုင်ရာတွင် ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် တည်ဆောက်မှုပိုင်းဆိုင်ရာ အစိတ်အပိုင်းများ ဘေးအန္တရာယ်မကင်းခြင်း

လုံလောက်သော အပူပေးမှု ဆိုသည်မှာ ဘာပါလဲ။

"လုံလောက်သော အပူပေးမှု" က ဒေသန္တရ အိမ်ခြံမြေ ပြုပြင်ထိန်းသိမ်းရေး ကုဒ်များပေါ်တွင် မူတည်ပါသည်။ သင်၏ရပ်ကွက်တွင်းရှိ ငှားရမ်းသည့်အခန်းတစ်ခန်း၌ လုံလောက်သောအပူအတွက် လိုအပ်ချက်များက ဘာတွေလဲ ဆိုသည်ကို သိရှိရန် သင်၏ ဒေသန္တရမြူနီစပါယ်ဌာ နှင့် စစ်ဆေးရန် လိုအပ်ပါလိမ့်မည်။ မြူနီစပါယ်ဌာနတော်တော်များများက အပြည့်ပြည့်ဆိုင်ရာ

အိမ်ခြံမြေ ပြုပြင်ထိန်းသိမ်းရေးကုဒ်ကို အိမ်ခြံမြေ ပြုပြင်ထိန်းသိမ်းရေးအတွက် စံနှုန်းတစ်ခုအဖြစ် မွေးစားအသုံးချပါသည်။ ဤကုဒ်က ယေဘုယျအားဖြင့် အိမ်ရှင်များအား ဆောင်းရာသီလများ အတောအတွင်း အနည်းဆုံးအပူချိန် ၆၈ ဒီဂရီ ဖာရင်ဟိုက် (၂၀ ဒီဂရီ စင်တီဂရိတ်) ထိန်းသိမ်းထားပေးနိုင်သည့် အပူပေးစနစ်တစ်ခု ပေးအပ်ရန် လိုအပ်စေပါသည်။ ဖီလာဒဲလ်ဖီးယားတွင် အိမ်ရှင်များအနေဖြင့် အောက်တိုဘာလ မှ ဧပြီလတစ်လျှောက် အနည်းဆုံး အပူချိန် ၆၈ ဒီဂရီ ဖာရင်ဟိုက် ပေးအပ်နိုင်သည့် စနစ်တစ်ခု ထိန်းသိမ်းထားရန် လိုအပ်ပါသည်။ အကယ်၍ အိမ်ငှားထံတွင် အပူထိန်းချုပ်စနစ်တစ်ခု မှတဆင့် ၄င်းတို့ကိုယ်ပိုင် အပူချိန်ကို ထိန်းချုပ်မှုရှိပါက အိမ်ရှင်အနေဖြင့် အပူချိန်ကို အနည်းဆုံး ၆၈ ဒဂီရီ ထိန်းပေးထားရန် မလိုပါ - ယင်းကို အိမ်ငှား၏ ဆုံးဖြတ်ချက်အဖြစ် ချန်ထားပေးပါသည်။ သင်၏ရေိယာအတွင်း အနည်းဆုံး အပူပေးရန်လိုအပ်ချက်များသိရှိရန် သင်၏ ဒေသန္တရ ကုဒ်တင်းကျပ်ရေး ဌာနဖြင့် စစ်ဆေးပါ။

အကယ်၍ သင်၏အခန်းက လူနေထိုင်ရန် မသင့်တော်ပါက သင် ဘာလုပ်ပါမလဲ။

အကယ်၍ ပြဿနာက **လူနေထိုင်နိုင်သည်ဟု အဓိပ္ပါယ်သက်ရောက်သော ဂရန်တီ**အား ချိုးဖောက်မှုတစ်ခု ဖြစ်စေရန် အလုံအလောက်ဆိုးရွားပါက ဖြေရှင်းမှု တစ်ခု သို့မဟုတ် တစ်ခုထက်ပိုပြီး ရှာဖွေရန် သင်အကျုံးဝင်ပါသည်။ သင်၏အခွင့်အရေးများကို ဖော်ထုတ်ရန် နှင့် ကာကွယ်ရန် အောက်ပါအဆင့်များကို လုပ်ဆောင်ပါ။

- ချွတ်ယွင်းချက်က သင် ငှားရမ်းထားသောအခန်း၏ လူနေထိုင်နိုင်မှု အပေါ် နှောင့်ယှက်နေသည်မနေသည် (နေထိုင်ရာနေရာအတွင်း သင်၏နေထိုင်နိုင်စွမ်းကို ဆိုးဆိုးရွားရွား ချွတ်ယွင်းစေမှု) ကို သင်ဆုံးဖြတ်ရပါမည်။
- ချွတ်ယွင်းချက်က သင်၏ နေထိုင်နိုင်မှုအပေါ် နှောင့်ယှက်သည်ဟု သင်ဆုံးဖြတ်လိုက်သည်နှင့် တပြိုင်နက် ပြဿနာရှိသောနေရာကို ဓာတ်ပုံရိုက်ပါ။ အကယ်၍ သင်သည် တရားရုံးသို့ လူကိုယ်တိုင်သွားရန် လိုအပ်ပါက ဓာတ်ပုံများ ရှိထားခြင်းက အကျိုးများပါလိမ့်မည်။
- **သင်က အိမ်ရှင်အား ပြဿနာအကြောင်း အသိပေးရမည်။ ချွတ်ယွင်းချက်များအကြောင်း အိမ်ရှင်ကို မည်သို့ အသိပေးရမည်ကို ဖော်ပြသည့် ပြဋ္ဌာန်းချက်များ သင်၏ အငှားစာချုပ်အတွင်း ပါရှိပါက အဆိုပါ အသိပေးလုပ်ထုံးလုပ်နည်းများအတိုင်း တိတိကျကျလိုက်နာကြောင်း သေချာအောင်လုပ်ပါ။** အကယ်၍ သင်က သူ သို့မဟုတ် သူမအား စကားပြောဆိုပါက စာဖြင့်ရေးသားပြီး နောက်ဆက်တွဲလိုက်ကြောင်း နှင့် စာ၏မိတ္တူတစ်စောင်ကို သင့်အတွက် သိမ်းထားကြောင်း သေချာအောင်လုပ်ပါ။ အိမ်ငှားများအနေဖြင့် မည်သည့်ချွတ်ယွင်းမှုမဆိုကို အိမ်ရှင်အား အသိပေးခြင်းသည် အစဉ် အလေ့အထကောင်း ဖြစ်သည်။ ယင်းက ချွတ်ယွင်းနေသည့် အခြေအနေများကို အိမ်ရှင်အား အသိပေးခဲ့သည်ကို ပြသရန် သင်လိုအပ်သည့် သက်သေပေးအပ်ပါသည်။ (**"အိမ်ရှင်များထံသို့ နမူနာ စာများ"** တွင်ကြည့်ပါ)
- ချွတ်ယွင်းသည့် အခြေအနေကို ပြင်ဆင်ရန် အိမ်ရှင်အား **ကျိုးကြောင်းလျော်ညီသည့် အချိန်** သင် ခွင့်ပြုပေးရပါမည်။ အချိန်မည်မျှက ကျိုးကြောင်းလျော်ညီသော အချိန်ဖြစ်ပါသလဲ။ တစ်ညီတစ်ညွတ်တည်းရှိသည့် အဖြေ မရှိပါ။ ကျိုးကြောင်းလျော်ညီမှုကို ချွတ်ယွင်းချက်၏ သဘောသဘာဝ နှင့် ချွတ်ယွင်းချက်အား ပြင်ဆင်နိုင်စွမ်းက အိမ်ရှင်၏ အနီးစပ်ဆုံး ထိန်းချုပ်မှုတွင်း ရှိမရှိတို့ဖြင့် ဆုံးဖြတ်ပါလိမ့်မည်။ ပျက်စီးနေသည့်ခေါင်မိုးတစ်ခုကို ပြင်ဆင်ရန် ကျိုးကြောင်းလျော်ညီသည့်အချိန်ကို ရက်သတ္တပတ်များဖြင့် တိုင်းတာပါသော်လည်း ဆောင်းရာသီ လ များအတွင်း အပူမရရှိမှုကို တစ်ရက်အတွင်း သို့မဟုတ် နှစ်ရက်အများဆုံးအတွင်း ကုစားပြင်ဆင်ပေးရပါမည်။
- **အိမ်ရှင်က အိမ်ခြံမြေကို ပြဿနာကို ကိုင်တွယ်ရန် ပြင်ဆင်ကုစားမှုတစ်ခုအသုံးမပြုမီ ချွတ်ယွင်းချက်အကြောင်း အသိပေးစာပေးအပ်ပြီးနောက် ကျိုးကြောင်းလျော်ညီသည့်အချိန်ပမာဏတစ်ခုအတွင်း ပြင်ဆင်ပေးရန် ဆန္ဒမရှိ သို့မဟုတ် ပြင်ဆင်ပေးနိုင်စွမ်းမရှိ စသည်တို့မှ တစ်ခုမဟုတ် တစ်ခုဖြင့် ပြသနိုင်စွမ်းရှိရမည်။**
- ကုစားမှုများ စုပေါင်းပြီးဖြစ်စေ ကုစားမှုတစ်ခုဖြစ်စေ ဖြစ်အောင်လုပ်ရန် သင်ဆုံးဖြတ်ပါက သင့်အနေဖြင့် သတိဖြင့် ရှေ့ဆက်တိုးရန် နှင့် ကောင်းမွန်စွာပြင်ဆင်ထားရန် လိုအပ်မည်ဖြစ်သည် အဘယ်ကြောင့်ဆိုသော် အိမ်ရှင်က အိမ်ငှားခ ကောက်ခံရန် ရှေ့ဆက်တိုးနိုင် သို့မဟုတ် သင့်အား အိမ်မှနှင်ချဖို့ပင် ကြိုးစားနိုင်သောကြောင့်ဖြစ်သည်။ **သင့်လျော်သည့် ဥပဒေရေးရာအကြံဉာဏ်က တန်ဖိုးမဖြတ်နိုင်ပါ။** လူနေထိုင်ရန် သင့်တော်သည်ဟု အဓိပ္ပါယ်သက်ရောက်သည့် ဂရန်တီ အောက်တွင် သင်၏အခွင့်အရေးကို မှန်မှန်ကန်ကန် ကျင့်ကြံအသုံးချသည့်အတွက် အိမ်ရှင်အနေဖြင့် သင့်အား လက်တုံ့ပြန်သည့်အနေဖြင့် အိမ်မှနှင်ချခြင်းကို ပန်ဆိုင်လ်ဗေးနီးယား ဥပဒေက တားဆီးကာကွယ်ပေးပါသည်။ အကယ်၍ သင်က ကုစားမှုကို မသင့်လျော်စွာ ကျင့်သုံးခဲ့ပြီး ရလဒ်အနေဖြင့် သင်၏အငှားစာချုပ်ကို ချိုးဖောက်ခဲ့ကြောင်း တရားရုံးမှ တွေ့ရှိပါက သင့်အား အိမ်မှ နှင်ချနိုင်ပါသည်။

လူနေထိုင်ရန် သင့်တော်သည့်ဟု အစိုးပိုင်ယ်သက်ရောက်သည့် အာမခံကို ချိုးဖောက်မှုတစ်ခု အတွက် အိမ်ငှားဖက်မှ ကုစားမှုများ

လူနေထိုင်နိုင်သည်ဟု အဓိပ္ပါယ်သက်ရောက်သည့် ဂရန်တီကို ချိုးဖောက်မှုအတွက် ယင်းတစ်ခုတည်း သို့မဟုတ် အခြားအရာများနှင့်တွဲ၍ အသုံးချနိုင်သော ဥပဒေအရ ကုစားမှုအနည်းငယ်ရှိပါသည်။

1. **သင်၏အငှားစာချုပ်ကို အဆုံးသတ်ပြီး အိမ်မှပြောင်းရွှေ့ပါ**
2. **အိမ်ငှားခ အပြည့် သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို မပေးပဲချန်ထားပါ**
3. **ပြင်ဆင်ပြီး ပြန်နှုတ်ယူပါ**
4. **လျော်ကြေးပြန်ရယူရန် ဥပဒေအရ အရေးယူမှုတစ်ခု ဖိုင်တင်သွင်းပါ**

မည်သည့်ကုစားမှုနှင့်မှ ရှေးဆက်မတိုးမီ အောက်ပါတို့ကို စိတ်ထဲတွင် ထည့်ထားပါ -

- အဆိုပါ ကုစားမှုတစ်ခုစီတိုင်းတွင် ၄င်းနှင့် ဆက်စပ်နေသည့် အန္တရာယ်တစ်ခု ရှိပါသည်။ ယင်းတို့မှတစ်ခုခုက သင်၏အိမ်ရှင်အနေဖြင့် သင့်အားအိမ်မှနှင်ချဖို့ကြိုးစားရန် ဖြစ်စေနိုင်ပါသည်။ အကယ်၍ သင်၏အိမ်ရှင်က လူနေထိုင်ရန်သင့်တော်သည့် အငှားအိမ်ခန်းတစ်ခန်း မပေးပါက ယင်းကုစားမှုများအနက်မှ တစ်ခုခုကို သင်လျော်စွာအသုံးပြုခြင်းအတွက် လက်တုံ့ပြန်ပြီး သင့်အား အိမ်မှနှင်မချနိုင်ပါ။ သို့သော်လည်း သင်က အိမ်ငှားခ မပေးပဲချန်ထားခြင်းကို သင့်လျော်စွာမပြုပါက သို့မဟုတ် အငှားစာချုပ်ကို အခြားနည်းလမ်းများဖြင့် ချိုးဖောက်ထားပါက အိမ်ရှင်မှ သင့်အား အိမ်မှနှင်ချနိုင်ပါသေးသည်။
- အဆိုပါ ကုစားမှုများမှ တစ်ခုခုကို အသုံးမချမီ သင်၏အခြေအနေနှင့် လိုက်လျောညီထွေရှိသည့် ဥပဒေအကြံဉာဏ် ရရှိရန်အတွက် ရှေ့နေတစ်ဦး သို့မဟုတ် အိမ်ငှားများ၏အခွင့်အရေးများ ဆိုင်ရာအဖွဲ့အစည်းတစ်ခုကို သင်ဆက်သွယ်လိုနိုင်ပါသည်။ သင်၏အခွင့်အရေးများကို တည်ထောင်ရန် နှင့် ကာကွယ်ရန် သင့်အနေဖြင့် မှန်ကန်သည့်အဆင့်များလုပ်ဆောင်ကြောင်း သေချာအောင်လုပ်ပါ။ အဆိုပါ ကုစားမှုများ နှင့် ရှေ့ဆက်ဆောင်ရွက်ခြင်းများအပေါ် သက်ရောက်သည့် အကန့်အသတ်များ ရှိပါသည်။ ယင်း ကုစားမှုများမှ တစ်ခုခုက ရှုပ်ထွေးနိုင်ပြီး သီးခြားအခြေအနေတစ်ရပ်စီက ကွဲပြားခြားနားပါသည်။ သင့်လျော်သည့် ဥပဒေရေးရာအကြံဉာဏ်က တန်ဖိုးမဖြတ်နိုင်ပါ။
- ပြဿနာ တည်ရှိနေသည်ကို သင် သက်သေပြနိုင်ကြောင်း သေချာအောင်လုပ်ပါ။ မိတ်ဆွေများ နှင့် ဆွေမျိုးများဆီမှ တရားရုံး အစစ်ခံချက်ကို လက်ခံပါသော်လည်း သင်ထောက်ပြလိုသည့် ချွတ်ယွင်းချက်ကို ပြတ်ပြတ်သားသား ပြသည့် ဓာတ်ပုံများက ပိုမိုကောင်းမွန်ပြီး ကုဒ်တင်းကျပ်ရေးဌာနမှ စာတစ်စောင် သို့မဟုတ် အသိပေးချက်က အသင့်တော်ဆုံး ဖြစ်ပါသည်။
- အစဉ် ရှေ့ကိုကြိုတင်စဉ်းစားပြီး အိမ်ရှင်က သင့်အား တရားရုံးသို့ဆင့်ခေါ်ခြင်းဖြင့် အဆုံးသတ်မှုမျိုးအတွက် အဆင်သင့်ပြင်ထားပါ။ သင်၏ လူနေအိမ်ခန်းအား လူနေထိုင်ရန် မသင့်တော်မှုဖြစ်စေသည့် ချွတ်ယွင်းချက်များဆိုင်ရာ အောက်ပါ စာရွက်စာတမ်းများ သင်လိုအပ်ပါလိမ့်မည်- ဓာတ်ပုံများ၊ ကုဒ်မှ ကြည့်ရှုစစ်ဆေးမှုဆိုင်ရာ အမှုအစီရင်ခံစာ၊ အိမ်ရှင်အား ချွတ်ယွင်းမှုအကြောင်းကို သင်မှ စာဖြင့်ရေးသား သတိပေးစာ ပေးအပ်ကြောင်း သက်သေ နှင့် ပြင်ဆင်မှုများပြုလုပ်ရန် အိမ်ရှင်အား သင်က ကျိုးကြောင်းလျော်ညီသည့် အချိန်ပေးအပ်ကြောင်း သက်သေ၊ ပြင်ဆင်မှုများကို မပြုထားသည့် သက်သေ၊ နှင့် ထို့အတွက်ကြောင့် အဆိုပါကုစားမှုများအနက်မှ တစ်ခုကို အသုံးချရန် သင်သည် ဥပဒေအရ အကျုံးဝင်ကြောင်း။

ကုစားမှု နံပါတ် ၁ - သင်၏အငှားစာချုပ်ကို အဆုံးသတ်ပြီး အိမ်ငှားခပေးရန် ထပ်ဆောင်းတာဝန်တစ်ခုခုကို ရှောင်ပါ။

အကယ်၍ အိမ်ငှားက အိမ်ရှင်အား ပရဝုဏ်၏ ချွတ်ယွင်းချက်များအကြောင်း အသိပေးချက် ပေးခဲ့ပြီး ကျိုးကြောင်းလျော်ညီသည့် အချိန်ကာလတစ်ခုကုန်ဆုံးသည်အထိ အိမ်ရှင်မှ ပြင်ဆင်မှုများ ပြုလုပ်ရန် ဆန္ဒမရှိခဲ့ပါက သို့မဟုတ် ပြုလုပ်ရန်မတတ်နိုင်ခဲ့ပါက အိမ်ငှားထံတွင် အငှားစာချုပ်ကို အဆုံးသတ်ပိုင်ခွင့် နှင့် ပရဝုဏ်တွင်းမှ ပြောင်းရွှေ့ပိုင်ခွင့် ရှိပါသည်။

အကယ်၍ သင်က ဤကုစားမှုကို အသုံးပြုရန် ဆုံးဖြတ်ပါက သင့်အနေဖြင့် ငှားထားသည့် ပရဝုဏ်မှ **ရွှေ့ပြောင်းရမည်**။ အငှားစာချုပ်ကို အဆုံးသတ်ပြီးနောက် အိမ်ခြံမြေအတွင်း သင် ဆက်နေရန် မဖြစ်နိုင်ပါ။ သင်၏ စရန်ငွေကို သင်ဆုံးရှုံးရနိုင်ပါသည် သို့မဟုတ် သင်က အိမ်ခြံမြေပေါ်မှ မထွက်ခွာပါက အိမ်ငှားခ မပေးချေမှုအတွက် တရားစွဲခံရနိုင်ပါသည်။ အိမ်သော့များအားလုံးကို အိမ်ရှင်ထံ ပေးအပ်ခြင်း အပါအဝင် ပြောင်းရွှေ့သည့် လုပ်ထုံးလုပ်နည်းများအားလုံးကို လိုက်နာရမည်။

ကုစားမှု နံပါတ် ၂ - ချွတ်ယွင်းချက်ကို ကုစားပြီးသည်အထိ အိမ်ငှားခ အားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို မပေးပဲ ချန်ထားခြင်း။

အကယ်၍ နေထိုင်ရာနေရာက လူနေထိုင်ရန် မသင့်တော်ကြောင်း နှင့် အိမ်ရှင်အား ယင်းပြဿနာအကြောင်း အသိပေးအကြောင်းကြားရန် သင့်လျော်သည့်အဆင့်များ ရယူပြီးကြောင်း နှင့် အငှားအိမ်ခန်းအား လူနေထိုင်ရန် မသင့်တော်မှုဖြစ်စေသည့် ယင်းချွတ်ယွင်းချက်ကို ပြင်ဆင်ရန် အိမ်ရှင်အား ကျိုးကြောင်းလျော်ညီသည့် အချိန်ပမာဏတစ်ခု သင်ပေးခဲ့ပြီးကြောင်း သက်သေပြနိုင်ပါက ပန်ဆိုင်လ်ဗေးနီးယား ဥပဒေအောက်တွင် သင့်အနေဖြင့် အိမ်ငှားခကို မပေးပဲချန်ထားနိုင်ပါသည်။ နေထိုင်ရာနေရာသည် လူနေထိုင်ရန် မသင့်တော်ကြောင်း သက်သေပြနိုင်သ၍ အိမ်ငှားခ မပေးချေမှုအတွက် အိမ်ရှင်မှ ဥပဒေအရ ရွေ့ဆက်ဆောင်ရွက်မှုတစ်ခုခုပြုရန် ဖိုင်တင်သွင်းပါက သင့်ထံတွင် ခုခံမှုရှိသင့်ပါသည်။

- ပြဿနာ တည်ရှိနေကြောင်းကို အိမ်ရှင်အား စာဖြင့်ရေးသား အသိပေးစာ ပေးပြီးကြောင်း သေချာအောင်လုပ်ပါ။
- ပြင်ဆင်ရန်အတွက် ကျိုးကြောင်းလျော်ညီသည့် အချိန်တစ်ခု ခွင့်ပေးခဲ့ကြောင်း နှင့် အိမ်ရှင်မှ သင်တောင်းဆိုသည့် ပြင်ဆင်မှုများကို ပြုလုပ်ပေးရန် ပျက်ကွက်ခဲ့သည်ကို သက်သေပြနိုင်ကြောင်း သေချာအောင်လုပ်ပါ။
- မည်သို့ ရှေ့ဆက်လုပ်ရမည်ကို သင်မသိရှိပါက၊ အဓိပ္ပါယ်သက်ရောက်သည့် ဂရန်တီတစ်ခုကို သက်သေပြခြင်းနှင့် စပ်လျဉ်းပြီး စိုးရိမ်ပူပန်မှုများ ရှိပါက၊ သို့မဟုတ် ထပ်ဆောင်းအချက်အလက်များ လိုအပ်ပါက ရှေ့နေတစ်ဦးနှင့် အတိုင်ပင်ခံပါ။

အိမ်ငှားခ မည်မျှကို သင်မပေးပဲ ချန်ထားနိုင်ပါသလဲ။

သင်၏အိမ်ငှားခ၏ ပမာဏမည်မျှကို သင် မပေးပဲချန်ထားနိုင်ကြောင်းကို ဆုံးဖြတ်ရန် အတိအကျဖော်မြူလာမရှိပါ။ ယင်းပမာဏကို တွက်ချက်ရန် နည်းလမ်းတစ်ခုမှာ သင့်အိမ်၏ ဧရိယာမည်မျှကို အချိန်မည်မျှကြာကြာ သင်အသုံးမပြုနိုင်သလဲဆိုသည်ကို တွက်ချက်ခြင်းဖြစ်သည်။

ဥပမာ ၁ - သင့်ထံတွင် အခန်း ငါးခန်းပါသည့် လူနေအိမ်ခန်းတစ်ခုရှိပြီး ခေါင်မိုးယိုနေသောကြောင့် အခန်းတစ်ခန်းကို လ တစ်လ လုံးအသုံးမပြုနိုင်ပါက သင်တွက်ချက်နိုင်သည်မှာ လူနေအိမ်ခန်း၏ ၁/၅(ငါးပုံတစ်ပုံ) ဆုံးရှုံးသည့်အတွက် အိမ်ငှားခ၏ ၁/၅ (ငါးပုံတစ်ပုံ) သို့မဟုတ် ၂၀% ကို နှုတ်နိုင်ပါသည်။

ဥပမာ ၂ - အကယ်၍ သင့်ထံတွင် အပူပေးမှုမရှိပဲ မိတ်ဆွေတစ်ဦးနှင့် သို့မဟုတ် ဟိုတယ်တစ်ခုတွင် တစ်ပတ်ကြာနေရအောင် ဖြစ်စေပါက အိမ်တစ်ခုလုံးကို လေးပတ်အနက် တစ်ပတ်အကြာ အသုံးပြုမှုဆုံးရှုံးရသည့်အတွက် အိမ်ငှားခ၏ ၁/၄ (လေးပုံတစ်ပုံ) သို့မဟုတ် ၂၅% ကို သင်နှုတ်နိုင်ပါသည်။

မပေးပဲချန်ထားသည့် အိမ်ငှားခကို အာမခံအကောင့်စာရင်းတစ်ခုအတွင်း သွင်းထားပါ

ဥပဒေအရ သင် မပေးပဲချန်ထားသည့် အိမ်ငှားခကို ဘဏ်တစ်ခု သို့မဟုတ် အာမခံအကောင့်စာရင်းတစ်ခုအတွင်း ထည့်ထားရန် မလိုအပ်သော်လည်း ထိုသို့ထည့်ထားခြင်းက အလွန်ကောင်းသော အကြံတစ်ခုဖြစ်ပါသည်။ အကယ်၍ သင်က သီးခြားဘဏ်အကောင့်တစ်ခု မဖွင့်နိုင်ပါက သင့်ထံတွင် ဘေးဖယ်ထားသည့် အိမ်ငှားခငွေရှိသည်ကို သင်မှတ်တမ်းသွင်းထားကြောင်း သေချာအောင်လုပ်ပါ။ အကယ်၍ သင်၏အိမ်ရှင်က အိမ်ငှားခမပေးချေသည့်အတွက် သင့်အား တရားရုံးသို့ ဆင့်ခေါ်ပါက ယင်းမှတ်တမ်းက သင့်အား အကာအကွယ်အနည်းငယ် ပေးနိုင်ပါသည်။ တရားသူကြီးများက အိမ်ငှားများအား ၎င်းတို့မပေးပဲချန်ထားသည့် အိမ်ငှားခငွေကို အာမခံထားရှိ မရှိ မကြာခဏ မေးမြန်းတတ်ပါသည်။ ဘဏ်အကောင့်တစ်ခုအတွင်း ငွေစုထားခြင်းဖြင့် သင်သည် အိမ်ငှားခမပေးပဲ နေထိုင်ရန် ကြိုးစားနေခြင်းမဟုတ်ကြောင်း တရားသူကြီးအား သင် ပြသနိုင်ပါမည်။

ကုစားမှု နံပါတ် ၃။ ချွတ်ယွင်းချက်များကို ပြင်ဆင်ခြင်း နှင့် ပြင်ဆင်ခြင်းများအတွက် ကုန်ကျစရိတ်များကို သင်၏လစဉ်အိမ်ငှားခထဲမှ နှုတ်ယူခြင်း။

ဤ ကုစားမှုက အိမ်ငှားအား အငှားအိမ်ခြံမြေကို လူနေထိုင်ရန် မသင့်တော်အောင်ဖြစ်စေသည့် ချွတ်ယွင်းချက်ကို ပြင်ဆင်ရန် သို့မဟုတ် အခြေအနေရပ်များကို မှန်ကန်အောင်ပြုပြင်ရန် ခွင့်ပြုပါသည်။ အိမ်ငှားအနေဖြင့် ပြင်ဆင်မှုများအတွက် ကုန်ကျစရိတ်ကို အိမ်ငှားခတွင်းမှ နှုတ်ယူနိုင်ပါသည်။ အိမ်ငှားခတွင်းမှ နှုတ်ယူနိုင်သော ပြင်ဆင်မှုများအတွက် ကုန်ကျစရိတ်ပမာဏက အကန့်အသတ်ရှိပါသည်။

- ပမာဏက ကျိုးကြောင်းလျော်ညီရမည်ဖြစ်ပြီး နေထိုင်ရာအခန်းကို လူနေထိုင်ရန် သင့်တော်အောင် ပြုလုပ်ပေးဖို့ လိုကိုလိုအပ်ပါသည်။
- နေထိုင်ရာအခန်းကို ပိုပြီး စိတ်တိုင်းကျနှစ်သက်ဖွယ်ဖြစ်အောင် ပြုလုပ်သည့် ကုန်ကျစရိတ်များအတွက် နှုတ်ယူရန် သင့်အား ခွင့်မပြုပါ။ ပရိဂုဏ်များကို ဘေးအန္တရာယ်ကင်းရှင်းပြီး လူနေထိုင်ရန်သင့်တော်ကြောင်း ဂရန်တီဖြင့် လိုက်ဖက်ညီရန် ပြုလုပ်မှုကြောင့် ကျခံရသည့် ကုန်ကျစရိတ်များကို နှုတ်ယူနိုင်ပါသည်။
- ဆက်လက်မဆောင်ရွက်မီ ဤကုစားမှုကို လေ့ကျင့်လုပ်ဆောင်ရန် သင်ရည်ရွယ်ကြောင်း သင်၏အိမ်ရှင်ထံ စာဖြင့်ရေးသား အသိပေးချက်ပေးအပ်ပြီး အကြမ်းဖျင်းကုန်ကျစရိတ်ကို တင်သွင်းပါ။
- ဆက်လက်မဆောင်ရွက်မီ သင့်အနေဖြင့် ကျိုးကြောင်းလျော်ညီသည့် အချိန်ပမာဏတစ်ခု စောင့်ရပါမည်။
- အလုပ်ပြီးစီးသွားချိန်တွင် အိမ်ရှင်ထံ နောက်တစ်ကြိမ်အသိပေးဖို့ လိုအပ်ပါလိမ့်မည်။
- အကယ်၍ သင်၏ပြဿနာက ပြင်ဆင်သူတစ်ဦး ပြုပြင်ပေးနိုင်သည့် သီးသန့်အရာတစ်ခုဖြစ်ပြီး ပြင်ဆင်မှုများအတွက် ကုန်ကျစရိတ်က သင်ပေးသည့် တစ်လစာအိမ်ငှားခထက်နည်းမည်ဆိုပါက ဤရွေးချယ်စရာက သင့်အတွက် ကောင်းနိုင်ပါသည်။
- ကျခံခဲ့ရသည့် မည်သည့် ကုန်ကျစရိတ်များမဆိုအတွက် ငွေလက်ခံဖြတ်ပိုင်းများအားလုံးကို သင် သိမ်းထားပြီး အိမ်ရှင်ထံပေးကြောင်း သေချာအောင်လုပ်ပါ။

ကုစားမှု နံပါတ် ၄ - ပြင်ဆင်မှုများအတွက် ကုန်ကျစရိတ်များ၊ နောက်ပြန် အိမ်ငှားခ ပြန်ရယူမှု၊ နှင့်/သို့မဟုတ် နေထိုင်ရာအခန်းက လူနေထိုင်ရန် မသင့်တော်ဖြစ်နေစဉ်တွင် ခံစားခဲ့ရသည့် အခြားအပျက်အစီးတစ်ခုခုအတွက် လျော်ကြေးကို ပြန်ရရန် ဥပဒေအရအရေးယူရန် ဖိုင်တင်သွင်းခြင်း။

အကယ်၍ သင်၏ငွေအချို့ကို ပြင်ဆင်မှုများအတွက် အသုံးပြုပြီးဖြစ်ပါက သို့မဟုတ် သင်သည် ပြောင်းရွှေ့တော့မည်ဖြစ်ပြီး သင့်အနေဖြင့် နောက်ပြန်အိမ်ငှားခ ပြန်နှုတ်ယူမှု ရထိုက်သည်ဟု ထင်ပါက ယင်းက သင့်အတွက် ရွေးချယ်စရာကောင်းတစ်ခု ဖြစ်နိုင်ပါသည်

- သင့်အနေဖြင့် အိမ်တွင်း နေထိုင်နေသေးပါက သို့မဟုတ် သင်ရွှေ့ပြောင်းတော့မည်ဖြစ်နေသေးသည့်တိုင် ယင်း ဥပဒေအရအရေးယူမှုကို သင်ရယူနိုင်ပါသည်။
- ကြိုတင်ထုတ်ပေးထားသော လူနေထိုင်ရန် သင့်တော်သည်ဟု အဓိပ္ပါယ်သက်ရောက်သည့် ဂရန်တီကို လိုက်နာမှု ရှိမရှိ နှင့် လူနေထိုင်ရန် သင့်တော်သည်ဟု အဓိပ္ပါယ်သက်ရောက်သည့် ဂရန်တီကို အိမ်ရှင်မှ ချိုးဖောက်မှုကြောင့် ကုန်ကျစရိတ်များ သို့မဟုတ် အခြား ဆုံးရှုံးမှုများ ကျခံခဲ့ရသည်ကို သက်သေပြရန် ဝန်ထုတ်ဝန်ပိုးသည် အိမ်ငှားပေါ်တွင်ရှိပါသည်။

အဆုံးသတ်ရာတွင် မည်သူက တာဝန်ရှိပါသလဲ။

လူနေထိုင်ရန် သင့်တော်သည်ဟု အဓိပ္ပါယ်သက်ရောက်သည့် ဂရန်တီက ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာသန့်ရှင်းသည့် အခြေအနေများ အိမ်ရှင်မှပေးအပ်ရန် လိုအပ်စေပါသည်။ ကြမ်းပိုးများ၊ ပိုးဟပ်များ၊ သန်းများ၊ ကြွက်များ သို့မဟုတ် အခြားသွေးစုပ်သည့်သတ္တဝါများ ကူးစက်နေသည့် လူနေအိမ်ခန်း သို့မဟုတ် နေအိမ် သည် ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာသန့်ရှင်းသည့် အခြေအနေတစ်ရပ်တွင်း မရှိပါ။ အကယ်၍ သင်၏အိမ်ရှင်က ပိုးသတ်သမားတစ်ဦး ငှားပေးရန် ငြင်းဆန်ပါက သင်၏ ဒေသန္တရ ကုဒ်တင်းကျပ်ရေးဌာနသို့ ဆက်သွယ်နိုင်ပါသည်။
ကုဒ် အရာရှိတစ်ဦးက ကြည့်ရှုစစ်ဆေးရန် အိမ်ခြံမြေရှိရာသို့လာသင့်ပြီး ယင်းသို့သော တိရိစ္ဆာန်များ ပေါများမှုတစ်ခု ရှိနေပါက အိမ်ရှင်အား ကိုးကားချက်တစ်ခု ထုတ်ပြန်ပေးသင့်ပါသည်။ အကယ်၍ သင်၏အိမ်ရှင်က ပိုးသတ်ပေးရန် ငြင်းဆန်ပါက သင်လုပ်နိုင်သည်မှာ

ပိုးမွှားပေါ်များမှုကို သင့်ဖာသာကိုင်တွယ်ရန် ဥပဒေအရကုစားမှုများ ကျင့်ကြံလုပ်ဆောင်ရန်။ *လူနေထိုင်ရန် သင့်တော်သည့်ဟု အဓိပ္ပါယ်သက်ရောက်သည့် အာမခံကို ချိုးဖောက်မှုတစ်ခုအတွက် အိမ်ငှားဖက်မှ ကုစားမှုများကို*ကြည့်ပါ။

လူနေထိုင်ရန် သင့်တော်သည်ဟု အဓိပ္ပါယ် သက်ရောက်သည့် အာမခံအောက်တွင် ကာကွယ်မထားသည့် ပြုပြင်မှုများ

ဆေးပြန်သုတ်ပေးခြင်း၊ ကောဇောများ လှယ်ပေးခြင်း၊ ကျောက်ပြားများ အသစ်ကပ်ပေးခြင်း နှင့် ဗီရိုများ အဆင့်မြှင့်ပေးခြင်း ကဲ့သို့သော အပေါ်ယံကြည့်ကောင်းရုံ ပြင်ဆင်မှုများက လူနေထိုင်ရန် သင့်တော်သည့်ဟု အဓိပ္ပါယ်သက်ရောက်သည့် အာမခံအတွင်း မပါဝင်ပါ။ သင်၏ အငှားစာချုပ်ကို အစဉ်စစ်ဆေးပါ။ အကယ်၍ သင်၏အငှားစာချုပ်က လူနေအိမ်ခန်းကို ပြန်ဆေးသုတ်ပေးခြင်းအကြောင်း မပြောဆိုထားပါက နှင့် အိမ်ခြံမြေ၏ အခြေအနေကို ဆေးပြန်သုတ်ခြင်းဖြင့် သင်ကပြောင်းလဲလိုက်ပါက ယေဘုယျအားဖြင့် အိမ်ရှင်က ကုန်ကျစရိတ်အတွက် သင့်အား အစားပြန်ပေးရန် တာဝန်**မရှိ**ပါသော်လည်း သင် ပြောင်းရွှေ့ချိန်တွင် အိမ်ခြံမြေကို မူလအနေအထားအတိုင်း ပြန်ပေးရန် အိမ်ရှင်မှ လိုအပ်နိုင်ပါသည်။ ပြဿနာများကို ရှောင်ကြဉ်ရန် အိမ်ခြံမြေကို သင် ဆေးပြန်မသုတ်မီ သို့မဟုတ် အပြောင်းအလဲတစ်ခုခုမလုပ်မီ သင်၏အိမ်ရှင်ထံမှ ခွင့်ပြုချက် (ဦးစားပေးအနေဖြင့် စာဖြင့်) ရယူပါ။

နမူနာ စာသား

လူနေထိုင်ရန် သင့်တော်မှုကို ထိခိုက်သည့် ဆိုးရွားသောပြဿနာများ

သင်၏ အမည် သင်၏
လိပ်စာ နေ့စွဲ

အိမ်ရှင်၏ အမည် နှင့် အိမ်ရှင်၏
လိပ်စာ

လေးစားရပါသော *{အိမ်ရှင်အမည်ကို ထည့်သွင်းပါ}* -

သင့်ထံမှ ကျွန်ုပ်ငှားရမ်းထားသည့် *{လိပ်စာထည့်သွင်းပါ}*တွင် တည်ရှိသော လူနေအိမ်ခန်း/နေအိမ် *(တစ်ခုကိုရွေးချယ်ပါ)* အတွက် လိုအပ်သည့် ပြင်ဆင်မှုများနှင့် ပတ်သက်ပြီး သင့်ထံ ကျွန်ုပ်စာရေးသားခြင်းဖြစ်ပါသည် ပြင်ဆင်ရမည့် သီးခြား ပြဿနာ(များ)မှာ -

စာရင်းတစ်ခု ပြုစုပါ - *(အောက်တွင် ဥပမာများကို စာရင်းပြထားပါသည်)*
ရေပူမရှိခြင်း
ရေပိုက် ပြဿနာ *(ကွဲကွဲပြားပြားဖြစ်ပါစေ)*
အပူပေးမှုမရှိခြင်း
မျက်နှာကြက် အက်နေခြင်း၊ စသဖြင့်။

အဆိုပါ ချွတ်ယွင်းချက်များသည် ကျွန်ုပ်တို့၏ အငှားစာချုပ်ပါသဘောတူညီချက်ကို ချိုးဖောက်မှုတစ်ခု ဖြစ်ပြီး လူနေထိုင်ရန် သင့်တော်သည်ဟု အဓိပ္ပါယ်ရသည့် ဂရန်တီကိုချိုးဖောက်မှုတစ်ခု ဟု ကျွန်ုပ်ယုံကြည်ပါသည်။

အဆိုပါပြင်ဆင်ချက်များကို တတ်နိုင်သလောက်မြန်မြန် သင်ပြုလုပ်ပေးနိုင်မည်ဆိုပါက ကျွန်ုပ် ကျေးဇူးတင်အသိအမှတ်ပြုပါမည်။ အကယ်၍ အဆိုပါအခြေအနေများကို ကျိုးကြောင်းလျော်ညီသည့်အချိန်ကာလတစ်ခုအတွင်း မပြင်ဆင်ပါက အိမ်ငှားခကို လျှော့ချရန်၊ ပြင်ဆင်မှုများကို ကျွန်ုပ်ဖာသာလုပ်ဆောင်ကာ ကုန်ကျစရိတ်ကို အိမ်ငှားခထဲမှ နုတ်ယူရန်၊ သို့မဟုတ် ကျွန်ုပ်၏ အိမ်ငှားခ(များ)ကို မပေးပဲချန်ထားရန်၊ စသည့် *(တစ်ခုကိုရွေးပါ)* ကျွန်ုပ်၏ ဥပဒေအရ ရပိုင်ခွင့်ကို ကျင့်သုံးရန် ကျွန်ုပ်ရည်ရွယ်ထားပါသည်။

ဤကိစ္စနှင့်ပတ်သက်ပြီး အမြန်ဆုံးဆောင်ရွက်ပေးပါက ကျွန်ုပ် အသိအမှတ်ပြုကျေးဇူးတင်ပါမည်။

ရိုးသားစွာဖြင့်

သင့်လက်မှတ်
သင်အမည်ကို စာလုံးကြီးဖြင့်ရေးပါ
သင့်အားဆက်သွယ်ရန် ဖုန်းနံပါတ်

နမူနာ စာသား

လိုအပ်သော ပြင်ဆင်မှုများကို အတည်ပြုခြင်း

သင်၏ အမည် သင်၏
လိပ်စာ

နေ့စွဲ

အိမ်ရှင်၏ အမည် နှင့် အိမ်ရှင်၏
လိပ်စာ

လေးစားရပါသော *{အိမ်ရှင်အမည်ကို ထည့်သွင်းပါ}* -

ဤစာသည် {လိပ်စာ} တွင်တည်ရှိသည့် ကျွန်ုပ်၏ လူနေအိမ်ခန်း/နေအိမ် *(တစ်ခုကိုရွေးချယ်ပါ)* အတွင်း ကျွန်ုပ်မှ သင့်အား အောက်ပါပြင်ဆင်မှုများလိုအပ်ကြောင်း အသိပေးအကြောင်းကြားသည့် ကျွန်ုပ်တို့၏ *{နေ့စွဲ}* တွင် ပြုလုပ်ခဲ့သော *{တယ်လီဖုန်း}*
ဆက်သွယ်ပြောဆိုမှုကို
အတည်ပြုရန်ဖြစ်ပါသည်။

ပြင်ဆင်ရမည့် သီးခြား ပြဿနာ(များ)မှာ -

စာရင်းတစ်ခု ပြုစုပါ - *(အောက်တွင် ဥပမာများကို စာရင်းပြထားပါသည်)*
ရေပူမရှိခြင်း
ရေပိုက် ပြဿနာ *(ကွဲကွဲပြားပြားဖြစ်ပါစေ)*
အပူပေးမှုမရှိခြင်း
မျက်နှာကြက် အက်နေခြင်း၊ စသဖြင့်။

သင်က ပြင်ဆင်များကို *{သဘောတူထားသည့် နေ့စွဲကို ထည့်သွင်းပါ}* တွင် အပြီးလုပ်ပေးပါမည်ဟု ကတိပြုခဲ့ပါသည်။ ဤကိစ္စနှင့်ပတ်သက်ပြီး သင်၏ပူးပေါင်းဆောင်ရွက်မှုအတွက် သင့်အား ကျေးဇူးတင်ပါသည်။

ရိုးသားစွာဖြင့်

သင့်လက်မှတ်
သင်အမည်ကို စာလုံးကြီးဖြင့်ရေးပါ
သင့်အားဆက်သွယ်ရန် ဖုန်းနံပါတ်

နမူနာ စာသား

ပြင်ဆင်ပြီး ပြန်နှုတ်ယူပါ

သင်၏ အမည် သင်၏
လိပ်စာ

နေ့စွဲ

အိမ်ရှင်၏ အမည် နှင့် အိမ်ရှင်၏
လိပ်စာ

လေးစားရပါသော *{အိမ်ရှင်အမည်ကို ထည့်သွင်းပါ}* -

လူနေအိမ်ခန်း/နေအိမ် *(တစ်ခုကိုရွေးပါ)* အတွက် လိုအပ်သည့် ပြင်ဆင်မှုများနှင့်ပတ်သက်ပြီး ကျွန်ုပ်စာရေးသားနေခြင်းဖြစ်ပါသည်။ ယင်းက *{လိပ်စာထည့်သွင်းပါ}* တွင်တည်ရှိပြီး ကျွန်ုပ်က သင့်ထံမှ ငှားရမ်းထားပါသည်။

ပြင်ဆင်ရမည့် သီးခြားပြဿနာများမှာ -

စာရင်းတစ်ခု ပြုစုပါ - *(အောက်တွင် ဥပမာများကို စာရင်းပြထားပါသည်)*
ရေပူမရှိခြင်း
ရေပိုက် ပြဿနာ *(ကွဲကွဲပြားပြားဖြစ်ပါစေ)*
အပူပေးမှုမရှိခြင်း
မျက်နှာကြက် အက်နေခြင်း၊ စသဖြင့်။

သင်ပြန်သတိရမည်ဆိုပါက ယင်းပြဿနာများကို *{ဆွေးနွေးခဲ့သည့် နေ့စွဲကို ထည့်သွင်းပါ} တွင် ကျွန်ုပ်တို့ ဆွေးနွေးခဲ့ပါသည်။ (အကျုံးဝင်မှသာ ဤစာကြောင်းကို ထည့်သွင်းပါ။)*

အဆိုပါ ချွတ်ယွင်းချက်များသည် ကျွန်ုပ်တို့၏ အငှားစာချုပ်ပါသဘောတူညီချက်ကို ချိုးဖောက်မှုတစ်ခု ဖြစ်ပြီး လူနေထိုင်ရန် သင့်တော်သည်ဟု အဓိပ္ပါယ်ရသည့် ဂရန်တီကိုချိုးဖောက်မှုတစ်ခု ဟု ကျွန်ုပ်ယုံကြည်ပါသည်။

အကယ်၍ အခြေအနေများကို *{နေ့အရေအတွက်တစ်ခု ထည့်သွင်းပါ}* တွင် မှန်ကန်အောင်မပြင်ဆင်ပါက လိုအပ်သည့်ပြင်ဆင်မှုများကို ပြုလုပ်ရန် နှင့် ကုန်ကျစရိတ်ကို ကျွန်ုပ်၏ အိမ်ငှားခထဲမှ နှုတ်ယူရန် ကျွန်ုပ်၏ ဥပဒေအရ ရပိုင်ခွင့်ကို ကျင့်သုံးရန် ရည်ရွယ်ထားပါသည်။ *(ပြင်ဆင်မှုများအတွက် ကြိုတင်မှန်းထားသည့် ကုန်ကျစရိတ်ကို ပြသသည့် ခန့်မှန်းချက်တစ်ခုခုကို ထည့်သွင်းပါ။)*

ဤကိစ္စနှင့်ပတ်သက်ပြီး အမြန်ဆုံးဆောင်ရွက်ပေးပါက ကျွန်ုပ် အသိအမှတ်ပြုကျေးဇူးတင်ပါမည်။

ရိုးသားစွာဖြင့်

သင့်လက်မှတ်
သင်အမည်ကို စာလုံးကြီးဖြင့်ရေးပါ
သင့်အားဆက်သွယ်ရန် ဖုန်းနံပါတ်

နမူနာ စာသား

အိမ်ငှားခ အပြည့်/တစ်စိတ်တစ်ပိုင်း မပေးပဲချန်ထားခြင်း

သင်၏ အမည် သင်၏
လိပ်စာ

နေ့စွဲ

အိမ်ရှင်၏ အမည် နှင့် အိမ်ရှင်၏
လိပ်စာ

လေးစားရပါသော *{အိမ်ရှင်အမည်ကို ထည့်သွင်းပါ}* -

လူနေအိမ်ခန်း/နေအိမ် *(တစ်ခုကိုရွေးပါ)* အတွက် လိုအပ်သည့် ပြင်ဆင်မှုများနှင့်ပတ်သက်ပြီး ကျွန်ုပ်စာရေးသားနေခြင်းဖြစ်ပါသည်။
ယင်းက *{လိပ်စာထည့်သွင်းပါ}* တွင်တည်ရှိပြီ ကျွန်ုပ်က သင့်ထံမှ

ငှားရမ်းထားပါသည်။ ပြင်ဆင်ရမည့် သီးခြားပြဿနာများမှာ -

စာရင်းတစ်ခု ပြုစုပါ - *(အောက်တွင် ဥပမာများကို စာရင်းပြထားပါသည်)*
ရေပူမရှိခြင်း
ရေပိုက် ပြဿနာ *(ကွဲကွဲပြားပြားဖြစ်ပါစေ)*
အပူပေးမှုမရှိခြင်း
မျက်နှာကြက် အက်နေခြင်း၊ စသဖြင့်။

သင်ပြန်သတိရမည်ဆိုပါက ယင်းပြဿနာများကို *{ဆွေးနွေးခဲ့သည့် နေ့စွဲကို ထည့်သွင်းပါ} တွင် ကျွန်ုပ်တို့ ဆွေးနွေးခဲ့ပါသည်။ (အကျုံးဝင်မှသာ ဤစာကြောင်းကို ထည့်သွင်းပါ။)*

အဆိုပါ ချွတ်ယွင်းချက်များသည် ကျွန်ုပ်တို့၏ အငှားစာချုပ်ပါသဘောတူညီချက်ကို ချိုးဖောက်မှုတစ်ခု ဖြစ်ပြီး လူနေထိုင်ရန် သင့်တော်သည်ဟု အဓိပ္ပါယ်ရသည့် ဂရန်တီကိုချိုးဖောက်မှုတစ်ခု ဟု ကျွန်ုပ်ယုံကြည်ပါသည်။

အကယ်၍ ပြဿနာများကို *{နေ့အရေအတွက်တစ်ခု ထည့်သွင်းပါ}* တွင် မှန်ကန်အောင် မပြင်ဆင်ပါက ယင်းအကြောင်းအရာများကို မှန်ကန်အောင်ပြင်ဆင်ပြီးချိန်အထိ ကျွန်ုပ်၏ လစဉ်အိမ်ငှားခ အချို့ သို့မဟုတ် အားလုံးကို မပေးပဲချန်ထားရန် ကျွန်ုပ်၏ ဥပဒေအရ ရပိုင်ခွင့်ကို ကျင့်သုံးရန် ကျွန်ုပ် ရည်ရွယ်ထားပါသည်။

ဤကိစ္စနှင့်ပတ်သက်ပြီး အမြန်ဆုံးဆောင်ရွက်ပေးပါက ကျွန်ုပ် အသိအမှတ်ပြုကျေးဇူးတင်ပါမည်။

ရိုးသားစွာဖြင့်

သင့်လက်မှတ်
သင်အမည်ကို စာလုံးကြီးဖြင့်ရေးပါ
သင့်အားဆက်သွယ်ရန် ဖုန်းနံပါတ်

နမူနာ စာသား

နေထိုင်ရန်သင့်တော်မှု ရှိမရှိ အကြောင်းပြချက်များအတွက် အငှားစာချုပ်ကို အဆုံးသတ်ခြင်း - ပထမ စာ

သင်၏ အမည် သင်၏
လိပ်စာ

နေ့စွဲ

အိမ်ရှင်၏ အမည် နှင့် အိမ်ရှင်၏
လိပ်စာ

လေးစားရပါသော *{အိမ်ရှင်အမည်ကို ထည့်သွင်းပါ}* -

လူနေအိမ်ခန်း/နေအိမ် *(တစ်ခုကိုရွေးပါ)* အတွက် လိုအပ်သည့် ပြင်ဆင်မှုများနှင့်ပတ်သက်ပြီး ကျွန်ုပ်စာရေးသားနေခြင်းဖြစ်ပါသည်။ ယင်းက *{လိပ်စာထည့်သွင်းပါ}* တွင်တည်ရှိပြီ ကျွန်ုပ်က သင့်ထံမှ

ငှားရမ်းထားပါသည်။ ပြင်ဆင်ရမည့် သီးခြားပြဿနာများမှာ -

စာရင်းတစ်ခု ပြုစုပါ - *(အောက်တွင် ဥပမာများကို စာရင်းပြုထားပါသည်)*
ရေပူမရှိခြင်း
ရေပိုက် ပြဿနာ *(ကွဲကွဲပြားပြားဖြစ်ပါစေ)*
အပူပေးမှုမရှိခြင်း
မျက်နှာကြက် အက်နေခြင်း၊ စသဖြင့်။

အဆိုပါ ချွတ်ယွင်းချက်များသည် ကျွန်ုပ်တို့၏ အငှားစာချုပ်ပါသဘောတူညီချက်ကို ချိုးဖောက်မှုတစ်ခု ဖြစ်ပြီး လူနေထိုင်ရန် သင့်တော်သည်ဟု အဓိပ္ပါယ်ရသည့် ဂရန်တီကိုချိုးဖောက်မှုတစ်ခု ဟု ကျွန်ုပ်ယုံကြည်ပါသည်။

အကယ်၍ အခြေအနေများကို *{ရက်အရေအတွက် တစ်ခု ထည့်ပါ}* အတွင်း မပြင်ဆင်ပါက ပရဝုဏ်တွင်းမှ ထွက်ခွာရန် ကျွန်ုပ်၏ အခွင့်အရေးကို ကျင့်သုံးရန် ကျွန်ုပ်ရည်ရွယ်ထားပါသည်။

ရိုးသားစွာဖြင့်

သင့်လက်မှတ်
သင်အမည်ကို စာလုံးကြီးဖြင့်ရေးပါ
သင့်အားဆက်သွယ်ရန် ဖုန်းနံပါတ်

နမူနာ စာသား

နေထိုင်ရန်သင့်တော်မှု ရှိမရှိ အကြောင်းပြချက်အတွက် အငှားစာချုပ်ကို အဆုံးသတ်ခြင်း - ဒုတိယ စာ

သင်၏ အမည် သင်၏
လိပ်စာ

နေ့စွဲ

အိမ်ရှင်၏ အမည် နှင့်
အိမ်ရှင်၏ လိပ်စာ

လေးစားရပါသော *{အိမ်ရှင်အမည်ကို ထည့်သွင်းပါ}* -

ဤစာသည် *{နေ့စွဲထည့်သွင်းပါ}* နေ့၌ *{လိပ်စာထည့်သွင်းပါ}* ရှိ လူနေအိမ်ခန်း/နေအိမ် *(တစ်ခုကိုရွေးချယ်ပါ)* မှ *ကျွန်ုပ်ထွက်ခွာတော့မည့်အကြောင်း သင့်အား အသိပေးရန် ဖြစ်ပါသည်။* ကျွန်ုပ်သည် ညွှန်းဆိုသည့် ရွှေ့ပြောင်းရေး လုပ်ထုံးလုပ်နည်းများ အားလုံးအတိုင်း လိုက်နာပြီးဖြစ်သည်။

ကျွန်ုပ်၏ ရှေ့ဆက်ပို့ရမည့်လိပ်စာမှာ *{လိပ်စာအသစ် ထည့်သွင်းပါ} ဖြစ်သည်။* ကျွန်ုပ်၏စရန်ငွေကို ပရဝုဏ်တွင်းမှ ကျွန်ုပ်ထွက်ခွာပြီး ရက်ပေါင်း ၃၀ အတွင်း အထက်ပါလိပ်စာသို့ ကျေးဇူးပြု၍ ပြန်ပို့ပေးပါ။

ရိုးသားစွာဖြင့်

သင့်လက်မှတ်
သင်အမည်ကို စာလုံးကြီးဖြင့်ရေးပါ
သင့်အားဆက်သွယ်ရန် ဖုန်းနံပါတ်

စရန်ငွေ

စရန်ငွေတစ်ခုဆိုသည်မှာ အိမ်ငှား၏ ပိုင်ဆိုင်မှုဖြစ်သော်လည်း ပျက်စီးမှုများမှ ကာကွယ်ရန်အတွက် အိမ်ရှင်မှ ကိုင်ထားသည့် ငွေဖြစ်ပါသည်။ အငှားစာချုပ်ကာလတစ်လျှောက်လုံးအတွက် အိမ်ငှားခငွေ ပေးချေရန် အိမ်ငှားတွင် တာဝန်ရှိပါသည်။ အငှားစာချုပ် ကုန်ဆုံးသွားချိန်၌ အိမ်ခြံမြေအတွင်း ပျက်စီးမှုတစ်ခုခုအတွက် နုတ်ယူပြီး ကျန်သည့်စရန်ငွေကို အိမ်ငှားထံ ပြန်ပို့ပေးသင့်ပါသည်။

အကယ်၍ အောက်ပါတို့သင်ပြုလုပ်ပါက အငှားစာချုပ် ကုန်ဆုံးချိန်တွင် သင်၏ စရန်ငွေ အားလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို မပေးပဲချန်ထားနိုင်ပါသည် -

- ပရဝုဏ်အား ပျက်စီးစေပါက၊
- အိမ်ခြံမြေကို သန့်ရှင်းရန် ပျက်ကွက်ပါက၊
- သင်၏ နောက်ဆုံးအိမ်ငှားခ သို့မဟုတ် ပေးချေရမည့် အိမ်ငှားခတစ်ခုခုပေးချေရန် ပျက်ကွက်ပါက၊
- သင် ပြောင်းရွှေ့တော့မည်ဖြစ်ကြောင်း အိမ်ရှင်အား သင့်လျော်စွာအသိပေးရန် ပျက်ကွက်ပါက။

အိမ်ရှင်ထံမှ သဘောတူညီချက်မရရှိပဲ စရန်ငွေကို နောက်ဆုံးလအတွက် အိမ်လခအနေဖြင့် အသုံးမပြုနိုင်ပါ။ သင် ပြောင်းရွှေ့မဝင်ရောက်မီ အခြားအိမ်ငှားမှ ပြုလုပ်သွားသော ပျက်စီးမှုများ သို့မဟုတ် သဘာဝအလျောက် ယိုယွင်းပျက်စီးမှုများအတွက် ပေးချေရန် စရန်ငွေကို အသုံးမပြုသင့်ပါ။ *သင်၏ စရန်ငွေကို ပြန်ပေးခြင်း* ကို ကြည့်ရှုပါ

စရန်ငွေအတွက် ပမာဏအကန့်အသတ်များ

ပန်ဆိုင်လ်ဗေးနီးယား ဥပဒေအရ အိမ်ရှင်တစ်ဦးမှ တောင်းဆိုနိုင်သော စရန်ငွေပမာဏအတွက် အကန့်အသတ်များ ရှိပါသည်။ အငှားချထားသည့် ပထမနှစ်အတောအတွင်း စရန်ငွေက အိမ်ငှားခ နှစ်လစာထက် မကျော်လွန်နိုင်ပါ။ အိမ်ရှင်က အိမ်ငှားအား စရန်ငွေတစ်ခု နှင့် "နောက်ဆုံးလစာ" ကိုပေးရန် တောင်းဆိုနိုင်ပါသည်။ အိမ်ရှင်မှ မည်သို့ခေါ်သည်ဖြစ်စေ "နောက်ဆုံးလ အိမ်ငှားခ" ပေးချေမှုသည် နောက်ဆုံးနှစ်အတွက် အများဆုံး နှစ်လစာ စရန်ငွေ၏ တစ်စိတ်တစ်ပိုင်းဖြစ်ပါသေးသည်။

ဒုတိယနှစ် အတောအတွင်း သို့မဟုတ် မူလအငှားစာချုပ်ကို သက်တမ်းတိုးသည့် နှစ်တစ်ခုခုအတောအတွင်း စရန်ငွေက တစ်လစာ အိမ်ငှားခထက် မကျော်လွန်နိုင်ပါ။ အကယ်၍ အိမ်ငှားတစ်ဦး၏ အိမ်ငှားခ မြင့်သွားပါက အငှားစာချုပ်၏ ပထမငါးနှစ်စာအတွက် အိမ်ငှားခအသစ်၏ ပထမလနှင့် ညီမျှရန် အိမ်ရှင်အနေဖြင့် စရန်ငွေကိုလည်း တိုးမြှင့်နိုင်ပါသည်။ ငါးနှစ်အပြီးတွင် အိမ်ငှားခ မြင့်တက်လာသည့်တိုင် အိမ်ရှင်အနေဖြင့် စရန်ငွေကို မတိုးမြှင့်နိုင်ပါ။

အကယ်၍ အိမ်ငှားက နှစ်လစာ စရန်ငွေ (သို့မဟုတ် တစ်လစာ စရန်ငွေ နှင့် "နောက်ဆုံးလအတွက် အိမ်လခ") ပေးခဲ့ပါက ပထမ ငါးနှစ်အပြီးတွင် အိမ်ငှားအနေဖြင့် အိမ်ရှင်အား တောင်းဆိုနိုင်သည်မှာ တစ်လစာ အိမ်လခထက် ပိုသည့် ငွေပမာဏကို ပြန်ပေးရန်။ ယင်းငွေကို တောင်းဆိုချက်အား စာဖြင့်ရေးသားပြုလုပ်ပြီး စာ၏ မိတ္တူတစ်စောင်ကို သိမ်းထားခြင်းဖြင့် ယင်းအားပြုလုပ်နိုင်ပါသည်။ ယင်းစာကို မှတ်ပုံတင်၍ စာတိုက်မှ "လက်ခံဖြတ်ပိုင်း ပြန်ပို့ပေးရန် တောင်းဆိုပါသည်" ဖြင့်ပို့ပါ၊ သို့မှသာ အိမ်ရှင်မှ ယင်းစာအား လက်ခံရရှိခဲ့သည်ဟူသော သက်သေရှိပါသည်။ အကယ်၍ အိမ်ငှားသည် စာတိုက်ရုံးမှ လက်မှတ်ထိုးထားသည့် လက်ခံဖြတ်ပိုင်းတစ်ခု ပြန်မရရှိပါက မှတ်ပုံတင်၍ စာတိုက်မှပို့သည့်စာကို ပုံမှန်စာဖြင့် နောက်ဆက်တွဲလိုက်သင့်ပါသည်။

စရန်ငွေအပေါ် အတိုး

အကယ်၍ ဒေါ်လာ ၁၀၀ ထက်ပိုသည့် စရန်ငွေတစ်ခုကို ကောက်ယူခဲ့ပါက -

1. ယင်းရံပုံငွေကို သီးခြားအကောင့်စာရင်းတစ်ခုအတွင်း ထည့်ထားရမည်
2. ယင်းအကောင့်စာရင်းသည် ပန်ဆိုင်လ်ဗေးနီးယား သို့မဟုတ် ပြည်ထောင်စု ဘဏ်လုပ်ငန်း အာဏာပိုင်များမှ ထိန်းချုပ်သည့် အဖွဲ့အစည်းတစ်ခုအတွင်း ဖြစ်ရမည်။
3. အိမ်ရှင်အနေဖြင့် အိမ်ငှားအား ငွေသွင်းထားသည့်နေရာ (ဘဏ်) ၏ အမည် နှင့် လိပ်စာ နှင့် သွင်းထားသည့် ပမာဏတို့ကို စာဖြင့်ရေးသား အသိပေးရမည်
4. **ဒုတိယနှစ် အပြီး**၌ အိမ်ငှား၏ ငွေပေါ်မှရရှိသောအတိုးနှုန်း (အိမ်ရှင်အတွက် အုပ်ချုပ်ရေးလုပ်ဆောင်ခ ၁% ပေးပြီး) ကို အငှားစာချုပ် နေ့စွဲမှ နှစ်ပတ်လည်သည့်နေ့တွင် တစ်နှစ်တစ်ခါ အိမ်ငှားထံ ပေးချေရမည်။
5. အိမ်ငှားအနေဖြင့် အတိုးငွေမည်မျှကို လက်ခံရမည်ဟု ဥပဒေက ခွဲခြားမဖော်ပြထားပါ

ယနေ့အချိန်တွင် အတိုးနှုန်းက အလွန်နည်းသည်ကို သတိရပါ။ ထို့ကြောင့် အိမ်ရှင်က အခကြေး ၁% ကိုနုတ်အပြီး၌ အိမ်ငှားရရှိမည့် အတိုးက ဘာမှမရှိတော့နိုင်ပါ။ သို့သော်လည်း စီးပွားရေးကောင်းကောင်းလုပ်ရန်ဆန္ဒဖြင့် အိမ်ရှင်တစ်ဦးမှ အိမ်ငှားတစ်ဦးအား ပေးရန် အတိုး မရှိကြောင်း စာဖြင့်ရေးသား အသိပေးသင့်သည်။

သင်၏ စရန်ငွေကို ပြန်ပေးခြင်း

အငှားစာချုပ်ကိုအဆုံးသတ်ပြီး **ရက်ပေါင်း (၃၀)**အတွင်း အိမ်ရှင်မှ အိမ်ငှားအား ပေးအပ်ရမည်မှာ -

1. အတိုးပေါင်းထည့်ထားသည့် (အတိုးရှိပါက) စရန်ငွေ နှင့် ပျက်စီးမှုများအတွက် ပေးချေရန်အသုံးပြုခဲ့သောငွေ အကြား ခြားနားချက်နှင့် အိမ်ငှားထံ၌ တာဝန်ရှိသည်ဟု အိမ်ရှင်မှစောဒကတက်သည့် ပျက်စီးမှုများအတွက် စာဖြင့်ရေးသားထားသော စာရင်းတစ်ခု **သို့မဟုတ်**
2. စရန်ငွေပမာဏ အားလုံးအတွက် ချက်လက်မှတ်တစ်စောင်။

အကယ်၍ အိမ်ရှင်က အထက်ပါတို့မှ တစ်ခုမဟုတ် တစ်ခုကို ရက်ပေါင်း (၃၀) အတွင်း ပြုလုပ်ရန် ပျက်ကွက်ပါက၊ သူ သို့မဟုတ် သူမအနေဖြင့် စရန်ငွေတစ်ခုခုကို မပေးပဲချန်ထားပိုင်ခွင့်ကို လက်လွှတ်ပြီး ပျက်စီးမှုများအတွက် အိမ်ငှားအား တရားရုံးတွင် တရားစွဲဆိုပိုင်ခွင့်ကို လက်လွှတ်ပါသည်။ ၃၁ ရက်မြောက်နေ့တွင် အာမခံ စာရင်းတွင်းထည့်ထားသည့် စရန်ငွေပမာဏ အပေါင်း အတိုး (ရှိပါက) တို့၏**နှစ်ဆ**ကို ပေးရန် အိမ်ရှင်အား တရားစွဲနိုင်ပါသည်။ မှတ်ချက် အကယ်၍ အိမ်ငှားက ရှေ့ဆက်ပို့ရမည့်လိပ်စာ မပေးပါက သို့မဟုတ် သော့များပြန်မအပ်ပါက အိမ်ရှင်အတွက် နောက်ဆုံးပေးရက်ကို ရက် ၃၀ မကိုင်စွဲထားနိုင်ပါ။

သင်၏ စရန်ငွေအပေါ် မှ ကောက်ယူသည့် ပျက်စီးဆုံးရှုံးမှုများကို ငြင်းဆိုခြင်း

အိမ်ရှင်က သာမန် ယိုယွင်းပျက်စီးမှုအတွက် အိမ်ငှားအား ငွေမကောက်ခံသင့်ပါ။ ဥပမာ - အငှားစာချုပ်တစ်ခုအပြီး၌ အိမ်ရှင်က လူနေအိမ်ခန်းကို ဆေးပြန်သုတ်ရန်လိုအပ်သည်ဟု ဆုံးဖြတ်သော်လည်း အိမ်ငှားမှ သဘာဝအရ ပုံမှန်ယိုယွင်းမှုထက်ပိုပြီး မပျက်စီးစေခဲ့ပါက အိမ်ငှားတစ်ဦးအား ဆေးပြန်သုတ်ခြင်းအတွက် ငွေမကောက်ခံသင့်ပါ။

သဘာဝတရားအရ ယိုယွင်းပျက်စီးမှု ဆိုသည်မှာ ဘာပါလဲ။

သဘာဝအရ ပုံမှန် ယိုယွင်းပျက်စီးမှုဆိုသည်မှာ ပုံမှန်နေ့စဉ်အသုံးပြုမှုကြောင့် အိမ်ခြံမြေတစ်ခု ပုံမှန် ယိုယွင်းခြင်းကို ခေါ်ပါသည်။ ယင်းက အလွဲသုံးစားလုပ်မှု သို့မဟုတ် ပေါ့ဆမှုကြောင့်ဖြစ်သည့် ပျက်စီးမှုမဟုတ်ပါ။ အိမ်ခြံမြေတစ်ခုအပေါ် ပြုလုပ်ခဲ့သည့် ဖျက်ဆီးမှု နှင့် သဘာဝ ယိုယွင်းပျက်စီးမှုအကြား ခြားနားချက်တစ်ခု ရှိပါသည်။ ကော်ဇောခဲကပ်သွားခြင်းသည် သဘာဝ ယိုယွင်းပျက်စီးမှုဖြစ်သည်။ ကော်ဇောတစ်ခုအပေါ် ရှိ မီးလောင်မှတ် သို့မဟုတ် အစွန်းအထင်းများက ပေါ့ဆမှုကြောင့်ဖြစ်သည့် ပျက်စီးမှုဖြစ်သည်။ အိမ်သုတ်ဆေး ပျက်ပြယ်ခြင်း သို့မဟုတ် ဝါကျင့်သွားခြင်းကို သဘာဝ ယိုယွင်းပျက်စီးမှုဟု သတ်မှတ်သည်။ ကော်ဇောပေါ် ရှိ အစွန်းအထင်းကွက်ကြီးကြီး သို့မဟုတ် နံရံပေါ် ရှိ အပေါက်များသည် အိမ်ရှင်အား ပြန်လျော်ပေးရမည့် ပျက်စီးမှုများဖြစ်သည်။

စရန်ငွေကို မည်သည့်အတွက် အသုံးပြုနိုင်ပါသလဲ။

သင်၏အိမ်ရှင်က စရန်ငွေ အားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို သဘာဝယိုယွင်းပျက်စီးမှုထက်ပိုသည့် ပျက်စီးမှုများအတွက် ပြင်ဆင်မှုများပြုလုပ်ရန် ထိန်းသိမ်းနိုင်ပါသည်။ သင်၏အိမ်ရှင်က သင်၏စရန်ငွေကို အငှားစာချုပ် ကုန်ဆုံးချိန်တွင် မပေးချေရသေးသည့် အိမ်လခတစ်ခုခုကို ကာပေးရန် သိမ်းလိုက်နိုင်ပါသည်။ သင်က အငှားစာချုပ်ကို ဖောက်ဖျက်ပါကလည်း စရန်ငွေတစ်ခုကို လက်လွှတ်ဆုံးရှုံးပါသည်။ အိမ်မှပြောင်းအပြီးတွင် ငှားရမ်းခဲ့သည့်အခန်းကို သန့်ရှင်းရေးလုပ်ရန် သင်ပျက်ကွက်ခဲ့ပါက ယင်းအတွက် အိမ်ရှင်မှ သင့်အား ငွေကောက်ခံနိုင်ပါသည် - သို့သော်လည်း ကောက်ခံငွေက ကျိုးကြောင်းလျော်ညီသင့်ပြီး သင် ပြောင်းရွှေ့မဝင်ရောက်မီက အိမ်ခြံမြေ ရှိခဲ့သောအခြေအနေ ပြန်ရောက်အောင်လုပ်ရန်သာ ဖြစ်သင့်သည်။

ယခင်အိမ်ငှားကြောင့် ဖြစ်ခဲ့သော ပျက်စီးမှုများအတွက် သင့်တွင် တာဝန်ရှိသည်ဟု မကိုင်စွဲသင့်ပါ။ **ငှားရမ်းသည့်အခန်းအား ကြည့်ရှုစစ်ဆေးရန် စာရင်း**ကို အသုံးပြုခြင်းဖြင့် ယင်းအခန်းတွင်းသို့ ပြောင်းရွှေ့မဝင်ရောက်မီ ရှိခဲ့ပြီးသော အငှားချထားသည့် ပရဝုဏ်များအတွင်း ပျက်စီးမှုတစ်ခုခုကို အိမ်ငှားမှ မှတ်ချက်ရေးထားနိုင်ပါသည်။ ပျက်စီးမှုများက အိမ်မငှားမီ ရှိခဲ့သည်ဟူသော အချက်ကို တည်ထောင်ရာတွင် မှတ်တမ်းမှတ်ရာ သက်သေ၊ မျက်မြင်သက်သေများ၊ နှင့် ဓာတ်ပုံများက အထူးအထောက်အကူဖြစ်ပါသည်။ မှားယွင်းစွာ သိမ်းပိုက်ထားသော စရန်ငွေကို ပြန်လည်ရရှိရန် အိမ်ရှင်အားတရားစွဲဆိုရန် ဆန္ဒရှိသည့် အိမ်ငှားအတွက် ယင်းသို့သော သက်သေက အလွန်အဖိုးမဖြတ်နိုင်ပါ။

သင် ပြောင်းသည့်အချိန်တွင် စရန်ငွေကို ပြန်ရယူရန် အဆင့်များ

- **သင် ပြောင်းရွှေ့တော့မည်ဖြစ်ကြောင်း အိမ်ရှင်အား သင့်လျော်သည့် အသိပေးချက် ပေးပါ။**
- **ယင်းသို့သော အသိပေးချက်က သင်၏အငှားစာချုပ်ပါ ပြဌာန်းချက်များအရ ဖြစ်ရမည်။** ထွက်ခွာရန် အသိပေးစာကို မည်သည့်နေရာသို့ ပို့ဆောင်ရန် နှင့် သင်၏အငှားစာချုပ်ကို အဆုံးသတ်ရန် အသိပေးချက်မည်မျှ ပြုလုပ်ရမည်ကို သိရှိရန် သင်၏အငှားစာချုပ်ကို သင်ဖတ်ရှုဖို့ လိုအပ်ပါသည်။
- **သင် ပြောင်းရွှေ့ချိန် သို့မဟုတ် မပြောင်းရွှေ့မီတွင် သင်၏လိပ်စာအသစ်ကို အိမ်ရှင်အား စာဖြင့်ရေးသားပြီး ပေးအပ်ကြောင်း သေချာအောင်လုပ်ပါ။** သင်အငှားစာချုပ်အတွင်း ယင်းကို မပြောထားသည့်တိုင် သင့်အနေဖြင့် ယင်းကို လုပ်ဆောင်ရမည်။ *နမူနာ စာသား - ထွက်ခွာရန် အသိပေးချက်/စရန်ငွေ ပြန်ပို့ပေးရန် ရှေ့ဆက်ပို့ရမည့်လိပ်စာ* **ကို ကြည့်ပါ။**
- ယင်းအသိပေးချက်ကို စာတိုက်မှ မှတ်ပုံတင်၍ "လက်ခံဖြတ်ပိုင်း ပြန်ပို့ပေးရန် တောင်းဆိုပါသည်" ဖြင့် ပို့ခြင်းက အကောင်းဆုံးဖြစ်သည်။ သင်၏ လိပ်စာအသစ်က ဘာဖြစ်မည်ဆိုသည်ကို သင် မသေချာပါက ဆွေမျိုးတစ်ဦး၏ လိပ်စာကို အိမ်ရှင်အား ပေးပါ။ သင်ပို့သည့် စာများ၊ စာတိုက်မှ မှတ်ပုံတင်ပြီးပို့သော စာများအတွက် လက်ခံဖြတ်ပိုင်းများ၊ နှင့် ပြန်ပို့သောလက်ခံဖြတ်ပိုင်းများ အားလုံး၏ မိတ္တူကို သိမ်းထားပါ။
- **မပြောင်းရွှေ့မီ နေထိုင်ရာအခန်းကို တတ်နိုင်သလောက် နှိုက်နှိုက်ချွတ်ချွတ်ကျကျနန သန့်ရှင်းပါ။** သန့်ရှင်းရေး ကိရိယာတစ်ခုခု ငှားရမ်း သို့မဟုတ် ဝယ်ယူသည့် လက်ခံဖြတ်ပိုင်းများကို သိမ်းထားပါ၊ ဥပမာ

ကော်ဇောများကို သန့်ရှင်းရန် ရေငွေ့ဖြင့် သန့်ရှင်းသည့် စက် ငှားရမ်းခြင်း။ မီးဖိုး နှင့် ရေခဲသေတ္တာ အတွင်းပိုင်းများကို သန့်ရှင်းရန် နှင့် မည်သည့်အမှိုက်မဆိုကို စွန့်ပစ်ရန် သတိရပါ။ မည်သည့်အရာကိုမှ ချန်မထားခဲ့ပါနှင့်။

- **မည်သည့် အိမ်လခမှ အကြွေးမကျန်ကြောင်း သေချာအောင်လုပ်ပါ။**
- **နေထိုင်ရာအခန်းအား သင်နှင့်အတူ ကြည့်ရှုစစ်ဆေးရန် အိမ်ရှင်အားခေါ်ဖို့ ကြိုးစားပါ။**
- **ပြောင်တလင်းခါနေသည့် ပရဝုဏ်များကို ဓာတ်ပုံရိုက်ထားပါ။** လူနေအိမ်ခန်း သို့မဟုတ် နေအိမ်အတွင်းသို့ သင်ပြောင်းရွှေ့ဝင်ရောက်ချိန်တွင် သင်ပြင်ဆင်ခဲ့သော ပျက်စီးမှုများအတွက် သင်၏ ဓာတ်ပုံများ၊ စစ်ဆေးရန်စာရင်း၊ သို့မဟုတ် အခြား မှတ်တမ်းမှတ်ရာတစ်ခုခု တို့အား ကြည့်ရှုရန် အချိန်အခါဖြစ်ပါသည်။
- **သော့များကို အိမ်ရှင်ထံ ပြန်ပေးပါ။** ဖြစ်နိုင်ပါက ယင်းအချိန်တွင် အိမ်ရှင်အား ပေးခဲ့သော ငွေအကြွေးတစ်ခုခုအတွက် လက်ခံဖြတ်ပိုင်းတစ်ခု ရယူပါ။

အကယ်၍ သင့်တော်သည့် အသိပေးချက် မပြုလုပ်ပါက သင်၏အငှားစာချုပ်ကို ချိုးဖောက်နိုင်သည့် အလားအလာရှိနိုင်ပြီး သင်၏စရန်ငွေကို လက်လွှတ်ရနိုင်ပါသည်။ သင်၏အငှားစာချုပ်ကို တရားဝင် အဆုံးမသတ်ပါက၊အိမ်လခ အကြွေးကျန်ပါက သို့မဟုတ် အိမ်သော့များ ပြန်မပေးပါက၊ သင်၏အိမ်ရှင်အနေဖြင့် သင့်စရန်ငွေကို ပြန်မပေးရန် ငြင်းဆန်နိုင်ပါသည်။

သင်၏ အိမ်ရှင်က သင့်စရန်ငွေကို ပြန်မပေးခဲ့ပါက ဘာလုပ်ပါမလဲ။

အကယ်၍ သင်၏အိမ်ရှင်က စရန်ငွေပြန်ပေးရန် ပျက်ကွက်ပါက နှင့် ရက်ပေါင်း (၃၀) အတွင်း ပျက်စီးမှုများအတွက် စာဖြင့်ရေးသားထားသည့်စာရင်းကို သင့်အား ပေးခဲ့ပါက၊ သို့မဟုတ် အိမ်ရှင်က စရန်ငွေ ပမာဏ နှင့် အငှားချသည့်အခန်းတွင်း အမှန်တကယ် ပျက်စီးမှုများ အကြား ခြားနားချက်ကို ရက်ပေါင်း (၃၀)အတွင်း ပေးရန် ပျက်ကွက်ပါက အိမ်ရှင်မှ အောက်ပါတို့ကို လက်လွှတ်ပါသည် -

- စရန်ငွေ၏ မည်သည့်အပိုင်းမဆို (အတိုးအပါအဝင်) ကို သိမ်းထားရန် အခွင့်အရေးအားလုံး **နှင့်**
- အငှားချထားသည့်အခန်းတွင်း ပျက်စီးမှုများအတွက် အိမ်ငှားအား တရားစွဲဆိုရန် အခွင့်အရေးအားလုံး (သို့သော်လည်း မပေးရသေးသည့် အိမ်လခ ကောက်ခံရန် သို့မဟုတ် အငှားစာချုပ်အား ဖောက်ဖျက်မှုအတွက် အိမ်ငှားအား အိမ်ရှင်က တရားစွဲနိုင်ပါသေးသည်)။

သင်က ခရိုင်တရားရုံးသို့ အရပ်သားတိုင်ကြားချက်တစ်ခု တင်သွင်းနိုင်ပြီး စရန်ငွေ၏ နှစ်ဆ (အကျုံးဝင်ပါက အတိုးအပါအဝင်) ရရှိရန် အိမ်ရှင်အား တရားစွဲဆိုနိုင်ပါသည်။ ပျက်စီးမှုများအတွက် အိမ်ရှင်က တန်ပြန်တရားစွဲဆိုမှုတစ်ခု ဖိုင်မတင်သွင်းနိုင်ပါ။

အကယ်၍ အိမ်ရှင်တစ်ဦးက သင့်အား ရက်ပေါင်း (၃၀)အတွင်း ပျက်စီးမှုစာရင်းတစ်ခု နှင့် ပြန်အမ်းငွေတစ်ခု မပေးအပ်ပါက နှင့် ပျက်စီးမှုပမာဏကို သင် သဘောမတူပါက ခရိုင်တရားရုံးတွင် တိုင်ကြားမှုတစ်ခု သင်ဖိုင်တင်သွင်းနိုင်ပါသည်။ အိမ်ရှင်က သင့်အား မသင့်လျော်စွာ ငွေကောက်ခံခဲ့ကြောင်း သင် သက်သေပြဖို့ လိုအပ်ပါလိမ့်မည်။ ဓာတ်ပုံများ၊ စစ်ဆေးထားသည့်စာရင်း နှင့် အခြားစာရွက်စာတမ်းများက ယင်းလုပ်ငန်းစဉ်အတွက် အထောက်အကူပြုပါလိမ့်မည်။ အိမ်ရှင်က သင့်အားဆန့်ကျင်သည့် တန်ပြန်တိုင်ကြားချက်တစ်ခု ဖိုင်တင်သွင်းပိုင်ခွင့် **ရှိပါသည်**။

အရပ်သားတိုင်ကြားချက်တစ်ခု ဖိုင်တင်သွင်းရန်အလို့ငှာ ခရိုင်တရားရုံးသို့ ဖိုင်တင်သွင်းသည့် အခကြေးငွေ သင်ပေးရလိမ့်မည်ဖြစ်သော်လည်း အိမ်ရှင်မှ အဆိုပါ ကောက်ခံကြေးများအတွက် သင့်အား အစားပြန်ပေးရန် သင်တောင်းဆိုနိုင်ပါသည်။ အကယ်၍ တရားသူကြီး၏ဆုံးဖြတ်ချက်က သင့်ဖက်ကို ဦးစားပေးပါက ဖိုင်တင်သွင်းကြေး နှင့် ကုန်ကျစရိတ်များကို အိမ်ရှင်မှပေးသင့်ပါသည်။ အကယ်၍ သင်က တရားရုံးသို့သွားပါက အောက်ပါစာရွက်စာတမ်းများ (အကယ်၍ ရှိပါက) ကို သင် ယူဆောင်သွားသင့်ပါသည် -

- သင်၏ စာဖြင့်ရေးသားထားသည့် အငှားစာချုပ်
- သင်မှ အိမ်သော့(များ)ကို ပြန်ပေးပြီးကြောင်း စာရွက်စာတမ်းများ သို့မဟုတ် သက်သေ
- သင်က အိမ်ရှင်အား ရှေ့ဆက်ပို့ရမည့်လိပ်စာ ပေးအပ်ကြောင်း စာရွက်စာတမ်း သို့မဟုတ် သက်သေ
- စရန်ငွေကို ပြန်လည်ရရှိရန် တောင်းဆိုပြီး သင်ပို့ခဲ့သည့် မည်သည့် စာပေးစာယူမဆိုအတွက် မိတ္တူတစ်စုံ
- အိမ်ရှင်ထံမှ စရန်ငွေအပြည့်ကို မည်သည့်အတွက်ကြောင့် ပြန်မအမ်းရသနည်းဆိုသည်ကို ရှင်းပြသည့် မည်သည့်စာပေးစာယူမဆိုအတွက် မိတ္တူတစ်စုံ။
- အိမ်လခ လက်ခံဖြတ်ပိုင်းများအားလုံး (သို့မဟုတ် ပယ်ဖျက်သည့် ချက်လက်မှတ်များ)
- စရန်ငွေ လက်ခံဖြတ်ပိုင်း (သို့မဟုတ် ပယ်ဖျက်သည့် ချက်လက်မှတ်)
- သင်ပြောင်းရွှေ့ဝင်ရောက်ချိန်က ရှိခဲ့သော အပျက်အစီးများစာရင်း
- ဓာတ်ပုံများ သို့မဟုတ် ဗွီဒီယိုများ (မည်သူက မည်သည့်အချိန်တွင်ရိုက်ကူးခဲ့ကြောင်း ပြောပြရန် ပြင်ဆင်ထားပါ)
- သင်က စရန်ငွေပေးသည်ကိုမြင်သော သက်သေ နှင့်/သို့မဟုတ် သင်ပြောင်းရွှေ့ဝင်ရောက်ချိန်နှင့် အိမ်မှပြောင်းချိန်တွင် သင်၏ နေအိမ်ခန်းအခြေအနေကို သိသူ

အကယ်၍ သင်က ရှေ့ဆက်ပို့ရမည့်လိပ်စာတစ်ခု မပေးပါက စရန်ငွေပြန်ရရှိရန် သင်အကျုံးဝင်ပါသေးသည်။ သို့သော်လည်း အိမ်ရှင်ထံတွင် သင့်အား မည်သည့်နေရာတွင်ရှာဖွေရမည်ဆိုသည့် အခက်အခဲကြောင့် အိမ်ရှင်အနေဖြင့်ယင်းစရန်ငွေကို ရက်ပေါင်း ၃၀ အတွင်း ပြန်ပေးရန် မလိုအပ်ပါ။

အဆိုပါ အခွင့်အရေးများကို သင်မှ လက်လွှတ်သည်ဟုဆိုသည့် အငှားစာချုပ်ပါ မည်သည့်စာပိုဒ်မဆိုကို မတင်းကျပ်နိုင်သည့်အတွက်ကြောင့် ပျက်ပြယ်ပါသည်။

နမူနာ စာသား

ထွက်ခွာရန် အသိပေးစာ/စရန်ငွေကို ပြန်အမ်းရန် ရှေ့ဆက်ပို့ရမည့်လိပ်စာ

သင်၏ အမည် သင်၏
လိပ်စာ

နေ့စွဲ

အိမ်ရှင်၏ အမည် နှင့်
အိမ်ရှင်၏ လိပ်စာ

လေးစားရပါသော *{အိမ်ရှင်အမည်ကို ထည့်သွင်းပါ}* -

68 P.S.§250-512(e) ကို လိုက်နာသည့်အနေဖြင့် ကျွန်ုပ်သည် သင့်အား အောက်ပါ ရှေ့ဆက်ပို့ရန်လိပ်စာကို စာဖြင့်ရေးသား၍ ပေးအပ်ပါသည် -

{လမ်းအမည်၊ လိပ်စာ၊ မြို့/ပြည်နယ်/ဇစ်ကုဒ် ကို ထည့်သွင်းပါ}

ကျွန်ုပ်၏ အငှားစာချုပ်က *{နေ့စွဲ ထည့်သွင်းပါ} တွင် ကုန်ဆုံးပါသည်။* အခန်းအား နောက်ဆုံးအကြိမ် ကြည့်ရှုစစ်ဆေးမှုတစ်ခုအတွက် နောက်ဆုံးပတ် *{နေ့စွဲ ထည့်သွင်းပါ} အတောအတွင်း သင်အဆင်ပြေသည့်အချိန်အတွက် ကျွန်ုပ်အချိန်ပေးပါမည်။* ကြည့်ရှုစစ်ဆေးရန်အတွက် အချိန်တစ်ခုစီစဉ်ရန် ကျွန်ုပ်အား ဆက်သွယ်ပါ။

ကျေးဇူးပြု၍ ကျွန်ုပ်၏ စရန်ငွေအပြည့် သို့မဟုတ် ပေးရန်ရှိသည်ဟု တောင်းဆိုထားသည့် ပျက်စီးမှုများအတွက် စာရင်းတစ်ခု နှင့် ကျွန်ုပ်၏ စရန်ငွေလက်ကျန်ကို အမှန်တကယ်အတိုး နှင့်အတူ အထက်ပါလိပ်စာသို့ တရားဝင် အချိန်ကန့်သတ်ချက် ရက်ပေါင်း (၃၀) အတွင်း ရှေ့ဆက်ပို့ပေးပါ။

ရိုးသားစွာဖြင့်

သင့်လက်မှတ်
သင်အမည်ကို စာလုံးကြီးဖြင့်ရေးပါ
သင့်အားဆက်သွယ်ရန် ဖုန်းနံပါတ်

အိမ်ငှားခ မြင့်တက်ခြင်းများ

ပန်ဆိုင်လ်ဗေးနီးယားတွင် အိမ်ငှားခ ထိန်းချုပ်သည့် ဥပဒေမရှိပါ။ အိမ်ရှင်များအနေဖြင့် အိမ်ငှားခကို ၎င်းတို့ တက်ချင်သလောက် တက်နိုင်ပါသည်။ သို့ပါသော်လည်း သင်၏စာချုပ် (အငှားစာချုပ်) နှင့် လျော်ညီသည့်အတိုင်း အပြောင်းအလဲများကို ပြုလုပ်ရပါမည်။

1. အိမ်ငှားခ မြင့်တက်ခြင်းက စာဖြင့် သို့မဟုတ် နှုတ်ဖြင့် အငှားစာချုပ်အတွင်း အထင်အရှားပြထားသည့် သင့်လျော်သည့် အသိပေးရေးလုပ်ငန်းစဉ်အတိုင်း လိုက်နာရပါမည်။
2. သင်က အိမ်ငှားခ မြင့်တက်ခြင်းကို သဘောတူညီမှု မရှိပါပဲနှင့် အိမ်ရှင်အနေဖြင့် အငှားစာချုပ်ကာလ အလယ်တွင် အိမ်ငှားခကို မမြှင့်နိုင်ပါ။
3. အိမ်ငှားက ဥပဒေအရ ရပိုင်ခွင့်ကို ကျင့်သုံးသည့်အတွက်ကြောင့် လက်တုံ့ပြန်သည့်အနေဖြင့် အိမ်ရှင်မှ အိမ်ငှားခကို မတိုးမြှင့်နိုင်ပါ။ အိမ်ငှားက ခွဲခြားဆက်ဆံမှုကို တိုင်ကြားသည့်အတွက်ကြောင့် သို့မဟုတ် ကုဒ်တင်းကျပ်ရေးဌာနကို ဆက်သွယ်ခဲ့သည့်အတွက်ကြောင့် အိမ်ငှားခ တိုးမြှင့်ခြင်းရန် အိမ်ရှင်အား ခွင့်မပြုပါ။ အကယ်၍ သင်က အိမ်ရာဆိုင်ရာ ခွဲခြားဆက်ဆံမှုကို တိုင်ကြားမှုတစ်ခု ဖိုင်တင်သွင်းခဲ့သောကြောင့် သင်၏ အိမ်ငှားခကို တိုးမြှင့်ခဲ့ပါက သင်တိုင်ကြားချက် ဖိုင်တင်သွင်းခဲ့သော အေဂျင်စီထံ အကြောင်းကြားသင့်ပါသည်။



ရေမီး ဖြတ်တောက်ခြင်းများ

အကယ်၍ သင်၏ ရေမီးများကို ပိတ်မည်ဆိုသည့် အသိပေးချက်ရရှိပါက သင်၏အခွင့်အရေးများကို ကာကွယ်ရန် အမြန်လှုပ်ရှားဖို့ လိုအပ်ပါသည်။ ပိတ်ပြီးသွားမှ ဝန်ဆောင်မှုများကို ပြန်လည်ရရှိအောင် ပြုလုပ်ရသည်က ပိုမိုခက်ခဲပါသည်။ ရေမီး အသုံးစရိတ်များကို ပေးရန် မည်သူ့ထံတွင် တာဝန်ရှိသည်ဖြစ်စေ ရေမီး ကုမ္ပဏီတစ်ခုအနေဖြင့် အောက်ပါတို့ မရှိပဲ ဝန်ဆောင်မှုကို မဖြတ်တောက်နိုင်ပါ။

- မဖြတ်တောက်မီ ၁၀ ရက် စာဖြင့် ကြိုတင်အသိပေးမှုတစ်ခု
- သင့်အား သို့မဟုတ် သင်၏အိမ်ထောင်စုအတွင်းရှိ အရွယ်ရောက်ပြီးသူတစ်ဦးအား မဖြတ်တောက်မီ အနည်းဆုံး ၃ ရက်ကြိုပြီး လူကိုယ်တိုင် ဆက်သွယ်ရန် ကြိုးစားမှုတစ်ခု
- ဖြတ်တောက်သည့်အချိန်တွင် သင် သို့မဟုတ် သင်၏အိမ်ထောင်စုအတွင်းရှိ အရွယ်ရောက်ပြီးသူတစ်ဦးအား ဆက်သွယ်ရန် ကြိုးစားမှုတစ်ခု
- ဒီဇင်ဘာလ မှ မတ်လအတောအတွင်း ကုမ္ပဏီမှ အဆုံးသတ်မှုမပြုမီ ကြိုတင်ပြီး လူကိုယ်တိုင်ဆက်သွယ်မှု မပြုလုပ်ခဲ့ပါက သင်၏ ရေမီးများကို ဖြတ်တောက်တော့မည်ဟု ဆိုထားသည့် အသိပေးစာတစ်ခုကို သိသာသည့်နေရာတွင် ကပ်ထားရမည်ဖြစ်ပြီး သင့်အား အနည်းဆုံး ၄၈ နာရီ ကြိုတင်အသိပေးရမည်။

ရေမီး ကုမ္ပဏီတစ်ခုမှ အိမ်ငှားအား ၁၀ ရက် အသိပေးချက် ပေးပြီးနောက် နောက်ထပ် ၁၀ ရက် အသိပေးချက် ထပ်ပေးစရာမလိုပဲ အိမ်ငှား၏ ရေမီးကို ပိတ်ရန် ရက်ပေါင်း ၆၀ အချိန်ရှိပါသည်။

အကယ်၍ ရေမီး ကုမ္ပဏီမှ ဝန်ဆောင်မှုကို ကြိုတင်အသိပေးခြင်းမပြုပဲ ပိတ်လိုက်ပါက ဥပဒေကို ချိုးဖောက်ပါသည်။ ရေမီး ကုမ္ပဏီကိုဆက်သွယ်ပြီး ဝန်ဆောင်မှုကို ချက်ချင်းပြန်တပ်ပေးရန် သင်တောင်းဆိုနိုင်ပါသည်။ ကြီးကြပ်ရေးမှူးနှင့် စကားပြောဆိုရန် တောင်းဆိုပြီး သင်စကားပြောသည့်သူ၏ အမည်ကို ရေးချထားပါ။ လိုအပ်ပါက ပြည်သူ့ ရေမီး ကော်မစ်ရှင်ရုံး အား ဖုန်းနံပါတ် 1-800-692-7380 တွင် ခေါ်ဆိုပါ။ အကယ်၍ သင့်အနေဖြင့် ဥပဒေရေးရာ အထောက်အပံ့လိုအပ်ပါက ပုဂ္ဂလိကရှေ့နေတစ်ဦးထံ အတိုင်ပင်ခံပါ သို့မဟုတ် သင်၏ တရားရေးအထောက်အကူရုံးကို ဖုန်းခေါ်ဆိုပါ။



ရေမီး ဖြတ်တောက်ခြင်းကို ရှောင်ကြဉ်ရန် အဆင့်များ

သင်၏ရေမီး ဖြတ်တောက်ခံရခြင်းကို ရှောင်ကြဉ်ရန်အလို့ငှာ ငွေတောင်းခံလွှာအပေါ် အငြင်းပွားမှုတစ်ခုခု သို့မဟုတ် ငွေပေးချေရန်ပြဿနာတစ်ခုခုရှိပါက ရေမီးကုမ္ပဏီကို ဆက်သွယ်ရန်မှာ သင့်တာဝန်ဖြစ်ပါသည်။

1. ရေမီး ကုမ္ပဏီအား အသိပေးစာပေါ်တွင်ပါသည့် ဖုန်းနံပါတ်တွင် ဆက်သွယ်ပါ။ ငွေပေးချေရန် သဘောတူချက်တစ်ခု သတ်မှတ်ပေးရန် တောင်းဆိုပါ။ ငွေပေးချေရန် သဘောတူညီချက်အတွက် ကာလကို ဥပဒေအရ ဆုံးဖြတ်ပါသည်။ အကယ်၍ သင်၏အိမ်ထောင်စုသည် ဝင်ငွေနည်းပါးပါက ဝင်ငွေနည်းမိသားစုများအတွက် အချိန်ပိုရှည်သည့် ငွေပေးချေရေးသဘောတူညီချက်များ ရှိပါသဖြင့် ရေမီးကုမ္ပဏီကို သင် အသိပေးအကြောင်းကြားကြောင်း သေချာအောင်လုပ်ပါ။ ရေမီး ကုမ္ပဏီက သင့်အား တူညီသော အကြွေးအတွက် ငွေပေးချေရန် သဘောတူညီချက်တစ်ခုသာ ပေးအပ်ရန် လိုပါသည်။ အကယ်၍ ရေမီး ကုမ္ပဏီက ငွေပေးချေမှုကာလတစ်ခု ပေးအပ်သည်ဟု သင်မယုံကြည်ပါက သင့်အနေဖြင့် ပြည်သူ့ ရေမီး ကော်မစ်ရှင်ရုံး (PUC) အား ဖုန်းနံပါတ် 1-800-692-7380 တွင် အစီရင်ခံနိုင်ပါသည်။ PUC က ငွေပေးချေရန် သဘောတူညီချက်တစ်ခု ထုတ်ပြန်ပေးနိုင်ပါသည်။

2. သင်၏ ငွေတောင်းခံလွှာကို သင်ပေးပြီးကြောင်း သို့မဟုတ် သင်၏ငွေတောင်းခံလွှာနှင့်ပတ်သက်ပြီး သဘောမတူညီမှု (အငြင်းပွားမှု) တစ်ခုရှိကြောင်း ပြသပါ။ အကယ်၍ သင်က သင်၏ငွေတောင်းခံလွှာကို ငြင်းဆန်ပါက သို့မဟုတ် မီတာဖတ်ခြင်းအပေါ် သဘောမတူညီပါက ရေမီးကုမ္ပဏီထံ သင်အသိပေးရမည်ဖြစ်ပြီး ငွေတောင်းခံလွှာကို သင် ငြင်းဆန်ကြောင်း ပြောရမည်။ သင်၏ စုံစမ်းမေးမြန်းမှု သို့မဟုတ် အငြင်းပွားမှုအတွက် တုံ့ပြန်ချက်တစ်ခုကို စောင့်ဆိုင်းနေစဉ်ကာလအတောအတွင်း သင်၏ဝန်ဆောင်မှုကို ဖြတ်တောက်မည်မဟုတ်ပါ။ တိုင်ကြားချက် ဆက်လက်ဖြစ်ပေါ်နေစဉ် သင်လက်ခံရရှိခဲ့သည့် ငွေတောင်းခံလွှာများ အပါအဝင် သင် ငြင်းဆန်မှုမပြုသည့် ရေမီး အသုံးစရိတ် တောင်းခံလွှာအားလုံးကို ပေးချေရန် သင့်ထံတွင် တာဝန်ရှိပါသည်။ အကယ်၍ သင်နှင့် သင်၏ ရေမီး ကုမ္ပဏီတို့က သဘောတူညီချက်မရနိုင်ပါက ပြည်သူပိုင် ရေမီး ကော်မစ်ရှင်ရုံး (PUC) အား ဖုန်းနံပါတ် 1-800-692-7380 တွင် ဖုန်းခေါ်ဆိုနိုင်ပါသည်။

3. အကယ်၍ သင်၏ အိမ်ရှိသူတစ်ဦးဦးသည် ပြင်းပြင်းထန်ထန် နာမကျန်းဖြစ်နေကြောင်း သို့မဟုတ် တစ်စုံတစ်ဦးထံတွင် ရေမီးဖြတ်တောက်လိုက်ပါက ပိုဆိုးသွားနိုင်မည့် ကျန်းမာရေးအခြေအနေတစ်ခုရှိကြောင်း ဆေးလက်မှတ်တစ်ခု သင်ရယူပါက ရေမီး ကုမ္ပဏီက သင်၏ဝန်ဆောင်မှုကို မဖြတ်တောက်နိုင်ပါ။ အဆိုပါ ကျန်းမာရေးအခြေအနေအကြောင်းကို ရေမီးကုမ္ပဏီအား သင်ပြောပြပြီးနောက် ရေမီးကုမ္ပဏီသို့ ကျန်းမာရေးအခြေအနေအကြောင်း အတည်ပြုသည့် ဖုန်းခေါ်ဆိုရန် ဆရာဝန်တစ်ဦး သို့မဟုတ် သူနာပြုတစ်ဦး ရရှိဖို့ သို့မဟုတ် ကြေငြာချက်တစ်ခု ပို့ပေးရန် လိုအပ်ပါသည်။ ဖြတ်တောက်မှုကို တစ်ကြိမ်လျှင် အများဆုံး ရက်ပေါင်း ၃၀ ရပ်တန့် နိုင်ပါသည်။ ဆေးလက်မှတ်ကို ထပ်ဆောင်း နှစ်ကြိမ်စာ သက်တမ်းတိုးနိုင်ပါသည်။ အကယ်၍ သင်၏ဝန်ဆောင်မှုကို ဖြတ်တောက်ပြီးဖြစ်ပါက ရေမီးကုမ္ပဏီမှ သင်၏ဝန်ဆောင်မှုကို ပြန်တပ်ပေးရန် လိုအပ်ပါလိမ့်မည်။ အငြင်းပွားစရာမရှိသည့် ရေမီးအသုံးစရိတ် တောင်းခံလွှာများအတွက် ငွေပေးချေရေး အစီအစဉ်များကို သင် ပြုလုပ်ရပါဦးမည်။

4. အကယ်၍ သင်သည် အိမ်တွင်းအကြမ်းဖက်မှု၏ သားကောင်တစ်ယောက်ဖြစ်ပြီး အလွဲသုံးစားပြုမှုမှ တရားဝင် ကာကွယ်ပေးသည့်အမိန့် (PFA) တစ်ခုရှိပါက သင်၏ရေမီး ဝန်ဆောင်မှုကို ကိုင်တွယ်ရန် အထူးလုပ်ထုံးလုပ်နည်းများ နှင့် အကာအကွယ်များရှိပါသည်။ သင့်အတွက် နေရာချပေးနိုင်သည့် အထူး လုပ်ထုံးလုပ်နည်းများ နှင့် အကာအကွယ်များရှိသည့်အတွက် သင်၏ PFA အကြောင်းကို အသိပေးအကြောင်းကြားရန် ရေမီး ကုမ္ပဏီကို ဖုန်းခေါ်ပါ။ သင့်အနေဖြင့် ရေမီး ကုမ္ပဏီအား သင်၏ PFA မိတ္တူတစ်စောင် ပေးအပ်ရန် လိုအပ်နိုင်ပါသည်။

5. အကယ်၍ သင်သည် ဝင်ငွေနိမ့်မိသားစုတစ်ခုအတွင်း နေထိုင်ပါက သင့်အားကူညီရန် အထူးအစီအစဉ်များ ရှိနိုင်ပါသည်
   - ဝင်ငွေနိမ့်သည့် သုံးစွဲသူများကို ကူညီသော အစီအစဉ်များအတွက် အချက်အလက်များရရှိရန် *ရေမီး အသုံးစရိတ် တောင်းခံလွှာများ ပေးချေရန် ပြဿနာရှိခြင်း* ကို ကြည့်ရှုပါ။

ရေမီး ဖြတ်တောက်ခြင်းများ

အကယ်၍ ကျွန်ုပ်၏အိမ်ရှင်က ရေမီးအသုံးစရိတ် တောင်းခံလွှာများကို ပေးချေရန် တာဝန်ရှိပါက ဘာဖြစ်ပါမလဲ။

အကယ်၍ သင်၏အိမ်ရှင်က ရေမီး ဝန်ဆောင်မှုများအတွက် ငွေပေးချေရန် တာဝန်ရှိပြီး ရေမီးအသုံးစရိတ် တောင်းခံလွှာကို ပေးချေရန် ပျက်ကွက်ပါက သို့မဟုတ် အိမ်ရှင်က သင့်အတွက် ဝန်ဆောင်မှုများကို ဖြတ်တောက်ရန် ရေမီး ကုမ္ပဏီအား ညွှန်ကြားပါက ရေမီး ဝန်ဆောင်မှုများအတွက် အိမ်ငှား၏ အခွင့်အရေး အက်ဥပဒေ အရ သင့်အား ရေမီး ကုမ္ပဏီမှ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင် သတိပေးရန် လိုအပ်ပါသည်။

ရေမီး ဝန်ဆောင်မှုများကို ဖြတ်တောက်လိုက်သည်နှင့် အခြေအနေက ပိုပြီး ရှုပ်ထွေးလာနိုင်ပါသည်။ သင်၏ဝန်ဆောင်မှုကို ချက်ချင်းပြန်တပ်ပေးရန် လိုအပ်သည့်ငွေပေးချေမှုကို အိမ်ရှင်အား ပေးစေခြင်းဖြင့် အရင်ဆုံး ကြိုးစားပါ။ အကယ်၍ သင်၏ဝန်ဆောင်မှုကို ပြန်တပ်ပေးရန် အိမ်ရှင်မှ လိုအပ်သော ငွေပေးချေမှုများကို မပြုလုပ်ပါက ဝန်ဆောင်မှုကို ပြန်တပ်ပေးစေရန် အလို့ငှာ သင် နှင့် အခြားအိမ်ငှားတစ်ဦးဦး တို့အနေဖြင့် ငွေပေးချေမှုကို ပြုလုပ်ရပါမည်။ ဝန်ဆောင်မှု ပြန်လည်ရရှိရန် သင်ပေးချေခဲ့သော မည်သည့် ငွေတောင်းခံလွှာမဆိုကို သင်၏အိမ်ငှားခ ပေးချေမှုများမှ ပြန်နုတ်ယူနိုင်ပါသည်။ ရေမီး ဝန်ဆောင်မှုကို သင့်နာမည်သို့ပြောင်းရန် သင်တတ်နိုင်ကောင်း တတ်နိုင်ပါလိမ့်မည်။ သို့ပါသော်လည်း သတိပြုပါ - သင့်အနေဖြင့် အတော်အသင့်များပြားသည့် စရန်ငွေချပေးရန်လိုအပ်နိုင်ပြီး ယင်းက သင်၏အငှားစာချုပ်ကိုလည်း ထိခိုက်စေနိုင်ပါသည်။ ယင်းကို သင်ပြုလုပ်ပါက တတ်နိုင်သလောက်အမြန် ဥပဒေရေးရာ အတိုင်ပင်ခံမှုရှာပါ။

ရေမီး ဝန်ဆောင်မှုများ ပြန်လည်ရယူခြင်း

ဧပြီလ ၁ ရက်နေ့ နှင့် နိုဝင်ဘာလ ၃၀ ရက်နေ့အကြား၌ သင်အကြွေးတင်ရှိနေသည့် ပမာဏအပြည့်ကို ပေးချေပါက သို့မဟုတ် ငွေပေးချေရန် သဘောတူညီချက်တစ်ခု (အကျုံးဝင်လျှင်) ပြုလုပ်ပါက နှင့် ရေမီး ကုမ္ပဏီမှ လိုအပ်သည့် အခြားအခြေအနေများနှင့် ပြည့်မှီပါကသင်၏ဝန်ဆောင်မှုကို ၃ ရက်အတွင်း ပြန်တပ်ပေးရမည်။

ဒီဇင်ဘာလ ၁ ရက် နှင့် မတ်လ ၃၁ ရက်နေ့အကြားဖြစ်ပြီး အကြွေးကျန်နေသည့် ပမာဏကို အပြည့်ပေးချေပါက သို့မဟုတ် ငွေပေးချေရန် သဘောတူညီချက် (အကျုံးဝင်ပါက) ပြုလုပ်ပါက နှင့် ရေမီး ကုမ္ပဏီမှ လိုအပ်သည့် အခြားအခြေအနေများအတိုင်း ပြည့်မှီပါက သင်၏ဝန်ဆောင်မှုကို ၂၄ နာရီအတွင်း ပြန်တပ်ပေးရပါမည်။

မည်သူက ရေမီး အသုံးစရိတ်တောင်းခံလွှာများကို ပေးချေရန် တာဝန်ရှိပါသလဲ။

အငှားစာချုပ်ကို စာဖြင့် ဖြစ်စေ နှုတ်ဖြင့်ဖြစ်စေ ပြုလုပ်ပါက နှစ်ဦးနှစ်ဖက်စလုံးအနေဖြင့် မည်သူက ရေမီး အသုံးပြုခ တောင်းခံလွှာများအတွက် တာဝန်ရှိသည် ဆိုသည်ကို သဘောတူထားရပါမည်။ အိမ်ငှားအနေဖြင့် လျှပ်စစ် နှင့် ဂက်စ် အတွက် တာဝန်ရှိပြီး အိမ်ရှင်အနေဖြင့် ရေ နှင့် မိလ္လာအတွက် တာဝန်ရှိနိုင်ပါသည်။ အကယ်၍ သင်၏အငှားစာချုပ်ကို စာဖြင့်ရေးသားထားပါက ရေမီးအသုံးပြုခများကို ပေးချေရန် မည်သူက တာဝန်ရှိသည်ဆိုသည်ကို အငှားစာချုပ်က အထင်အရှားပြသထားကြောင်း သေချာအောင်လုပ်ပါ။

နေအိမ်ခန်းတစ်ခုစီတိုင်းအတွက် သီးသန့်မီတာ တစ်ခုရှိရန် လိုအပ်ပါသလား။

အကယ်၍ အိမ်ငှားက ရေမီးအသုံးပြုခ ပေးချေရန်တာဝန်ရှိပါက ပန်ဆိုင်လ်ဗေးနီးယား ရေမီး ကုဒ်အရ လူနေအိမ်ခန်းတစ်ခုစီတွင် ကိုယ်ပိုင်မီတာ တပ်ဆင်ပေးထားကြောင်းသေချာအောင် အိမ်ရှင်မှ လုပ်ထားပေးရန် လိုအပ်ပါသည်။ အိမ်ငှား၏ ရေမီး အသုံးပြုခ တောင်းခံလွှာပေါ်တွင် "မသိထားသည့် ဝန်ထုတ်ဝန်ပိုး" တစ်ခု ဖြစ်မနေစေရဟု ဆိုလိုပါသည် - အိမ်ငှား၏ ဝိုင်ယာဆက်သွယ်မှုတွင်း အများသုံးရေိယာများ သို့မဟုတ် အခြား လူနေအိမ်ခန်းများ မပါဝင်နိုင်ပါ။ အကယ်၍ အဆောက်အဦးတစ်ခုအတွင်း အိမ်ခန်း သုံးခန်းရှိပါက လူနေအိမ်ခန်းတစ်ခုစီအတွက် သီးခြားမီတာများရှိရမည်ဖြစ်ပြီး အများသုံးဧရိယာအတွက် သီးခြားမီတာတစ်လုံး ရှိရပါမည်။

အကယ်၍ ငှားရမ်းထားသည့်အခန်းက သီးသန့်မီတာမတပ်ထားပါက အိမ်ရှင်အနေဖြင့် ယခင်က ပေးရန်ကျန်ရှိနေသော မည်သည့်ပမာဏမဆို အပါအဝင် ရေမီး အသုံးပြုခတောင်းခံလွှာအတွက် တာဝန်ရှိပါသည်။ ဝိုင်ယာဆက်သွယ်မှုကို ပြင်ဆင်ပြီးကြောင်း အတည်ပြုပြီးသည်အထိ အိမ်ငှားအား ဝန်ဆောင်မှုအတွက် ငွေတောင်းခံလွှာပေးပို့ရန် ရေမီး ကုမ္ပဏီအနေဖြင့် ခွင့်မပြုသင့်ပါ။

ရေမီး အသုံးပြုမှုများနှင့် စပ်လျဉ်းသည့် ကျွန်ုပ်၏ အခွင့်အရေးများအကြောင်း အခိုင်အမာပြောဆိုသည့်အတွက် ကျွန်ုပ်၏အိမ်ရှင်မှ လက်တုံ့ပြန်နိုင်ပါသလား။

ပန်ဆိုင်လ်ဗေးနီးယား ရေမီး ကုဒ် အတွင်း ၎င်းတို့၏အခွင့်အရေးကို ကျင့်သုံးသည့်အတွက် အိမ်ငှားတစ်ဦးအား ဆန့်ကျင် လက်တုံ့ပြန်သည့် အိမ်ရှင်တစ်ဦးအား ဥပဒေမဲ့စေသည့် ပြဌာန်းချက်တစ်ခု ပန်ဆိုင်လ်ဗေးနီးယား ရေမီး ကုဒ်အတွင်း ရှိပါသည်။ အိမ်ငှားတစ်ဦးအား ဆန့်ကျင် ခြိမ်းခြောက်သည့် သို့မဟုတ် လက်တုံ့ပြန်သည့် အိမ်ရှင်၊ အိမ်ရှင်၏ အေးဂျင့် သို့မဟုတ် ဝန်ထမ်းတစ်ဦးဦးအနေဖြင့် အိမ်ငှားခ နှစ်လစာ နှင့် ညီမျှသည့် ပျက်စီးဆုံးရှုံးမှု သို့မဟုတ် အိမ်ငှားမှ ဆက်ခံခဲ့ရသည့် အမှန်တကယ် ပျက်စီးဆုံးရှုံးမှု မည်သည်က ပိုများသည်ဖြစ်စေ၊ နှင့် တရားစွဲဆိုသည့် စရိတ်များ နှင့် ကျိုးကြောင်းလျော်ညီသည့် ရှေ့နေခများပေးချေရစေနိုင်ပါသည်။

အိမ်ငှားခ မပေးသည့်အမှုများမှလွဲပြီး ပန်ဆိုင်လ်ဗေးနီးယား ရေမီး ကုဒ်အောက်တွင် ၎င်းတို့၏အခွင့်အရေးများကို ကျင့်သုံးသည့်အတွက် အိမ်ငှားအား ၆ လ အတွင်း အိမ်ငှားခ တိုးမြှင့်ရန် သို့မဟုတ် အိမ်မှနှင်ချရန် အိမ်ရှင်တစ်ဦးမှ ကြိုးစားပါက တရားမဝင်သည့် လက်တုံ့ပြန်မှုအဖြစ် သတ်မှတ်သည့် လက်တုံ့ပြန်မှုဆန့်ကျင်ရေး ပြဌာန်းချက်တစ်ခု ဥပဒေတွင်းရှိပါသည်။ အငှားစာချုပ်က သင်သည် အဆိုပါ အခွင့်အရေးများကို လက်လွှတ်ပါသည်ဟု ဆိုသည့်တိုင် ယင်းအခွင့်အရေးများကို သင့်ထံမှ မဖယ်ရှားနိုင်ကြောင်း သတိပြုပါ။

ကျွန်ုပ် အိမ်ငှားခပေးရန် နောက်ကျနေခြင်းကြောင့် အိမ်ရှင်မှ ကျွန်ုပ်၏ရေမီးများကို ဖြတ်တောက်နိုင်ပါသလား။

အကယ်၍ သင်က အိမ်ငှားခပေးရန် နောက်ကျနေသည့်တိုင် သင်၏ ရေမီး ဝန်ဆောင်မှုများတွင် စွက်ဖက်ဝင်ရောက်ရန် သင်၏အိမ်ရှင်အား ဥပဒေအရ ခွင့်မပြုပါ။ သင်၏ လစဉ်အိမ်ငှားခပေးချေမှုများအတွင်း လျှပ်စစ်၊ မီလ္လာ၊ ဂက်စ် သို့မဟုတ် လျှပ်စစ် တို့ပါဝင်နေသည့်တိုင် သင်၏ရေမီးဝန်ဆောင်မှုကို အိမ်ရှင်မှ တရားဝင် မဖြတ်တောက်နိုင်ပါ။ သင့်လျော်သည့် ဥပဒေရေးရာ လုပ်ထုံးလုပ်နည်းများမှတဆင့် မသွားပဲ သင့်အားတရားမဝင် အိမ်မှနှင်ချရန်ကြိုးစားမှုတစ်ခုဟု သတ်မှတ်နိုင်ပြီး အကယ်၍ ယင်းအဖြစ်အပျက် ဖြစ်ပွားပါက သို့မဟုတ် အိမ်ရှင်က ယင်းသို့ပြုလုပ်မည်ဟု ခြိမ်းခြောက်ပါက သင့်အနေဖြင့် ရှေ့နေတစ်ဦးထံ အတိုင်ပင်ခံသင့်သည် သို့မဟုတ် တရားရေးအထောက်အကူကို ဖုန်းခေါ်ပါ။ *အိမ်မှ နှင်ချခြင်းဆိုင်ရာ အမေးအဖြေ - ကျွန်ုပ်၏ အိမ်ရှင်က အိမ်သော့ပိတ်ပြီး ကျွန်ုပ်အားအိမ်ပြင်တွင်ထားမည်ဟု ခြိမ်းခြောက်ခဲ့သည် ကိုကြည့်ရှုပါ။*

ရေမီး အသုံးစရိတ်တောင်းခံလွှာများကို ပေးချေရာတွင် ပြဿနာရှိခြင်း

အကယ်၍ သင်၏ ရေမီး အသုံးပြုခတောင်းခံလွှာများကို မပေးချေပါက သို့မဟုတ် ပေးချေရန် နောက်ကျနေပါက ရေမီး ကုမ္ပဏီက သင်၏ငှားရမ်းထားသော အိမ်ခြံမြေအတွက် ဝန်ဆောင်မှုကို သင့်လျော်သည့် သတိပေးချက်ပေးပြီးနောက် ဖြတ်တောက်လိုက်နိုင်ပါသည်။ *ရေမီး ဖြတ်တောက်ခြင်းများ ကို ကြည့်ရှုပါ။* သို့ပါသော်လည်း အကြွေးကျန်ရှိနေသော ပမာဏအားလုံးကို သင်မပေးနိုင်ပါက သင်၏ ဝန်ဆောင်မှုကို ဆက်လက်ထိန်းသိမ်းထားရန်အဆင့်များကို သင်လုပ်နိုင်ပါသည်။

- လျှပ်စစ်၊ ဂက်စ် နှင့် အချို့သော ရေ ကုမ္ပဏီများတွင် **သုံးစွဲသူ ထောက်ပံ့ရေးအစီအစဉ်များ (CAPs) ရှိပါသည်**။ CAPs များကို လစဉ် ငွေတောင်းခံလွှာအား အပြည့်ပေးရန် အခက်အခဲရှိနေသည့် ဝင်ငွေနိမ့် သုံးစွဲသူများအတွက် ရရှိနိုင်ပါသည်။ အဆိုပါ အစီအစဉ်များက လစဉ် ငွေတောင်းခံလွှာများအတွက် လျှော့ဈေးများပေးအပ်သလို လစဉ်ငွေပေးချေမှုများ ပုံမှန်ပြုလုပ်သည့် သုံးစွဲသူများအတွက် အပြန်အလှန်အနေဖြင့် ယခင်အကြွေးများအတွက်လည်း ခွင့်လွှတ်ပေးပါသည်။ သင် အကျုံးဝင်မဝင်သိရှိရန် သင်၏ကုမ္ပဏီကို မေးမြန်းပါ။
- ငွေတောင်းခံလွှာများကို **ဘတ်ဂျက် စီမံကိန်း**တစ်ခုဖြင့်ပေးချေရန် ရေမီး ကုမ္ပဏီများက သင့်အား ခွင့်ပြုပေးရမည်၊ သို့မှသာ သင်၏ နွေရာသီ ငွေပေးချေမှုများက နည်းပါးသလို ဆောင်းရာသီ ငွေပေးချေမှုများက အလွန်အမင်း မြင့်မနေနိုင်ပါ။ ဘတ်ဂျက် စီမံကိန်းတစ်ခုအောက်တွင် သင်၏ငွေပေးချေမှုများကို ပျမ်းမျှချထားသည့်အတွက် လစဉ်ငွေပေးချေမှုတစ်ခုစီက အတူတူဖြစ်ပါသည်။

- သင့်သည် **ဝင်ငွေနည်း နေအိမ် စွမ်းအင်ထောက်ပံ့ရေး အစီအစဉ် (LIHEAP)** အတွက် အကျုံးဝင်နိုင်ပါသည်။ အဆိုပါ အစီအစဉ်က သင်၏ ရေမီး အသုံးစရိတ်ငွေတောင်းခံလွှာများ သို့မဟုတ် အပူပေးထားရသည့် အခြားကုန်ကျစရိတ်များ (နေရာကွက် အပူပေးစက်များ သို့မဟုတ် အိမ်ပြင်ဆင်မှုများ) ကို ပေးချေရာတွင် သင့်အားကူညီနိုင်စွမ်းရှိနိုင်ပါသည်။ လူထု ကျန်းမာရှင်လန်းရေးဌာနက စွမ်းအင်အစီအစဉ် သုံးခုကို လည်ပတ်ပါသည် - စွမ်းအင် ထောက်ပံ့ရေးဆိုင်ရာ ငွေကြေးချီးမြှင့်မှု၊ အရေးပေါ် ချီးမြှင့်မှု နှင့် ရာသီဥတုနှင့်လိုက်ဖက်ညီအောင် ပြင်ဆင်ရေးဆိုင်ရာ အထောက်အပံ့ အရေးပေါ် ချီးမြှင့်မှု။ အကယ်၍ သင်သည် အပူပေးခြင်းနှင့်ပတ်သက်ပြီး အရေးပေါ်အခြေအနေတစ်ရပ် တွေ့ကြုံနေရပါက LIHEAP အရေးပေါ် အစီအစဉ်မှတဆင့် အကျိုးခံစားခွင့်များ သင်အကျုံးဝင်ရရှိနိုင်ပါသည်။ အရေးပေါ် အခြေအနေများတွင် ပြင်ဆင် သို့မဟုတ် အစားထိုးရမည့် အပူပေးစက် ပျက်နေခြင်း သို့မဟုတ် လိုင်းများယိုစိမ့်နေခြင်း၊ လောင်စာ မရှိခြင်း၊ ပင်မ အပူပေးသည့် ရင်းမြစ် သို့မဟုတ် ဒုတိယ အပူပေးသည့် ရင်းမြစ် (ပင်မအပူပေးသည့် ရင်းမြစ်အား လည်ပတ်ရန် အသုံးပြုသည့် ရင်းမြစ်မတစ်ခု သို့မဟုတ် ပင်မ အပူပေးသည့်ရင်းမြစ် အလုပ်မလုပ်သည့်အချိန်တွင် အသုံးပြုသည့်ရင်းမြစ်တစ်ခု) အား လုံးလုံးလျားလျား ဖြတ်တောက်ထားခြင်း၊ နှင့် လောင်စာမရှိမည့် အန္တရာယ်ရှိနေခြင်း (အထောက်အပံ့က ၁၅ ရက်စာ ထက်လျော့နည်းခြင်း) သို့မဟုတ် ရေမီးဝန်ဆောင်မှု အဆုံးသတ်ခံရခြင်း (နောက်လာမည့် ရက် ၆၀ အတွင်း ဝန်ဆောင်မှုကို ဖြတ်တောက်တော့မည်ဟု သတိပေးစာ လက်ခံရရှိခြင်း) တို့ပါဝင်ပါသည်။
- လျှပ်စစ် နှင့် ဂက်စ် ကုမ္ပဏီတစ်ခုစီတွင် **အခက်အခဲကြုံတွေ့ချိန် ရံပုံငွေ** တစ်ခုရှိပြီး ဝင်ငွေနည်း သုံးစွဲသူများအနေဖြင့် ဖြတ်တောက်ခံရခြင်းကို ရှောင်ကြဉ်ရန် သို့မဟုတ် ဝန်ဆောင်မှု ပြန်လည်တပ်ဆင်ရရှိရန် လျှောက်ထားနိုင်ပါသည်။ သင် အကျုံးဝင်မဝင် သိရှိရန် သင်၏ကုမ္ပဏီကို ဖုန်းခေါ်ဆိုပါ။
- **ရာသီဥတုနှင့်လိုက်ဖက်ညီအောင် ထောက်ပံ့သည့်အစီအစဉ်** နှင့် **လူနေအိမ်အတွက် ဝင်ငွေနည်းသူ အသုံးပြုစရိတ်လျှော့ချရေး အစီအစဉ်** များသည် အကျုံးဝင်သည့် ဝင်ငွေနည်း ရေမီး သုံးစွဲသူများအတွက် ပေးအပ်သည့် အခမဲ့ဝန်ဆောင်မှုများ ဖြစ်သည်။ ပေးအပ်သည့် ဝန်ဆောင်မှုများတွင် နေအိမ် စွမ်းအင်သုံးစွဲမှု ဆာဗေးတစ်ခု၊ သုံးစွဲမှုလျှော့ချရေးဆိုင်ရာ ပညာပေး နှင့် ရာသီဥတုနှင့် လိုက်ဖက်ညီစေမည့် ဝန်ဆောင်မှုများ ပါဝင်နိုင်ပါသည်။ လျှောက်ထားရန် သို့မဟုတ် ထပ်ဆောင်းအချက်အလက်များရရှိရန် အလို့ငှာ သင်၏ ရေမီး ကုမ္ပဏီ သို့မဟုတ် သင်၏ရေိယာကို ဝန်ဆောင်ပေးသည့် ရပ်ကွက်လှုပ်ရှားမှု အစီအစဉ်အား ဆက်သွယ်ပါ။

- လူတစ်ဦးချင်းစီ နှင့် မိသားစုများအား ပန်ဆိုင်လ်ဗေးနီးယား ဆောင်းရာသီအတောအတွင်း နွေးထွေးအောင်ထားရာတွင် ကူညီရန် ပန်ဆိုင်လ်ဗေးနီးယား ပြည်သူ့ ရေမီး ကော်မစ်ရှင်တွင် ရင်းမြစ်အမြောက်အများရှိပါသည်။ ပိုမိုလေ့လာသိရှိရန် ၄င်းတို့၏ ဝက်ဘ်ဆိုက် www.puc.state.pa.us ကို ဝင်ရောက်ကြည့်ရှုပါ။
- အကယ်၍ သင်သည် **ဖီလာဒဲလ်ဖီးယား ပြင်ပ**တွင် နေထိုင်ပါက သင်၏ ရေမီး အသုံးစရိတ်တောင်းခံလွှာကို ပေးချေရာတွင် ကူညီနိုင်သည့် အစီအစဉ်များအတွက် အချက်အလက်များရရှိရန် ၁ ဒေါ်လာ စွမ်းအင် ရံပုံငွေ ($1 Energy Fund) အား www.dollarenergy.orgတွင် ဝင်ရောက်ကြည့်ရှုပါ သို့မဟုတ် သင်၏ ရေမီး ကုမ္ပဏီအား ဆက်သွယ်ပါ။
- အကယ်၍ သင်သည် **ဖီလာဒဲလ်ဖီးယား အတွင်း** နေထိုင်ပါက သင်၏ ရေမီး အသုံးစရိတ်တောင်းခံလွှာကို ပေးချေရာတွင် ကူညီနိုင်သည့် အစီအစဉ်များအတွက် အချက်အလက်များရရှိရန် သင်၏ ရေမီး အရေးပေါ်ဝန်ဆောင်မှုများ ရံပုံငွေ (UESF) အား www.uesfacts.org တွင် ဝင်ရောက်ကြည့်ရှုပါ သို့မဟုတ် ဖုန်းနံပါတ် (215) 972-5170 အား ခေါ်ဆိုပါ

LIHEAP လျှောက်ထားရန် သို့မဟုတ် ထပ်ဆောင်းအချက်အလက်များရရှိရန် လူသားရေးရာ ဝန်ဆောင်မှုများမှ ဌာန အား တနင်္လာနေ့ မှ သောကြာနေ့တစ်လျှောက် ဖုန်းနံပါတ် 1-800-692-7462 တွင် ခေါ်ဆိုပါ (အကြားအာရုံ ချွတ်ယွင်းချက်ရှိသူများအနေဖြင့် 711 တွင် ခေါ်ဆိုနိုင်ပါသည်။ LIHEAPကို www.compass.state.pa.us တွင်လည်း သင် လျှောက်ထားနိုင်ပါသည်။ သင်၏ COMPASS လျှောက်လွှာကိုဖြည့်စွက်ရာတွင် အကူအညီလိုအပ်ပါက အကူအညီလိုင်းအား ဖုန်းနံပါတ် 1-800-692-7462 တွင် တနင်္လာနေ့ မှ သောကြာနေ့တစ်လျှောက် နံနက် ၈း၃၀ နာရီမှ ညနေ ၄း၄၅ နာရီ အတွင်း ခေါ်ဆိုနိုင်ပါသည်။ အကယ်၍ သင့်ထံတွင် အကြားအာရုံချွတ်ယွင်းချက်ရှိပါက TTY/ TTD အား ဖုန်းနံပါတ် 1-800-451-5886 တွင် ခေါ်ဆိုပါ။

သင်၏ ဒေသန္တရ ကောင်တီထောက်ပံ့ရေး ဘုတ်အဖွဲ့ သို့မဟုတ် သင်၏ရေိယာကို ဝန်ဆောင်ပေးသည့် ရပ်ကွက် လှုပ်ရှားမှု အစီအစဉ်ကိုလည်း သင် ခေါ်ဆိုနိုင်ပါသည်။

အိမ်ငှားခပေးရန် နောက်ကျခြင်း

အိမ်ငှားတစ်ဦးအနေဖြင့် သင်၏အငှားစာချုပ်ပါ သဘောတူညီချက်အရ အိမ်ငှားခအပြည့်ကို အချိန်မှီပေးရန် ဥပဒေအရ တာဝန်ဝတ္တရားရှိပါသည်။ အကယ်၍ သင်၏အိမ်ငှားခကို အချိန်မှီမပေးပါက သင်၏အိမ်ရှင်က သင့်အားဆန့်ကျင်ပြီး အိမ်မှနှင်ချအရေးယူမှုတစ်ခုပြုရန် ဖိုင်တင်သွင်းနိုင်ပါသည်။ သင်သည် မသန်စွမ်းမှုရှိသည်ဖြစ်စေ အလုပ်မှ ပြုတ်ထားသည်ဖြစ်စေ၊ မကျန်းမာသော မိသားစုဝင်ရှိသည်ဖြစ်စေ၊ ကလေးများရှိသည်ဖြစ်စေ၊ ဆောင်းရာသီလများ အတောအတွင်းဖြစ်စေ သင့်အား အိမ်မှနှင်ချနိုင်ပါသေးသည်။ အကယ်၍ သင်၏အိမ်ငှားခကို အချိန်မှီ အပြည့် မပေးနိုင်ဟု သင်ယုံကြည်ပါက **သင်၏အိမ်ရှင်ကို တတ်နိုင်သလောက် အမြန် ပြောသင့်သည်။** အိမ်ငှားခပေးရန် အချိန်ရောက်သည်အထိ သို့မဟုတ် ပေးရမည်အချိန်လွန်သွားသည်အထိ မစောင့်ပါနှင့်။ သင်၏အိမ်ရှင်က သင့်ထံမှ အိမ်ငှားခ ချက်လက်မှတ်မရပါက အဆိုးဆုံးကို မှတ်ထင်ယူဆပါလိမ့်မည်။ ဘာကြောင့် သင် မပေးနိုင်သလဲဆိုသည်ကို ရှင်းပြပြီး ငွေပေးရန် အစီအစဉ်တစ်ခု ပြုလုပ်ရန် တောင်းဆိုပါ။ အကယ်၍ သင်၏အိမ်ရှင်က ငွေပေးရန်သဘောတူညီချက်တစ်ခု လုပ်ရန် သဘောတူပါက ယင်းအားစာဖြင့်ရေးသားပြီး မိတ္တူတစ်စောင် သိမ်းထားပါ။ အကယ်၍ အဆိုပါသဘောတူညီချက်အတိုင်း သင်မလိုက်နာပါက အိမ်ရှင်မှ သင့်အား အိမ်မှနှင်ချနိုင်စွမ်း ရှိပါလိမ့်မည်။

အကယ်၍ ငွေတောင်းခံလွှာများကို ပေးချေရန် သင့်ထံတွင် ပြဿနာရှိနေပါက သင်၏အဓိကဦးစားပေးမှာ **သင့်ခေါင်းပေါ်တွင် အမိုးတစ်ခုရှိအောင်ထားရန် ဖြစ်သင့်သည်။** သင်၏ အိမ်ငှားခသည် သင့်ထိပ်ဆုံးဦးစားပေးများမှ တစ်ခုဖြစ်သင့်သည်။ သင့်အနေဖြင့် အရေးပေါ် အိမ်ငှားခပေးချေမှုများအတွက် ဒေသန္တရအေဂျင်စီထံမှ အကူအညီရရှိနိုင်စွမ်း ရှိနိုင်ပါသည်။ အထောက်အပံ့ကို နှစ်တစ်နှစ်၏ အချို့လများ အတောအတွင်းသာ ရရှိကောင်း ရရှိနိုင်ပြီး အစဉ်အလာအားဖြင့် တစ်နှစ်လျှင် တစ်ကြိမ်သာဖြစ်ပါသည်။ ဒေသန္တရ ဘာသာရေး နှင့် ရပ်ကွက် အဖွဲ့အစည်းများကလည်း အရေးပေါ် ငွေကြေးအကူအညီ ကမ်းလှမ်းကောင်း ကမ်းလှမ်းနိုင်ပါသည်။ ၎င်းတို့၏ အိမ်ငှားခရေးချေရာတွင် သို့မဟုတ် နေထိုင်ရန် နေရာသစ်အတွက် စရန်ငွေတစ်ခုပေးချေရာတွင် အကူအညီလိုအပ်သူများ အတွက် သင်၏ ဒေသန္တရ ကောင်တီ အထောက်အပံ့ရုံးတွင် အရေးပေါ် ခိုလှုံရာအမိုးအကာ အထောက်အပံ့ ရှိကောင်းရှိနိုင်ပါသည်။ သင်၏ ဒေသန္တရ အိမ်ရာအာဏာပိုင်မှတဆင့် အိမ်ရာ စရိတ်မျှပေးမှုအတွက် လျှောက်ထားရန်လည်း သင်ထည့်စဉ်းစားနိုင်ပါသည်။

သင်၏ ရေမီးများ ဆက်လက်ရရှိအောင်ထားပါ။ အကယ်၍ သင်သည် ရေမီး အသုံးစရိတ်ပေးချေမှုများပေးရန် နောက်ကျခဲ့ပါက သင်၏ ရေမီးကုမ္ပဏီဖြင့် ငွေပေးချေရေး စီမံကိန်းတစ်ခု သင် စီစဉ်နိုင်စွမ်းရှိနိုင်ပါသည်။ သင်၏ ငွေကြေးပြဿနာကို ဖြေရှင်းရန် သင်ရှာဖွေနေစဉ်တွင် ယင်းက သင်၏ လျှပ်စစ်မီး နှင့် အပူပေးမှုကို ဆက်လက်ရရှိအောင်ထားပေးရန် ခွင့်ပြုပါလိမ့်မည်။ အငှားစာချုပ်အမြောက်အများတွင် အိမ်ငှားအနေဖြင့် အငှားစာချုပ်ကာလအတွက် အခန်းအတွင်းရှိ ရေမီး အသုံးပြုမှုများကို ထိန်သိမ်းထားရန် လိုအပ်စေပါသည်။ အကယ်၍ သင်၏ ရေမီး ဝန်ဆောင်မှုကို အဆုံးသတ်ရန် သင်ခွင့်ပြုပါက အငှားစာချုပ် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းအတွက် အိမ်မှနှင်ချအရေးယူမှု တစ်ခု သင်ရင်ဆိုင်ရနိုင်ပါသည်။ ဝင်ငွေနည်း သို့မဟုတ် ဝင်ငွေမရှိသူများအား ၎င်းတို့၏ အပူပေးရေး နှင့် အခြား ရေမီးအသုံးစရိတ် ငွေတောင်းခံလွှာများအတွက် ကူညီရန် အစီအစဉ်အမြောက်အများရှိပါသည်။ *ရေမီး အသုံးစရိတ်တောင်းခံလွှာများကို ပေးချေရာတွင် ပြဿနာရှိခြင်း* ကို ကြည့်ရှုပါ။

အကယ်၍ သင်က အိမ်ငှားခပေးရန် နောက်ကျနေသည့်တိုင် သင်၏အိမ်ရှင်အနေဖြင့် သင်၏ ရေမီး ဝန်ဆောင်မှုများတွင် စွက်ဖက်ဝင်ရောက်ရန် ဥပဒေအရ ခွင့်မပြုပါ။ ရေ၊ မီလ္လာ၊ ဂက်စ် သို့မဟုတ် လျှပ်စစ် အသုံးစရိတ်များက သင်၏လစဉ် အိမ်ငှားခ ပေးချေမှုတွင်း ပါဝင်နေသည့်တိုင် အိမ်ရှင်တစ်ဦးက သင်၏ ရေမီးဝန်ဆောင်မှုများကို ဥပဒေအရ မဖြတ်တောက်နိုင်ပါ။ သင့်လျော်သည့် ဥပဒေရေးရာ လုပ်ထုံးလုပ်နည်းများမှတဆင့် မသွားပဲ သင့်အားတရားမဝင် အိမ်မှနှင်ချရန်ကြိုးစားမှုတစ်ခုဟု သတ်မှတ်နိုင်ပြီး အကယ်၍ ယင်းအဖြစ်အပျက် ဖြစ်ပွားပါက သို့မဟုတ် အိမ်ရှင်က ယင်းသို့ပြုလုပ်မည်ဟု ခြိမ်းခြောက်ပါက သင့်အနေဖြင့် ရှေ့နေတစ်ဦးထံ အတိုင်ပင်ခံသင့်သည် သို့မဟုတ် တရားရေးအထောက်အကူကို ဖုန်းခေါ်ပါ။ *အိမ်မှ နှင်ချခြင်းဆိုင်ရာ အမေးအဖြေ - ကျွန်ုပ်၏ အိမ်ရှင်က အိမ်သော့ပိတ်ပြီး ကျွန်ုပ်အားအိမ်ပြင်တွင်ထားမည်ဟု ခြိမ်းခြောက်ခဲ့သည် ကိုကြည့်ရှုပါ။*

သင်သည် LIHEAP (စွမ်းအင်ဆိုင်ရာ အထောက်အပံ့)၊**အတွက် အကျုံးဝင်မဝင် အစားအစာ တံဆိပ်ခေါင်းများ၊ ဆေးဖက်ဆိုင်ရာ အထောက်အပံ့၊ CHIP၊ ငွေကြေး အထောက်အပံ့၊ ကလေးစောင့်ရှောက်ရေး အလုပ်များအစီအစဉ်၊ ကျောင်းမှ အစားအသောက်များ၊ ရေရှည် နေထိုင်မှုဆိုင်ရာ ဝန်ဆောင်မှုများ၊** နှင့် **စောစီးစွာ ကြားဖြတ်စွက်ဖက်ရေး၊ အသိဉာဏ်ပိုင်းဆိုင်ရာ မသန်စွမ်းမှု** သို့မဟုတ် **အော်တစ်ဆန် ဝန်ဆောင်မှုများ** ကဲ့သို့သော **လူထု အကျိုးခံစားခွင့်များ အကျုံးဝင်မှုရှိမရှိ သိရှိရန်** www.compass.state.pa.us **ဝက်ဘ်ဆိုက်တွင်း** ဝင်ရောက် ကြည့်ရှုပါ။

သင်၏ COMPASS လျှောက်လွှာကိုဖြည့်စွက်ရာတွင် အကူအညီလိုအပ်ပါက အကူအညီလိုင်းအား ဖုန်းနံပါတ် 1-800-692-7462 တွင် တနင်္လာနေ့ မှ သောကြာနေ့တစ်လျှောက် နံနက် ၈း၃၀ နာရီမှ ညနေ ၄း၄၅ နာရီ အတွင်း ခေါ်ဆိုနိုင်ပါသည်။ အကယ်၍ သင့်ထံတွင် အကြားအာရုံချွတ်ယွင်းချက်ရှိပါက TTY/TTD အား ဖုန်းနံပါတ် 1-800-451-5886 တွင် ခေါ်ဆိုပါ။ အကယ်၍ သင့်ထံတွင် အလုပ်ချိန်မဟုတ်သည့် နာရီများအတွင်း မေးခွန်းတစ်ခုမေးရန်ရှိပါက သို့မဟုတ် အီးမေးလ်ကို အသုံးပြုရန် ဦးစားပေးပါက ၎င်းတို့၏ ဝက်ဘ်ဆိုက်မှတဆင့် ၎င်းတို့ထံ အီးမေးလ်ဖြင့် သင် ဆက်သွယ်နိုင်ပါသည်။

အိမ်မှ နှင်ချခြင်း

အိမ်ှ နှင်ချခြင်း ဆိုသည်မှာ အိမ်ငှားတစ်ဦးအား အိမ်ခြံမြေပေါ်မှ ပြောင်းရွှေ့ထွက်ခွာရန် အိမ်ခြံမြေပိုင်ရှင်တစ်ဦးမှ စတင်လုပ်ဆောင်သည့် ဥပဒေရေးရာ အရေးယူမှုတစ်ခုဖြစ်သည်။ တရားရုံးအမိန့်ဖြင့် နှင်ချမှုတစ်ခုသည် အိမ်ငှားအား ငှားရမ်းထားသည့် အိမ်ခြံမြေမှ ထွက်ခွာရန် အိမ်ရှင်တစ်ဦးမှ တင်းကျပ်နိုင်သည့် တစ်ခုတည်းသော ဥပဒေရေးရာ နည်းလမ်းတစ်ခု ဖြစ်သည်။ ဥပဒေနှင့် ညီညွတ်သည့် နှင်ချမှုတစ်ခုက တရားရုံး ဆောင်ရွက်မှုတစ်ခု လိုအပ်ပါသည်။ လုပ်ငန်းစဉ် ရှည်ကြာချိန်က နှင်ချရသည့် အခြေအနေရပ်များပေါ်မူတည်ပြီး အမျိုးကွဲပြားပါလိမ့်မည်။

အကယ်၍ အောက်ပါအခြေအနေများရှိပါက အိမ်ရှင်တစ်ဦးက အိမ်ငှားတစ်ဦးအား အိမ်မှနှင်ချ အရေးယူနိုင်ပါသည် -

- အိမ်ငှားက အိမ်လခပေးရန် ပျက်ကွက်ပါက
- အငှားစာချုပ်ကာလ ကုန်ဆုံးချိန်တွင် အိမ်ငှားက အိမ်မှပြောင်းရွှေ့ပေးရန် ပျက်ကွက်ပါက၊ သို့မဟုတ်
- အိမ်ငှားက အငှားစာချုပ် သဘောတူညီချက်ပါ စည်းကမ်းများကို ချိုးဖောက်ပါက။ အငှားစာချုပ် သဘောတူညီချက်ကို ချိုး

ဖောက်မှုများ၏ ဥပမာများတွင် အောက်ပါတို့ ပါဝင်ပါသည် -

- အိမ်ငှားခပေးရာတွင် ဆက်တိုက် နောက်ကျခြင်း
- သဘာဝ ယိုယွင်းပျက်စီးမှုများထက်ပိုပြီး အငှားအခန်းကို ပျက်စီးစေခြင်း
- အိမ်ငှားသဘောတူညီချက်အောက်တွင် ခွင့်မပြုထားသည့် ရည်ရွယ်ချက်များအတွက် အငှားအခန်းကို အသုံးပြုခြင်း (ဥပမာ - စီးပွားရေး လည်ပတ်ခြင်း၊ အခွင့်မပေးထားသည့် လူတစ်ဦးအား သင်နှင့်အတူနေရန် ခွင့်ပြုခြင်း၊ စသဖြင့်။)
- အငှားစာချုပ်အတွင်း အိမ်မွေးတိရိစ္ဆာန်များကို ခွင့်မပြုသည့်အချိန်တွင် ဝန်ဆောင်မှုပေးသည့် တိရိစ္ဆာန်တစ်ကောင် မဟုတ်ပဲ ခွေး၊ ကြောင် သို့မဟုတ် အခြားတိရိစ္ဆာန်တစ်ကောင် ထားရှိခြင်း
- အခြားအိမ်ငှားများကို အနှောင့်အယှက်ဖြစ်စေမည့် မကြာခဏ ဆူညံသံများဖြင့် ချိုးဖောက်ခြင်းများ
- ရာဇဝတ် လှုပ်ရှားမှုများတွင် စေ့စပ်ပါဝင်ဆောင်ရွက်ခြင်း
- အိမ်ငှားသဘောတူညီချက်အတွင်း သဘောတူထားသော်လည်း မြက်ရိတ်ရန် နှင့် မြေပြင်ကို ထိန်းသိမ်းထားရန် ပျက်ကွက်ခြင်း
- အင်းဆက်များ၊ ကြွက်များ၊ စသည်တို့ကို ဖိတ်ခေါ်သလိုဖြစ်စေသည့် မသင့်တော်သော သိုလှောင်မှု သို့မဟုတ် အမှိုက်စွန့်ပစ်မှု။
- အငှားစာချုပ်တွင်းပါရှိသော၊ အငှားစာချုပ်နှင့် ဆက်တွယ်ထားသော သို့မဟုတ် အငှားစာချုပ် လက်မှတ်ထိုးချိန်တွင် ပေးခဲ့သော သင့်တင့်လျောက်ပတ်သည့် စည်းမျဉ်းများ နှင့် စည်းကမ်းများအတိုင်း လိုက်နာရန် ပျက်ကွက်ခြင်း

နှင်ချမိန့် ဆက်လက်ဆောင်ရွက်မှုများ

အိမ်မှဆင်းပေးရန် သတိပေးစာ

အိမ်ရှင်တစ်ဦးက အိမ်ငှားတစ်ဦးအား **"အိမ်မှဆင်းပေးရန် သတိပေးစာ"** တစ်ခု ပေးခြင်းဖြင့် စတင်ကောင်းစတင်နိုင်ပါသည်။ ယင်းသတိပေးစာကို အိမ်ငှား၏ တံခါးပေါ်တွင် ကပ်ထားနိုင်ပါသည် သို့မဟုတ် အိမ်ရှင်က ယင်းသတိပေးစာကို ပရဝုဏ်ပေါ် ရှိ အရွယ်ရောက်ပြီးသူတစ်ဦးအား လက်ကမ်းပေးနိုင်ပါသည်။ ယင်းအား ပုံမှန် သို့မဟုတ် မှတ်ပုံတင်သည့် စာမျိုးဖြင့် **မပို့နိုင်ပါ**။ စာဖြင့်သာပို့သည့် မည်သည့် သတိပေးစာမဆိုကို ပျက်ပြယ်သည်ဟု မှတ်ယူပြီး တရားရုံးတွင် ပျက်ပြယ်အဖြစ် ငြင်းခုန်နိုင်ပါသည်။

သင်၏အငှားစာချုပ် စည်းကမ်းများကို စစ်ဆေးပါ။ အိမ်ရှင်မှ အိမ်ငှားတစ်ဦးထွက်ခွာရန် ပေးဖို့လိုအပ်သည့် အချိန်ပမာဏကို အငှားစာချုပ်ပေါ်တွင် ရေးသားထားသင့်သည်။ အကယ်၍ အငှားစာချုပ်က ငါးရက်ဟုဆိုပါက အိမ်ငှားအား
ငါးရက် အချိန်ပေးသင့်ပါသည်။ အငှားစာချုပ်တွင် "သတိပေးစာ ကင်းလွတ်ခွင့်" တစ်ခုပါဝင်နိုင်ပြီး အိမ်ရှင်အနေဖြင့် အိမ်ငှားအား မည်သည့် ကြိုတင်သတိပေးစာမှ ပေးရန်မလိုအပ်ဟု ဆိုပါသည်။

အကယ်၍ သင်၏ အငှားစာချုပ်တွင်း သတိပေးစာပေးရန် အချိန်မည်မျှ လိုအပ်သည်ဟု သီးသီးသန့်သန့် မသတ်မှတ်ထားပါက *အိမ်မှနှင်ချသည့် အချိန်ဇယား*ကို

စစ်ဆေးပါ။ သင်၏ အငှားစာချုပ်တွင်း သီးသန့် မဖော်ပြထားပါက သတိပေးစာပေးရန်လိုအပ်သည့် အချိန်ပမာဏက နှင်ချသည့်အကြောင်းရင်းပေါ်တွင် မူတည်ပါသည်။

အိမ်မှဆင်းပေးရန် သတိပေးစာတွင် အိမ်ရှင်၏အမည်၊ အိမ်ငှား၏အမည်၊ အငှားအိမ်ခြံမြေ လိပ်စာ၊ သတိပေးစာ ပေးရသည့်ရည်ရွယ်ချက် (သီးသန့်အချိန်ကာလတစ်ခုစာ အိမ်ငှားခပေးရန် ပျက်ကွက်မှု သို့မဟုတ် အငှားစာချုပ်ကို အခြားနည်းဖြင့် ချိုးဖောက်မှု အချို့ကဲ့သို့) နှင့် အိမ်ရှင်က အိမ်ငှားအား အငှားအိမ်ခြံမြေမှ ပြောင်းရွှေ့စေလိုသည့် နေ့စွဲ ပါဝင်ရပါမည်။ သတိပေးစာက ရှင်းရှင်းလင်းလင်း၊ ပြတ်ပြတ်သားသားရှိရမည်ဖြစ်ပြီး ချိတုံချတုံဒွိဟ ဖြစ်မှုများ မပါရှိရပါ။

အကယ်၍ အိမ်ရှင်က သင့်လျော်သည့် သတိပေးစာမပေးပါက ဘာဖြစ်ပါမလဲ။
အိမ်ရှင်က အငှားစာချုပ်တွင် ပါသည့်အတိုင်း သင့်လျော်သည့်သတိပေးစာ မပေးပါက အိမ်ငှားမှ ယင်းကိစ္စကို တရားရုံးသို့ ယူဆောင်နိုင်ပါသည်။ အိမ်ငှားက သင့်လျော်သည့် သတိပေးစာ မပေးခဲ့ပါဟု ဖော်ထုတ်ပြသနိုင်ပါက (ဥပမာ - အငှားစာချုပ်အရ ရက် ၃၀ သတိပေးစာ လိုအပ်ချိန်တွင် အိမ်ရှင်က ၁၀ ရက် သတိပေးစာသာ ပေးခြင်း) တရားသူကြီးအနေဖြင့် အမှုကို ပယ်ချပြီး ဖိုင်တင်သွင်းမှု ထပ်မစမီ အိမ်ငှားအား သင့်လျော်သည့် သတိပေးစာပေးခြင်းဖြင့် လုပ်ငန်းစဉ်ကို ပြန်လည်စတင်ရန် အိမ်ရှင်အား လုပ်စေသင့်ပါသည်။ ယင်းက အိမ်ငှားအား အိမ်ခြံမြေပေါ်တွင် အချိန်အနည်းငယ် ပိုကြာကြာနေရန်သာ အချိန်ပေးမည်ဖြစ်သည်၊ ယင်းက အိမ်ငှားအား နောက်ဆုံးတွင် အိမ်မှနှင်ချခံရခြင်းမှ ကာကွယ်ပေးမည်မဟုတ်ပါ။

တရားရုံးကြားနာမှု

အကယ်၍ အိမ်ငှားက အိမ်မှနှင်ချသည့် သတိပေးစာတွင်း ဖော်ပြထားသည့် အချိန်အတောအတွင်း မပြောင်းရွှေ့ပါက အိမ်ရှင်အနေဖြင့် **အိမ်ရှင်/အိမ်ငှား တိုက်ကြားချက်တစ်ခု ဖိုင်တင်သွင်းရန်အလို့ငှာ ခရိုင်တရားရုံးသို့ သွားရပါမည်။** အိမ်ရှင်မှ တိုင်ကြားချက်ကို ဖိုင်တင်သွင်းပြီးနောက် (၇) ရက်မှ (၁၅) ရက်အတွင်း တရားရုံး ကြားနာချက်တစ်ခုကို သတ်မှတ်ပေးပါလိမ့်မည်။

ခရိုင်တရားရုံးမှ အိမ်ရှင်/အိမ်ငှား တိုင်ကြားချက် မိတ္တူတစ်စောင်ကို ပထမတန်း စာပို့ မှတဆင့် သင်လက်ခံရရှိမည်ဖြစ်ပြီး မိတ္တူတစ်စောင်ကို ရဲအရာရှိတစ်ဦး သို့မဟုတ် ရဲတစ်ဦး မှ သင့်အား လူကိုယ်တိုင်လည်း ပေးပါလိမ့်မည်။ တရားရုံး ကြားနာချက်တစ်ခုအတွက် အသိပေးစာတစ်စောင်ကို သင်လက်ခံရရှိပါက သင်၏ သီးခြားအခြေအနေရပ်များအကြောင်း ဆွေးနွေးရန် အိမ်ငှား၏ အခွင့်အရေးများဆိုင်ရာ အဖွဲ့အစည်း သို့မဟုတ် ရှေ့နေတစ်ဦး ကို ဆက်သွယ်ပါ သို့မှသာ သင်၏ အခွင့်အရေးများကို သင်သိရှိပြီး ပြင်ဆင်ထားနိုင်ပါလိမ့်မည်။

ကြားနာမှုတွင် ကျွန်ုပ် တက်ရောက်သင့်ပါသလား။
တက်ရောက်သင့်ပါသည်။ ကြားနာမှုသို့ သင်နောက်ကျ ရောက်ရှိပါက သို့မဟုတ် တက်ရောက်ရန် ပျက်ကွက်ပါက သင့်အားဆန့်ကျင်သည့် တရားစီရင်ချက်တစ်ခု အလိုလိုဝင်ရောက်နိုင်ပါသည်။ သင်က မိနစ်အနည်းငယ်သာ နောက်ကျသည့်တိုင် သင့်အားဆန့်ကျင်သည့် တရားစီရင်ချက်တစ်ခု အလိုလိုဝင်ရောက်နိုင်သည့်အတွက် စောစောစီးစီးရောက်ရန် စီစဉ်ပါ။ ကြားနာမှုတွင် သင်ရှိနေဖို့ အရေးကြီးပါသည်။ ကြားနာမှုကို ပယ်ဖျက်သည် သို့မဟုတ် နောက်ဆုတ်သည်ဟု တရားရုံးမှမဟုတ်ပဲ အခြားတစ်ဦးဦးမှ သင့်အားပြောပါက ယင်းအချက် မှန်မမှန်ကို ဆုံးဖြတ်ရန် တရားရုံးနှင့် စစ်ဆေးပါ။ ကြားနာမှုက သင်၏ခုခံချေပမှု သို့မဟုတ် အခြားပါတီကိုဆန့်ကျင်ပြီး တန်ပြန်တိုင်ကြားချက် တင်ပြရန် အခွင့်အရေးပေးပါသည်။ အကယ်၍ သင်က ကြားနာမှု စီစဉ်ထားသည့်နေ့စွဲတွင် မသွားနိုင်ပါက သို့မဟုတ် အရေးပေါ်ကိစ္စတစ်ရပ် ပေါ်လာပါက တရားရုံးနေ့စွဲမတိုင်မီ တတ်နိုင်သလောက်မြန်မြန် ခရိုင်တရားရုံး၏ ရုံးခန်းကို ဖုန်းခေါ်ဆိုပြီး ကြားနာမှုကို သင်တက်ရောက်ရန် ဆက်လက်ခွင့်ပြုနိုင်မနိုင် မေးမြန်းပါ။

အကယ်၍ သင် နှင့် သင်၏အိမ်ရှင်က တရားရုံးနေ့စွဲမတိုင်မီ သဘောတူညီချက်တစ်ခု ရရှိပါက သို့မဟုတ်

တရားရုံးမှ မဟုတ်ပဲ အခြားတစ်ဦးဦးက သင့်အား "အားလုံး အဆင်ပြေအောင်လုပ်လိုက်ပြီ" ဟု ဆိုပါက၊ မည်သို့ပင်ဖြစ်စေ ကြားနာမှုကို တက်ရောက်ရန် စီစဉ်ပါ သို့မဟုတ် ကြားနာမှုကို ဆက်လက် စီစဉ်ထားခြင်းရှိမရှိ သိရှိရန် တရားရုံးနှင့် စစ်ကြည့်ပါ။ ကြည့်ရှုပါ *အမေး အဖြေ - ကြားနာမှုနှင့်ပတ်သက်ပြီး အချက်အလက်ပိုမိုသိရှိရန် နှင့် ဘာကိုမျှော်မှန်းထားရမည်ကို သိရှိရန် ခရိုင်တရားရုံး*နှင့် ဆက်သွယ်ပါ။

ကြားနာမှုမတိုင်မီ မည်သည့်အချိန်မဆို၌ ပြန်လှန် တိုင်ကြားချက် (တန်ပြန် တိုင်ကြားချက်) တစ်ခု သင်ဖိုင်တင်သွင်းနိုင်ပါသည် သို့မဟုတ် အိမ်ရှင်အား ဆန့်ကျင်သည့် အခြား တိုင်ကြားချက်တစ်ခုခုကို သင်ခိုင်ခိုင်မာမာ တင်သွင်းနိုင်ပါသည်။ အကယ်၍ သင်က ပြန်လှန်တိုင်ကြားချက်တစ်ခု ဖိုင်တင်သွင်းပါက တိုင်ကြားချက်နှစ်ခုစလုံးအတွက် ကြားနာမှုကို သင်၏ပြန်လှန်တိုင်ကြားချက်အား ဖိုင်တင်သွင်းပြီးသည်မှ ခုနစ် (၇) ရက် နောက်ပိုင်းတွင် ပြုလုပ်ရမည်ဖြစ်သော်လည်း ဆယ့်ငါး (၁၅) ရက်ထက် ပိုမကြာသင့်ပါ။ အကယ်၍ သင်က တန်ပြန်တိုင်ကြားချက်တစ်ခု ဖိုင်တင်သွင်းပါက ကြားနာမှုမတိုင်မီ ယင်းကို အခြားပါတီထံ အနည်းဆုံး ငါး (၅) ရက် မတိုင်မီ လူကိုယ်တိုင် ပေးပို့ရမည်။

တရားစီရင်ချက်

ကြားနာမှုအပြီးတွင် ခရိုင်တရားရုံးက ဆုံးဖြတ်ချက်တစ်ခုကို ယင်းနေ့တွင်ဖြစ်စေ သုံး (၃) ရက်အတွင်းဖြစ်စေ ပြုလုပ်ရပါမည်။ တရားသူကြီးက စာဖြင့်ရေးသားထားသည့် **တရားစီရင်ချက်အကြောင်း အသိပေးစာတစ်စောင်ကို ထုတ်ပြန်ပေးပါမည်။** အကယ်၍ တရားစီရင်ချက်က သင့်ဖက်ကို ဦးစားပေးပါက အိမ်ရှင်အနေဖြင့် တရားသူကြီး ချမှတ်သည့်အရာကို ပြုလုပ်ရန်လိုအပ်ပါလိမ့်မည် - ဥပမာ သင့်အား အငှားအခန်းမှ နှင်မချခြင်း။ အကယ်၍ ခရိုင်တရားရုံးက အိမ်ရှင်ဖက်ကို ဦးစားပေးစရာ တွေ့ရှိပါက တရားစီရင်ချက်က သင်အားဆန့်ကျင်ဝင်ရောက်ပါလိမ့်မည်။ အသိပေးချက်က မည်သို့သော တရားစီရင်ချက် ဝင်ရောက်ကြောင်း သင့်အား ပြောပါလိမ့်မည်။

- အကယ်၍ ငွေကြေးဆိုင်ရာ တရားစီရင်ချက်က ကျေနပ်ဖွယ်မဖြစ်ပါက ပိုင်ဆိုင်မှု ချီးမြှင့်ပေးအပ်ပါသည်
- ပိုင်ဆိုင်မှု ချီးမြှင့်ပေးအပ်သည်
- ပိုင်ဆိုင်မှု ချီးမြှင့်ပေးအပ်ခြင်း မပြုပါ
- ငွေကြေးဆိုင်ရာ တရားစီရင်ချက်

အကယ်၍ တရားစီရင်ချက်က **ငွေကြေးဆိုင်ရာ တရားစီရင်ချက်က ကျေနပ်ဖွယ်မဖြစ်ပါက ပိုင်ဆိုင်မှု ချီးမြှင့်ပေးအပ်သည်** (အများအားဖြင့် "ငွေချေပါက နေပါ" ဟု ကိုးကားကြသည်) ဟု ဆိုပါက နှင်ချခံရခြင်းမှ ရှောင်ကြဉ်ပြီး အိမ်တွင် ဆက်လက်နေထိုင်ရန် နှင်ချနေ့စွဲမတိုင်မီ မည်သည့်အချိန်မဆို၌ အကြွေးတင်နေသော မည်သည့်ငွေမဆိုကို အပြည့်ပေးရန် သင့်ထံတွင် အခွင့်အလမ်းရှိပါသည်။

- အကယ်၍ တရားစီရင်ပြီးသည်မှ ၁၀ ရက်အတွင်း တရားစီရင်မှုကုန်ကျစရိတ်များအပြင် အိမ်ရှင်အား ငွေအပြည့်ပေးချေပါက ပိုင်ဆိုင်မှုပြန်လည်ရရှိရန်အမိန့် ကို မတောင်းဆိုနိုင်ပါ။
- အကယ်၍ သင်က ၁၀ ရက်အတွင်း မပေးချေပဲ အသနားခံလွှာတစ်စောင် ဖိုင်တင်သွင်းပြီး လိုအပ်ပါက ခံဝန်စာချုပ်တစ်ခုအတွက် ပေးဆောင်ပါက အိမ်ရှင်အနေဖြင့် ပိုင်ဆိုင်မှုပြန်လည်ရရှိရန်အမိန့် တောင်းဆိုနိုင်ပါသည်။ အိမ်ရှင်က ပိုင်ဆိုင်မှုပြန်လည်ရရှိရန်အမိန့် တစ်ခု တောင်းဆိုပါက တရားရုံးကုန်ကျစရိတ်က မြင့်တင်သွားနိုင်ပါသည်၊ သို့ဖြစ်ပါ၍ တတ်နိုင်သလောက် မြန်မြန် ပေးဆောင်ခြင်းက အကောင်းဆုံးဖြစ်သည်။
- အတင်းအကျပ် အိမ်မှနှင်ချသည့် နေ့စွဲတစ်ခုကို **ပိုင်ဆိုင်မှုပြန်လည်ရရှိရန်အမိန့်**ကို သင်၏ အိမ်တံခါး၌ ရဲတစ်ဦးမှ ကပ်ပေးပြီး ၁၀ ရက်နောက်ပိုင်းတွင် စီစဉ်ပါလိမ့်မည်။ အိမ်မှနှင်ချခံရခြင်းကို ရှောင်ကြဉ်ရန် တရားစီရင်ချက်အတိုင်း ငွေအပြည့်ကို ယင်းနေ့အပါအဝင် နှင့် ယင်းနေ့အထိ သင် ပေးနိုင်ပါသေးသည်။
- နှင်ချသည့် နေ့စွဲမတိုင်မီ သင် ငွေပေးပါက သင့်အနေဖြင့် အိမ်ရှင်နှင့်ရဲတို့ဖြင့် အစီအစဉ်များ ပြုလုပ်သင့်ပြီး ငွေချေပြီးကြောင်း သက်သေအဖြစ် ငွေလက်ခံဖြတ်ပိုင်းတစ်ခု သိမ်းထားသင့်ပါသည်။

- အကယ်၍ သင်က အိမ်မှနှင်ချသည့်နေ့စွဲတွင် ငွေပေးချေပါက သင့်အနေဖြင့် ရဲကိုသာ တိုက်ရိုက်ပေးရမည်ဖြစ်ပြီး ငွေသားဖြင့် ပေးရပါမည်။ ရဲက ချက်လက်မှတ်ကို လက်ခံမည်မဟုတ်သဖြင့် အိမ်မှ နှင်ချမှုကို စီစဉ်ထားသည့်အတိုင်း ဆက်လက်လုပ်ဆောင်ပါလိမ့်မည်။

စိတ်ထဲတွင် မှတ်ထားရန် - သင် ငွေအပြည့်ပေးချေသည်အထိ သင်၏မှတ်တမ်းပေါ်တွင် တရားစီရင်ချက်တစ်ခု ဆက်လက်ရှိနေပါမည်။ ယင်းက သင်၏ ငွေချေးနှုန်းအပေါ် သက်ရောက်နိုင်ပြီး အနာဂတ် အိမ်ရာ ရရှိရန် သင်၏စွမ်းရည်အပေါ် အဆိုးသဘောဖြင့် သက်ရောက်နိုင်ပါသည်။

ပိုင်ဆိုင်မှု ပြန်လည်ရရှိရန်အမိန့်

အကယ်၍ တရားစီရင်ချက်က **ပိုင်ဆိုင်မှု ပြန်လည်ရရှိရန် ချီးမြှင့်ချက်** ဖြစ်ပါက အကြွေးတင်ရှိနေသော ငွေအားလုံးကို အပြည့်ပေးပြီးသည့်တိုင် သင့်အနေဖြင့် စီစဉ်ထားသည့် အိမ်မှ နှင်ချသောနေ့စွဲတွင် အိမ်မှ ပြောင်းရွှေ့ပေးရမည်ဖြစ်သည်။ အကယ်၍ သင်က ဆုံးဖြတ်ချက်အတိုင်း သဘောတူပါပြီး အိမ်တွင် ဆက်လက်နေလိုပါက တရားစီရင်ချက်ချသည်မှ ၁၀ ရက်အတွင်း ပုံမှန်အသနားခံလွှာများဆိုင်ရာ တရားရုံးသို့ အသနားခံလွှာတစ်ခု ဖိုင်တင်သွင်းပြီး ခံဝန်စာချုပ်တစ်ခု ပို့ရန် လိုအပ်ပါလိမ်မည်။ *အယူခံဝင်သည့် လုပ်ငန်းစဉ်* တွင်ကြည့်ပါ

၁၀ ရက် အယူခံဝင်သည့် ကာလ ကုန်ဆုံးပြီးနောက် အိမ်ရှင်အနေဖြင့် ပိုင်ဆိုင်မှုပြန်လည်ရရှိရန်အမိန့်တစ်ခုအတွက် ဖိုင်တင်သွင်းနိုင်ပါသည်။ အိမ်ရှင်က ပိုင်ဆိုင်မှုပြန်လည်ရရှိရန် အမိန့်တစ်ခု ရယူချိန်တွင် အိမ်ငှားအား ရဲ တစ်ဦးမှ လူကိုယ်တိုင်ဖြစ်စေ သင်၏အိမ်တံခါးတွင် အသိပေးစာကို ကပ်၍ဖြစ်စေ သတိပေးစာတစ်ခု ပေးအပ်ပါလိမ့်မည်။

- ရဲ၏ သတိပေးစာက နေထိုင်ရာနေရာမှ ထွက်ခွာရန် အိမ်ငှားထံ၌ စာပို့ပေးသည့်နေ့စွဲမှ ထပ်ဆောင်း (၁၀) ရက် အချိန်ရှိသည်ဟု ဆိုပါလိမ့်မည်။
- ယင်းအသိပေးစာသည် ထွက်ခွာရန် နောက်ဆုံးနေ့ တစ်ခုဖြစ်သည်။
- အကယ်၍ အိမ်ငှားက အသိပေးစာတွင်း ပါရှိသည့် အချိန်နှင့် နေ့စွဲမှ (၁၀) ရက်ကာလ အဆုံးသတ်တွင် မပြောင်းသေးပါက ရဲက အိမ်ငှားအား အတင်းအကျပ် ဖယ်ရှားနိုင်ပြီး အငှားအိမ်ခန်း၏ တံခါးကို သံကြိုးသော့ဖြင့် ခတ်နိုင်ပါသည်။

အကယ်၍ သင်က အယူခံဝင်ရန် စီစဉ်နေပါက စီစဉ်ထားသည့် အိမ်မှနှင်ချသောနေ့စွဲ မတိုင်မီ တတ်နိုင်သလောက် စောစော အိမ်မှပြောင်းရွှေ့ရန် အစီအစဉ်များ ပြုလုပ်ဖို့ လိုအပ်ပါလိမ့်မည်။ ရဲ ရောက်လာချိန်၌ သင့်အတွက် ထွက်ခွာချိန် မိနစ်ပိုင်းမျှသာ ရမည်ဖြစ်သည့်အတွက် စီစဉ်ထားသည့် နှင်ချနေ့စွဲမတိုင်မီ အနည်းဆုံး သင် ပိုင်ဆိုင်သောပစ္စည်းများအားလုံးကို အငှားအိမ်ခန်းအပြင်ဖက်သို့ ရွှေ့ပြောင်းထားပါ။

(နှင်ချသည့်အချိန်၌ အပါအဝင်) အငှားအိမ်ခန်းတစ်ခုကို ပိုင်ဆိုင်ခွင့်စွန့်လွှတ်သည်နှင့် အိမ်ငှားများအနေဖြင့် ၄င်းတို့၏ ပိုင်ဆိုင်မှုများကို ဖယ်ရှားရန် လိုအပ်ပါသည်။ ရဲ က သင့်အား နှင်ချချိန်၌ သင်၏ပိုင်ဆိုင်မှုများကို သင် မဖယ်ရှားရသေးပါက သင်၏ပိုင်ဆိုင်မှုများကို ပြန်လည်ရရှိရန် သင် မြန်မြန်ပြောင်းရွှေ့ရပါလိမ့်မည်။ *နှင်ချခံရပြီးနောက် သို့မဟုတ် ပြောင်းရွှေ့ပြီးနောက် သင်၏ပိုင်ဆိုင်မှုများကို မည်သို့ ပြန်လည်ရရှိနိုင်ပုံ* ကို ကြည့်ရှုပါ

စိတ်ထဲတွင် မှတ်သားရန် - ကြားနာမှုအပြီး ဥပဒေအရ အိမ်သော့ပိတ်ထားမှု ဖြစ်ပေါ်ချိန်မတိုင်မီ အနည်းဆုံး ရက်ပေါင်း (၂၀) အချိန်ယူပါသည်။

ရဲက ကျွန်ုပ်အား နှင်ချရန် လုံးဝပေါ်မလာပါက ဘာဖြစ်ပါမလဲ။
အိမ်ရှင်က ပြန်လည်ပိုင်ဆိုင်မှုရရှိရန်အမိန့်ကို ဘယ်တော့မှ အသုံးမချပဲ သင့်အား နှင်ချရန် ရဲအား ဘယ်တော့မှ အကြောင်းမကြားသည့် အလားအလာရှိနိုင်ပါသည်။ ယေဘုယျအားဖြင့် အိမ်ရှင် နှင့် အိမ်ငှားတို့က ငွေပေးချေရန် သဘောတူညီချက်တစ်ခု လုပ်ပြီး အိမ်ရှင်က အိမ်ငှားအနေဖြင့် နေထိုင်နိုင်ကြောင်း သဘောတူပါက ယင်းဖြစ်ရပ် ဖြစ်ပွားနိုင်ပါသည်။ အကယ်၍ သဘောတူညီချက်တစ်ခု ပြုလုပ်နိုင်စွမ်းရှိပါက အိမ်ရှင်အား သင်ပေးချေသည့်ငွေအတွက် လက်ခံဖြတ်ပိုင်းတစ်စောင် ရယူကြောင်း သေချာစေပြီး သဘောတူညီချက်ကို စာဖြင့်ရေးသားရယူပါ။

အိမ်ရှင်က ပြန်လည်ပိုင်ဆိုင်ခွင့်ရရှိရန်အမိန့်ကို ပြန်လည်ထုတ်ပြန်ပေးရန် ယေဘုယျအားဖြင့် တရားစီရင်ချက်ချသည့်နေ့စွဲမှ ရက်ပေါင်း ၁၂၀ အတွင်း တောင်းဆိုနိုင်ပါသည်။

အယူခံဝင်သည့် လုပ်ငန်းစဉ်

တရားသူကြီး၏ ဆုံးဖြတ်ချက်တွင် အပိုင်းနှစ်ပိုင်း ပါရှိတတ်ပါသည် - **ပိုင်ဆိုင်မှု ပြန်လည်ရယူခြင်း** (နှင်ချခြင်း) နှင့် **ငွေကြေးဆိုင်ရာ တရားစီရင်ချက်။**

သင့်အားဆန့်ကျင်ချမှတ်သည့် တရားစီရင်ချက်တစ်ခုကို အယူခံဝင်ရန် သင့်ထံတွင် အခွင့်အရေးရှိပါသည်။ အယူခံလွှာများကို သာမန်အသနားခံလွှာများဆိုင်ရာ တရားရုံးရှိ အရပ်သားစာရေး ထံတွင် ဖိုင်တင်သွင်းပါသည်။ ခရိုင်တရားရုံးတစ်ခု၏ ဆုံးဖြတ်ချက်တစ်ခုကို အယူခံဝင်ရန် အရပ်သားစာရေး၏ ရုံးခန်းသို့ တရားစီရင်ချက် မိတ္တူတစ်စောင်ကို သင်နှင့်အတူ ယူဆောင်သွားရန် လိုအပ်ပါသည်။ အကယ်၍ သင်က အယူခံလွှာတစ်စောင် ဖိုင်တင်သွင်းရန် ရွေးချယ်ပါက လုပ်ငန်းစဉ်သည် ယင်း တရားရုံးအဆင့်တွင် ပိုမိုရှုပ်ထွေးနိုင်သဖြင့် ရှေ့နေတစ်ဦး၏ တိုင်ပင်အကြံပေးမှု သင်ရယူရန် အကြံပြုပါသည်။ များသောအားဖြင့် သင်၏အိမ်ရှင်က ရှေ့နေတစ်ဦးငှားပါလိမ့်မည်။

အကယ်၍ သင်က ပိုင်ဆိုင်မှုပြန်လည်ရယူခြင်း အတွက် တရားစီရင်ချက်တစ်ခုကို အယူခံဝင်နေပြီး သင်၏အိမ်တွင် နေထိုင်လိုပါက ဆုံးဖြတ်ချက်ကို အယူခံဝင်ရန် တရားစီရင်သည့်နေ့စွဲမှ ဆယ် (၁၀) ရက် အချိန်ရပါသည်။

ရဲအရာရှိ သို့မဟုတ် ရဲ မှ သင့်အား အိမ်ခြံမြေမှ ဖယ်ရှားခြင်းကို ရပ်တန့်ရန် **အယူခံ ခံဝန်ချက်** တစ်ခုကိုလည်း သင် ဖိုင်တင်သွင်းရမည်။ အကယ်၍ သင်က အိမ်သော့ပိတ်ခံရခြင်းကို ရပ်တန့်လိုကြောင်း အရပ်သားစာရေး၏ရုံးကို မပြောပဲ အယူခံ ခံဝန်ချက်တစ်ခု ဖိုင်မတင်သွင်းပါက သင့်အနေဖြင့် ငွေကြေးဆိုင်ရာ တရားစီရင်ချက်အတွက်သာ အယူခံနေမည်ဖြစ်ပြီး အိမ်သော့ပိတ်ချမှုက စီစဉ်ထားသည့်အတိုင်း ဆက်လက်ဖြစ်ပေါ်နိုင်ပါသေးသည်။

သင့်အနေဖြင့် ဖိုင်တင်သွင်းကြေး ဆက်လက်ပေးရနိုင်သေးပြီး အယူခံ ခံဝန်ချက်က အိမ်ငှားအား ငွေကြေးဆိုင်ရာ တရားစီရင်ချက် ပမာဏအတိုင်း စာချုပ်တစ်ခုအတွက် သို့မဟုတ် ၃ လစာ အိမ်ငှားခ နှစ်ခုထဲမှ နည်းသည့်ပမာဏကို ပေးချေရန် လိုအပ်စေပါသည်။ (အကယ်၍ သင်၏ဝင်ငွေက အလွန်နိမ့်ပါက အယူခံလွှာ ဖိုင်တင်သွင်းချိန်တွင် သင့်အိမ်ငှားခ၏ သုံးပုံတစ်ပုံကိုသာပေးရန် လိုအပ်နိုင်ပါသည်။) ယင်းငွေကို အာမခံအကောင့်စာရင်းတစ်ခုအတွင်း ထည့်ထားပါမည်။ သင့်အနေဖြင့် လစဉ်အိမ်ငှားခကို အယူခံဝင်သည့်နေ့စွဲမှ ရက်ပေါင်း ၃၀ ပြည့်တိုင်း တရားရုံးသို့ ပေးချေရန်လည်း လိုအပ်ပါသည်။ ထိုသို့ပြုလုပ်ရန် သင်ပျက်ကွက်ပါက အယူခံ ခံဝန်ချက်က အဆုံးသတ်သွားပြီး အိမ်မှနှင်ချခြင်းကို ဆက်လက်ဆောင်ရွက်နိုင်ပါသည်။ အချို့သောလများတွင် ရက်ပေါင်း ၃၀ ကျော်ရှိသောကြောင့် ယင်း နောက်ဆုံးနေ့ကို သင် မျက်ခြေမပြတ်လိုက်ကြည့်ထားကြောင်း သေချာအောင်လုပ်ပါ။

အကယ်၍ သင်က ပိုင်ဆိုင်မှု ပြန်လည်ရရှိရေးဆိုင်ရာ တရားစီရင်ချက်ကို အယူခံမဝင်လိုပါသော်လည်း ငွေကြေးဆိုင်ရာ တရားစီရင်ချက်ကိုသာ အယူခံဝင်လိုပါက သင့်ထံတွင် တရားစီရင်ချက်ချသည့် နေ့စွဲမှ ရက်ပေါင်း သုံးဆယ် (၃၀) ရှိပါသည်။

အယူခံလွှာများကို သာမန်အသနားခံလွှာများဆိုင်ရာ တရားရုံးရှိ အရပ်သားစာရေး ထံတွင် ဖိုင်တင်သွင်းပါသည်။ သင်နှင့်အတူ တရားစီရင်ချက် မိတ္တူတစ်စောင်ကို အရပ်သားစာရေးထံသို့ ယူသွားရန် လိုအပ်ပါလိမ့်မည်။ ငွေကြေးဆိုင်ရာ တရားစီရင်ချက်တစ်ခုကို အယူခံဝင်ရန် စာချုပ်တစ်ခု မလိုအပ်ပါ။

အကယ်၍ အယူခံမဝင်ပါက ဘာဖြစ်ပါမလဲ။

ခရိုင်တရားရုံးက ပိုင်ဆိုင်မှု ပြန်လည်ရရှိရေးဆိုင်ရာ တရားစီရင်ချက်တစ်ခု ချီးမြှင့်ပါက **အိမ်ရှင်အနေဖြင့်** ခရိုင်တရားရုံးမှ ပိုင်ဆိုင်မှု ပြန်လည်ရရှိရေးအမိန့်စာဟုခေါ်သည် စာရွက်စာတမ်းတစ်စောင် တောင်းဆိုရန် ၁၀ ရက် စောင့်ဆိုင်းရမည်။ ရဲတစ်ဦး သို့မဟုတ် ရဲအရာရှိ၏ လက်ထောက်က ပိုင်ဆိုင်မှု ပြန်လည်ရယူရန်အတွက် အမိန့်စာကို သင့်ထံ ကိုယ်တိုင်ပို့ပေးမည်ဖြစ်ပြီး ယင်းက ပရဝုဏ်တွင်းမှထွက်ခွာရန် သင့်အား ထပ်ဆောင်း ၁၀ ရက် ပေးပါသည်။ အကယ်၍ သင်က

ပိုင်ဆိုင်မှု ပြန်လည်ရယူသည့်အမိန့်စာ လက်ခံရရှိပြီး ၁၀ ရက်အတွင်း မပြောင်းရွှေ့ပါက ရဲ သို့မဟုတ် ရဲအရာရှိ၏ လက်ထောက်က သင့်အား ပရဝုဏ်တွင်းမှ ကိုယ်ထိလက်ရောက် ဖယ်ရှားပါလိမ့်မည်။

အကယ်၍ ခရိုင်တရားရုံးက **ငွေကြေးဆိုင်ရာ တရားစီရင်ချက်**တစ်ခု ချမှတ်ပါက တရားစီရင်ချက်အတိုင်း ပေးချေရန် သင့်ထံတွင် ရက် ၃၀ အချိန်ရပါသည်။ ယင်းငွေကို သင်မပေးပါက သင့်အားတရားစွဲဆိုသည့်ဖက်က ခရိုင်တရားရုံးသို့ သွားနိုင်ပြီး **ဖယ်ရှားမိန့် ဟု ခေါ်သည့် စာရွက်စာတမ်းတစ်ခု ထုတ်ပြန်ပေးရန် တောင်းဆိုနိုင်ပါသည်။** ရဲ တစ်ဦး သို့မဟုတ် ရဲအရာရှိ၏လက်ထောက်က အသိပေးစာကို သင့်အားကိုယ်တိုင် ပေးခြင်း သို့မဟုတ် သင်၏အိမ်တံခါးပေါ်တွင် ကပ်ခြင်းဖြင့် ဖယ်ရှားမိန့်ကို သင့်ထံပေးပို့ပါလိမ့်မည်။ ဖယ်ရှားမိန့် ကိုသင့်အားပေးသည့်အချိန်တွင် ရဲ သို့မဟုတ် ရဲအရာရှိ၏လက်ထောက်က သင့်အား ဆန့်ကျင်သည့် တရားစီရင်ချက်ကို ငွေပေးချေရန် သူ သို့မဟုတ် သူမ ရောင်းချမည့် ပိုင်ဆိုင်ပစ္စည်း စာရင်းတစ်ခု ပြုလုပ်ပါလိမ့်မည်။ ယင်းစာရင်းကို **ဒဏ်ကြေးကောက်ခံမှု** တစ်ခုဟု ခေါ်ပါသည်။

ဒဏ်ကြေးကောက်ခံမှုတစ်ခုကို သင်၏အိမ်ခြံမြေပေါ်တွင် ကပ်ပါက အကူအညီပိုမိုရရှိရန် ရှေ့နေတစ်ဦး သို့မဟုတ် တရားရေးအထောက်အကူကို ချက်ချင်း ဖုန်းခေါ်ပါ။ အကယ်၍ သင်က ဘာမှမလုပ်ပါက ဒဏ်ကြေးကောက်ခံမှု ထုတ်ပြန်သည်မှ ရက်သတ္တပတ်အတော်ကြာကြာတွင် ရဲ သို့မဟုတ် ရဲအရာရှိမှ ရောင်းချမှုတစ်ခုတွင် သင်၏ပိုင်ဆိုင်ပစ္စည်းကို ယင်းက ဒေါ်လာ ၃၀၀ အောက် တန်ဖိုးမဟုတ်ပါက (သင်က အိမ်ထောင်ရှိပါက နှင့် သင်နှင့်သင်၏အိမ်ထောင်ဖက် နှစ်ဦးစလုံးကို တရားစွဲထားပါက တန်ဖိုး ဒေါ်လာ ၆၀၀) ရောင်းချပါသည်။ ဒဏ်ကြေးကောက်ခံမှု (သင်၏ပိုင်ဆိုင်ပစ္စည်းကို ရောင်းချမှု) အပေါ် သင်ကန့်ကွက်ပါက အယူခံလွှာတစ်စောင် သင် ဖိုင်တင်သွင်းနိုင်ပါသည်။

လုပ်ခလစာများမှ ဖြတ်ယူခြင်း

ပန်ဆိုင်လ်ဗေးနီးယား ဥပဒေက အိမ်ရှင်တစ်ဦးအား စရန်ငွေပမာဏထက် ကျော်လွန်သည့် ပျက်စီးမှုအတွက် တရားစီရင်ချက်တစ်ခုကို ကောက်ခံရန် ဖြတ်ယူသည့်ပမာဏက အကြွေးတင်သူ၏ ဝင်ငွေကို ဆင်းရဲမှုညွှန်ပြချက် ပမာဏအောက် မရောက်စေသ၍ အိမ်ငှား၏အသားတင်လုပ်ခတစ်ခု၏ ၁၀% အထိ ဖြတ်ယူရန် ခွင့်ပြုပါသည်။

သင်သည် အိမ်ရှင်တစ်ဦးဖြစ်ပါသလား။

Community Housing Solutions: Connecting Landlords and Tenants

CHS က အိမ်ရာ အတည်တကျ သေချာရရှိစေရန် လူတစ်ဦးချင်းစီ နှင့် မိသားစုများနှင့် အတူလုပ်ကိုင်ပြီး ၎င်းတို့၏ အိမ်ငှားရမ်းမှုအတွင်း အထောက်အပံ့ရရှိရန် ဧရိယာတွင်း အလျှင်အမြန် အိမ်ရာပြန်လည်ချထားရေး အစီအစဉ်များ (Rapid Re-Housing programs) နှင့် ပူးပေါင်းလုပ်ဆောင်ပါသည်။

CHS ကလုပ်နိုင်သည်မှာ -

- သင့်အိမ်ခန်း လူပြောင်းသည့် အကြိမ်ရေနှင့် ကြော်ငြာအတွက် ကုန်ကျစရိတ်ကို လျှော့ချပေးပါသည်
- ကျွန်ုပ်တို့၏ ဖောက်သည်များအား ဝန်ဆောင်ပေးရာတွင် သင့်အား ထောက်ပံ့ပေးပါသည်
- သင်၏ အသိုင်းအဝိုင်းအား ပြန်လည်ပေးဆပ်ရန် နှင့် သင့်စီးပွားရေးလုပ်ငန်းကို ထိန်းသိမ်းရန် နည်းလမ်းတစ်ခု ပေးအပ်ပါသည်

50 Tabor 1968-2018

လူတစ်ဦးချင်းစီအား အိမ်ရာ နှင့် ငွေကြေးတည်ငြိမ်မှု နှစ် ၅၀ ကြာ အောင်မြင်ရရှိရန် ကူညီပေးပါသည်

ဝန်ဆောင်မှုပေးသူ — Lancaster County Coalition to End Homelessness

ပံ့ပိုးသူ — Tabor Community Services, Rebuilding Lives & Community

ထပ်ဆောင်းအချက်အလက်များအတွက် www.chslancaster.org | 717-358-9381 | chs@tabornet.org

အိမ်မှနှင်ချသည့် အသိပေးစာ အချိန်ဇယားများ

လူနေအိမ်ခန်း သို့မဟုတ် လူနေအိမ်အတွက် အိမ်ရှင်/အိမ်ငှားကို နှစ်ချခြင်း/သက်တမ်းမတိုးသည့် လုပ်ငန်းစဉ် အချိန်ဇယား -

အကယ်၍ နှင်ချရသည့် ရည်ရွယ်ချက်သည် နောက်ပါအတိုင်းဖြစ်ပါက -	အိမ်ရှင်တစ်ဦးမှ အိမ်ငှားတစ်ဦးအား ပေးရမည်မှာ -
အိမ်ငှားခ မပေးချေခြင်း	၁၀ ရက် သတိပေးစာ
တရားမဝင် ဆေးဝါးများနှင့် ဆက်စပ်သည့် လှုပ်ရှားမှုများ	၁၀ ရက် သတိပေးစာ
တစ်လပြီးတစ်လ အငှားစာချုပ် သို့မဟုတ် အတိုင်းအဆမဲ့ကာလ အငှားစာချုပ်တစ်ခု သက်တမ်းကုန်သွားပါက/အထွေထွေ ချိုးဖောက်မှုပြုပါက	၁၅ ရက် သတိပေးစာ
တစ်နှစ် သို့မဟုတ် လျော့နည်းသည့် အငှားစာချုပ်တစ်ခု သက်တမ်းကုန်သွားပါက/အထွေထွေ ချိုးဖောက်မှုပြုပါက	၁၅ ရက် သတိပေးစာ
တစ်နှစ်ထက်ကျော်လွန်သည့် အငှားစာချုပ်တစ်ခု သက်တမ်းကုန်သွားပါက/အထွေထွေ ချိုးဖောက်မှုပြုပါက	ရက် ၃၀ သတိပေးစာ

ရွေ့လျားအိမ် ရပ်နားမှုစခန်းအတွက် အိမ်ရှင်/အိမ်ငှား နှင်ချရေး လုပ်ငန်းစဉ်အချိန်ဇယား -

အကယ်၍ နှင်ချရသည့် ရည်ရွယ်ချက်သည် နောက်ပါအတိုင်းဖြစ်ပါက -	အိမ်ရှင်တစ်ဦးမှ အိမ်ငှားတစ်ဦးအား ပေးရမည်မှာ -
တစ်နှစ်အောက်လျော့သော သို့မဟုတ် အတိုင်းအဆမဲ့ကာလအတွက် အငှားစာချုပ်ကို အထွေထွေ ချိုးဖောက်မှု	ရက် ၃၀
တစ်နှစ်ထက်ကျော်သော အငှားစာချုပ်အား အထွေထွေ ချိုးဖောက်မှု	အသိပေးစာ ပေးပြီးသည်မှ ၃ လ
အိမ်ငှားခပေးရန် ပျက်ကွက်မှု - ဧပြီလ -ဩဂုတ်လ အကြား	၁၅ ရက်
အိမ်ငှားခပေးရန် ပျက်ကွက်မှု - စက်တင်ဘာ - မတ်လ အကြား	ရက် ၃၀

တရားရေးရာ ဆက်လက်ဆောင်ရွက်မှုများ နှင့် သာမန် အသနားခံလွှာများဆိုင်ရာ အယူခံလွှာအတွက် အိမ်ရှင်/အိမ်ငှား နှင်ချရေးလုပ်ငန်းစဉ် အချိန်ဇယား -

ခရိုင်တရားရုံး တရားသူကြီးက ကြားနာမှုကို စီစဉ်ပါသည်	အိမ်ရှင်မှ တိုင်ကြားချက်ကို ဖိုင်တင်သွင်းပြီး ၁-၁၅ ရက်
ခရိုင်တရားရုံး တရားသူကြီးက တရားစီရင်ချက်ကို ကြားနာမှုကိုနိဂုံးချုပ်ချိန် သို့မဟုတ်	၃ ရက် အတွင်း ချမှတ်ပါသည်
အိမ်ရှင်မှ ပိုင်ဆိုင်မှု ပြန်လည်ရယူရန် အမိန့်	အမိန့်ချသည့်နေ့နောက်မှ ၁၀ ရက် ကြာပြီးနောက်
ပိုင်ဆိုင်မှု ရယူရန် အမိန့်စာကို ပေးပို့သည့်ရဲ့အနေဖြင့် နေထိုင်နေသူများက ပရဝုဏ်ပေါ်တွင် နောက်ပါရက်ထက် ကျော်ပြီးနေပါက ၎င်းတို့ကို နှင်ချနိုင်ပါသည် -	ပိုင်ဆိုင်မှု ရယူရန်အမိန့်စာ ကို ပေးပြီးနောက် ၁၀ ရက်အကြာ
တရားစီရင်ချက်က လူနေထိုင်သည့် အိမ်ခြံမြေကို ပိုင်ဆိုင်မှုပြန်လည်ရယူပေးခြင်းအပေါ် သက်ရောက်ပါက နောက်ပါရက်အတွင်း အယူခံဝင်ပါ -	အမိန့်ချပြီးနောက် ၁၀ ရက် အတွင်း
တရားစီရင်ချက်က ငွေကြေးအတွက်ဖြစ်ပါက သို့မဟုတ် လူနေရန်မဟုတ်သည့် အိမ်ခြံမြေကို ပိုင်ဆိုင်မှု ပြန်လည်ရယူခြင်းအတွက် နောက်ပါရက်အတွင်း အယူခံဝင်ပါ -	အမိန့်ချပြီးနောက် ၃၀ ရက် အတွင်း

အမေး နှင့် အဖြေ - နှင်ချခြင်း

ပြောင်းရွှေ့ရန် ကျွန်ုပ် အချိန်ပိုလိုပါသည်။ ကျွန်ုပ်၏ အခြေအနေက တမူထူးခြားပါသည်။ ယင်းက အရေးပါပါသလား။

နေထိုင်ဖို့ နေရာသစ်တစ်ခု ရှာတွေ့ရန် သို့မဟုတ် သင်၏ပိုင်ဆိုင်ပစ္စည်းများကို ပြောင်းရွှေ့ရန် အချိန်ပိုမို တောင်းဆိုရန် အခွင့်အရေး သင့်ထံတွင်မရှိပါ။ တာဝန်ဝတ္တရားများက အိမ်ငှားတိုင်းအတွက် အတူတူဖြစ်ပါသည်။ သင်သည် အသက်အရွယ်ကြီးသူ နိုင်ငံသားတစ်ဦးဖြစ်သည် ဖြစ်စေ သင့်ထံတွင် ကလေးများရှိသည်ဖြစ်စေ အငှားစာချုပ် သို့မဟုတ် သင်သဘောတူထားသည့် စာချုပ်ကို ဖြည့်ဆည်းရန် တရားဝင် ဝတ္တရားတစ်ခု သင့်ထံတွင် ရှိပြီး သင်က စာချုပ်ကိုဖောက်ဖျက်ပါက အိမ်မှနှင်ချရန် သင့်အိမ်ရှင်ထံတွင် တရားဝင်အခွင့်အရေးရှိပါသည်။ အကယ်၍ သင်က အိမ်ငှားခ မပေးပါက အိမ်ရှင်ထံတွင် သင့်အားနှင်ချရန် အခွင့်အရေး လုံးဝ ရှိပါသည်။ သင် နေမကောင်းသောကြောင့် သို့မဟုတ် အလုပ်ပြုတ်သောကြောင့် သို့မဟုတ် အခြား ငွေတောင်းခံလွှာများ ပေးစရာရှိသောကြောင့် အိမ်ငှားခ နောက်ကျပေးသည် ဆိုခြင်းက အရေးမပါပါ။ အချိန်ပိုရရှိရန် သင်၏အိမ်ရှင်နှင့် ညှိနှိုင်းဖို့ ကြိုးစားနိုင်ပါသေးသည်။ အကယ်၍ သင်၏အိမ်ရှင်က အချိန်ပိုမိုပေးရန် သဘောတူပါက သင် ပိုကြာကြာနေနိုင်ကြောင်း ဖော်ပြသည့် သဘောတူညီချက် တစ်ခုကို အိမ်ရှင်အား လက်မှတ်ထိုးခိုင်းပါ။

ကျွန်ုပ်ထံတွင် သွားစရာနေရာမရှိပါ။ ကျွန်ုပ် ဘာလုပ်သင့်ပါသလဲ။

သင့်အနေဖြင့် သင် နှင့် သင် ပိုင်ဆိုင်သောပစ္စည်းများ နှစ်မျိုးလုံးအတွက် နေရာတစ်ခုရှာဖွေဖို့ လိုပါလိမ့်မည်။ သင်၏ ပိုင်ဆိုင်ပစ္စည်းများကို ချန်မထားခဲ့ပါနှင့်။ သင်၏အိမ်ရှင်က ယင်းတို့ကို သင့်အတွက် သိမ်းထားပေးဖို့မလိုပါ၊ အမှန်တကယ်တွင် သင်၏ပိုင်ဆိုင်ပစ္စည်းများကို ချန်ထားခဲ့ပါက အိမ်ရှင်မှ သင့်အား သိုလှောင်ခ ကောက်ခံနိုင်ပါသည်။ အကယ်၍ နေစရာ နေရာတစ်ခု မတွေ့ရှိပါက မိသားစု သို့မဟုတ် မိတ်ဆွေသူငယ်ချင်းများကို ဆက်သွယ်ပါ။ နေစရာ နေရာသစ်တစ်ခု ရှာတွေ့သည်အထိ သင့်ပိုင်ဆိုင်ပစ္စည်းများကို ယာယီသိုလှောင်ရာနေရာတွင် သင် ထားလိုနိုင်ပါသည်။ ဒေသန္တရတွင်း ခိုလှုံရာအမိုးအကာ သို့မဟုတ် အကူးအပြောင်းကာလ အိမ်ရာကိုလည်း သင် ဆက်သွယ်နိုင်ပါသည်။

အိမ်မှ နှင်ချမှုတစ်ခုကို ကျွန်ုပ် ရပ်တန့်နိုင်စွမ်း ရှိပါမည်လား။

အကယ်၍ နှင်ချသည့်အမှုက အိမ်ငှားခ မပေးခြင်းကြောင့်**သာ** ဖြစ်ပါက သင့်အား အမှန်တကယ် အိမ်မှနှင်မချမီ မည်သည့်အချိန်တွင်မဆို တရားရုံး ကုန်ကျစရိတ်များအပါအဝင် ခရိုင်တရားရုံးမှ အမိန့်ချခဲ့သည့် ပမာဏကို ပေးခြင်းဖြင့် အိမ်မှနှင်ချခြင်းကို သင် ရပ်တန့်နိုင်ပါသည်။ ယင်းအား ငွေပေးပါက နေပါ အခွင့်အရေး ဟုခေါ်ပါသည်။ အိမ်ရှင်က **ပိုင်ဆိုင်မှုပြန်လည်ရယူရန်အမိန့်** တစ်ခု တောင်းဆိုပါက တရားရုံးကုန်ကျစရိတ်က မြင့်တင်သွားနိုင်ပါသည်၊ သို့ဖြစ်ပါ၍ တတ်နိုင်သလောက် မြန်မြန် ပေးဆောင်ခြင်းက အကောင်းဆုံးဖြစ်သည်။ သင် တင်ရှိသောအကြွေးအတွက် ငွေပေးချေမှုများ ပြုလုပ်ရန် အိမ်ရှင်နှင့် သဘောတူညီချက်တစ်ခု ရောက်ရှိဖို့လည်း သင်ကြိုးစားနိုင်ပါသည်။ အကယ်၍ သဘောတူညီချက်တစ်ခု ရောက်ရှိအောင် သင်စွမ်းဆောင်နိုင်ပါက ယင်းအား စာဖြင့်ရေးသားပြီး ရယူကြောင်း သေချာအောင်လုပ်ပါ၊ သို့မှသာ အိမ်ရှင်က သင့်အား နှင်ချရန် ကြိုးစားပါက သင့်ထံတွင် သက်သေရှိပါလိမ့်မည်။

ကျွန်ုပ်၏အိမ်ရှင်က အိမ်သော့ပိတ်ပြီး ကျွန်ုပ်အား အိမ်ပြင်တွင်ထားရန် ခြိမ်းခြောက်ခဲ့သည်။ ဒါကို ၄င်းတို့ လုပ်နိုင်ပါသလား။

တရားရုံးအမိန့်တစ်ခုမပါပဲ အိမ်ရှင်က သင့်အား လူနေအိမ်ခန်း သို့မဟုတ် နေအိမ် အပြင်တွင် သော့ခတ်ပိတ်ထားရန် ခွင့်မပြုပါ။ ယင်းကို **မိမိသဘောဖြင့်** အိမ်မှနှင်ချခြင်း တွင် ကိုးကားကြည့်ရှုပါ။ အကယ်၍ အိမ်ငှားတစ်ဦးအား အိမ်မှနှင်ချရာတွင် အိမ်ရှင်မှ မှန်ကန်နေသည့်တိုင် မိမိသဘောဖြင့် အိမ်မှနှင်ချခြင်းက တရားမဝင်ပါ။ အိမ်ရှင်တစ်ဦးမှ **လုပ်ရမည်မှာ** အငှားစာချုပ်အရ လိုအပ်သည့်အတိုင်း နှင့် ခရိုင်တရားရုံးဖြင့် အိမ်မှနှင်ချခြင်းအတွက် သင့်လျော်သည့် လုပ်ထုံးလုပ်နည်းမှတဆင့်သွားရန် အိမ်ငှားအား **အိမ်မှဆင်းပေးရန် အသိပေးစာ**ကို ပေးအပ်ခြင်းဖြစ်သည်။ ရဲ သို့မဟုတ် ရဲအရာရှိ တစ်ဦးကသာ အိမ်ငှား၏ ပိုင်ဆိုင်ပစ္စည်းတစ်ခုကို တရားဝင်ဖယ်ရှားနိုင်ပြီး တရားရုံးအမိန့်ဖြင့် အိမ်ငှားအား အိမ်ပြင်တွင်သော့ခတ်ထားနိုင်ပါသည်

တရားမဝင်သည့် မိမိသဘောဖြင့် နှင်ချခြင်းအတွက် ဥပမာများတွင် ပါဝင်သည်မှာ -

- သံကြိုးပတ်ပြီး သော့ခတ်ခြင်း သို့မဟုတ် သော့ခလောက်များ ပြောင်းခြင်း
- သင်၏ကိုယ်ပိုင်ပစ္စည်းကို အိမ်ခြံမြေပေါ်မှ ဖယ်ရှားခြင်း
- သင်၏ရေမီးအားလုံးသို့မဟုတ်အချို့ကိုပိတ်ခြင်း
- အိမ်တံခါး သို့မဟုတ် ပြတင်းပေါက်များကို ဖယ်ရှားခြင်း

မှတ်ချက် - အခန်းငှားသည့်အိမ်များအတွက် စည်းမျဉ်းများက ကွဲပြားပါသည်။ အခန်းငှားသည့် အိမ်များကို ဟိုတယ်များအဖြစ် သတ်မှတ်ဆက်ဆံပါသည်။ အကယ်၍ အိမ်ငှားက အခန်းတစ်ခန်းကို ငှားထားပြီး ယင်းအတွက် အငှားခမပေးပါက အိမ်ရှင်အနေဖြင့် ယင်းအခန်းတံခါးကို သံကြိုးပတ်သော့ခတ်နိုင်ပါသည်။ အကယ်၍ သင်နေထိုင်ရသည့်အခြေအနေက အခန်းငှားသည့်အိမ်တစ်ခု၏ အဓိပ္ပါယ်သတ်မှတ်ချက်နှင့် ကိုက်ညီပါက အိမ်ငှားများ၏ အခွင့်အရေးများ အဖွဲ့အစည်း သို့မဟုတ် တရားရေးအထောက်အကူ တစ်ခုထံ ဖုန်းခေါ်ဆိုပါ။ အိမ်ရှင်က အိမ်ခြံမြေကို အခန်းငှားသည့်အိမ်တစ်လုံး သို့မဟုတ် ဘော်ဒါဆောင်ဟု ခေါ်ဆိုရုံမျှကြောင့် ၄င်းတို့ထံ၌ ပန်ဆိုင်လ်ဗေးနီးယား အိမ်ရှင် အိမ်ငှားအက်ဥပဒေ အောက်တွင် အကာအကွယ်အချို့ မရှိဟု မဆိုမဖြစ် ဆိုရမည်မဟုတ်ပါ။

အိမ်ရှင်က မိမိသဘောဖြင့် အိမ်မှနှင်ချခြင်းလုပ်ဆောင်သည့်အတွက် အိမ်ငှားထံတွင် ဖြစ်အောင်လုပ်ဆောင်နိုင်သည့် ရွေးချယ်စရာအချို့ ရှိပါသည်။ သင်၏ရွေးချယ်စရာများနှင့် ပတ်သက်ပြီး ရှေ့နေတစ်ဦးအား တိုင်ပင်ပါ။

1. ရဲကို ခေါ်ဆိုပါ။ ပရဝုဏ်အတွင်း နေထိုင်ရန် သင့်ထံတွင်အခွင့်အရေးတစ်ခုရှိကြောင်း ပြသရန် သင်လိုအပ်ပါလိမ့်မည်။ သို့ဖြစ်ပါ၍ ယင်းသို့ဖြစ်နိုင်သည်ဟု သင်မျှော်မှန်းထားပါက သင်၏အငှားစာချုပ် မိတ္တူတစ်စောင် နှင့် လက်ရှိ ရေမီး အသုံးစရိတ်တောင်းခံလွှာများကို အိမ်ပြင်ပ - သင်၏ ကားတွင်း သို့မဟုတ် ပိုက်ဆံအိတ် စသဖြင့်တို့အတွင်း သိမ်းထားပါ။ အချို့သော ရဲဌာနများက သင့်အား အိမ်ခန်းတွင်း ပြန်လည်ရောက်ရှိစေရန် အိမ်ရှင်နှင့်သင့်အကြား ကြားဝင်ပေးပြီး အချို့သော ရဲဌာနများက ပါဝင်စွက်ဖက်ရန် ငြင်းဆန်ပါလိမ့်မည်။ ယဉ်ယဉ်ကျေးကျေးနေပြီး စိတ်အေးလက်အေးထားပါ။
2. အကူအညီရရှိရန်အတွက် တရားရေးရာ အထောက်အကူ သို့မဟုတ် ပုဂ္ဂလိကရှေ့နေတစ်ဦးအား ဖုန်းခေါ်ဆိုပါ။
3. သာမန်အသနားခံလွှာများအတွက် တရားရုံးမှ တရားသူကြီးက အိမ်ရှင်အား ဆန့်ကျင်သည့် အမိန့်တစ်ခု ထုတ်ပြန်ပေးရန် တောင်းဆိုပါ။ ယင်းဖြစ်ရပ်တွင် အမိန့်တစ်ခုသည် အိမ်ရှင်အား သင်၏နေအိမ်တွင်း ပြန်လည်နေထိုင်ခွင့်ပြုပြီး သင်၏ရေမီး များကို ပြန်ဖွင့်ပေးရန် နှင့်/သို့မဟုတ် သင်၏နေအိမ်ကို သင်မှ တရားဝင်အသုံးပြုမှုကို စွက်ဖက်နှောင့်ယှက်ခြင်းမှ ရပ်တန့်ရန် ညွှန်ကြားသည့် တရားရုံးအမိန့် ဖြစ်နိုင်ပါသည်။
4. အိမ်ရှင်ထံမှ အမှန်တကယ် ပျက်စီးဆုံးရှုံးမှုများအတွက် ကောက်ခံရန် တောင်းဆိုပါ။ အမှန်တကယ် ပျက်စီးဆုံးရှုံးမှုများဆိုသည်မှာ သင်ခံစားခဲ့ရကြောင်း သက်သေပြနိုင်သည့် ဆုံးရှုံးမှုများအားလုံး ဖြစ်နိုင်ပါသည်။ ဥပမာ - သင်၏အိမ်ရှင်က အိမ်သော့ပိတ်ပြီး သင့်အား အိမ်ပြင်ဖက်တွင်ထားမှုကြောင့် သင့်အား အတင်းအကျပ်ပြောင်းရွှေ့ရစေခဲ့ပါက ဟိုတယ်ခန်းအတွက် ကျိုးကြောင်းလျော်ညီသည့် ကုန်ကျစရိတ်တစ်ခု ဖြစ်နိုင်ပါသည်။
5. အကယ်၍ အိမ်ရှင်၏လုပ်ဆောင်ချက်က လွန်လွန်ကျူးကျူးဖြစ်ခဲ့ပြီး စိတ်ပိုင်းဆိုင်ရာ ဆင်းရဲဒုက္ခ နှင့် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှု ဆိုးဆိုးရွားရွား ဖြစ်စေခဲ့ပါက အပြစ်ပေးခံရစေနိုင်သော ပျက်စီးဆုံးရှုံးမှုများကို ရှာယူပါ။

အိမ်ခြံမြေပေါ်မှ နှင်ချခံခဲ့ရပြီးနောက် သို့မဟုတ် ပြောင်းရွှေ့ထွက်ခွာပြီးနောက် ကျွန်ုပ်၏ ပိုင်ဆိုင်ပစ္စည်းများကို မည်သို့ ပြန်လည်ရရှိနိုင်ပါသလဲ။

အကယ်၍ သင်က လောလောလတ်လတ် အငှားအိမ်ခြံမြေတစ်ခုမှ ပြောင်းရွှေ့ထွက်ခွာခဲ့ပါက သို့မဟုတ် နှင်ချခံခဲ့ရပါက သင်ချန်ထားခဲ့သည့် သင်၏ကိုယ်ပိုင်ပစ္စည်းပစ္စယများကို ကန့်သတ်ကာလတစ်ခုအတွင်း ပြန်လည်ရယူနိုင်ပါသည်။

အကယ်၍ သင်သည် အငှားအိမ်ခြံမြေတစ်ခုမှ နှင်ချခံခဲ့ရပါက သို့မဟုတ် ပြောင်းရွှေ့ထွက်ခွာခဲ့ပါက သင်၏အိမ်ရှင်ကို ဆက်သွယ်ရန် သင့်ထံတွင် **ဆယ်ရက်** အချိန်ရှိပြီး သင် ချန်ထားခဲ့သည့် ကိုယ်ပိုင်ပစ္စည်းများကို ပြန်လည်ရယူရန် ရည်ရွယ်ကြောင်း အိမ်ရှင်သိအောင်

လုပ်ပါ။ ချန်ထားခဲ့သည့် မည်သည့်ကိုယ်ပိုင်ပစ္စည်းမဆိုကို ပြန်လည်ရယူရန် သင်၏ရည်ရွယ်ချက်အကြောင်းကို သင်၏အိမ်ရှင်အား ဖုန်းခေါ်ဆိုခြင်းဖြင့်လည်းကောင်း စာတစ်စောင်ပို့ခြင်းဖြင့်လည်းကောင်း အသိပေးသင့်ပါသည်။ သင့်အိမ်ရှင်ထံသို့ ပို့ခဲ့သည့်စာအတွက် မိတ္တူတစ်စောင်ကို သိမ်းထားပါ။ အကယ်၍ အိမ်မှ နှင်ချခံရပြီးနောက် သို့မဟုတ် သင်၏ကိုယ်ပိုင်ပစ္စည်းများကို ချန်ထားခဲ့ကြောင်း အိမ်ရှင်ထံမှ အသပေးစားတစ်စောင် လက်ခံရရှိပြီးနောက် သင်က အိမ်ရှင်ကို ပထမ ၁၀ ရက်အတွင်း မဆက်သွယ်ပါက အိမ်ရှင်အနေဖြင့် ကိုယ်ပိုင်ပစ္စည်းအားလုံးကို စွန့်ပစ်နိုင်ပါသည်။

သင်၏ ပိုင်ဆိုင်ပစ္စည်းများကို ရယူလိုကြောင်း ကြေငြာ၍ သင်၏အိမ်ရှင်အား ဆက်သွယ်ပြီးနောက် သင် အိမ်မှ နှင့်ချခံခဲ့ရသည့်နေ့ သို့မဟုတ် သင်၏ကိုယ်ပိုင်ပစ္စည်းများကို ပြန်လည်ရယူရန် သင့်အား အိမ်ရှင်မှ အသိပေးစာတွင်ပါရှိသည့် စာတိုက်တံဆိပ်ပါ နေ့စွဲမှ **ရက်ပေါင်း ၃၀** အချိန်ရှိပါသည်။

အကယ်၍ သင်က ရွှေ့ပြောင်းထွက်ခွာခဲ့ပြီးဖြစ်ကာ သင်၏ကိုယ်ပိုင်ပစ္စည်းများကို ချန်ထားခဲ့ပါက အိမ်ရှင်အနေဖြင့် ကိုယ်ပိုင်ပစ္စည်းများ သင်ချန်ထားခဲ့ကြောင်း သင့်အားအကြောင်းကြားသည့် အသိပေးစာကို ပို့ပေးရမည်။ အကယ်၍ သင်၏အိမ်ရှင်အား သင်က ရှေ့ဆက်ပို့ရမည့်လိပ်စာတစ်ခု မပေးခဲ့ပါက အသိပေးစာကို သင်၏လိပ်စာဟောင်းသို့ ပို့ပါလိမ့်မည်။ အကယ်၍ သင့်အား အိမ်မှနှင်ချပါက သင်၏အိမ်ရှင်အနေဖြင့် သင်၏ကိုယ်ပိုင်ပစ္စည်းများကို ချန်ထားခဲ့ကြောင်း အသိပေးစာ သင့်ထံသို့ပို့ပေးရန် **မလိုပါ**။ သင်၏အိမ်ရှင်ကို သင့်ဖာသာ ဆက်သွယ်ရပါလိမ့်မည်။

သင့်အား အိမ်မှနှင်ချပြီးနောက် သို့မဟုတ် သင်၏ အိမ်ခြံမြေမှ ထွက်ခွာရန် သင့်ထံပို့သည့် သင့်အိမ်ရှင်၏ အသိပေးစာပါ စာတိုက်တံဆိပ် နေ့စွဲမှ ၁၀ ရက်အကြာတွင် သင်၏ပိုင်ဆိုင်ပစ္စည်းများကို သိုလှောင်ထားရန်အတွက် အိမ်ရှင်မှ အခကြေးတစ်ခု စတင်ကောက်ခံနိုင်ပါသည်။

အမေး နှင့်အဖြေ - ခရိုင် တရားရုံး

ခရိုင် တရားသူကြီးတစ်ဦး ဆိုသည်မှာ ဘယ်သူပါလဲ။

ခရိုင် တရားသူကြီးတစ်ဦးဆိုသည်မှာ အိမ်ရှင်-အိမ်ငှား အကြောင်းကိစ္စများ ကဲ့သို့သော အရပ်သားတရားစွဲဆိုမှုအသေးစားများကို ဆုံးဖြတ်ပေးနိုင်သည့် ဒေသတွင်း ရွေးကောက်တင်မြှောက်ထားသည့် အရာရှိတစ်ဦးဖြစ်ပါသည်။ ခရိုင် တရားသူကြီးကို တရားသူကြီး သို့မဟုတ် ငြိမ်းချမ်းရေးအတွက် တရားစီရင်သူတစ်ဦးအဖြစ် ယခင်က ခေါ်ဆိုလေ့ရှိခဲ့သည်။

ကျွန်ုပ် ရှေ့နေတစ်ဦး လိုအပ်ပါသလား။

မလိုပါ။ ကြားနာမှုတွင် ရှေ့နေများ မလိုအပ်ပါ။ သို့သော်လည်း သင်က ရှေ့နေတစ်ဦးရှိနေခြင်းကို ဦးစားပေးလိုပါက တစ်ဦးရယူနိုင်ပြီး ကြားနာမှုသို့ ခေါ်လာနိုင်ပါသည်။

ခရိုင်တရားရုံး ကြားနာမှုသို့ ကျွန်ုပ်သွားသင့်ပါသလား။

တက်ရောက်သင့်ပါသည်။ ကြားနာမှုသို့ သင်နောက်ကျ ရောက်ရှိပါက သို့မဟုတ် တက်ရောက်ရန် ပျက်ကွက်ပါက သင့်အားဆန့်ကျင်သည့် တရားစီရင်ချက်တစ်ခု အလိုလိုဝင်ရောက်နိုင်ပါသည်။ ဆိုလိုသည်မှာ သင် ကိုယ်တိုင်လာရန် ပျက်ကွက်ပါက ကြားနာမှုကို သင်လက်လွတ်ပြီး သင့်အားဆန့်ကျင်သည့် တရားစီရင်ချက်ဝင်ရောက်မှုအတွက် ပေးချေရန် လိုအပ်နိုင်ပါသည်။ တရားရုံးမှမဟုတ်ပဲ အခြားတစ်ဦးဦးက ကြားနာမှုကို ပယ်ဖျက်သည်ဟု ပြောသည့်တိုင် ကြားနာမှုတွင် သင်ရှိနေရန်က အရေးပါပါသည်။ ကြားနာမှုက သင်၏ခုခံချေပမှု သို့မဟုတ် အခြားပါတီကိုဆန့်ကျင်ပြီး တန်ပြန်တိုင်ကြားချက် တင်ပြရန် အခွင့်အရေးလည်း ထပ်ဆောင်းပြီး ပေးပါသည်။ အကယ်၍ သင်က စီစဉ်ထားသည့်နေ့စွဲတွင် ကြားနာမှုသို့ မသွားနိုင်ပါက သို့မဟုတ် အရေးပေါ်ကိစ္စတစ်ရပ်ပေါ်လာပါက ခရိုင်တရားရုံး၏ ရုံးခန်းကို ဖုန်းခေါ် ပြီး ကြားနာမှုကို နောက်ထပ်ပြန်စီစဉ်နိုင် မစီစဉ်နိုင် မေးမြန်းပါ။

အကယ်၍ သင့်ထံတွင် ကြားနာမှုသို့ရောက်ရှိချိန် နောက်ကျရသည့် သို့မဟုတ် လွတ်သွားရသည့်အကြောင်းရင်းကောင်းတစ်ခုရှိပါက ပုံသေတရားစီရင်ချက်အကြောင်း သိရှိပြီးသည်နှင့် အသနားခံစာတစ်စောင် ချက်ချင်းဖိုင်တင်သွင်းရမည်ဖြစ်ပြီး သင့်ထံတွင် ခုခံချေပမှုရန် တရားဝင်၊ ထိုက်တန်သော စောဒကတစ်ခုရှိရမည်။

"ခုခံချေပမှု" တစ်ခုဆိုသည်မှာ ဘာပါလဲ။

ခုခံချေပမှု တစ်ခုဆိုသည်မှာ သင့်အားဆန့်ကျင်ယူဆောင်သည့် စွပ်စွဲချက် မမှန်ကန်ဟုပြသည့် သင်၏အကြောင်းပြချက်(များ) ဖြစ်သည်။ သင်၏ ခုခံချေပမှုကို တင်ပြနိုင်စွမ်းရှိရန် အလို့ငှာ မည်သည့်စာရွက်စာတမ်းများမဆိုကို သင်ဖိုင်တင်သွင်းရန် လိုအပ်ပါလိမ့်မည်။ ဖြစ်လေ့ရှိသော ခုခံချေပမှုတစ်ခုဆိုသည်မှာ အိမ်ရှင်တစ်ဦးက အိမ်ငှားအား အငှားအခန်းမှ ထွက်ခွာရန် အငှားစာချုပ်နှင့်လျော်ညီသည့် အသိပေးချက်မပေးခြင်းဖြစ်သည်။ အကယ်၍ သင့်ထံတွင် စာဖြင့်ရေးသားထားသည့် အငှားစာချုပ်တစ်ခုရှိပါက ဥပဒေအရ အိမ်ရှင်အနေဖြင့် သင့်အား အငှားစာချုပ်နှင့်လျော်ညီသည့် အသိပေးချက်ပေးရန် လိုအပ်ပါသည်။ အကယ်၍ သင့်ထံတွင် စာဖြင့်ရေးသားထားသည့် အငှားစာချုပ်တစ်ခု မရှိပါက အိမ်ရှင်အနေဖြင့် သင့်အားပေးရမည့် အချိန်ပမာဏကို ဥပဒေက ထုတ်ထားပြီးဖြစ်သည်။ *အိမ်မှ နှင်ချသည့် အသိပေးစာ အချိန်ဇယားများကို ကြည့်ပါ။* အခြား ဖြစ်လေ့ရှိသော ခုခံချေပမှုတစ်ခုမှာ လူနေအိမ်ခန်း၌ ဆိုးဆိုးရွားရွား ချွတ်ယွင်းချက်များ ရှိနေခြင်းဖြစ်သည်။ သင်၏ ခုခံချေပမှုက ဘာပဲဖြစ်စေ သင်၏ခုခံချေပမှုကို သက်သေပြရန် စာရွက်စာတမ်း နှင့်/သို့မဟုတ် သက်သေများ သင် လိုအပ်ပါလိမ့်မည်။

တရားလို တစ်ဦးဆိုသည်မှာ ဘာပါလဲ။

တရားလိုတစ်ဦးဆိုသည်မှာ ခုခံချေပသူအား စွဲဆိုနေသည့် တရားစွဲဆိုမှုကို ဆောင်ယူသူဖြစ်သည်။ ခုခံချေပသူဆိုသည်မှာ တရားစွဲခံရသူဖြစ်သည်။

"တန်ပြန်တိုင်ကြားမှု" တစ်ခုဆိုသည်မှာ ဘာပါလဲ။

တန်ပြန်တိုင်ကြားမှုတစ်ခု ဆိုသည်မှာ အခြားပါတီက သင့်ထံ ငွေအကြွေးတင်မှုရှိသည်ဟု တိုင်ကြားချက်တစ်ခုဖြစ်သည်။ ဥပမာ အိမ်ငှားက နေထိုင်ရာနေရာကို လူနေထိုင်ရန်သင့်တော်အောင် ပြုလုပ်ရန် အလို့ငှာ ပြင်ဆင်မှုများအတွက် (အိမ်ရှင်အား အသိပေးပြီးနောက်) ငွေပေးချေခဲ့ပြီး အိမ်ရှင်က ကုန်ကျစရိတ်များအတွက် အိမ်ငှားအား ငွေအစားပြန်မပေးပါက အိမ်ငှားအနေဖြင့် တန်ပြန်တိုင်ကြားချက်တစ်ခု ဖိုင်တင်သွင်းနိုင်ပါသည်။ ယင်းအား ခရိုင်တရားရုံး၏ ရုံးခန်းတွင် **အရပ်သား တိုင်ကြားချက်ပုံစံ**တစ်ခုဖြင့် ဖိုင်တင်သွင်းရမည်။ တန်ပြန်တိုင်ကြားချက်ကို ဖိုင်တင်သွင်းခြင်းအတွက် အခကြေးမရှိပါသော်လည်း ယင်းတန်ပြန်တိုင်ကြားချက်ကို အခြားပါတီအားကိုယ်ထိလက်ရောက် ပေးပို့ခြင်းအတွက် ကုန်ကျစရိတ်ကို တန်ပြန်တိုင်ကြားချက် ဖိုင်တင်သွင်းသူမှ ပေးချေရပါမည်။ အကယ်၍ တန်ပြန်တိုင်ကြားချက်တစ်ခု ဖိုင်တင်သွင်းရန် သင်စီစဉ်နေပါက ကြားနာမှုအတွက် အသိပေးစာ သင်လက်ခံရရှိသည်နှင့် တပြိုင်နက် ပြုလုပ်သင့်ပါသည်။ အိမ်ရှင်၏ တိုင်ကြားချက် နှင့် သင်၏ တန်ပြန်တိုင်ကြားချက် နှစ်ခုစလုံးကို ကြားနာမှုတွင် ဆုံးဖြတ်ပါလိမ့်မည်။

ကျွန်ုပ်၏ ကြားနာမှုအတွက် ကျွန်ုပ်မည်သို့ ပြင်ဆင်ထားသင့်ပါသလဲ။

အကယ်၍ သင့်ထံတွင် ရှေ့နေတစ်ဦးရှိပါက ကြားနာမှုတွင် တင်ပြမည့် အချက်အလက်များကို သင်၏ရှေ့နေနှင့်အတူ အပြန်ပြန်အလှန်လှန် ကြည့်ရှုသင့်ပါသည်။ သင့်ထံတွင် ရှေ့နေတစ်ဦး မရှိပါက အရေးကြီးသောအချက်များအတွက် စာရင်းတစ်ခုပြုစုပြီး ဖြစ်ပျက်ခဲ့သည့်အရာများအတွက် အစဉ်အလိုက် ထင်ထင်ရှားရှားဖော်ပြချက်တစ်ခု ပြုလုပ်ပါ။ တိုတို နှင့် လိုရင်းဖြစ်ပါစေ။ သက်သေ အကြောင်းအရာတစ်ခုချင်းစီကို ရှင်းပြရန် အဆင်သင့်ပြင်ထားပါ။ အမှုကိစ္စကို သင့်ဖက်မှအမြင်ဖြင့် ပြောပြရန် လေ့ကျင့်ပါ။ အကယ်၍ ဓာတ်ပုံများရိုက်ထားပါက ယင်းဓာတ်ပုံများကို ကြားနာမှုသို့ ယူဆောင်လာရန် လိုအပ်ပါသည်။ မည်သူက ဓာတ်ပုံများ ရိုက်ယူခဲ့ကြောင်း နှင့် ယင်းဓာတ်ပုံများကို မည်သည့်အချိန်တွင် ရိုက်ယူခဲ့ကြောင်း ပြောပြနိုင်စွမ်း ရှိသင့်သည်။ ကြားနာမှုသို့ ကြည့်အကောင်းဆုံးဖြစ်အောင် ဝတ်ဆင်ပြီး အချိန်မီရောက်အောင်သွားပါ။

ကြားနာမှုတွင် ဘာဖြစ်ပါမလဲ။

ကြားနာမှုတွင် သက်သေခံချက်အားလုံးကို ကျမ်းကြိမ်မှုအောက်တွင် ပြုလုပ်ပါသည်။ တရားလို (သင့်အား တရားစွဲသူ) အား အရင် သက်သေထွက်ခွင့်ပြုပါသည်။ တရားလိုကိုယ်စား သက်သေများကလည်း သက်သေထွက်ချက်ပေးနိုင်ပါသည်။ တရားလိုမှ သက်သေထွက်မှု

ပြီးဆုံးသွားပြီးနောက် သက်သေထွက်ခဲ့သည့်လူများအတွက် မေးခွန်းများမေးရန် အခွင့်အလမ်းတစ်ခုရှိပါသည်။ ၎င်းတို့အား မေးခွန်းများမေးကိုမေးရန် မလိုအပ်ပါ။ သင်၏အမှုကိစ္စ နှင့် သက်သေများကို တင်ပြရန်အခွင့်အလမ်းတစ်ခု သင့်ကိုလည်း ပေးပါလိမ့်မည်။ "ကျွန်ုပ်ရဲ့ ခုခံချေပခွင့်ကို တင်ပြလိုပါတယ် တရားသူကြီးမင်း ခင်ဗျား/ရှင်" သို့မဟုတ် "မစ္စတာ သို့မဟုတ် မစ္စ X အား မေးခွန်းများမေးလိုပါတယ် တရားသူကြီးမင်း ခင်ဗျား/ရှင်" ဟု ပြောပါ။ သင် နှင့် သင်၏သက်သေများအား ခရိုင်တရားသူကြီး သို့မဟုတ် တရားလိုမှ မေးခွန်းများမေးနိုင်ပါသည်။

သင့်ကိုယ်အမူအရာ တည်ငြိမ်ပြီး ယဉ်ကျေးအောင် ထိန်းသိမ်းထားရန် သတိရပါ။ တိုတို နှင့် လိုရင်းဖြစ်ပါစေ။ တောင်းစဉ်ရေမရ မပြောပါနှင့်၊ မဟုတ်ပါက တရားသူကြီးက သင့်အား ကြားဖြတ်ပါလိမ့်မည်။ သင်၏မေးခွန်းများ နှင့် မှတ်ချက်များအားလုံးကို တရားသူကြီးအား "တရားသူကြီးမင်း" ဟု ခေါင်းစဉ်တပ်ပြီး တရားဝင်အခန်းအနားပုံစံမျိုးဖြင့် ပြောဆိုပါ။ အကယ်၍ သင်က အခြားပါတီအား မေးခွန်းတစ်ခုမေးရန် ဆန္ဒရှိပါက မေးခွန်းမေးရန် တရားသူကြီးထံမှ ခွင့်ပြုချက် အရင်တောင်းခံပါ။ တရားသူကြီး သို့မဟုတ် အခြားပါတီအား ကြားဖြတ်မပြောပါနှင့်။ သင် စကားပြောရန် နှင့် သင်၏ အမှုကိစ္စအကြောင်းကိုရှင်းပြရန် အခွင့်အရေးတစ်ခု ရှိပါလိမ့်မည်။

သက်သေတစ်ဦးမှ ပြောနေသောအရာတစ်ခုကို ကျွန်ုပ် ကန့်ကွက်နိုင်ပါသလား။

ဆင့်ခေါ် နိုင်ပါသည်။ အသုံးအများဆုံး ကန့်ကွက်ချက်နှစ်ခုမှာ ကျိုးကြောင်းဆက်စပ်မှု နှင့် ကြားဖူးနားဝ ဖြင့်ပြောခြင်းတို့ဖြစ်သည်။

ကျိုးကြောင်းဆက်စပ်မှု နှင့်ပတ်သက်ပြီး ကန့်ကွက်ခြင်း - တင်ပြသည့်အချက်အလက်သည် ကြားနာမှုမှ ဖြေရှင်းရန် ကြိုးစားနေသည့် အခြေအနေနှင့် ဆက်စပ်မှုမရှိပါက အိမ်ငှား သို့မဟုတ် အိမ်ရှင်အနေဖြင့် ကန့်ကွက်နိုင်ပါသည်။ ဥပမာ - အိမ်ရှင်က သင်၏ အကို/ညီ/မောင် သည် လွန်ခဲ့သော ၁၀ နှစ် က ရိုက်နှက်မှုကြောင့် အဖမ်းခံခဲ့ရသည်ဟု သက်သေထွက်ခြင်းဖြစ်သည်။ ယဉ်ကျေးသော်လည်း ပြတ်ပြတ်သားသားပြောပါ။ "တရားသူကြီးမင်းခင်ဗျား၊ ကျွန်တော်/မ ကန့်ကွက်ပါတယ်။ ဒါက ကျိုးကြောင်း မဆက်စပ်ပါဘူး။"

ကြားဖူးနားဝ ပြောခြင်းကို ကန့်ကွက်ခြင်း - ကြားနာမှုတွင် ရှိမနေသူများမှ ပြုလုပ်ခဲ့သည့် ဖော်ပြချက်များအကြောင်း သက်သေထွက်ခြင်းများကိုလည်း သင် ကန့်ကွက်နိုင်ပါသည်။ ယင်းအား "ကြားဖူးနားဝ ပြောခြင်း" ဟုခေါ် ပြီး ခွင့်မပြုသင့်ပါ။ ဥပမာ - သက်သေတစ်ဦးက သင် တံခါးကို ချိုးဖျက်နေသည်ကို သူမ မြင်ခဲ့ကြောင်း အိမ်နီးချင်းတစ်ဦးမှ သူ့ကိုပြောခဲ့သည်ဟု သက်သေထွက်ခြင်းဖြစ်သည်။ "တရားသူကြီးမင်း ခင်ဗျား/ရှင်၊ ကျွန်တော်/မ ကန့်ကွက်ပါတယ်။ ဒါက ကြားဖူးနားဝပြောနေတာဖြစ်ပါတယ်" ဟုပြောပါ။

တင်ပြနေသော သက်သေခံထွက်ချက်ကို ဥပဒေအရ ကန့်ကွက်မှုတစ်ခု သင်လုပ်နေခြင်း မဟုတ်ပါက ခရိုင်တရားသူကြီးအား ကြားဖြတ်မပြောမိအောင် ဂရုစိုက်ပါ။

စာရွက်စာတမ်းများ ကျွန်ုပ် ယူလာနိုင်မလား။

ယူလာနိုင်ပါတယ်။ သင်အမှုကိစ္စကို သက်သေပြရာတွင် ကူညီနိုင်သည့် စာရွက်စာတမ်းတစ်ခုခုကို ယူလာနိုင်ပါသည်။ အမှုကိစ္စအတွက် အရေးကြီးသည့် မည်သည့်စာရွက်စာတမ်းမဆိုကို ကြားနာမှုတွင် တင်ပြရပါမည်။ ခရိုင်တရားသူကြီးက အိမ်သို့ပြန်ပြီး ကြားနာမှုသို့ ယူလာရန် သင်မေ့ကျန်ခဲ့သည့် စာရွက်စာတမ်းတစ်ခုခုကို ပြန်ယူရန် အခွင့်အရေး ပေးမည်မဟုတ်ပါ။ စာဖြင့်ရေးသားထားသည့် ဖွင့်ဟချက်တစ်ခုကို အခြားပါတီတစ်ခုက ကန့်ကွက်ပါက ခရိုင်တရားသူကြီးက ကြားနာမှုသို့ မလာသည့် လူများထံမှ စာဖြင့်ရေးသားဖွင့်ဟချက်ကို သက်သေခံအဖြစ် မသတ်မှတ်နိုင်ပါ။ အကယ်၍ တစ်စုံတစ်ယောက်က အမှုကိစ္စနှင့်ပတ်သက်ပြီး အရေးကြီးသည့်အရာ တစ်ခုခုရှိပါက သူ/သူမ အနေဖြင့် ကြားနာမှုသို့ တက်ရောက်ရန် လိုပါလိမ့်မည်။

သို့သော်လည်း သင်၏ခုခံချေပမှု သို့မဟုတ် တန်ပြန်တိုင်ကြားချက်ကို သက်သေပြရာတွင် အကူအညီပေးပါက ခရိုင်တရားသူကြီးက ငွေတောင်းခံလွှာ၊ ခန့်မှန်းချေ၊ ငွေလက်ခံဖြတ်ပိုင်း၊ ပယ်ဖျက်သည့် ချက်လက်မှတ် သို့မဟုတ် ဘဏ်ငွေစာရင်းမှတ်တမ်းတစ်ခုကို ထည့်သွင်းစဉ်းစားနိုင်ပါသည်။ သင်၏ အငှားစာချုပ် နှင့် သင်နှင့် သင့်အိမ်ရှင်အကြား ကျိုးကြောင်းဆက်စပ်သည့် စာပေးစာယူတစ်ခုခုကို ယူလာကြောင်း သေချာပါစေ။ ဓာတ်ပုံများ နှင့် သက်သေများကို ဆောင်ယူလာပါ။

ကြားနာမှုတွင် ကိုယ်ထင်ပြရန် တစ်ဦးဦးကို ကျွန်ုပ် ဆင့်ခေါ် နိုင်ပါသလား။

ဆင့်ခေါ် နိုင်ပါသည်။ သက်သေများကို ဆင့်ခေါ်ရန် သင့်ထံတွင် အခွင့်အရေးရှိပါသည်။ သင်၏ လူနေအိမ်ခန်း၏အခြေအနေအကြောင်း သက်သေထွက်ချက်ပေးရန် ကုဒ်တင်းကျပ်ရေး အရာရှိ သို့မဟုတ် အိမ်ရာ ကြည့်ရှုစစ်ဆေးသူ သို့မဟုတ် ပြင်ဆင်သူတစ်ဦးအား ဆင့်ခေါ်ရန် သင် ဆန္ဒရှိနိုင်ပါသည်။ ဆင့်ခေါ်စာတစ်စောင်ဆိုသည်မှာ ၎င်းတို့ မလာလိုသည့်တိုင် လူတစ်ဦးအား တရားရုံးသို့ လာရောက်ပြီး သက်သေထွက်ရန် လိုအပ်စေသည့် စာရွက်စာတမ်းတစ်ခုဖြစ်ပါသည်။ သက်သေကို သင်၏ ခုခံချေပမှု သို့မဟုတ် တန်ပြန်တိုင်ကြားချက်အတွက် သက်သေပြရန်လိုအပ်သည့် အချို့သော စာရွက်စာတမ်းများ ယူလာရန်လည်း ဆင့်ခေါ် နိုင်ပါသည်။ တရားရုံးကြားနာချက်အတွက် ၎င်းတို့ကို သက်သေမှ အချိန်မှီရရှိကြောင်း သေချာစေရန် တတ်နိုင်သလောက် မြန်မြန် ဆင်ခေါ်စာများကို ရယူပြီး ကိုယ်ထိလက်ရောက်ပေးသင့်ပါသည်။

ကြားနာမှုအပြီးတွင် ဘာဖြစ်ပါသလဲ။

ခရိုင်တရားသူကြီးက ကြားနာမှုတွင် ဆုံးဖြတ်ချက်တစ်ခု ပြုပါလိမ့်မည် သို့မဟုတ် သုံး (၃) ရက်အတွင်း စာဖြင့် ပို့ပေးပါလိမ့်မည်။ အကယ်၍ တရားစီရင်ချက်က အိမ်ငှားဖက်ကို ဦးစားပေးပါက အိမ်ရှင်အနေဖြင့် ခရိုင်တရားသူကြီး၏ အမိန့်များအတိုင်း လုပ်ရန် လိုအပ်ပါသည်။ အကယ်၍ တရားစီရင်ချက်က အိမ်ရှင်ဖက်ကို ဦးစားပေးပါက အိမ်ငှားအနေဖြင့် ခရိုင်တရားသူကြီး၏ အမိန့်များအတိုင်း လုပ်ရန် လိုအပ်ပါသည်။ *အိမ်မှ နှင်ချခြင်း - တရားစီရင်ချက်* တွင် ကြည့်ရှုပါ

ခရိုင် တရားရုံး၏ ဆုံးဖြတ်ချက်ကို သင်သဘောမတူပါက ဘာဖြစ်ပါမလဲ။

သင့်အားဆန့်ကျင်ချမှတ်သည့် တရားစီရင်ချက်တစ်ခုကို အယူခံဝင်ရန် သင့်ထံတွင် အခွင့်အရေးရှိပါသည်။ အယူခံလွှာများကို ကောင်တီ တရားရုံးရှိ အရပ်သားစာရေးထံတွင် ဖိုင်တင်သွင်းပါသည်။ *အိမ်မှ နှင်ချခြင်း - အယူခံဝင်သည့် လုပ်ငန်းစဉ်*တွင်ကြည့်ပါ

အကယ်၍ ကျွန်ုပ်ငှားရမ်းထားသည့် နေအိမ် သို့မဟုတ် လူနေအိမ်ခန်း ပိတ်သိမ်းခံရပါက သို့မဟုတ် ရဲဌာန ရောင်းချပွဲတွင် အရောင်းခံရပါက ကျွန်ုပ် ဘာလုပ်သင့်ပါသလဲ။

အကယ်၍ သင်၏အိမ်ရှင်က အပေါင်ငွေပေးခြင်းကို ရပ်လိုက်ပါက အိမ်ပိတ်သိမ်းရန် တရားစွဲဆိုမှု စတင်နိုင်ပါ သည်။ အကယ်၍ အိမ်ခြံမြေတစ်ခု၏ ပိုင်ရှင်က မြူနီစပါယ် အကြွေး ပေးချေရေးအစီအစဉ်တစ်ခု ပြုလုပ်ရန် ပျက်ကွက်ပါက မပေးချေသည့်အကြွေးကို ကောက်ခံရန် မြူနီစပါယ်အား ခွင့်ပြုရန်အတွက် ယင်းအိမ်ခြံမြေကို ရဲဌာန အရောင်းပွဲ၌ ရောင်းချနိုင်ပါသည်။ ယင်းအကြွေးများတွင် ပေးရန်ကျန်ရှိနေသည့် ရေ နှင့် မိလ္လာ ငွေတောင်းခံလွှာများ၊ ကျောင်း အခွန်များ နှင့် အိမ်ခြံမြေခွန်များ ပါရှိပါသည်။

အကယ်၍ အိမ်ငှားတစ်ဦးသည် ပိတ်သိမ်းခံရသော သို့မဟုတ် ရောင်းချခံရသော အိမ်ခြံမြေတစ်ခုအတွင်း နေထိုင်လျက်ရှိပါက ပိုင်ရှင်အသစ် (ဘဏ်အပါအဝင်) အနေဖြင့် အချို့သော စည်းမျဉ်းများကို လိုက်နာရပါမည်။ ပိုင်ရှင်အသစ်က သော့များကိုမပြောင်းနိုင်ပါ သို့မဟုတ် နေထိုင်နေသူများအား လမ်းပေါ်ရောက်အောင် တွန်းပို့မည့် အခြားအရေးယူမှုများ မလုပ်ဆောင်နိုင်ပါ။ အိမ်ငှားတစ်ဦးကို တရားရုံးအမိန့်ဖြင့်သာ အိမ်ပြင်တွင်ထားပြီး အိမ်ကိုသော့ခတ်ထားနိုင်ပါသည်။ အိမ်ရှင်အနေဖြင့် တရားရုံးသို့သွားပြီး အိမ်မှဖယ်ထုတ်ရန် အရေးယူမှုတစ်ခု ဖိုင်တင်သွင်းရပါမည်။ ယင်းက အိမ်ပိတ်သိမ်းသည့် တရားစွဲဆိုမှုများမှ လုံးဝသီးခြားဖြစ်ပြီး အိမ်ရှင်-အိမ်ငှား နှင်ချရေးဆိုင်ရာ တရားစွဲဆိုမှုတစ်ခု နှင့် အလားတူချက်များရှိသော်လည်း ကွဲပြားပါသည်။

- ဖြစ်နိုင်ချေရှိသော အိမ်ပိတ်သိမ်းမှုတစ်ခုအတွက် အသိပေးချက်များကို သင်၏အိမ်ခြံမြေသို့ ပို့ပါက သို့မဟုတ် ကြေငြာချက်ကပ်ပါက ပေးပို့သူထံ ချက်ချင်းဆက်သွယ်ပြီး သင်သည် အိမ်ငှားတစ်ဦးဖြစ်ကြောင်း ရှင်းပြပါ။ သင်၏အိမ်ရှင်ကိုလည်း သင် ဆက်သွယ်သင့်ပါသည်။
- အိမ်ပိတ်သိမ်းမှုနှင့်ပတ်သက်ပြီး သင်၏အိမ်ရှင်ထံမှ မရှင်းလင်းသည့် အချက်အလက်များ သင်ရရှိနိုင်ပါသည်။ ဥပမာ - အိမ်ရှင်က သင်၏အငှားစာချုပ် သို့မဟုတ် အငှားသဘောတူညီချက်ကို ချိုးဖောက်ပြီး သင်၏အိမ်ငှားခကို ပြင်ဆင်ထားရန် သင့်အား တောင်းဆိုနိုင်ပါသည်။ သင်၏အိမ်ရှင်က အိမ်ပိတ်သိမ်းခြင်းသည် အမှားအယွင်းတစ်ခုဖြစ်သည်ဟု ပြောကောင်းပြောနိုင်ပါသည်

သို့မဟုတ် ပြဿနာကို ဖြေရှင်းပြီးကြောင်း ပြောနိုင်ပါသည်။ အိမ်ခြံမြေကို အခြားပါတီတစ်ဦးထံ ရောင်းချပြီးနောက် ယခင်ပိုင်ရှင်ထံသို့ အိမ်ငှားခပေးချေမိအောင် အလှည့်စားမခံပါနှင့်။ သေချာစေရန် သင်၏ အိမ်ခြံမြေရှိရာကောင်တီတွင်း မှတ်တမ်းတင်ထားသည့် တရားဝင်မှတ်တမ်းများ ရှိရာရုံးဖြင့် စစ်ဆေးပါ။ သင်၏အိမ်ရှင်ကို ဆန့်ကျင်ပြီး တရားရုံးတွင်ဖိုင်တင်သွင်းမှုများ ရှိမရှိလည်း သင်စစ်ဆေးလိုနိုင်ပါသည်။

- သင့်ထံရှိသော ရွေးချယ်စရာများကို သိရှိရန်၊ အိမ်ပိတ်သိမ်းမှုက မည်မျှကြာရှည်မည်ဆိုသည် နှင့် အိမ်ပိတ်သိမ်းမှုအပြီး သို့မဟုတ် ရဲဌာန အရောင်းပွဲအပြီးတွင် အိမ်မှပြောင်းရွှေ့ရန် သင်ထံတွင် အချိန်မည်မျှရှိသည်ကို သိရှိရန် တရားရေးအထောက်အကူကို ဖုန်းခေါ်ဆိုပါ သို့မဟုတ် ရှေ့နေတစ်ဦးဖြင့် တိုင်ပင်ပါ။
- အကယ်၍ သင်၏အိမ်ရှင်က အပေါင်ငွေကို ပေးချေနိုင်စွမ်းမရှိပါက အိမ်ရှင်သည် ရေမီး အသုံးစရိတ်တောင်းခံလွှာများကိုလည်း ပေးနိုင်မည်မဟုတ်ကာ သင်၏ ရေမီး ဝန်ဆောင်မှုများ ဖြတ်တောက်ခံရနိုင်ပါသည်။ သင့်အနေဖြင့် ဖြတ်တောက်မည့် အသိပေးချက်တစ်စောင်ကို ပို့ပြီး မပို့ပြီး သို့မဟုတ် သင်၏ ရေမီးများကို ဖြတ်တောက်ပြီး မပြီး သိရှိရန် ရေမီးဌာန နှင့် အိမ်ရှင်ထံသို့ ချက်ချင်းဆက်သွယ်သင့်သည်။ ရေမီး များက အိမ်ရှင်၏အမည်ဖြင့် ဖြစ်နေသည့်တိုင် ရေမီးဌာနကို တိုက်ရိုက်ဆက်သွယ်ခြင်း နှင့် ယင်းကို တိုက်ရိုက်ပေးဆောင်ခြင်းဖြင့် ဖြတ်တောက်မှုကို သင် ရှောင်ရှားနိုင်စွမ်းရှိနိုင်ပါသည်။ *ရေမီး ဖြတ်တောက်ခြင်းများ ကို ကြည့်ရှုပါ*
- အလိမ်ညာမခံပါနှင့်။ တစ်စုံတစ်ယောက်က အိမ်ခြံမြေပိုင်ရှင်အသစ်ဖြစ်သည်ဟုဆိုပြီး သင့်အား ဆက်သွယ်လာပါက ပိုင်ရှင်ဖြစ်ကြောင်းပြသည့် စာရွက်စာတမ်းများကို ပြခိုင်းပါ။ အိမ်ငှားခမပေးမီ၊ အငှားစာချုပ် သဘောတူညီချက်အသစ်တစ်ခုကို လက်မှတ်မထိုးမီ၊ သို့မဟုတ် ၎င်းတို့အား အိမ်ခြံမြေအတွင်းဖက်သို့ ဝင်လာရန်ခွင့်မပြုမီ ယင်းကို အရင်ပြုလုပ်ပါ။ လိမ်လည်သူများက လူသိရှင်ကြား ဖော်ထုတ်ထားသော အိမ်ပိတ်သိမ်းမှု မှတ်တမ်းများကို ဆန်းစစ်သုံးသပ်ပြီး အိမ်ငှားခ လိမ်ညာတောင်းယူရန် ပိတ်သိမ်းထားသည့် အိမ်ခြံမြေများတွင် နေထိုင်သည့် အိမ်ငှားများထံ ဆက်သွယ်နိုင်ပါသည်။
- အိမ်ပြောင်းရွှေ့ရန် ငွေပေးချေမှုတစ်ခု ညှိနှိုင်းပါ။ အကယ်၍ အိမ်ရှင်အသစ်က သင့်အား အိမ်မှ ပြောင်းရွှေ့ထွက်ခွာစေလိုပါက သူ သို့မဟုတ် သူမအနေဖြင့် ပြောင်းရွှေ့သည့် ကုန်ကျစရိတ်များကို ကူညီပေးချေရန် ငွေအချို့ပေးမည် မပေးမည်ကို မေးမြန်းပါ။ ယင်းအား တစ်ခါတစ်ရံတွင် "သော့များအတွက် ငွေ" သဘောတူညီချက်တစ်ရပ်အဖြစ် ရည်ညွှန်းပါသည်။ သင်က သတ်သတ်မှတ်မှတ် အချိန်ကာလတစ်ခုအတွင်း အိမ်မှပြောင်းရွှေ့ပေးရန် သဘောတူပါက အိမ်ပိတ်သိမ်း ရောင်းချမှုအပြီး၌ ဘဏ် သို့မဟုတ် အိမ်ရှင်သစ်က တစ်ခါတစ်ရံတွင် ယင်းသို့လုပ်ရန် ဆန္ဒရှိပါသည်။
- သင်အိမ်မှပြောင်းရွှေ့ချိန်တွင် သင်၏ပိုင်ဆိုင်ပစ္စည်းများအားလုံးကို ဖယ်ရှားသင့်ပါသည်၊ သို့မှသာ အိမ်ခြံမြေပိုင်ရှင်သစ်က ယင်းပစ္စည်းများကို ယူခြင်း သို့မဟုတ် ဖျက်ဆီးခြင်း မပြုလုပ်ပါ။
- အကယ်၍ အိမ်ပိတ်သိမ်းရောင်းချမှုအပြီးတွင် အိမ်ရှင်က သင်၏စရန်ငွေကို ပြန်မပေးပါက သို့မဟုတ် ပိုင်ရှင်သစ်ထံ မလွှဲပြောင်းပေးပါက သင်၏စရန်ငွေကို ပြန်လည်ရရှိရန် သင့်အနေဖြင့် ဥပဒေအရ အရေးယူမှု လုပ်ရန်လိုအပ်နိုင်ပါသည်။ *သင်၏ အိမ်ရှင်က သင့်စရန်ငွေကို ပြန်မပေးခဲ့ပါက ဘာလုပ်ပါမလဲ* တွင် ကြည့်ပါ

သင်၏အခွင့်အရေးများနှင့် ပတ်သက်ပြီး တရားရေး အထောက်အကူ ကို ဖုန်းခေါ်ဆိုပါ သို့မဟုတ် ရှေ့နေတစ်ဦးနှင့် တိုင်ပင်ပါ။

ရင်းမြစ်များ

အိမ်ရှင်/အိမ်ငှား၊ သုံးစွဲသူ၊ ကလေးများနှင့် မိသားစုများ၊ အလုပ်အကိုင်၊ ကျန်းမာရေးဥပဒေ၊ အိမ်ရာ နှင့် ခိုလှုံရာ အမိုးအကာ၊ ပြည်သူ့ အကျိုးအမြတ်များ၊ မသန်စွမ်းမှု၊ အသက်အရွယ်ကြီးသူဆိုင်ရာ ဥပဒေ၊ လူဝင်မှုကြီးကြပ်ရေး ပြဿနာများ၊ ရွှေ့ပြောင်းဝင်ရောက်သူဆိုင်ရာ ပြဿနာများ၊ နှင့် စစ်မှုထမ်းဟောင်းများ နှင့် စစ်တပ်တို့အပါအဝင် ဥပဒေရေးရာ ပြဿနာများနှင့် စပ်လျဉ်းပြီး **ထပ်ဆောင်းအချက်အလက်များ ရရှိလိုပါက** PALawHELP.org ဝက်ဘ်ဆိုက်တွင် ဝင်ရောက်ကြည့်ရှုပါ။

အကယ်၍ သင်သည် အိမ်ရာဆိုင်ရာ ခွဲခြားဆက်ဆံမှုတွေ့ကြုံနေရသည်ဟု ခံစားရပါက သို့မဟုတ် အိမ်ရာဆိုင်ရာ ခွဲခြားဆက်ဆံမှုအကြောင်း အစီရင်ခံလိုပါက

အမေရိကန်ပြည်ထောင်စု အိမ်ရာ နှင့် မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေးဌာန

လူမျိုး၊ အသားအရောင်၊ ဘာသာ၊ ဇာတိနိုင်ငံ၊ လိင်၊ မသန်စွမ်းမှု သို့မဟုတ် မိသားစုအဆင့်အတန်းပေါ် အခြေပြုသည့် အိမ်ရာဆိုင်ရာ ခွဲခြားဆက်ဆံမှုအပေါ် တိုင်ကြားချက်တစ်ခု ဖိုင်တင်သွင်းရန် -

- HUD အား ဖုန်းနံပါတ် 1-888-799-2085 တွင် ခေါ်ဆိုပါ။
- အွန်လိုင်း တိုင်ကြားချက်တစ်ခု ဖိုင်တင်သွင်းရန် - www.hud.gov တွင် ဝင်ရောက်ကြည့်ရှုပြီး "ခွဲခြားဆက်ဆံမှုဆိုင်ရာ တိုင်ကြားချက်တစ်ခု ဖိုင်တင်သွင်းပါ" ပေါ်တွင် နှိပ်လိုက်ပါ။
- သင့်အနေဖြင့် တိုင်ကြားချက်ကို complaintsoffice03@hud.gov တွင် အီးမေးလ်လည်း ပို့နိုင်ပါသည် သို့မဟုတ် တိုင်ကြားချက်ကို HUD FHEO, Attn: Intake Branch, 100 Penn Square East, Philadelphia, PA 19107 လိပ်စာတွင် ဦးတည်ပြီး စာတိုက်မှ ပို့နိုင်ပါသည်။
- HUD ၏ TDD ဖုန်းနံပါတ်မှာ 1-800-877-8339 ဖြစ်ပါသည်။

အိမ်ရာဆိုင်ရာ ခွဲခြားဆက်ဆံမှု အကြောင်း တိုင်ကြားချက်များကို အဖြစ်အပျက် ဖြစ်ပွားသည့်နေ့စွဲမှ ၁ နှစ်အတွင်း HUD တွင် ဖိုင်တင်သွင်းရပါမည်။

ပန်ဆိုင်လ်ဗေးနီးယား လူသားရေးရာ ဆက်ဆံရေး ကော်မစ်ရှင်

လူမျိုး၊ အသားအရောင်၊ ဘာသာ၊ ဇာတိနိုင်ငံ၊ လိင်၊ မသန်စွမ်းမှု၊ မိသားစု အဆင့်အတန်း၊ အသက်အရွယ် (၄၀ နှစ်အထက်) အပေါ်အခြေပြုသည့် သို့မဟုတ် သင်သည် မသန်စွမ်းမှုရှိသူများအတွက် အထောက်အကူပေးသည့် တိရစ္ဆာန် အသုံးပြုသူ၊ ကိုင်တွယ်သူ သို့မဟုတ် လေ့ကျင့်သင်ကြားပေးသူ ဖြစ်သည့်အတွက်ကြောင့် အိမ်ရာဆိုင်ရာ ခွဲခြားဆက်ဆံမှု တိုင်ကြားချက်တစ်ခုကို ဖိုင်တင်သွင်းရန် -

- ဖုန်းနံပါတ် 215-560-2496 ကိုခေါ်ဆိုပါ သို့မဟုတ် တိုင်ကြားချက် ဖောင်ပုံစံများကို ဒေါင်းလုတ် လုပ်ရန် www.phrc.pa.gov တွင် ဝင်ရောက်ကြည့်ရှုပါ။

တိုင်ကြားချက်များကို ပန်ဆိုင်လ်ဗေးနီးယား လူသားရေးရာ ဆက်ဆံရေး ကော်မစ်ရှင်ထံတွင် ဖြစ်ပျက်သည့် နေ့မှ ရက်ပေါင်း ၁၈၀ အတွင်း ဖိုင်တင်သွင်းရပါမည်။

အိမ်ရာ တန်းတူညီတူရရှိရေး စင်တာ

အကယ်၍ သင်သည် ဖီလာဒဲလ်ဖီးယား မြို့တော် သို့မဟုတ် ဘတ်ခ်စ်၊ ချက်စ်တာ၊ ဒယ်လာဝဲရ်၊ လဟိုင်း၊ နော်သမ်တန်၊ သို့မဟုတ် မောင်ဂိုမာရီ ကောင်တီများတွင်း နေထိုင်ပါက အိမ်ရာဆိုင်ရာ ခွဲခြားဆန့်ကျင်မှု တိုင်ကြားချက်တစ်ခု ဖိုင်တင်သွင်းရန် သင့်အနေဖြင့် အိမ်ရာ တန်းတူညီတူရရှိရေး စင်တာကို ဆက်သွယ်နိုင်ပါသည် -

- ဖုန်းနံပါတ် 267-419-8918 သို့မဟုတ် 866-540-FAIR (3247) တွင် ခေါ်ဆိုပါ သို့မဟုတ် info@equalhousing.org တွင် အီးမေးလ် ပို့ပါ သို့မဟုတ် www.equalhousing.org သို့ ဝင်ရောက်ကြည့်ရှုပါ။

LHOP ရှိ အိမ်ရာ တန်းတူညီတူ ရရှိရေး နှင့် သာတူညီမျှဖြစ်ရေး အဖွဲ့အစည်း

အိမ်ရှင် သို့မဟုတ် အိမ်ငှားအတွက် မျှတသောအိမ်ရာဆိုင်ရာ အခမဲ့ အတိုင်ပင်ခံတစ်ဦးရရှိရန်အတွက် သို့မဟုတ် ခွဲခြားဆက်ဆံမှု တိုင်ကြားချက်တစ်ခုကို လန်ကက်စတာ နှင့် ယော့ခ် ကောင်တီများအတွင်း ဖိုင်တင်သွင်းရန် နည်းပညာပိုင်းဆိုင်ရာ အထောက်အကူရရှိရန်အတွက် ကျေးဇူးပြု၍ LHOP မျှတသောအိမ်ရာ ဖုန်းလိုင်းကို ဖုန်းနံပါတ် 717-299-7840 တွင် ခေါ်ဆိုပါ သို့မဟုတ် ကျွန်ုပ်တို့၏ အွန်လိုင်းပေါ် ရှိ www.lhop.orgဝက်ဘ်ဆိုက်သို့ ဝင်ရောက်ကြည့်ရှုပါ။

ခရိုင် တရားရုံး

သင်၏ ရေိယာအတွင်း ခရိုင်တရားရုံးတစ်ခု တွေ့ရှိရန် www.pacourt.us, သို့သွားပြီး 'သာမန်အမှုဆိုင်ရာ တရားရုံးများ' ပေါ်တွင်နှိပ်ပြီးနောက် 'ခရိုင်တရားသူကြီး' ပေါ်တွင် နှိပ်ပါ။ သင်၏ရေိယာတွင် တာဝန်ထမ်းဆောင်သည့် ခရိုင်တရားသူကြီးဆိုင်ရာ ဆက်သွယ်ရန် အချက်အလက်ကိုရရှိရန် သင့်အနေဖြင့် ကောင်တီ သို့မဟုတ် စာပို့ဇစ်ကုဒ်ဖြင့် ရှာဖွေနိုင်ပါသည်။

သင်၏ ဒေသန္တရ ကုဒ်တင်းကျပ်ရေး အရာရှိကိုခေါ်ဆိုရန်

မြူနီစပါယ် တစ်ခုစီတွင် ၎င်း၏ ကိုယ်ပိုင် ကုဒ်တင်းကျပ်ရေး ဌာနရှိပါသည်။ သင်နေထိုင်ရာရှိ မြူနီစပါယ်ဌာန (မြို့နယ်၊ စီရင်စု၊ မြို့တော်) ကို ဖုန်းခေါ်ဆိုပါ။

ပန်ဆိုင်လ်ဗေးနီးယား ရှေ့နေချုပ်ရုံး၊ သုံးစွဲသူ ကာကွယ်ရေး ဗျူရို

ပန်ဆိုင်လ်ဗေးနီးယား ရှေ့နေချုပ်ရုံး၊ သုံးစွဲသူ ကာကွယ်ရေး ဗျူရိုက သုံးစွဲသူတိုင်ကြားချက်များကို စုံစမ်းစစ်ဆေးပြီး သင့်အတွက် ကြားခံအဖြစ်နေကာ ပြဿနာများကို ဖြေရှင်းပေးရန် ကြိုးစားပါသည်။

- သုံးစွဲသူ ကာကွယ်ရေး ဟော့တ်လိုင်း သည် 1-800-441-2555 ဖြစ်သည်။

အကြီးတန်း ဥပဒေ စင်တာ

အကြီးတန်း ဥပဒေ စင်တာက အသက် ၆၀ နှင့် အထက် ပန်ဆိုင်လ်ဗေးနီးယား ပြည်နယ်သူပြည်နယ်သားများအတွက် ဝန်ဆောင်ပေးပါသည်။ ဥပဒေရေးရာ အကြံဉာဏ်၊ အတိုင်ပင်ခံခြင်း၊ အချက်အလက် နှင့် ရည်ညွှန်းလွှဲပြောင်းရေး ဝန်ဆောင်မှုများကို ဖုန်းနံပါတ် 1-877-PASRLAW (727-7529) သို့မဟုတ် www.seniorlawcenter.org. တွင် ရရှိနိုင်ပါသည်။

ပန်ဆိုင်လ်ဗေးနီးယား မသန်မစွမ်းသူ အခွင့်အရေးများ

ပန်ဆိုင်လ်ဗေးနီးယား မသန်မစွမ်းသူ အခွင့်အရေးများက မသန်စွမ်းမှုရှိသူများ၏အခွင့်အရေးကို ကာကွယ်ပြီး ရှေ့နေလိုက်ပေးပါသည်၊ ထို့အတွက်ကြောင့် ၄င်းတို့အနေဖြင့် ၄င်းတို့ရွေးချယ်သည့်ဘဝများအတွင်း နေထိုင်နိုင်ပြီး အလွဲသုံးစားမှု၊ လျစ်လျူရှုမှု၊ ခွဲခြားဆက်ဆံမှု နှင့် သီးခြားဖယ်ရှားမှုမှ လွတ်ကင်းနိုင်ပါသည်။ www.disabilityrightspa.org, ဝက်ဘ်ဆိုက်တွင်း ဝင်ရောက်ကြည့်ရှုပြီး intake@disabilityrightspa.org ကို အီးမေးလ်ပို့ပါ သို့မဟုတ် သင်နှင့်အနီးဆုံး ရုံးခန်းကို ဆက်သွယ်ပါ -

ဟဲရစ်ဘာ့ရ်ဂ် ရုံး (Harrisburg Office)

301 Chestnut Street
Suite 300
Harrisburg, PA 17101
1-800-692-7443 (အသံဖြင့်)
1-877-375-7139 (TDD)
(717) 236-8110 (အသံဖြင့်)
(717) 236-0192 (ဖက်စ်)
drnpa-hbg@drnpa.org

ဖီလာဒဲလ်ဖီးယား ရုံး (Philadelphia Office)

The Philadelphia Building
1315 Walnut Street
Suite 500
Philadelphia, PA 19107-4798
(215) 238-8070 (အသံဖြင့်)
(215) 772-3126 (ဖက်စ်)
drnpa-phila@drnpa.org

ပစ္စဘာ့ရ်ဂ် ရုံး (Pittsburgh Office)

429 Fourth Avenue
Suite 701
Pittsburgh, PA 15219-1505
(412) 391-5225 (အသံဖြင့်)
(412) 467-8940 (ဖက်စ်)
drnpa-pgh@drnpa.org

ပန်ဆိုင်လ်ဗေးနီးယား ရှေ့နေ အဖွဲ့အစည်း

PBA ရှေ့နေ လွှဲပြောင်းပေးရေး ဝန်ဆောင်မှု (LRS) က ဖုန်းခေါ်ဆိုသူများကို မိမိတို့ဖာသာ လွှဲပြောင်းရေး ဝန်ဆောင်မှုတစ်ခုမရှိသော ကောင်တီတွင်းရှိ ရှေ့နေများထံသို့ လွှဲပြောင်းပေးပါသည်။ ဝန်ဆောင်မှုက ပန်ဆိုင်လ်ဗေးနီးယား ဓနသဟာယနယ်မြေတွင်းရှိ ကောင်တီ ၆၇ ခု အနက် ၄၅ ခု ကို ခြုံငုံကာကွယ်ပေးပြီး ဖုန်းနံပါတ် 800-692-7375 (ပြည်နယ်တွင်းမှ ခေါ်ဆိုသူများအတွက်သာ)၊ 717-238-6807 ကိုခေါ်ဆိုခြင်း သို့မဟုတ် http:// www.pabar.org.တွင်း ဝင်ရောက်ကြည့်ရှုခြင်းဖြင့် ဆက်သွယ်ရောက်ရှိနိုင်ပါသည်။

ပန်ဆိုင်လ်ဗေးနီးယား ဒေသန္တရရှေ့နေ လွှဲပြောင်းပေးရေး ဝန်ဆောင်မှုများ

အောက်တွင် ဖော်ပြထားသည့် ကောင်တီတစ်ခုအတွင်းရှိ ရှေ့နေတစ်ဦးကို သင်ရှာဖွေနေပါက ကျေးဇူးပြု၍ ကောင်တီ ရှေ့နေ အဖွဲ့အစည်း၏ ရှေ့နေ လွှဲပြောင်းပေးရေး ဝန်ဆောင်မှုသို့ တိုက်ရိုက်ဆက်သွယ်ပါ။

Allegheny County,
Pittsburgh (412) 261-5555

Beaver County, Beaver (724) 728-4888

Berks County, Reading (610) 375-4591

Blair County, Hollidaysburg (814) 693-3090

Bucks County, Doylestown (215) 348-9413

(888) 991-9922

Butler County, Butler (724)-841-0130

Carbon County, Lehighton (610) 379-4950

Chester County, West Chester (610) 429-1500

Cumberland County,
Carlisle
(717) 249-3166

Dauphin County,
Harrisburg (717) 232-7536

Delaware County, Media (610) 566-6625

Erie County, Erie

(814) 459-4411

Franklin County, Chambersburg:

(717) 267-2032

Lackawanna County,
Scranton
(570) 969-9600

Lancaster County,
Lancaster (717) 393-0737

Lebanon County, Lebanon (717) 273-3133

Lehigh County, Allentown (610) 433-7094

Luzerne County,

Wilkes-Barre

(570) 822-6029

Mercer County, Mercer (724) 342-3111

Monroe County, Stroudsburg

(570) 424-7288

Montgomery County,
Norristown
(610) 279-9660

Northampton County,
Easton
(610) 258-6333

Philadelphia County,
Philadelphia (215) 238-6333

Washington County,
Washington
(724) 225-6710

Westmoreland County,
Greensburg
(724) 834-8490

York County, York

(717) 854-8755

ပန်ဆိုင်လ်ဗေးနီးယား တရားရေးအထောက်အကူကွန်ရက်၊ အင်ကော်ပိုရေးရှင်း (Pennsylvania Legal Aid Network, Inc.)

အကယ်၍ သင်သည် အခမဲ့ တရားရေး အကူအညီရရှိရန် အရည်အချင်းပြည့်မီနိုင်သည်ဟု သင်ထင်ပါက သင့်အနီးရှိ တရားရေး အထောက်အကူရုံးကို www.palegalaid.net တွင်းဝင်ရောက်၍ ဝန်ဆောင်မှု/ဝန်ထမ်း တည်နေရာပြမှု ပေါ်တွင် နှိပ်ပြီးနောက် ပန်ဆိုင်လ်ဗေးနီးယားတွင်းရှိ သင်၏ကောင်တီပေါ်တွင် နှိပ်ပြီး နေရာရှာနိုင်ပါသည်။ သို့မဟုတ် ဖုန်းနံပါတ် 717-236-9486 ကို ခေါ်ဆိုပြီး သင်၏ကောင်တီတွင်းရှိ တရားရေးအထောက်အကူရုံး၏ ဆက်သွယ်ရန် အချက်အလက်များကို နားထောင်ရန် ညွှန်ကြားချက်အတိုင်း လိုက်နာပါ။

အကယ်၍ သင်သည် တရားရေးအထောက်အကူ အတွက် အရည်အချင်းမပြည့်မီပါက သို့မဟုတ် သင်ဆက်သွယ်သည့် တရားရေးအထောက်အကူရုံးက အကြောင်းတစ်ခုခုကြောင့် သင့်အားမကူညီနိုင်ပါက မည်သည့်ထပ်ဆောင်း တရားရေးရာရင်းမြစ်များ နှင့် အချက်အလက်များ သင့်အတွက်ရရှိနိုင်ကြောင်း ကြည့်ရှုရန် ကျေးဇူးပြု၍ PALawHELP.org တွင် စစ်ဆေးကြည့်ရှုပါ။

ပန်ဆိုင်လ်ဗေးနီးယား ရေမီး ဥပဒေ စီမံကိန်း

ရေမီး ဖြတ်တောက်ခံရမှု ကြုံတွေ့နေရပါသလား။ ဝန်ဆောင်မှု မရှိတော့ပဲ ဖြစ်နေပါသလား။ ပန်ဆိုင်လ်ဗေးနီးယား (PA) တွင်းနေထိုင်သူများအနေဖြင့် အခမဲ့ တရားရေးရာ အကူအညီရရှိကောင်း ရရှိနိုင်ပါသည်။

- 1-844-645-2500 ကိုခေါ်ဆိုပါ သို့မဟုတ် utilityhotline@palegalaid.net. သို့ အီးမေးလ်ပို့ပါ။

ပန်ဆိုင်လ်ဗေးနီးယား (PA) အိမ်ရာ ရှာဖွေမှု

- www.pahousingsearch.com
- အဝင်အထွက် အခမဲ့လိုင်း - 1-877-428-8844 TTY သည် 7-1-1 ဖြစ်သည်။
- ပန်ဆိုင်လ်ဗေးနီးယား အိမ်ရာ ငွေကြေးဆိုင်ရာအေဂျင်စီ၏ ရှာဖွေရေးကိရိယာက အိမ်ရာရှာဖွေမှုကို အိမ်ငှားခပမာဏ၊ စိတ်ဝင်စားသည့် ဧရိယာ၊ အလုပ်မီး ရရှိနိုင်မှု၊ သို့မဟုတ် အများသုံးသယ်ယူပို့ဆောင်ရေး ရရှိနိုင်မှု စသည့် ခေါင်းစဉ်များခွဲခြား၍ လူများကို ကူညီပေးပါသည်။ ဝက်ဘ်ဆိုက်ပေါ်တွင် အိမ်ငှားရန်ရှိသည့် စာရင်းတစ်ခု၊ အိမ်ငှားခ တွက်ချက်စက်၊ ဝန်ဆောင်မှုများဆိုင်ရာ အချက်အလက်၊ သယ်ယူပို့ဆောင်ရေး၊ ငှားရမ်းမှုနှင့် ဆက်စပ်ပြီး မေးလေ့မေးထရှိသော မေးခွန်းများ အပါအဝင် ပြည်နယ်လုံးဆိုင်ရာ အချက်အလက် နှင့် ရင်းမြစ်များကိုလည်း ရှာဖွေတွေ့ရှိနိုင်ပြီး အပိုဆောင်းအချက်များကို ဝက်ဘ်ဆိုက်၏ "အချက်အလက် နှင့် လင့်ခ်များ" တွင်း ဝင်ရောက်ကြည့်ရှုခြင်းဖြင့် ရရှိနိုင်ပါသည်။

ပြည်သူလူထု အကျိုးအမြတ်များ

အကယ်၍ သင်သည် LIHEAP (စွမ်းအင်ဆိုင်ရာ အထောက်အကူ)၊ အစားအစာ တံဆိပ်ခေါင်းများ၊ ဆေးဖက်ဆိုင်ရာ အထောက်အကူ၊ CHIP၊ ငွေသား အထောက်အကူ၊ ကလေးစောင့်ရှောက်ရေး လုပ်ငန်းအစီအစဉ် ကျောင်းမှ ကျွေးသောအစာများ၊ ရေရှည်နေထိုင်ရေး ဝန်ဆောင်မှုများ၊ နှင့် စောစောစီးစီး စွက်ဖက်ဝင်ရောက်မှု၊ အသိဉာဏ်ပိုင်းဆိုင်ရာ မသန်စွမ်းမှု သို့မဟုတ် အော်တစ်ဆမ် ဝန်ဆောင်မှုများကဲ့သို့သော ပြည်သူလူထု အကျိုးအမြတ်များအတွင်း အကျုံးဝင်မဝင် သိရှိရန် www.compass.state.pa.usတွင် ဝင်ရောက်ကြည့်ရှုပါ။

သင်၏ COMPASS လျှောက်လွှာကိုဖြည့်စွက်ရာတွင် အကူအညီလိုအပ်ပါက အကူအညီလိုင်းအား ဖုန်းနံပါတ် 1-800-692-7462 တွင် တနင်္လာနေ့ မှ သောကြာနေ့တစ်လျှောက် နံနက် ၈း၃၀ နာရီမှ ညနေ ၄း၄၅ နာရီ အတွင်း ခေါ်ဆိုနိုင်ပါသည်။

အကယ်၍ သင့်ထံတွင် အကြားအာရုံချွတ်ယွင်းချက်ရှိပါက TTY/TTD အား ဖုန်းနံပါတ် 1-800-451-5886 တွင် ခေါ်ဆိုပါ။ အကယ်၍ သင့်ထံတွင် အလုပ်ချိန်မဟုတ်သည့် နာရီများအတွင်း မေးခွန်းတစ်ခုမေးရန်ရှိပါက သို့မဟုတ် အီးမေးလ်ကို အသုံးပြုရန် ဦးစားပေးပါက ၎င်းတို့၏ ဝက်ဘ်ဆိုက်မှတဆင့် ၎င်းတို့ထံ အီးမေးလ်ဖြင့် သင် ဆက်သွယ်နိုင်ပါသည်။

2-1-1ယူနိုက်တက်ဝေး (United Way)

- www.pa211.org သို့မဟုတ် 2-1-1 ကိုနှိပ်ပြီးခေါ်ပါ။
- ပန်ဆိုင်လ်ဗေးနီးယား PA 2-1-1 သည် အခမဲ့ ရင်းမြစ် နှင့် အချက်အလက်ဌာနတစ်ခုဖြစ်ပြီး ယင်းက သင့်အား သီးသန့်ပြုလုပ်ပေးထားသည့် ကျန်းမာရေး၊ အိမ်ရာ နှင့် လူသားရေးရာ ဝန်ဆောင်မှုများအတွက် အချက်အလက်များ နှင့် ဆက်သွယ်ပေးနိုင်ပါသည်။
- 211 ကိုခေါ်ဆိုခြင်းဖြင့် အစားအစာ၊ အိမ်ရာ၊ အလုပ်အကိုင်၊ ကျန်းမာရေး စောင့်ရှောက်မှု နှင့် ဆက်စပ်သည့် အချက်အလက်များကို အခြားဝန်ဆောင်မှုအမျိုးမျိုးနှင့်အတူ လက်ခံရရှိနိုင်ပါသည်။

ပုဂ္ဂလိက အိမ်ရာ အာဏာပိုင်များ

အကယ်၍ သင်သည် ပြည်သူပိုင် အိမ်ရာအထောက်အကူ သို့မဟုတ် အိမ်ရာရွေးချယ်စရာ ဗောက်ချာများ (HCVs) ကဲ့သို့သော ပြည်သူပိုင် အိမ်ရာ အစီအစဉ်များအကြောင်း အချက်အလက်များ လိုအပ်ပါက ကျေးဇူးပြု၍ သင်၏ ဒေသန္တရ ပြည်သူပိုင်အိမ်ရာ အာဏာပိုင် (PHA) အား ဆက်သွယ်ပါ။ HCV အစီအစဉ်ဆိုသည်မှာ အလွန်ဝင်ငွေနိမ့်သည့် မိသားစုများ၊ အသက်အရွယ်ပိုကြီးသည့် လူကြီးများ၊ နှင့် မသန်မစွမ်းမှုရှိသူများအား ပုဂ္ဂလိက အိမ်ရာဈေးကွက်အတွင်း သပ်သပ်ရပ်ရပ်၊ ဘေးအန္တရာယ်ကင်းကင်း နှင့် သန့်ရှင်းသော အိမ်ရာရယူရာတွင် အထောက်အကူပေးသည့် ပြည်ထောင်စုအစိုးရ၏ ပင်မအစီအစဉ်ဖြစ်ပါသည်။ သင်၏ ဒေသန္တရ ပြည်သူပိုင်အိမ်ရာ အာဏာပိုင်ကို နေရာရှာတွေ့ရန် အထောက်အကူ သင်လိုအပ်ပါက အချက်အလက်ရရှိရန် 2-1-1 (ယူနိုက်တက်ဝေး) ကို ခေါ်ဆိုပါ။

အမြန်စတင်ရန် အိမ်ရာ ရင်းမြစ်များ

- www.phfa.org/mhp/serviceprovider
- အိမ်ရာအာဏာပိုင်များ၊ အိမ်ရာမဲ့များအား ပံ့ပိုးသူများ၊ အသိုင်းအဝိုင်းလှုပ်ရှားမှု အေဂျင်စီများ နှင့် အပိုင်ဆောင်းအချက်အလက်များအပါအဝင် အိမ်ရာပံ့ပိုးသူ အမျိုးမျိုးတို့အတွက် ကောင်တီအလိုက် ဆက်သွယ်ရန် အချက်အလက်များရှာဖွေရန် ဤဝက်ဘ်ဆိုက်ကို အသုံးပြုပါ။ ပန်ဆိုင်လ်ဗေးနီးယားတွင်းရှိ ကောင်တီများ နှင့် ကြည့်လိုသည့် ကောင်တီကိုရွေးချယ်ရန်အတွက် အောက်သို့ဆွဲချကြည့်ရှုနိုင်သည့် မီနူးတစ်ခု မြင်ရရန် "နာမည်ကြီးသော ခေါင်းစဉ်များ" ခလုတ်ပေါ်တွင် နှိပ်ပါ။

ပန်ဆိုင်လ်ဗေးနီးယား ရေမီး ကော်မစ်ရှင်

တိုင်ကြားချက်များ၊ အဆုံးသတ်မှုများ သို့မဟုတ် ငွေပေးချေမှု အစီအစဉ်များနှင့်ဆက်စပ်ပြီး ရေမီး သုံးစွဲသူများအနေဖြင့် ဟော့တ်လိုင်းကို 1-800-692-7380 တွင် ခေါ်ဆိုနိုင်ပါသည်။ ပြဿနာကိုဖြေရှင်းဖို့ကြိုးစားရန် ၄င်းတို့က သင့်အနေဖြင့် အရင်ဆုံး သင်၏ရေမီး ဌာနကို ခေါ်ဆိုခိုင်းပါသည်။ www.puc.state.pa.us

အသက်အရွယ်ကြီးသူများ နှင့် မသန်စွမ်းမှုရှိသူများအတွက် ရင်းမြစ်များအတွက် ပန်ဆိုင်လ်ဗေးနီးယား လင့်ခ်

- အဝင်အထွက် အခမဲ့ အကူအညီလိုင်း - 1-800-753-8827
- အသက်အရွယ်ကြီးသူများ နှင့် မသန်စွမ်းသူများအတွက် ရင်းမြစ်စင်တာများ (ADRC) သည် နေ့တစ်ခုဝ အသက်ရှင်နေထိုင်ရေးဆိုင်ရာ လှုပ်ရှားမှုများတွင် အကူအညီလိုကြသည့် အသက်ပိုကြီးသည့် လူကြီးများ နှင့် မသန်စွမ်းမှုရှိကြသူများအား ထောက်ပံ့ကူညီရန် နိုင်ငံလုံးဆိုင်ရာ အားထုတ်မှုတစ်ခု ဖြစ်ပါသည်။ ပန်ဆိုင်လ်ဗေးနီးယားရှိ ADRC ကို လင့်ခ် (Link) ဟု သိရှိကြပါသည်။
- PA Link က လုပ်နိုင်သည်မှာ - မည်သည့် LINK အပေါင်းအပါ အေဂျင်စီမဆိုမှတဆင့် ဒေသန္တရဝန်ဆောင်မှုများဖြင့် သင့်အား အလွယ်တကူ ဆက်သွယ်ပေးသည်၊ အမှီအတွယ် ကင်းဝေးရန်အတွက် လုံခြုံသည့်စီမံကိန်းတစ်ခု သေချာစေရန် ရှိလက်စရွေးချယ်စရာများကို ရှာဖွေရာတွင် ကူညီပေးသည်၊ အကျိုးဝင်မဝင် ဆုံးဖြတ်ရန် လျှောက်လွှာများဖြင့် သင့်အား ကူညီပေးသည်၊ ထိုအပြင် သင်၏ရပ်ကွက်အသိုင်းအဝိုင်းတွင်း ဆက်လက်နေထိုင်ရာတွင် သို့မဟုတ် ပြန်သွားရာတွင် သင့်အားကူညီပေးသည်။

အလှမ်းမှီရရှိနိုင်မှု ပြင်ဆင်ချက်များ

အကယ်၍ သင့်ထံတွင် မသန်စွမ်းမှုတစ်ခုရှိပြီး သင်၏အိမ်ကို မွမ်းမံပြင်ဆင်မှု ပြုလုပ်ရန် လိုအပ်ပါက သို့မဟုတ် သင်၏နေထိုင်မှုအရည်အသွေးကို မြှင့်တင်ပေးရန် ထောက်ကူနည်းပညာဆိုင်ရာ ကိရိယာများ သို့မဟုတ် ဝန်ဆောင်မှုများ လိုအပ်ပါက **PA ထောက်ကူနည်းပညာ ဖောင်ဒေးရှင်း** က မသန်စွမ်းမှုရှိသူများ နှင့် အသက်အရွယ်ကြီးသည့် ပန်ဆိုင်လ်ဗေးနီးယား ပြည်နယ်သူပြည်နယ်သားများအား ၎င်းတို့လိုအပ်သည့် ထောက်ကူနည်းပညာများကို ဈေးငွေအတွက် အတိုးနှုန်း နည်းနည်း သို့မဟုတ် အတိုးနှုန်း သုံည ဖြင့် ရရှိနိုင်ရန်၊ ပြည်သူ နှင့် ပုဂ္ဂလိက ချီးမြှင့်ငွေများ အပါအဝင် ဖြစ်နိုင်ချေရှိသော ရံပုံငွေရင်းမြစ်များအကြောင်း အချက်အလက် နှင့် အထောက်အကူများ ရရှိစေရန်၊ အမျိုးမျိုးသော ထုတ်ဝေမှုများ နှင့် တစ်ဦးချင်းတိုင်ပင်အကြံပေးမှုမှတဆင့် ငွေကြေးဆိုင်ရာ ပညာပေးများရရှိရန် ကူညီပေးပါသည်။ PA ထောက်ကူနည်းပညာဆိုင်ရာ ဖောင်ဒေးရှင်းက ပန်ဆိုင်လ်ဗေးနီးယား ပြည်နယ်သူပြည်နယ်သား အသက်အရွယ်အမျိုးမျိုးရှိသူ၊ ဝင်ငွေအဆင့်အတန်းအမျိုးမျိုး နှင့် မသန်းစွမ်းမှု အမျိုးစုံရှိသူများကို ကူညီပေးပါသည်။ www.patf.us

ပန်ဆိုင်လ်ဗေးနီးယား ထောက်ကူနည်းပညာဆိုင်ရာ ဖောင်ဒေးရှင်း (Pennsylvania Assistive Technology Foundation)

1004 West 9th Avenue #130

King of Prussia, PA 19406

(484) 674-0506 (အသံဖြင့်)

(888) 744-1938 (အဝင်အထွက် အခမဲ့)
(484) 674-0510 (ဖက်စ်)

patf@patf.us

အခြား မသန်စွမ်းမှုဆိုင်ရာ ဝန်ဆောင်မှုများ

ပန်ဆိုင်လ်ဗေးနီးယားရှိ မိမိဖာသာ ဆုံးဖြတ်သည့် အိမ်ရာ စီမံကိန်း (SDHP) သည် ပြည်နယ်လုံးဆိုင်ရာ အမြတ်အစွန်းမယူသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ပန်ဆိုင်လ်ဗေးနီးယားတွင်းရှိ မသန်စွမ်းမှုရှိသူများအတွက် အိမ်ရာရွေးချယ်စရာများကို ဖြန့်ကျက်ပေးရန် လုပ်ကိုင်ပါသည်။ SDHP က မသန်စွမ်းမှုရှိသူများ နှင့် ၎င်းတို့၏မိသားစုများအား အိမ်ရာရွေးချယ်စရာများအကြောင်း အချက်အလက် နှင့် ရင်းမြစ်များ ပေးအပ်ပါသည်။ SDHP က ဒေသဆိုင်ရာ အိမ်ရာညှိနှိုင်းဆောင်ရွက်ရေး စီမံကိန်း နှင့် နေအိမ်မွမ်းမံပြင်ဆင်ရေးများအတွက် ချီးမြှင့်ငွေအစီအစဉ်တစ်ခုဖြစ်သည့် PA တန်ဖိုးသင့်အိမ်ရာ အစီအစဉ်အပါအဝင် ပြည်နယ်လုံးဆိုင်ရာ နှင့်/သို့မဟုတ် နိုင်ငံလုံးဆိုင်ရာ အိမ်ရာစီမံကိန်းများကို အုပ်ချုပ်ပါသည်။

www.sdhp.org

711 East Lancaster Ave.

Downingtown, PA 19335
(610) 873-9595 (အသံဖြင့်)
1-877-550-7347 (အဝင်အထွက် အခမဲ့)
(610) 873-9597 (ဖက်စ်)

နိုင်ငံလုံးဆိုင်ရာ အိမ်တွင်းအကြမ်းဖက်မှု ဟော့တ်လိုင်း

1-800-799-7233 (လုံခြုံသည်)
1-800-787-3224 (TTY)

အိမ်တွင်းအကြမ်းဖက်မှု ဆန့်ကျင်ရေးဆိုင်ရာ ပန်ဆိုင်လ်ဗေးနီးယား ညွန့်ပေါင်းအဖွဲ့

အိမ်တွင်းအကြမ်းဖက်မှုများ၏ သားကောင်များအတွက် ပံ့ပိုးပေးအပ်သော ဝန်ဆောင်မှုများအတွင်း ပါဝင်သည်များမှာ - အရေးကြီးချိန်တွင် ကြားဝင်စွက်ဖက်မှု၊ တိုင်ပင်အကြံပေးမှု၊ ရဲမှ အတူလိုက်ပါမှု၊ ဆေးဖက်ဆိုင်ရာ နှင့် တရားရုံးဆိုင်ရာ အဆောက်အအုံများ၊ နှင့် သားကောင်များနှင့် ၄င်းတို့အားမှီခိုနေသည့် ကလေးများအတွက် ယာယီ အရေးပေါ် ခိုလှုံရာအမိုးအကာ။ အိမ်တွင်းအကြမ်းဖက်မှုများ အန္တရာယ်ကို လျော့ပါးစေရန် ကာကွယ်တားဆီးရေး နှင့် ပညာပေး အစီအစဉ်များကို အသိုင်းအဝိုင်းတွင်း ကျယ်ကျယ်ပြန့်ပြန့် ပေးအပ်ပါသည်။

1-800-932-4632 (ပန်ဆိုင်လ်ဗေးနီးယား အတွင်း)

1-800-537-2238 (နိုင်ငံလုံးဆိုင်ရာ)

LHOP

Lancaster Housing Opportunity Partnership

၂၀၁၉ ခုနှစ် နိုဝင်ဘာလ

ထပ်ဆောင်းအချက်အလက်များ သို့မဟုတ် အကြောင်းအရာ အပ်ဒိတ်များအကြောင်း သိရှိလိုပါက ကျေးဇူးပြု၍ ဤလက်စွဲစာအုပ်ကို www.lhop.orgတွင် ကျေးဇူးပြု၍ ကြည့်ရှုပါ သို့မဟုတ် 717.291.9945 လိုင်းခွဲ 110 တွင် ဆက်သွယ်ပါ။